
www.burmeseclassic.com

ရန်အောင်စာပေ



BURMESE CLASSIC

ဦးအေးမောင်
(ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ ကျမ်းပြု)

# ပိဋကတ်မှ ဗုဒ္ဓနှင့်ဓမ္မ

တတိယအကြိမ်
2008.GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

# ပိဋကတ်

# မှ

# ဗုဒ္ဓ နှင့် ဓမ္မ

ဦးအေးမောင်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


* အမှာစာ ၇

**ဗုဒ္ဓ**

၁။ ဘုရားဖြစ်တော်မမူမီက ၁၁

၂။ ရဟန်းပြုတော်မူခြင်း ၁၃

၃။ တရားကျင့်ကြံ အားထုတ်တော်မူခြင်း ၁၆

၄။ ဘုရားဖြစ်တော်မူပြီးနောက် ၂၀

၅။ တရားဟောတော်မူ၍ ရဟန်းတို့အား သာသနာပြု စေလွှတ်တော်မူခြင်း ၂၃

၆။ ကိုယ် စိတ် ကျန်းမာ ချမ်းသာတော်မူခြင်း ၂၅

၇။ တစ်နေ့တာ ကုန်လွန်စေတော်မူပုံ ၂၇

၈။ တိတ်ဆိတ်မှုကို နှစ်သက်တော်မူခြင်း ၂၉

၉။ အကုသိုလ်အားလုံး အကြွင်းမဲ့ ပယ်သတ်တော်မူပြီးဖြစ်ခြင်း ၃၁

၁၀။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော် ၃၃

၁၁။ တန်ခိုးပြာဋိဟာပြမှုကို စက်ဆုပ်တော်မူခြင်း ၃၅

၁၂။ သူနာရဟန်းတစ်ပါးအား ပြုစုတော်မူပုံ ၃၇

၁၃။ မိမိ၏အဆုံးအမကို မနာခံသောသူများနှင့် ဝါဒမတူသော သူများအပေါ် သဘောထားကြီး၍ မေတ္တာထားတော်မူခြင်း ၃၈

၁၄။ မြတ်စွာဘုရားအား ကြည်ညိုလေးစားကြပုံ ၄၁

၁၅။ ဖောခိမင်းသား၏ စိတ်အကြံကိုသိ၍ ပုဆိုးဖြူကို နင်းတော်မမူခြင်း ၄၃


www.burmeseclassic.com

www.burmeseclassic.com

၁၆။ မိမိအားဝေဖန်ရန် ဖိတ်ခေါ်တော်မူခြင်း၊
မိမိအား ကဲ့ရဲ့ဝေဖန်မှုကြောင့် တုန်လှုပ်တော်မမူခြင်း ၄၅
၁၇။ မိမိအား လူတို့၏ကြည်ညိုမှု၊ တရားသိရှိမှုထက်
ကျင့်ကြံအားထုတ်မှုကို ပိုမိုလိုလားတော်မူခြင်း ၄၇
၁၈။ မြတ်စွာဘုရား၏ ဆုံးမနည်း ၄၉
၁၉။ လူတို့သိရှိပြီး ဝေါဟာရများဖြင့် ဟောတော်မူခြင်း ၅၂
၂၀။ ဗြဟ္မာနှင့် အပေါင်းအဖော်ဖြစ်လိုသော
လုလင်နှစ်ဦးအား ဟောတော်မူပုံ ၅၄
၂၁။ မိမိအား ဆဲရေးသောပုဏ္ဏားကို ဆုံးမတော်မူပုံ ၅၆
၂၂။ ပရိနိဗ္ဗာန်ပြုတော်မူခြင်း ၅၈
၂၃။ နောက်ဆုံးသြဝါဒများ ၆၄
၂၄။ နောက်ဆုံးမျက်မှောက်တပည့် ၆၇
၂၅။ မြတ်စွာဘုရား၏ နောက်ဆုံးစကားတော် ၆၉

**ဗုဒ္ဓ–ဓမ္မ**

၁။ အမှန်တရားသိရှိ၍ မဂ်ဖိုလ်ရရှိရန် ဗုဒ္ဓနည်းဉပဒေသ ၇၃
၂။ ဗုဒ္ဓ မဟောကြားသောတရားနှင့် ဟောကြားသောတရား ၇၇
၃။ အနိစ္စတရားနှင့် ဒုက္ခတရား ၈၀
၄။ အနတ္တတရား ၈၂
၅။ ပဋိစ္စသမုပ္ပါဒ် ၉၁
၆။ အကြောင်းအကျိုးသာလျှင်ထင်ရှား၍ ပုဂ္ဂိုလ်သတ္တဝါမရှိ ၉၅
၇။ ဝိညာဉ်နာမ်ရုပ်စသည်တို့၏ သဘောလက္ခဏာ ၉၈
၈။ ဘဝသစ် တစ်ဖန်ဖြစ်ခြင်း ၁၀၂
၉။ ဘဝကူးပြောင်းသောပုဂ္ဂိုလ် ဝိညာဉ်မရှိ ၁၀၅
၁၀။ တမလွန်ဘဝစွဲ မရှိအပ် ၁၀၈

**ကံ,ကံ၏ အကျိုးတရား**

၁၁။ ခံစားမှုအားလုံးသည် ရှေးကံကြောင့်မဟုတ် ၁၁၂
၁၂။ အခြေအနေအရ ကံအကျိုးပေးပုံ မတူခြင်း ၁၁၄
၁၃။ ကံနှင့် ကံ၏အကျိုးကို မစွဲလမ်းအပ် ၁၁၆

www.burmeseclassic.com

www.burmeseclassic.com


၁၄။ နာမ်ရုပ်ဟောင်း နာမ်ရုပ်သစ်နှင့် ကံ၏အကျိုး ၁၁၉
၁၅။ သီလနှင့် သီလ၏အကျိုး ၁၂၂
၁၆။ သီလ၏ အခြေခံတရား ၁၂၅
၁၇။ မကောင်းမှုရှောင်ကြဉ်ရုံဖြင့် အကျင့်သီလပြည့်စုံခြင်းမရှိ ၁၂၇
၁၈။ အစမ်းအသပ်ခံနိုင်သော အကျင့်သီလဖြစ်ရန် လိုအပ်ခြင်း ၁၃၀
၁၉။ ဗုဒ္ဓအကျင့်သီလ၏ ကျယ်ပြန့်မှု ၁၃၁
၂၀။ သီလတရားသည် ဗုဒ္ဓလမ်းစဉ်၏ အဆုံးစွန်ပန်းတိုင်မဟုတ် ၁၃၂
၂၁။ ဘာဝနာ ၁၃၆
၂၂။ အရှင်မောဂ္ဂလာန်အား မြတ်စွာဘုရား ဆုံးမသောစကား ၁၄၀
၂၃။ ဣန္ဒြေတို့ကို စောင့်စည်းမှု ၁၄၂

**နိဗ္ဗာန်**

၂၄။ နိဗ္ဗာန်၏ သဘောလက္ခဏာ ၁၄၆
၂၅။ နိဗ္ဗာန်နှင့် ကိုယ်ခန္ဓာ ၁၄၈
၂၆။ ရဟန္တာ ၁၅၃
၂၇။ ရဟန္တာ ဟုတ်၊မဟုတ် သိရှိနိုင်သောနည်း ၁၆၀
၂၈။ ရတနာသုံးပါး၌ ယုံကြည်မှုမြဲ၍
နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဥပါသကာများ ၁၆၂
၂၉။ ရဟန္တာ၏လားရာ ၁၆၄

**ပိဋကတ်မှ အခြားသိမှတ်ဖွယ်ရာများ**

၃၀။ ဓမ္မပဒမှ ကောက်နုတ်ချက်များ ၁၇၅
၃၁။ မာနသုံးမျိုး ၁၇၇
၃၂။ မိမိကိုယ်ကိုအားကိုးရန် လိုအပ်မှု ၁၇၈
၃၃။ သိကြားမင်းက လူတို့ကိုရှိခိုးခြင်း ၁၇၉
၃၄။ လာဘ်ပူဇော်ခံရမှု၊ ကျော်စောမှု၏ အပြစ်အန္တရာယ် ၁၈၀
၃၅။ အကျင့်သီလနှင့် ဘုရားတရားကြည်ညိုမှုထက်
ဉာဏ်ပညာဝီရိယ စသည်တို့ရှိမှုက ပိုမိုအရေးကြီးပုံ ၁၈၂
၃၆။ သေခါနီးလူနာအား ဟောပြောနည်း ၁၈၃
၃၇။ ဗုဒ္ဓဓမ္မသည် ကျွတ်ထိုက်သောသူတို့အဖို့ အဓိကဖြစ်၏ ၁၈၅
* **ပြန်လည်သုံးသပ်ချက်** ၁၈၇


www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ဤစာအုပ်၌ ဗုဒ္ဓနှင့် ဗုဒ္ဓဓမ္မဆိုင်ရာ အခြေခံကျသော၊ လူသိနည်း၍ သိမှတ်ဖွယ်ကောင်းသော သုတ္တန်ဒေသနာများကို စနစ်တကျ စုပေါင်း တင်ပြထားပါသည်။ အများအားဖြင့် သုတ္တန်နှင့် ဝိနည်းပိဋကတ်များမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ မိလိန္ဒပဉှာကျမ်းမှာ မြန်မာနိုင်ငံ၌ ပိဋကတ်ကျမ်းစာရင်းထဲ၌ ထည့်သွင်းထားကြောင့် သိရှိရသောကြောင့် ထိုကျမ်းမှ သိမှတ်ဖွယ်ရာ အချို့ကိုလည်း ဖော်ပြထားပါသည်။

ဒေသနာများကို ဆဋ္ဌသံဂါယနာမူ ပိဋကတ်မြန်မာပြန်၌ တွေ့ရှိရသည့်အတိုင်း တစ်စုံတစ်ရာ ပြင်ဆင်ပြောင်းလဲခြင်း မပြုဘဲ တင်ပြထားပါသည်။ မြန်မာပိဋကတ်စာပေ၌ ဖတ်ရှုရသော အချို့ဝေါဟာရစကားများနှင့် ပြန်ဆိုချက်များမှာ ကောင်းစွာ သိမြင်နားလည်ရန် မလွယ်ကြောင်း လေ့လာသော ပုဂ္ဂိုလ်တိုင်း သိရှိပါလိမ့်မည်။ သို့ရာတွင် ဤစာအုပ်၌ သတ်ပုံသတ်ညွှန်းကအစ မပြောင်းလဲ မပြင်ဆင်ဘဲ မူရင်းအတိုင်း ကူးယူတင်ပြထားပါသည်။

တင်ပြထားသော ဒေသနာများမှာ မြောက်မြားလှသော သုတ္တန်ဒေသများမှ ရွေးချယ် တင်ပြထားခြင်းဖြစ်၍ မည်သို့သော ဒေသနာမျိုးကို ရွေးချယ်ပါသနည်းဟု မေးရန်ရှိ၏။ စာရေးသူ၏ ပဓာန ရည်ရွယ်ချက်မှာ လူသိနည်း၍ ယခုခေတ် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ မြန်မာ–အင်္ဂလိပ် စာပေများ၌ တွေ့ရခဲသော်လည်း သိမှတ်ဖွယ်ကောင်းသော သုတ္တန်ဒေသနာများကို ဦးစားပေး၍ တင်ပြရန်ဖြစ်၏။ ဥပမာ မင်္ဂလသုတ်မှာ ဗုဒ္ဓဝါဒီတိုင်းလို သိပြီးဖြစ်၍ မဖော်ပြဘဲ လူသိနည်းသော ဆင်ခြင်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားဖွယ်ရာ အကျင့်သီလနှင့် ပတ်သက်သည့် သုတ္တန်များကို ဖော်ပြထားပါသည်။ သဗ္ဗညုတဉာဏ်၊ တန်ခိုးပြဋ္ဌိဟာ၊ ဝင့်တော် ၁၂ ပါး စသည်တို့နှင့် စပ်လျဉ်း၍ လူသိနည်းသော ဗုဒ္ဓ၏ မိန့်ကြားချက်၊ ရှင်နာဂသိန်၏ ရှင်းပြချက်များကို တင်ပြထားပါသည်။

ဤစာအုပ်သည် ပြီးပြည့်စုံသည်ဟု မဆိုလိုပါ။ လူသိနည်းသော်လည်း မှတ်သားဖွယ်ကောင်းသော အခြားသုတ္တန်များ ကျန်ရှိလိမ့်မည်ဟု ယုံကြည်ပါသည်။ နောင်တစ်နေ့နေ့၌ ပိဋကတ် လေ့လာသော အခြားပုဂ္ဂိုလ် တစ်ဦးဦးက ထိုသုတ္တန်များကို ဖော်ထုတ်၍ ပိုမိုပြည့်စုံသောစာအုပ် ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဦးအေးမောင်

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ

F.2 A

www.burmeseclassic.com

www.burmeseclassic.com

## ၁။ ဘုရားဖြစ်တော်မမူမီက

"ရဟန်းတို့၊ ငါသည် ရှေးလူဖြစ်စဉ်က အလွန် နူးညံ့သိမ်မွေ့၏။ ငါ့ခမည်းတော်၏ နန်းတော်၌ ရေကန်သုံးခု ရှိ၏။ ထိုတစ်ခုသော ရေကန်၌ ကြာညို၊ အခြားတစ်ခု၌ ပဒုမ္မာကြာနှင့် အခြားတစ်ခု၌ ပုဏ္ဍရိက်ကြာကို ငါ့အတွက်သာလျှင် စိုက်ပျိုးထား၏။ ငါသည် ကာသိတိုင်းထွက် မဟုတ်သော စန္ဒကူးကို မသုံးဆောင်။ ငါ၏ ဦးရစ်ခေါင်းပေါင်း၊ အင်္ကျီပုဆိုးနှင့် အပေါ်ရုံသည် ကာသိတိုင်းမှ ဖြစ်၏။ ငါ့အား အအေးအပူ မြူဆီးနှင်းတို့ မထိတွေ့စေရန် နေ့ညဥ့်ပတ်လုံး ထီးဖြူဆောင်းပေးထား၏။

ရဟန်းတို့၊ ဆောင်း နွေ မိုး ရာသီဥတုသုံးခု၌ တစ်လှည့်စီ ငါ စံနေရန် အတွက် ပြာသာဒ်သုံးဆောင် ရှိ၏။ ငါသည် မိုးရာသီပြာသာဒ်၌ မိုးလေးလ ပတ်လုံး မိန်းမချည်းသက်သက် တီးမှုတ်သော တူရိယာတို့ဖြင့် မွေ့လျော်လျက် ပြာသာဒ်မှအောက်သို့ မဆင်းချေ။ ငါ့ခမည်းတော်၏ နန်းတော်၌ ကျွန်အမှုလုပ်ယောကျ်ားအား သလေးဆန်ဖြင့် ချက်အပ်သော သားပြွမ်းထမင်းကို ပေး၏။

ရဟန်းတို့၊ ဤသို့ ဘုန်းတန်ခိုးနှင့် နူးညံ့သိမ်မွေ့စွာနေသော ငါ့အား အကြားအမြင်နည်းသော ပုထုဇဉ်သည် မိမိကိုယ်တိုင်က အိုခြင်း သဘောရှိသူ၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်သူ ဖြစ်ပါလျက် အိုမင်းသော သူတစ်ပါးကို မြင်သောအခါ မိမိကိုယ်ကို သတိမရဘဲသာလျှင် ငြီးငွေ့၏။ ရှက်နိုး၏။ စက်ဆုပ်ဘိ၏။ ငါသည်လည်း အိုခြင်းသဘောရှိ၍ အိုခြင်းသဘောကို မလွန်ဆန်နိုင်သူ ဖြစ်၏။ သို့ဖြစ်ပါလျက် အိုမင်းသော သူတစ်ပါးကိုမြင်၍ ငြီးငွေ့စက်ဆုပ်ပါက ထိုသို့ဖြစ်ခြင်းသည် ငါ့အား မသင့်လျော်ပေဟု အကြံဖြစ်၏။ ဤသို့ ဆင်ခြင်သော ငါ့အား အရွယ်နုပျိုမှုကို စွဲ၍ဖြစ်သော မာန်တက်ခြင်းသည် လုံးဝပျောက်ငြိမ်း၏။

အကြားအမြင်နည်းသော ပုထုဇဉ်သည် မိမိကိုယ်တိုင်က နာခြင်းသဘောရှိ၍ နာခြင်းကို မလွန်ဆန်နိုင်သူ ဖြစ်ပါလျက် နာသောသူတစ်ပါးကို မြင်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ ငြီးငွေ့စက်ဆုပ်၏။ ငါသည်လည်း နာခြင်းသဘောရှိ၍ နာခြင်းကို မလွန်ဆန်နိုင်သူ ဖြစ်၏။ သို့ဖြစ်ပါလျက် နာသောသူတစ်ပါးကို မြင်၍ ငြီးငွေ့စက်ဆုပ်ပါက ထိုသို့ဖြစ်ခြင်းသည် ငါ့အား မသင့်လျော်ပေဟု ဆင်ခြင်၏။ ဤသို့ဆင်ခြင်သော ငါ့အား ရောဂါကင်းမှုကို စွဲ၍ဖြစ်သော မာန်တက်ခြင်းသည် လုံးဝပျောက်ငြိမ်း၏။

အကြားအမြင် နည်းသောပုထုဇဉ်သည် မိမိကိုယ်တိုင်က သေခြင်းတရားကို မလွန်ဆန်နိုင်သောသူ ဖြစ်ပါလျက် သေသောသူတစ်ပါးကို မြင်သောအခါ မိမိကိုယ်ကို သတိမရဘဲ ငြီးငွေ့စက်ဆုပ်ဘိ၏။ ငါသည်လည်း သေခြင်းတရားကို မလွန်ဆန်နိုင်သောသူ ဖြစ်၏။ သို့ဖြစ်ပါလျက် သေသောသူကို မြင်၍ ငြီးငွေ့စက်ဆုပ်ပါက ထိုသို့ဖြစ်ခြင်းသည် ငါ့အား မသင့်လျော်ပေဟု ဆင်ခြင်၏။ ဤသို့ ဆင်ခြင်သော ငါ့အား အသက်ရှည်ခြင်းကို စွဲ၍ဖြစ်သော မာန်တက်ခြင်းသည် လုံးဝပျောက်ငြိမ်း၏။"

**(အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ သုခုမာလသုတ်)**

"ရဟန်းတို့၊ ငါသည် သစ္စာလေးပါးကို မသိသေးသော ဘုရားလောင်းမျှသာ ဖြစ်နေစဉ်က မိမိကိုယ်၌ ဖြစ်ပွားခြင်း ဇာတိသဘော ရှိသည်ဖြစ်လျက် ဇာတိတရားကိုသာလျှင် ရှာမှီးခဲ့၏။ မိမိကိုယ်၌ ဆွေးမြည့်ခြင်း၊ ဇရာ သဘော ရှိသည်ဖြစ်လျက် ဇရာတရားကိုသာလျှင် ရှာမှီးခဲ့၏။ မိမိကိုယ်၌ နာခြင်း ဗျာဓိသဘော ရှိသည်ဖြစ်လျက် ဗျာဓိတရားကိုသာလျှင် ရှာမှီးခဲ့၏။ မိမိကိုယ်၌ သေခြင်းမရဏသဘော ရှိသည်ဖြစ်လျက် မရဏတရားကိုသာလျှင် ရှာမှီးခဲ့၏။ မိမိကိုယ်၌ ပူဆွေးခြင်းသောကသဘော ရှိပါလျက် သောကတရားကိုသာလျှင် ရှာမှီးခဲ့၏။ မိမိကိုယ်၌ ညစ်ညူးခြင်း သံကိလေသ သဘောရှိပါလျက် ညစ်ညူးခြင်းတရားကိုသာလျှင် ရှာမှီးခဲ့၏။

ရဟန်းတို့၊ ငါသည် ဤသို့ဆင်ခြင်၏။ အဘယ်ကြောင့် ငါသည် မိမိကိုယ်၌ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောကနှင့် ကိလေသာတရားများ ရှိပါလျက် ထိုတရားများကိုသာလျှင် ရှာမှီးခဲ့ရသနည်း။ ငါသည် ထိုဇာတိ၊ ဇရာ စသောတရားများ၏ အပြစ်ကိုသိပြီးလျှင် ထိုတရားများမရှိသော၊ အတုမဲ့ဖြစ်သော ဘေးကင်းရာနိဗ္ဗာန်ကို ရှာမှီးရမှု ကောင်းပေမည်ဟု အကြံအစည် ဖြစ်၏။"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ပါသရာသိသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၂။ ရဟန်းပြုတော်မူခြင်း

"အဂ္ဂိဝေဿန၊ ငါသည် သစ္စာလေးပါးကို မသိသေးသော ဘုရားလောင်းမျှသာ ဖြစ်နေစဉ်က လူ့ဘောင်၌နေရခြင်းသည် ကျဉ်းမြောင်း၏။ ကိလေသာမြူထရာ လမ်းကြောင်းဖြစ်၏။ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏။ လူ့ဘောင်၌နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ် ပြည့်စုံစွာ၊ စင်ကြယ်စွာ၊ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ကြံရန်မလွယ်။ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီး ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှထွက်ခွာပြီး ရဟန်းဘောင်သို့ ဝင်ရမှ ကောင်းလေစွဟု အကြံအစည်ဖြစ်၏။

အဂ္ဂိဝေဿန၊ နောင်အခါ၌ ပျိုမျစ်သည်သာလျှင်ဖြစ်၍ ကောင်းစွာမည်းနက်သော၊ ဆံပင်ရှိသော ပထမအရွယ်နှင့် ပြည့်စုံသဖြင့် အရွယ်ကောင်းသော ထိုငါသည် (ငါ၏အကြံကို သဘောမတူသော) မိဘများ မျက်ရည်ယိုစီးလျက် ငိုကြွေးနေကြစဉ် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ပြီးလျှင် လူ့ဘောင်မှထွက်ခွာ၍ ရဟန်းပြုခဲ့၏။"

*(အဂ္ဂိဝေဿနမှာ ဘုရားနှင့်လာ၍ ဆွေးနွေးသော နိဂဏ္ဌာတက္ကတွန်း၏သား သစ္စကအား ဘုရားရှင်က ခေါ်ဝေါ်သောအမည် ဖြစ်သည်။)*

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ မဟာသစ္စကသုတ်)**

မြတ်စွာဘုရား၏ဂုဏ်ကို သောဏဒဏ္ဍနှင့် ကူဋဒန္တမည်သော ပုဏ္ဏားကြီးနှစ်ဦးက အောက်ပါအတိုင်း ချီးကျူးကြ၏။

"အချင်းတို့၊ စင်စစ် ရဟန်းဂေါတမသည် အမိအဖ နှစ်ဖက်စလုံးတို့မှ ကောင်းသောဇာတ် ရှိ၏။ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်း ရှိ၏။ ဇာတ်နှင့်စပ်၍ အပယ်မခံရ။ အကဲ့ရဲ့ မခံရ။

www.burmeseclassic.com

.www.burmeseclassic.com



အချင်းတို့၊ ဂေါတမသည် စင်စစ် များပြားသော ဆွေမျိုးအပေါင်းနှင့် မြေပေါ်မြေအောက်ရှိ များစွာသော ရွှေငွေတို့ကို ပယ်စွန့်၍ ရဟန်းပြု၏။

ရဟန်းဂေါတမသည် ကောင်းစွာမည်းနက်သော ဆံပင်ရှိသည်ဖြစ်လျက် ငယ်ရွယ်ပျိုမျစ်၍ ကောင်းသော ပထမအရွယ်၌ ရဟန်းပြု၏။ စင်စစ် သူသည် မိဘတို့ သဘောမတူကြသဖြင့် မျက်ရည်ရွှဲစို ငိုယိုနေကြစဉ် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။"

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ သောဏဒဏ္ဍသုတ်နှင့် ကူဋဒန္တသုတ်)**

ဘုရားလောင်းသည် ရဟန်းပြုပြီးလျှင် မကောင်းသော ကာယကံမှု၊ ဝစီကံမှုတို့ကို ရှောင်ကြဉ်၍ အသက်မွေးမြူမှုကို သုတ်သင်၏။ မြတ်သော လက္ခဏာ ရှိသည်ဖြစ်၍ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွတော်မူ၏။

ဗိမ္ဗိသာရမင်းသည် ပြာသာဒ်ထက်၌ ရပ်နေစဉ် လက္ခဏာတော်တို့နှင့် ပြည့်စုံသော ဘုရားလောင်းကိုမြင်၍ "အချင်းတို့၊ ဤရဟန်းကို ရှုကြကုန်လော့။ ဤရဟန်းသည် အလုံးအရပ်နှင့် ပြည့်စုံ၍ ရုပ်အဆင်းလှ၏။ သန့်ရှင်းစင်ကြယ်၍ သိမ်မွေ့စွာ သွားလာ၏။ သတိရှိ၍ မျက်လွှာကို အောက်သို့ချထား၏။ ဇာတ်နိမ့်မှ ရဟန်းပြုသည် ဟုတ်ဟန်မတူ။ အဘယ်အရပ်သို့ သူ သွားလိမ့်မည်နည်း"ဟုဆို၍ မင်းစေတမန်တို့ကို ဘုရားအလောင်း၏နောက်သို့ လျှင်မြန်စွာ လိုက်စေ၏။

ဘုရားလောင်းသည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသည်ဖြစ်လျက်၊ လက်ခြေတို့ကို စောင့်စည်းလျက် ဆင်ခြင်ဉာဏ် သမ္ပဇဉ် အောက်မေ့သတိရှိကာ အိမ်စဉ်မပြတ် ဆွမ်းခံကြွတော်မူ၏။ ဆွမ်းခံလှည့်လည်၍ မြို့မှထွက်ပြီးလျှင် ပဏ္ဍဝတောင်သို့ ရှေးရှုကြွတော်မူ၏။ မင်းစေတမန် သုံးဦးတို့သည် ဘုရားလောင်းအနီးသို့ ချဉ်းကပ်ကြ၍ တစ်ယောက်သောသူသည် မင်းထံသို့ သွားပြီး မင်းအားလျှောက်၏။

ထိုအခါ ဗိမ္ဗိသာရမင်းသည် ပဏ္ဍဝတောင်သို့ ယာဉ်ဖြင့်ထွက်တော်မူ၍ ဘုရားလောင်းအနီးသို့ ခြေလျင်သာလျှင် သွားပြီးသော် အနီး၌ထိုင်၍ "အရှင်ဘုရား၊ အရှင်ဘုရားသည် ငယ်ရွယ်နုပျို၍ လုံးရပ်သဏ္ဍာန်နှင့် ပြည့်စုံပါ၏။ အမျိုးဇာတ်နှင့်ပြည့်စုံသော မင်းနှင့်တူပါ၏။ အရှင်ဘုရားအား တပည့်တော်သည် ဗိုလ်ပါအပေါင်းနှင့် စည်းစိမ်ဥစ္စာကို ပေးပါအံ့။ ဗိုလ်ပါ ဆင်မြင်း

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းခြံရံလျက် တင့်တင့်တယ်တယ် စံစားပါလော။ အရှင်ဘုရား၏ အမျိုးဇာတ်ကို ပြောပြပါလော့”ဟု လျှောက်ထား၏။

ဘုရားလောင်းက “မင်းကြီး၊ ငါသည် နေမျိုးနွယ်ဖြစ်၏။ ဇာတ်အားဖြင့် သာကီယဇာတ်ဖြစ်၍ ရဟန်းပြုခဲ့၏။ ကာမဂုဏ်တို့ကို ငါ တောင့်တခြင်းမရှိ။ ငါသည် ကာမတို့၌ အပြစ်မြင်၍ ကာမမှထွက်မြောက်ရန် နိဗ္ဗာန်ကို တောင့်တလျက် တရားအားထုတ်အံ့။ ဤ တရားအားထုတ်မှုကို ငါနှစ်သက်သည်”ဟု မိန့်တော်မူ၏။

(သုတ္တနိပါတ်။ မဟာဝဂ်။ ပဗ္ဗဇ္ဇာသုတ်)

www.burmeseclassic.com

www.burmeseclassic.com

## ၃။ တရားကျင့်ကြံ အားထုတ်တော်မူခြင်း

(အောက်ပါ ဟောကြားချက်မှာ မဇ္ဈိမနိကာယ် မဟာသစ္စကသုတ်၊ ပါသရာသိသုတ်၊ ဗောဓိရာဇကုမာရသုတ်နှင့် အခြားသုတ်များ၌ မြတ်စွာဘုရားက ဘုရားဖြစ်ရန် ကျင့်ကြံအားထုတ်ခဲ့ပုံကို ဟောကြားထားသော ဒေသနာတော်ဖြစ်၏။ ထပ်တူထပ်မျှဖြစ်သော စကားများဖြင့် ဖော်ပြထားသော သုတ်များမှာ အတော်ရှည်လျား၍ လိုရင်းအချက်များကိုသာ ကူးယူတင်ပြထားပါသည်။)

"အဂ္ဂိဝေဿန၊ ငါသည် ရဟန်းပြုပြီးနောက် မြတ်သောငြိမ်းအေးရာ နိဗ္ဗာန်တရားကို ရှာဖွေလျက် ကာလာမအနွယ်ဝင် အာဠာရထံသို့ ချဉ်းကပ်၏။ အာဠာရက သူ၏တရားကို ပြောပြ၍ ထိုတရားကို လျင်မြန်စွာ ငါ သိရှိနားလည်ပြီးနောက် အဘယ်မျှလောက်အထိ ထိုတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုနိုင်ပါသနည်းဟု မေး၏။ အာဠာရက သူတို့ကျင့်စဉ်၏ ပန်းတိုင်သည် အာကိဉ္စညာယတနစျာန် ဖြစ်သည်ဟု ဆို၏။

ထိုအခါ ငါသည် အာဠာရ ကဲ့သို့ပင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဖြင့် အားထုတ်ကျင့်ကြံ၍ အာကိဉ္စညာယတနစျာန်ကို ကိုယ်တိုင် မျက်မှောက်ပြု၏။ ငါ မျက်မှောက်ပြုသော တရားကို ပြောပြသောအခါ အာဠာရသည် များစွာဝမ်းမြောက်၍ တပည့်ဖြစ်သော ငါ့အား မိမိနှင့် အညီအမျှထား၍ ပူဇော်၏။ သို့ရာတွင် ငါက ဤတရားသည် တပ်မက်ခြင်းကင်းရန် အလို့ငှာမဖြစ်၊ ကိလေသာ ဝဋ်ဆင်းရဲချုပ်ငြိမ်းရန် အလို့ငှာမဖြစ်၊ ထူးသောဉာဏ်ဖြင့် သိရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာမဖြစ်၊ အာကိဉ္စညာယတနဘုံ၌ ဖြစ်ရုံမျှ အကျိုးငှာသာလျှင် ဖြစ်သည်ဟု ဆင်ခြင်၏။ ထို့ကြောင့် ငါသည် တရားကို ငြီးငွေ့၍ အာဠာရထံမှ ဖဲခွာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ငါသည် ရာမ၏သား ဥဒကထံ၌ တရားရှာ၏။ ဥဒက၏ ကျင့်စဉ်ကား နေဝသညာ နာသညာယတန ဈာန်သာလျှင် အဆုံးစွန် မျှော်မှန်း ချက်ရှိ၏။ ငါသည် ထိုဈာန်တရားကို မျက်မှောက်ပြုပြီးနောက် ထိုတရားကို လည်း စိတ်ပျက်ငြီးငွေ့၍ ဥဒကနှင့် လမ်းခွဲခဲ့၏။

ထို့နောက် ငါသည် မြတ်သောနိဗ္ဗာန်တရားကို ရှာဖွေရန် မဂဓတိုင်း၌ လှည့်လည်သွားလာခဲ့ရာ ဥရုဝေလာတော သေနာနိဂုံးသို့ ရောက်၏။ ထိုအရပ်၌ ကြည်နူးဖွယ်ကောင်းသော တောအုပ်ကိုလည်းကောင်း၊ စီးဆင်းနေသော မြစ်ကို လည်းကောင်း၊ သန့်ရှင်း၍ မွေ့လျော်ဖွယ်ကောင်းသော ဆိပ်ကမ်းကိုလည်း ကောင်း၊ အနီးအနားမှ ဆွမ်းခံရွာကိုလည်းကောင်း မြင်၏။ ဤအရပ်သည် ကမ္မဋ္ဌာန်းတရားအားထုတ်ရန် သင့်လျော်လှပေသည်ဟု နှလုံးသွင်းလျက် ထို အရပ်၌ပင် ငါ နေခဲ့၏။

ထိုအခါ ငါသည် ဤသို့ စဉ်းစားဆင်ခြင်၏။ အချို့သော သမဏ ဗြာဟ္မဏတို့သည် ရေ၌ချထားသော် အစေးရှိသော ထင်းစိုနှင့် တူ၏။ အစေး ရှိသော ထင်းစိုမှ မီးရရှိရန် မဖြစ်နိုင်ချေ။ ထို့အတူ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း လိုချင်မှုမကင်းဆိတ်ဘဲ လိုချင်မှု အစေးကို ကောင်းစွာ မပယ်ရသေးသောကြောင့် မိမိတို့၏ လုံ့လဖြင့် ဆင်းရဲ ဝေဒနာကို ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ မြတ်သောတရားကို ထိုးထွင်းသိမြင်ရန် မဖြစ်နိုင်ချေ။ အချို့သော သမဏဗြာဟ္မဏတို့သည်ကား ရေမှဝေးစွာ ကုန်း၌ချထားသော အစေးရှိသော ထင်းစိုနှင့်တူ၏။ ထိုသူတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း လိုချင်မှုတို့မှ ကင်းဆိတ်သော် လည်း လိုချင်မှုဟူသော အစေးကို ကောင်းစွာ မပယ်ရသေးချေ။ သို့ဖြစ်၍ ကုန်းပေါ်ရှိ အစေးရှိသော ထင်းစိုမှ မီးရရှိရန် မဖြစ်နိုင်သကဲ့သို့ ထိုသူတို့သည် မိမိတို့၏ လုံ့လဖြင့် ဆင်းရဲဝေဒနာကို ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ မြတ်သောတရားကို ထိုးထွင်းသိမြင်ရန် မဖြစ်နိုင်ချေ။

အချို့သော သမဏဗြာဟ္မဏတို့မှာမူ ကုန်းပေါ်၌ချထားသော အစေး မရှိသော ထင်းခြောက်နှင့် တူ၏။ ထိုထင်းခြောက်မှ မီးကို ရရှိနိုင်သကဲ့သို့ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း လိုချင်မှုကင်းဆိတ်၍ လိုချင်မှုအစေးကို ကောင်းစွာပယ်ပြီး ဖြစ်ရကား မိမိ တို့၏ လုံ့လဖြင့် ဆင်းရဲဝေဒနာကို ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ မြတ်သောတရားကို သူတို့ ထိုးထွင်းသိမြင်ရန် ဖြစ်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါသည် သွားကိုကြိတ်၍ လျှာဖြင့် အာစောက်ကိုထိလျက် စိတ်ကို ဖိနှိပ်ဖျစ်ညှစ် ပင်ပန်းစေ၏။ ထိုအခါ လက်ကတီးကြားမှ ချွေးတို့သည် ယိုထွက်ကုန်၏။ ခံတွင်း၊ နှာခေါင်းနှင့် နားမှ ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏။ ထိုအခါ နားတွင်းမှ ပြင်းထန်သော လေတို့ထွက်၍ ဦးထိပ်၌ တိုးဝှေ့ကုန်၏။ ဝမ်းကို ပြင်းထန်သောလေတို့ ထိုးဆွရစ်မွှေကုန်၍ ပြင်းထန်သော ဦးခေါင်းကိုက်ခဲခြင်း၊ ကိုယ်၌ ပူလောင်ခြင်းသည် ဖြစ်၏။ ဤသို့ ငါသည် ပြင်းထန်သော သတိဝီရိယဖြင့် ကျင့်သောကြောင့် ကိုယ်၌ မငြိမ်းအေးဘဲ ဆင်းရဲပူလောင်ခဲ့၏။ သို့ရာတွင် ထိုဆင်းရဲဝေဒနာသည် ငါ၏စိတ်ကို မလွှမ်းမိုးနိုင်ချေ။

နတ်တို့သည် ငါ့ကိုမြင်၍ အချို့က ရဟန်းဂေါတမသည် ရဟန္တာဖြစ်သည်ဟု ဆိုကြ၏။ အချို့ကမူ ငါသေလေပြီ၊ သို့မဟုတ် သေအံ့ဆဲဆဲဖြစ်နေသည်ဟု ထင်ကြ၏။ ငါသည် လုံးဝ အစာအာဟာရဖြတ်၍ ကျင့်ကြံရန်ကြံစည်၏။ နတ်တို့က ငါ လုံးဝ အာဟာရဖြတ်လျှင် ငါ၏ ကိုယ်ထဲသို့ နတ်သြဇာသွင်းမည်ဟု ပြော၏။ ငါက ထိုသို့မပြုရန် သူတို့အား တားမြစ်၏။

ငါသည် နေ့စဉ် အနည်းငယ်သော ပဲရည်ကိုသာလျှင် မှီဝဲ၍နေ၏။ အစာအာဟာရ အလွန်နည်းပါးသောကြောင့် ငါ၏ကိုယ်သည် အလွန်ပိန်ကြုံခြင်းသို့ ရောက်၏။ အင်္ဂါကြီးငယ်တို့သည် ကန်စွန်းနွယ်၏ အဆစ်တို့ကဲ့သို့ ဖြစ်ပေါ်နေကုန်၏။ ကျောက်ကုန်းရိုးသည် ပုတီးကုံးကဲ့သို့ အနိမ့်အမြင့် ဖြစ်ပေါ်နေ၏။ နံရိုးတို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ဖြစ်နေကုန်၏။ မျက်တွင်း၌ မျက်လုံးတို့သည် နက်ရှိုင်း၍ အောက်သို့ဝင်နေသလို ထင်ရ၏။ ဦးခေါင်းရေသည် ရှုံ့တွနေ၏။ ကျင်းကြီးကျင်ငယ်စွန့်ရန် ထသွားသောအခါ အားနည်း၍ မှောက်ခုံလဲကျ၏။ အမြစ်ဆွေးနေသော အမွေးတို့သည် ကိုယ်မှ ကျွတ်ကျကုန်၏။ မူလက စင်ကြယ်ဖြူဖွေးသော အရေအဆင်းသည် အလွန်ပျက်စီးနေ၏။

ထိုအခါ ငါ့အား ဤသို့အကြံ ဖြစ်၏။ ရှေးအခါကသော်လည်းကောင်း၊ ယခုအခါ၌သော်လည်းကောင်း၊ နောင်အနာဂတ်ကာလ၌သော်လည်းကောင်း မိမိတို့၏ အားထုတ်မှုဖြင့် ဆင်းရဲဝေဒနာ ဒုက္ခခံစားကြသော သမဏဗြာဟ္မဏတို့၏ ဆင်းရဲဝေဒနာတို့သည် ယခု ငါခံစားခဲ့သော ဆင်းရဲဝေဒနာတို့ထက် ပိုလွန်၍ ဆိုးရွားကြမ်းတမ်းမည် မဟုတ်။ ငါသည် ဤ ဆိုးရွားကြမ်းတမ်း၍ ပြုနိုင်ခဲသောအမှုကို ပြုကျင့်ခြင်းဖြင့် အရိယာဖြစ်ရန် စွမ်းနိုင်သောဉာဏ်အမြင်

www.burmeseclassic.com

www.burmeseclassic.com



ထူးကို မရရှိခဲ့ချေ။ သို့ဖြစ်၍ ဉာဏ်အမြင်ထူးရရှိရန် အခြားလမ်းစဉ် ရှိသေးသလော်ဟု စဉ်းစား၏။ ထိုခဏ၌ ငါသည် ရှေးအခါက ခမည်းတော် လယ်ထွန် မင်္ဂလာအမှုပြုနေစဉ် သပြေပင်ရိပ်၌ထိုင်လျက် နှစ်သိမ့်ချမ်းသာခြင်းရှိသော ပထမဈာန် ဝင်စားနေခဲ့ဖူးသည်ကို အမှတ်ရ၏။ ထို ပထမဈာန်သည် မြတ်သော တရားကို ထိုးထွင်းသိမြင်ရန် လမ်းစဉ် ဖြစ်တန်ရာသည်။ ငါသည် ကာမဂုဏ်တို့နှင့် အကုသိုလ်တရားတို့ကင်းသော ထိုပထမဈာန် ချမ်းသာကို ကြောက်ရန် မလိုပဟု ငါ သိရှိနားလည်ခဲ့၏။

အလွန်ပိန်ကြုံသော ကိုယ်ဖြင့် ထိုပထမဈာန် ချမ်းသာကို ရရှိရန် ခဲယဉ်းသောကြောင့် ငါသည် ကြမ်းတမ်းသော ထမင်း၊ မုယောမုန့်တို့ကို စား၏။ ထိုအခါ ငါ့အား လုပ်ကျွေးနေကြသော ရဟန်းငါးပါးတို့သည် ရဟန်းဂေါတမကား ပစ္စည်းလေးပါးကို မက်မော၍ တရားအားထုတ်မှုကို စွန့်လွှတ်လိုက်လေပြီ။ သူ့ထံမှ တရားထူး ရရှိလိမ့်မည်ဟု မျှော်လင့်ပါက အချည်းနှီးဖြစ်မည်ဟု စွဲမှတ်၍ ငါ့ထံမှ ဖဲခွာသွားကြ၏။”

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ မဟာသစ္စကသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၄။ ဘုရားဖြစ်တော်မူပြီးနောက်

"ရဟန်းတို့၊ ငါသည် မိမိကိုယ်၌ ဇာတိတရား ရှိသည်ဖြစ်၍ ဇာတိတရား၏အပြစ်ကို သိပြီးလျှင် ဇာတိတရားကင်းသော၊ အတုမဲ့ဖြစ်သော ဘေးကင်းရာနိဗ္ဗာန်ကို ရှာဖွေခဲ့ရာ ထိုဘေးကင်းရာ နိဗ္ဗာန်ကိုရ၏။ မိမိကိုယ်၌ ဇရာတရား(ဆွေးမြည့်ခြင်း)၊ ဗျာဓိတရား(နာခြင်း)၊ မရဏတရား(သေခြင်း)၊ သောကပူဆွေးခြင်းနှင့် ညစ်ညူးခြင်း(သံကိလေသ) တရားများရှိ၍ ထိုတရားများ၏ အပြစ်ကိုသိပြီးလျှင် ယင်းတို့၏ချုပ်ငြိမ်းရာ အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာဖွေခဲ့ရာ ထိုဘေးကင်းရာ နိဗ္ဗာန်ကိုရ၏။ ငါ့အား တရားအားလုံးကို မြင်နိုင်သော သဗ္ဗညုတဉာဏ်သည် ထင်ရှားစွာဖြစ်၏။ ငါ့အား လွတ်မြောက်ခြင်း အရဟတ္တဖိုလ် စိတ်သည် မပျက်စီးတော့ပေ။ ဤကား နောက်ဆုံးဖြစ်သော ဇာတိသဘောပေတည်း။ ယခုအခါ တစ်ဖန်ဘဝသစ်၌ ဖြစ်ခြင်းသည် မရှိတော့ပြီ ဟု သိ၏။

ထိုအခါ ငါ့အား ဤသို့အကြံဖြစ်၏။ ငါသိထားသော ဤတရားသည် အလွန်သိမ်မွေ့နက်နဲ၍ ပညာရှိတို့သာ သိနိုင်၏။ ဤသတ္တဝါများသည်ကား ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက်နေကြ၏။ ငါသည် တရားဟောပါက ငါ၏တရားကို သတ္တဝါများ သိရှိနားလည်မည် မဟုတ်။ တရားဟောခြင်းဖြင့် ငါ့အား ပင်ပန်းရုံမျှသာ ဖြစ်ရာ၏။ ဤသို့ဆင်ခြင်၍ ငါသည် တရားဟောလိုသော စိတ်ဆန္ဒ မရှိခဲ့ချေ။ ထိုအခါ သဟံပတိ ဗြဟ္မာသည် ငါ၏ အကြံကိုသိ၍ ငါ၏ထံသို့ လာရောက်ပြီးလျှင် ဘုန်းကြီးတော်မူသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့။ ပညာမျက်စိ၌ ကိလေသာမြူ

www.burmeseclassic.com

www.burmeseclassic.com



နည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏။ ထိုသူတို့သည် တရားကို မကြားနာရပါက ဆုံးရှုံးနစ်နာကြပါလိမ့်မည်။ တရားကို သိမြင်နားလည်မည့်သူတို့သည် ရှိကြပါသည်ဟု လျှောက်၏။

ထိုအခါ ငါသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူသော် ပညာမျက်စိ၌ ကိလေသာမြူ များပြား၍ အသိဉာဏ်နှင့် စိတ်ဓာတ်မရင့်ကျက်သေးသော သူများရှိသည့်နည်းတူ ကိလေသာမြူနည်းပါး၍ အသိဉာဏ်နှင့် စိတ်ဓာတ်ရင့်ကျက်သော သူများလည်းရှိကြောင်း သိမြင်၍ နိဗ္ဗာန်တရား ဟောတော်မူလိုသောဆန္ဒ ဖြစ်ပေါ်လာ၏။

ငါသည် အသိဉာဏ်ထက်မြက်၍ ကိလေသာမြူနည်းပါးသော ကာလာမအနွယ်ဝင် အာဠာရနှင့် ရာမ၏သား ဥဒကတို့အား ရှေးဦးစွာ တရားဟောရန် အကြံဖြစ်၏။ ထိုအခါ နတ်သားတစ်ပါးက ငါ့အား အာဠာရနှင့် ဥဒကတို့ကွယ်လွန်ပြီဖြစ်ကြောင်း လျှောက်၏။ တရားကျင့်ကြံ အားထုတ်စဉ်က ငါ့အား လုပ်ကျွေးပြုစုခဲ့ကြသော ရဟန်းငါးပါးအား တရားဟောရန် အကြံဖြစ်ပြန်၏။ သို့ဖြစ်၍ ထိုရဟန်းများနေသော ဗာရာဏသီပြည်၊ ဣသိပတနမည်သော မိဂဒါဝုန်တောသို့ ငါ ကြွသွားတော်မူ၏။

ဂယာနှင့် ဗောဓိပင်အကြား လမ်းခရီး၌ ဥပကအာဇီဝက သက္ကတွန်းသည် ငါ့ကိုမြင်၍ 'ငါ့ရှင်၊ သင်၏ ဣန္ဒြေတို့သည် အထူး ကြည်လင်၏။ အရေအဆင်းသည် စင်ကြယ်ဖြူစင်၏။ သင်၏ ဆရာကား အဘယ်သူနည်း။ အဘယ်သူ၏တရားကို အသင် နှစ်သက်သနည်း'ဟု မေး၏။ ထိုအခါ ငါက 'ဥဒက၊ ငါသည် အလုံးစုံကို သိ၏။ တဏှာ၏ကုန်ရာ နိဗ္ဗာန်ကို အာရုံပြုရသောကြောင့် ကိလေသာအားလုံးမှ ထွက်ပြီ။ ငါ့အား ဆရာမရှိ။ လောက၌ ငါနှင့်တူသောသူ မရှိ။ ငါသည် ဓမ္မစကြာတရားကိုဟောရန် ဗာရာဏသီပြည်သို့ သွားအံ့။ ဥပက၊ ငါကဲ့သို့သော ပုဂ္ဂိုလ်တို့သည် အာသဝေါတရားတို့ကုန်၍ အကုသိုလ်တရားတို့ကို ပယ်ရှားပြီး ဖြစ်သောကြောင့် ဇိနမည်၏'ဟု မိန့်တော်မူ၏။

ဥပကသည် ဦးခေါင်းကိုညိတ်လျက် 'ငါ့ရှင်၊ ဟုတ်ပေရာ၏'ဟုဆိုကာ လမ်းဖယ်၍ သွား၏။

ငါသည် မိဂဒါဝုန်တောသို့ ရောက်သွား၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါဘုရား အဝေးမှ ကြွလာသည်ကိုမြင်သော် ဤရဟန်းဂေါတမသည် တရားအားမထုတ်တော့ဘဲ လာဘ်များရန် လှည့်လည်သွားလာနေသည်။ သို့ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဂေါတမကို ရှိမခိုးရ၊ ခရီးဦးကြိုမပြုရ၊ သပိတ်သက်န်းကို လှမ်းမယူရဟု အချင်းချင်း ကတိကဝတ်ပြုထားကြ၏။

သူတို့ထံသို့ ငါ ချဉ်းကပ်မိသောအခါ သူတို့သည် မိမိတို့၏ ကတိကဝတ်၌ မတည်နိုင်တော့ဘဲ အချို့က ငါဘုရားကို ခရီးဦးကြို၍ သပိတ်သက်န်းကို လှမ်းယူကြ၏။ အချို့က နေရာခင်းကုန်၏။ အချို့က ခြေဆေးရေကို တည်ကုန်၏။ သို့ရာတွင် ငါဘုရားကိုမူ ဂေါတမ ဟူ၍လည်းကောင်း၊ ငါ့ရှင် ဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုကြ၏။ ငါက ငါ့ကိုထိုသို့ မခေါ်မပြောဆိုသင့်ကြောင်း၊ ငါသည် အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာသိ၍ ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်း၊ မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် မျက်မှောက်ပြုနိုင်ရန် တရားဟောမည်ဖြစ်ကြောင်း ပြော၏။ အစပထမ၌ သူတို့သည် ငါဘုရားကို အယုံအကြည် မရှိကြချေ။ ရဟန်းဂေါတမသည် ဒုက္ကရစရိယာကို ဆင်းရဲပင်ပန်းစွာ ပြင်းပြင်းထန်ထန် ကျင့်ပါလျက် ဉာဏ်အမြင်ထူးကို မရရှိခဲ့ဘဲ လာဘ်များရန် လှည့်လည်နေကာမှ ဉာဏ်အမြင်ထူးကို အဘယ်မှာ ရရှိနိုင်ပါမည်နည်းဟု ဆိုကြ၏။

ငါဘုရားက ငါသည် ကမ္မဋ္ဌာန်းလုပ်ငန်းကို စွန့်လွှတ်၍ လာဘ်များခြင်းငှာ လှည့်လည်နေသည် မဟုတ်ကြောင်း၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာသိသော ဘုရားအဖြစ်သို့ ရောက်ရှိပြီဖြစ်ကြောင်း ပြောပြ၏။ နောက်ဆုံး၌ ပဉ္စဝဂ္ဂီ ရဟန်းတို့သည် ငါဘုရား စင်စစ်ဖြစ်ကြောင်း ယုံကြည်လာကြ၏။"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ပါသရာသိသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၅။ တရားဟောတော်မူ၍ ရဟန်းတို့အား သာသနာပြု စေလွှတ်တော်မူခြင်း

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား ဓမ္မစကြာတရားကို ဟောတော်မူ၏။ ရှေးဦးစွာ အရှင်ကောဏ္ဍညၤ ထို့နောက် အရှင်ဝပ္ပနှင့် အရှင်ဘဒ္ဒိယတို့မှ နောက်ဆုံး၌ အရှင်မဟာနမ်နှင့် အရှင်အဿဇိတို့သည် အစဉ်အတိုင်း သစ္စာလေးပါးတရားကို သိမြင်လာကြ၏။ ထို ရဟန်းတို့အား ကိလေသာမြူ အညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ထင်ရှားဖြစ်ပေါ်၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား "အရှင်ဘုရား၊ ကျွန်ုပ်တို့သည် ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါကုန်၏"ဟု လျှောက်ကြ၏။

မြတ်စွာဘုရားသည် "ရဟန်းတို့၊ လာကြကုန်လော့။ တရားကို ကောင်းစွာ ဟောအပ်ပြီ။ ဆင်းရဲ၏အဆုံးကို ပြုခြင်းငှာ မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်ကြလော့"ဟု မိန့်တော်မူ၏။ ထိုစကားတော်ဖြင့်ပင် ပဉ္စဝဂ္ဂီရဟန်းတို့သည် ပဉ္ဇင်းအဖြစ်သို့ ရောက်ရှိကြ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့အား အနတ္တလက္ခဏာသုတ်ကို ဟောတော်မူ၏။ တရားအဆုံး၌ ရဟန်းတို့သည် အာသဝေါတရားတို့မှ လွတ်မြောက်၍ ရဟန္တာဖြစ်လာကြ၏။

ဗာရာဏသီပြည်၌ 'ယသ'အမည်ရှိသော သူဌေးသားတစ်ယောက် ရှိ၏။ ယသသည် ကာမဂုဏ်စည်းစိမ်ကို ကုံလုံပြည့်ဝစွာ ခံစားရသော်လည်း စိတ်ပျက်ငြီးငွေ့၍ တစ်နေ့၌ နံနက်စောစော အိပ်ရာမှထပြီးလျှင် မိဘများအား အသိမပေးဘဲ မိဂဒါဝုန်တောသို့ သွား၏။ မိဂဒါဝုန်၌ မြတ်စွာဘုရား၏တရားကို ကြားနာ၍ ယသအား သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်၏။ ယသ၏ဖခင်

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးသည် နောက်မှလိုက်လာ၍ မြတ်စွာဘုရား၏တရားကို ကြားနာပြီးလျှင် သာသနာတော်၌ ရှေးဦးစွာ သရဏဂုံတည်သော ဥပါသကာ ဖြစ်လာ၏။ ယသသည်လည်း ဖခင်အား တရားဟောစဉ် သစ္စာလေးပါးကို နှလုံးသွင်း၍ အာသဝေါတရားတို့မှ လွတ်ပြီး အရဟတ္တဖိုလ်၌ တည်၏။

ထို့နောက် ကာလ၌ ယသ သူငယ်ချင်း ငါးကျိပ်နှင့်လေးယောက်တို့သည်လည်း မြတ်စွာဘုရား၏တရားကို ကြားနာ၍ မြတ်စွာဘုရားထံ၌ ရဟန်းပြုပြီးလျှင် များမကြာမီ အာသဝေါတရားမှ လွတ်မြောက်၍ ရဟန္တာဖြစ်လာကြ၏။ သို့ဖြစ်၍ လောက၌ ရဟန္တာခြောက်ကျိပ်နှင့်တစ်ဦး ပေါ်ထွန်းလာလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား…

"ရဟန်းတို့၊ ဘုရားသည် လူနတ်တို့၌ဖြစ်သော ကိလေသာကျော့ကွင်းအားလုံးမှ လွတ်တော်မူပြီ။ သင်တို့သည်လည်း ထိုကျော့ကွင်းမှ လွတ်ကြကုန်ပြီ။

ရဟန်းတို့၊ များစွာ နတ်လူတို့၏ စီးပွားချမ်းသာဖြစ်ခြင်းငှာ လောကကို စောင့်ရှောက်ရန်အလို့ငှာ ဒေသစာရီ လှည့်လည်ကုန်လော့၊ ခရီးတစ်ကြောင်းလျှင် နှစ်ပါးမသွားကြကုန်လင့်။

ရဟန်းတို့၊ အစ, အလယ်, အဆုံး၏ ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသောတရားကို ဟောကုန်လော့။ အလုံးစုံပြည့်စုံသော၊ ထက်ဝန်းကျင်စင်ကြယ်သော မြတ်သောအကျင့်ကို ဟောကုန်လော့။

ပညာမျက်စိ၌ ကိလေသာမြူနည်းသော သတ္တဝါတို့သည် ရှိကုန်၏။ တရားတော်ကို မကြားနာရသဖြင့် ဆုတ်ယုတ်ကြရကုန်၏။ တရားတော်ကို သိလွယ်သော သူတို့ရှိကုန်လတ္တံ့။

ငါဘုရားသည်လည်း ဥရုဝေလာမှ သေနနိဂုံးသို့ တရားဟောရန် ချဉ်းကပ်တော်မူပေအံ့"ဟု မိန့်တော်မူ၏။

(ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ၊ မဟာခန္ဓက)

www.burmeseclassic.com

www.burmeseclassic.com

## ၆။ ကိုယ် စိတ် ကျန်းမာ ချမ်းသာတော်မူခြင်း

"ရဟန်းတို့၊ ငါသည် ညဥ့်စာစားခြင်းကို ရှောင်ကြဉ်၏။ ထို့ကြောင့် ငါသည် အနာမရှိသည့် အဖြစ်ကိုလည်းကောင်း၊ ဆင်းရဲမရှိသည့် အဖြစ်ကို လည်းကောင်း၊ လျင်စွာ ထနိုင်ခြင်းကိုလည်းကောင်း၊ အားရှိသည့်အဖြစ်ကိုလည်း ကောင်း၊ ချမ်းသာစွာ နေရခြင်းကိုလည်းကောင်း ကောင်းစွာသိ၏။"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ကီဋာဂိရိသုတ်)**

အခါတစ်ပါး၌ မြတ်စွာဘုရားသည် အာဠဝတီပြည် နွားတို့သွားရာ လမ်းခရီး ယင်းတိုက်တောဝယ် သစ်ရွက်အခင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဟတ္ထကအာဠဝကမင်းသားသည် အညောင်းပြေ လမ်းလျှောက်လှည့်လည် ခဲ့ရာ မြတ်စွာဘုရားကို မြင်သောကြောင့် အနီးသို့ချဉ်းကပ်ပြီး ရှိခိုး၍ "အရှင်ဘုရား၊ အသို့ပါနည်း။ မြတ်စွာဘုရားသည် ချမ်းသာစွာ ကျိန်းစက်တော်မူရ၏လော"ဟု လျှောက်၏။ မြတ်စွာဘုရားက "ငါသည် ချမ်းချမ်းသာသာ ကျိန်းစက်ရ၏။ လောက၌ ချမ်းသာစွာ အိပ်စက်ကြရသော သူတို့တွင် ငါသည် တစ်ဦး အပါအဝင် ဖြစ်သည်"ဟု မိန့်တော်မူ၏။

မင်းသား။ ။"အရှင်ဘုရား၊ ဆောင်းရာသီညဥ့်ဖြစ်၍ ချမ်းအေးလှပါ၏။ တပို့တွဲနှင့် တပေါင်းအကူး ကြားရှစ်ရက်သည် ဆီးနှင်းများကျသောအခါ ဖြစ်ပါ၏။ မြေပြင်သည် နွားခွာရာတို့ဖြင့် ကြမ်းတမ်းလှပါ၏။ သစ်ရွက်အခင်းသည် ပါးလှပါ၏။ သစ်ပင်၏ အရွက်တို့သည် ကျဲလှပါကုန်၏။ သင်္ကန်းတော်များ သည် အေးလှပါကုန်၏။ အရပ်လေးမျက်နှာမှ လေအေးသည် တိုက်ခတ်နေ ပါ၏။ သို့စဉ်လျက် ငါသည် ချမ်းသာစွာ အိပ်စက်ရသည်ဟု အရှင်ဘုရား မိန့်တော်မူဘိ၏"

www.burmeseclassic.com

www.burmeseclassic.com



ဘုရား။ ။"မင်းသား... ရာဂ၊ ဒေါသ၊ မောဟကြောင့်ဖြစ်ကုန်သော ကိုယ်စိတ် ပူလောင်ခြင်းတို့ဖြင့် ပူလောင်သောသူသည် ဆင်းရဲစွာအိပ်ရ၏။ ငါသည် ထိုရာဂ၊ ဒေါသနှင့် မောဟတို့ကို အမြစ်ရင်းနှင့်တကွ အကြွင်းမဲ့ ပယ်ပြီးဖြစ်၏။ ထို့ကြောင့် ငါသည် ချမ်းသာစွာ ကျိန်းစက်ရ၏။

**(အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ဒေဝဒူတဝဂ်၊ ဟတ္ထကသုတ်)**

နိဂဏ္ဌာတို့။ ။"မဂဓတိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းနှင့် အရှင်ဂေါတမတို့တွင် အဘယ်သူသည် သာလွန်၍ ချမ်းချမ်းသာသာ နေရပါသနည်း"

မြတ်စွာဘုရား။ ။"ငါ့ရှင် နိဂဏ္ဌာတို့၊ သင်တို့ကိုသာလျှင် ငါ ပြန်မေးအံ့။ ဗိမ္ဗိသာရမင်းသည် ကိုယ်ကို မလှုပ်ရှားဘဲ၊ စကားမပြောဆိုဘဲ ခုနစ်ရက်ပတ်လုံး၊ သို့မဟုတ် အနည်းဆုံး တစ်ရက်မျှ ချမ်းသာသက်သက်ချည်း ခံစားလျက်နေရန် စွမ်းနိုင်ပါအံ့လော"

နိဂဏ္ဌာတို့။ ။"ငါ့ရှင်၊ မစွမ်းနိုင်ပါ"

မြတ်စွာဘုရား။ ။"ငါ့ရှင် နိဂဏ္ဌာတို့၊ ငါသည် ကိုယ်ကိုမလှုပ်ရှားဘဲ၊ စကားမပြောဆိုဘဲ တစ်ရက်မှ ခုနစ်ရက်ကြာသည်အထိ ချမ်းသာသက်သက်ချည်း ခံစားနေရန် စွမ်းနိုင်၏။ သို့ဖြစ်သော် ဗိမ္ဗိသာရမင်းနှင့် ငါတို့တွင် မည်သူက သာလွန်၍ ချမ်းချမ်းသာသာ နေရသနည်း"

နိဂဏ္ဌာတို့။ ။"ဤသို့ဖြစ်သော် အရှင်ဂေါတမက ဗိမ္ဗိသာရမင်းထက် သာလွန်၍ ချမ်းချမ်းသာသာ နေရပါ၏"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ စူဠဒုက္ခက္ခန္ဓသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၇။ တစ်နေ့တာ ကုန်လွန်စေတော်မူပုံ

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ မြတ်စွာဘုရားသည် နံနက်ချိန်ခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံဝင်တော်မူ၏။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်ကြ၍ "ငါ့ရှင်အာနန္ဒာ၊ တပည့်တော်တို့သည် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ တရားစကားကို နောက်ဆုံး နာကြားခဲ့ရသည်ကား ကြာမြင့်လှပါပြီ။ တပည့်တော်တို့သည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ တရားစကားကို နာကြားလိုကြပါ၏"ဟု လျှောက်ကြ၏။

အရှင်အာနန္ဒာက ရဟန်းတို့အား မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရန်အတွက် ရမ္မကပုဏ္ဏား၏ သိမ်းကျောင်းဆီသို့ သွားနှင့်ကြရန် ပြော၏။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ဖဲခွာလျက် ဆွမ်းစားပြီးနောက် နေသန့်ခြင်းငှာ ပုဗ္ဗာရုံကျောင်း၊ မိဂါရသူဌေး၏ အမိဝိသာခါ၏ ပြာသာဒ်သို့ အရှင်အာနန္ဒာနှင့်အတူ ချဉ်းကပ်တော်မူ၏။ ညနေချမ်းအချိန် မြတ်စွာဘုရားသည် ကိန်းအောင်းရာမှ ထတော်မူကာ အရှင်အာနန္ဒာနှင့်အတူ အရှေ့တံခါးမုခ် ရေချိုးဆိပ်သို့ ရေချိုးရန် ချဉ်းကပ်တော်မူ၏။ ရေချိုးဆိပ်၌ ကိုယ်တို့ကို ရေသွန်းလောင်းပြီး ပြန်တက်၍ တစ်ထပ်တည်းသော သင်္ကန်းရှိလျက် ကိုယ်တို့ကို ရှေးပကတိအတိုင်း ခြောက်စေကာ ရပ်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အရှင်ဘုရား၊ ရမ္မကပုဏ္ဏား၏ သိမ်းကျောင်းသည် မဝေးလှပါ။ ထိုကျောင်းသည် မွေ့လျော်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါ၏။ ကြည်နူးဖွယ်လည်း ရှိပါ၏။ မြတ်စွာဘုရားသည် သနားတော်မူသောအားဖြင့် ထိုကျောင်းသို့ ကြွတော်မူပါဟု လျှောက်ကြား၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ရမ္မကပုဏ္ဏား၏ ကျောင်းတော်သို့ ကြွတော်မူ၏။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် တရားစကား ဆွေးနွေးလျက် အညီအညွတ်ထိုင်နေကြ၏။ မြတ်စွာဘုရားသည် တံခါးမုခ် အပြင်၌ ရဟန်းတို့၏ စကားပြီးဆုံးခြင်းကို ငံ့လင့်ကာ ရပ်တော်မူလျက် စကားပြီးဆုံးသောအခါ ချောင်းဟန့်၍ တံခါးရွက်ကို ခေါက်တော်မူ၏။ ရဟန်းတို့သည် တံခါးကိုဖွင့်ပေးကြ၏။ မြတ်စွာဘုရားသည် ကျောင်းထဲသို့ဝင်၍ ခင်းထားအပ်သောနေရာ၌ ထိုင်ပြီးနောက် "ရဟန်းတို့၊ ယခုအခါ၌ အဘယ်စကားကို ဆွေးနွေးနေကြကုန်သနည်း"ဟု မေးတော်မူ၏။ ရဟန်းတို့က "အရှင်ဘုရား၊ မြတ်စွာဘုရားကိုသာလျှင် အကြောင်းပြု၍ဖြစ်သော တရားစကားသည် ကျွန်ုပ်တို့၏ မပြီးသေးသော အကြားစကားပင် ဖြစ်ပါသည်"ဟု လျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ ကောင်းပေ၏။ တရားစကား ဆွေးနွေးလျက် အညီအညွတ် စည်းဝေးနေခြင်းသည် ယုံကြည်ခြင်းသဒ္ဓါဖြင့် ရဟန်းဘောင်တို့ရောက်ရှိကုန်သော သင် အမျိုးသားတို့အား သင့်လျော်ပေ၏။ အညီအညွတ် စည်းဝေးကုန်သော သင်တို့သည် တရားစကား ဆွေးနွေးခြင်းကို ဖြစ်စေ၊ အပြစ်ကင်းသော ဆိတ်ဆိတ်နေခြင်းကိုဖြစ်စေ ဤနှစ်မျိုးကို ပြုအပ်၏" ဟု မိန့်တော်မူပြီးသော် မြတ်သော ရှာမှီးခြင်းအကြောင်းကို ဟောတော်မူ၏။

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ပါသရာသိသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၈။ တိတ်ဆိတ်မှုကို နှစ်သက်တော်မူခြင်း

ထိုအခါ သကုလုဒါယီ ပရိဗိုဇ်သည် များပြားသော ဗီလာစကားကို ပဲ့တင်ထပ်မျှ ပြင်းပြကျယ်လောင်သော အသံဖြင့် ပြောဆိုလျက် များစွာသော ပရိဗိုဇ် ပရိသတ်နှင့်အတူ နေ၏။ သကုလုဒါယီ ပရိဗိုဇ်သည် အဝေးမှကြွလာသော မြတ်စွာဘုရားကို မြင်လတ်သော် "အရှင်တို့၊ တိတ်ဆိတ်စွာနေကြကုန်လော့။ အသံမပြုကြကုန်လင့်။ ဤရဟန်းဂေါတမသည် တိတ်ဆိတ်ခြင်းကို အလိုရှိ၏။ တိတ်ဆိတ်ခြင်း၏ဂုဏ်ကို ဆိုလေ့ရှိ၏။ ငါတို့ ပရိသတ်အသံ တိတ်ဆိတ်နေပါက ငါတို့ရှိရာသို့ လာပေရာ၏"ဟု ဆို၍ မိမိပရိသတ်ကို သေဝပ်စွာနေရန် ပြော၏။ ထိုအခါ ပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန်၏။

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ စူဠသကုလုဒါယီသုတ်)**

မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား သီတင်းသုံးနေတော်မူသော သရက်ဥယျာဉ်၏အနီးသို့ရောက်လျှင် ကြောက်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း ဖြစ်၏။ သို့ဖြစ်၍ ဇီဝကအား "အချင်းဇီဝက၊ ငါ့အား သင်လှည့်ပတ်ဖြားယောင်းနေပေသလော။ ရန်သူတို့အား မအပ်နှင်းသည် မှန်၏လော။ တစ်ထောင့်နှစ်ရာ့ငါးကျိပ်ရှိမျှ မြောက်မြားသော ရဟန်းသံဃာတို့၏ ချေဆတ်သံ၊ ချောင်းဟန့်သံ၊ စကားပြောသံသည် အဘယ်ကြောင့် မဖြစ်သနည်း" ဟုဆို၏။

ထိုအခါ ဇီဝကက "မင်းကြီး၊ ကြောက်တော်မမူပါလင့်။ ရှေ့သို့ကြွတော်မူပါလော့"ဟု လျှောက်၏။ အဇာတသတ်မင်းသည် ဆင်မှ ဆင်းသက်ပြီးသော် တန်ဆောင်း ဝန်းတံခါးရှိရာသို့ ခြေလျင်ချဉ်းကပ်၍ "အချင်းဇီဝက၊ မြတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရား အဘယ်မှာနည်း”ဟု မေး၏။ “မင်းကြီး၊ အလယ်တိုင်ကိုမှီ၍ အရှေ့အရပ်သို့ မျက်နှာမူလျက် ရဟန်းသံဃာ၏ ရှေ့၌ထိုင်နေသော ဤပုဂ္ဂိုလ်သည် မြတ်စွာဘုရားပါတည်း”ဟု ဇီဝကက လျှောက်၏။

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တစ်ခုသောနေရာ၌ ရပ်ပြီးသော် ကြည်လင်သောအိုင်ကြီးကဲ့သို့ ငြိမ်သက်တိတ်ဆိတ်နေသော ရဟန်းသံဃာကို အဖန်ဖန်ကြည့်ရှု၍ “ယခုအခါ ရဟန်းသံဃာသည် အကြင် ငြိမ်သက်ခြင်းနှင့် ပြည့်စုံ၏။ ငါ၏သား ဥဒယဘဒ္ဒမင်းသားသည် ဤငြိမ်သက်ခြင်းမျိုးနှင့် ပြည့်စုံပါစေသတည်း”ဟု ဥဒါန်းကျူးရင့်၏။

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၉။ အကုသိုလ်အားလုံး အကြွင်းမဲ့ ပယ်သတ်တော်မူပြီးဖြစ်ခြင်း

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ မြတ်စွာဘုရားသည် အကုသိုလ်အားလုံးကို အကြွင်းမဲ့ပယ်၍ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူပါလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ မြတ်စွာဘုရားသည် အကုသိုလ်အားလုံးကို အကြွင်းမဲ့ပယ်၍ သဗ္ဗညုတာအဖြစ်သို့ ရောက်တော်မူ၏"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ မြတ်စွာဘုရား၏ကိုယ်၌ ဒုက္ခဝေဒနာတို့သည် ဖြစ်ဖူးကုန်သည် မဟုတ်ပါလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ဖြစ်ဖူးကုန်၏။ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် ကျောက်ချပ်လွှာသည် ဘုရားရှင်၏ ခြေတော်ကို ထိခိုက်ဒဏ်ရာ ရစေခဲ့၏။ ဝမ်းသွေးသွန်သောရောဂါ ဖြစ်ခဲ့ဖူး၏"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် အကုသိုလ်အားလုံးကို အကြွင်းမဲ့ပယ်တော်မူပြီး ဖြစ်သည်မှန်ပါက ကျောက်ချပ်လွှာက ခြေတော်ကို ထိခိုက်ဒဏ်ရာ ရစေသည်၊ ဝမ်းသွေးသွန်သော ရောဂါဖြစ်သည် ဆိုသော စကားသည် မှားရာ၏။ အကယ်၍ ထိုနောက် စကားမှန်ပါက ဘုရားရှင်သည် အကုသိုလ်အားလုံးကို အကြွင်းမဲ့ပယ်သည်ဆိုသော ရှေ့စကားသည် မှားရာ၏။ အရှင်ဘုရား၊ ကံနှင့်ကင်းသော ခံစားမှုဝေဒနာသည် မရှိ၊ ခံစားမှုဝေဒနာအားလုံးသည် ကံသာလျှင် အကြောင်းရင်းရှိ၏။ ထိုဝေဒနာကို ကံကြောင့်သာလျှင် ခံစားရ၏။ ဤအစွန်းနှစ်ဖက်ထွက်သော ပြဿနာကို ဖြေရှင်းတော်မူပါလော့"

www.burmeseclassic.com

www.burmeseclassic.com



အရှင်နာဂသေန။ ။"မင်းမြတ်၊ ထိုခံစားမှု ဝေဒနာအားလုံးသည် ကံသာလျှင် အကြောင်းရင်းရှိသည်မဟုတ်။ ယင်းတို့သည် လေ၊ သည်းခြေ၊ သလိပ် သုံးပါး အစုအဝေး၊ သန္နိပါတ်၊ ဥတု၊ အစာအာဟာရ၊ လုံ့လနှင့် ကံ၏အကျိုးပေးမှုဟူသော အကြောင်းရှစ်မျိုးအနက် တစ်မျိုးမျိုးကြောင့် ဖြစ်ပေါ်လာကုန်၏။ မြတ်စွာဘုရား၏ခြေတော် ထိခိုက်ဒဏ်ရာ ရရှိခြင်းသည် ဒေဝဒတ်၏ လုံ့လကြောင့်သာလျှင် ဖြစ်ပေ၏။ အခြားအကြောင်းများကြောင့် ဖြစ်သည်မဟုတ်။ စင်စစ် မြတ်စွာဘုရားအား ကံ ဝိပါက်ကြောင့် ဖြစ်သော ဝေဒနာသည် မရှိ။ မသင့်သော အစာအာဟာရကြောင့် ဖြစ်သော ဝေဒနာသည် မရှိ။ ကျန်ခြောက်ပါးသော အကြောင်းတို့ကြောင့်သာလျှင် မြတ်စွာဘုရားအား ဝေဒနာသည် ဖြစ်၏။

မင်းမြတ်၊ ဤခန္ဓာကိုယ်၌ ကောင်းသော၊ မကောင်းသော ဝေဒနာတို့သည် ကျရောက်ထတ်ကုန်၏။ ကောင်းကင်၌ပစ်သောခဲသည် မြေကြီး၌ ကျရောက်၏။ ခဲသည် ရှေး၌ပြုဖူးသော ကံကြောင့် မြေကြီး၌ကျသလော"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ မြေကြီး၌ ကုသိုလ်၊ အကုသိုလ်၏ အကျိုးကို ခံစားရာသော အကြောင်းသည် မရှိပါ။ ရှေးကံဟောင်းကင်းသော ပစ္စုပ္ပန်အကြောင်းဖြင့် ထိုခဲသည် မြေ၌ကျရောက်ပါ၏"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ထို့အတူ မြတ်စွာဘုရားကို မှတ်အပ်၏။ ခဲသည် ရှေးကပြုခဲ့သော ကံကြောင့်မဟုတ်ဘဲ မြေကြီး၌ ကျရောက်သကဲ့သို့ ထို့အတူ ရှေးကပြုခဲ့သော ကံကြောင့်မဟုတ်ဘဲ ကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ခြေတော်၌ ကျရောက်၏။

"မြတ်စွာဘုရားအား အကြင် ဝမ်းသွေးသွန်သော အနာသည် ဖြစ်၏။ ထိုအနာသည် ရှေးကပြုခဲ့သော ကံကြောင့် ဖြစ်သည်မဟုတ်။ လေ၊ သည်းခြေ၊ သလိပ် အစုအဝေးဟူသော သန္နိပါတ်ကြောင့်သာလျှင် ဖြစ်၏။ မြတ်စွာဘုရား၏ ကိုယ်၌ဖြစ်သော၊ အလုံးစုံသော အနာရောဂါတို့သည် ရှေးကံကြောင့်မဟုတ်ဘဲ ခြောက်ပါးသော အနာရောဂါ ဖြစ်ခြင်းအကြောင်းများတွင် တစ်ပါးပါးသော အကြောင်းကြောင့် ဖြစ်ကုန်၏"

(မိလိန္ဒပဥှာ၊ ဣဒ္ဓိဗလဝဂ်၊ အကုသလစ္ဆေဒနပဥှာ)

www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်

ဝစ္ဆပရိဗိုဇ်။ ။"အရှင်ဘုရား၊ ရဟန်းဂေါတမသည် အလုံးစုံသိ၏။ အလုံးစုံကို မြင်၏။ ငါ သွားနေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ၊ အိပ်ပျော်နေသည်ဖြစ်စေ၊ နိုးကြားနေသည်ဖြစ်စေ၊ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှု ထင်၏ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏ဟု ကြားဖူးပါ၏။ အရှင်ဘုရား၊ ထိုသို့ပြောဆိုသော သူတို့သည် မြတ်စွာဘုရား၏ စကားအရ ပြောဆိုသူများ ဖြစ်ပါကုန်သလော။ အကြောင်းမှန်ကို အကြောင်းမှန်အားလျော်စွာ ပြောကြား ကြပါကုန်၏လော"

မြတ်စွာဘုရား။ ။"ဝစ္ဆ၊ ထိုသို့ ပြောဆိုသော သူတို့သည် ငါ၏ စကားအရ ပြောဆိုသူများ မဟုတ်ကုန်။ ငါ့ကို မဟုတ်မမှန်သောအားဖြင့်လည်း စွပ်စွဲကြကုန်၏"

ဝစ္ဆပရိဗိုဇ်။ ။"အရှင်ဘုရား၊ ထိုသို့မဟုတ်မူ အဘယ်သို့ ပြောဆိုသော် ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏စကားအရ ပြောဆိုသူများ ဖြစ်ကုန်သနည်း"

မြတ်စွာဘုရား။ ။"ဝစ္ဆ၊ 'ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးရရှိသည်' ဟု ပြောဆိုသောသူသည် အမှန်အားဖြင့် ငါ၏စကားအရ ပြောဆိုခြင်းဖြစ်၏။ ငါသည် များပြားသော၊ ရှေး၌နေဖူးသော ခန္ဓာအစဉ်(ဘဝများ)ကို အလိုရှိ သလောက် အောက်မေ့နိုင်၏။ ငါသည် စင်ကြယ်သော၊ နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် စုတေဆဲ၊ သို့မဟုတ် ပဋိသန္ဓေနေဆဲဖြစ်သော၊ သို့မဟုတ် ယုတ်သော သတ္တဝါ၊ ကောင်းသောလားရာရှိသော၊ သို့မဟုတ် ကောင်းသော သဘောတရားရှိသော သတ္တဝါတို့ကို အလိုရှိသလောက် မြင်ရ၏။ ငါသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားမရှိသော စိတ်၏

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာမှလွတ်ခြင်း ပညာဖြင့် ကိလေသာမှ လွတ်ခြင်းကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိလျက် မျက်မှောက်ပြုကာ ရောက်၍နေ၏။

ဤသို့ ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးရှိသည်ဟု ပြောဆိုသူသည် ငါ့ကို မဟုတ်မမှန်သောအားဖြင့် မစွပ်စွဲဘဲ ငါ၏စကားအရ အကြောင်းမှန်ကို ပြောဆိုသူ ဖြစ်၏။”

(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ တေဝိဇ္ဇဝစ္ဆသုတ်)

www.burmeseclassic.com

www.burmeseclassic.com

# ၁၁။ တန်ခိုးပြာဋိဟာပြမှုကို စက်ဆုပ်တော်မူခြင်း

ကေဝဋ္ဋသူကြွယ်သား။ ။"အရှင်ဘုရား၊ ဤ နာဠန္ဒမြို့သည် ပြည့်စုံကြွယ်ဝပါ၏။ စည်ပင်ဝပြောပါ၏။ လူဦးရေများပြားပါ၏။ မြတ်စွာဘုရားသည် လူတို့၏ ကုသိုလ် ကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှာ ရဟန်းတစ်ပါးအား အမိန့်ပေးထားတော်မူပါ။ ဤသို့ အမိန့်ပေးထားပါက ဤနာဠန္ဒမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက်အလွန် ကြည်ညိုပါလိမ့်မည်"

မြတ်စွာဘုရား။ ။"ကေဝဋ္ဋ၊ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ငါဟောကြားထားသော ပြာဋိဟာသုံးပါးရှိ၏။ ယင်းတို့သည်ကား တန်ခိုးပြာဋိဟာ၊ အတပ်ဟောခြင်း ပြာဋိဟာနှင့် ဆုံးမခြင်း ပြာဋိဟာတို့ဖြစ်၏။

တန်ခိုးပြာဋိဟာဟူသည် များပြားသော တန်ခိုးဖန်ဆင်းခြင်း ဖြစ်၏။ တစ်ယောက်တည်းဖြစ်လျက် အများဖြစ်သွားခြင်း၊ အများဖြစ်လျက် တစ်ယောက်တည်း ဖြစ်လာခြင်း၊ ကိုယ်ပျောက်စေခြင်း၊ နံရံတံတိုင်းကို ဖောက်၍သွားခြင်း၊ မြေ၌ငုပ်ခြင်း၊ ရေပေါ်၌သွားခြင်း၊ ကောင်းကင်း၌သွားခြင်း စသည်တို့ဖြစ်၏။

ဤသို့ အမျိုးမျိုး တန်ခိုးဖန်ဆင်းတတ်သော ရဟန်းကို သဒ္ဓါတရား မရှိသော၊ မကြည်ညိုသောသူသည် တွေ့မြင်ပါက ဂန္ဓာရီမည်သော အတတ်သည် ရှိ၏။ ထိုဂန္ဓာရီအတတ်ဖြင့် ထိုရဟန်းသည် အမျိုးမျိုး တန်ခိုးဖန်ဆင်းခြင်း ဖြစ်သည်ဟု ဆိုပေရာ၏။

ငါသည် တန်ခိုးပြာဋိဟာ၌ ဤအပြစ်ကို မြင်သောကြောင့် တန်ခိုးပြာဋိဟာပြရန် ဝန်လေး၏။ ရှက်၏။ စက်ဆုပ်၏။

www.burmeseclassic.com

www.burmeseclassic.com



အတတ်ဟောခြင်း ပြာဋိဟာဟူသည်ကား သူတစ်ပါး၏ စိတ်သဘော ဖြစ်ပျက်မှု အကြံအစည်နှင့် အတွေးအခေါ်ကို အတပ်ဟောခြင်းဖြစ်၏။

သဒ္ဓါတရားမရှိသော၊ မကြည်ညိုသောသူသည် ဤသို့ အတပ်ဟော သော ရဟန်းကို တွေ့မြင်ပါက ထိုရဟန်းသည် စိန္တာမဏိမည်သော အတတ် ပညာဖြင့် သူတစ်ပါး၏ စိတ်သဘော အကြံအစည်နှင့် အတွေးအခေါ်ကို အတပ် ဟောခြင်းဖြစ်သည်ဟု ဆိုပေရာ၏။

ငါသည် အတပ်ဟောခြင်း ပြာဋိဟာ၌ ဤအပြစ်ကို မြင်သောကြောင့် အတပ်ဟော၍ ပြာဋိဟာပြရန် ဝန်လေး၏။ ရှက်၏။ စက်ဆုပ်၏။

ဆုံးမခြင်း ပြာဋိဟာဟူသည်ကား ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤတရားကို ပယ်ကုန်လော့၊ ဤတရားကို လက်ခံ ကုန်လော့ဟု ဆုံးမခြင်းဖြစ်၏။

ရှာန်လေးပါးသို့ရောက်ရှိရန် ဆုံးမခြင်းနှင့် ဝိပဿနာဉာဏ်အမြင်နှင့် အာသဝက္ခယဉာဏ်အလို့ငှာ ဆုံးမခြင်းတို့သည်လည်း ဆုံးမခြင်းပြာဋိဟာဟု ဆိုအပ်၏။"

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ကေဝဋ္ဋသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

# ၁၂။ သူနာရဟန်းတစ်ပါးအား ပြုစုတော်မူပုံ

တစ်ခါသော် ရဟန်းတစ်ပါးအား ဝမ်းသက်သော ရောဂါဖြစ်၏။ ထိုရဟန်းသည် မိမိ ကျင်ကြီးကျင်ငယ်၌ လူးလိမ့်လျက် အိပ်ရ၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာနှင့်အတူ ကျောင်းစဉ် လှည့်လည်သည်ရှိသော် ထို ဝမ်းသက်သော ရဟန်း၏ကျောင်းသို့ ရောက်တော်မူ၏။ မြတ်စွာဘုရားသည် သူနာရဟန်းကိုမြင်၍ အနီးသို့ကြွသွားပြီးလျှင် "ရဟန်း၊ သင်၏ ရောဂါကား အဘယ်ရောဂါနည်း"ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ ကျွန်ုပ်၏ ရောဂါကား ဝမ်းသက်သော ရောဂါပါတည်း" ဟု လျှောက်၏။ "ရဟန်း၊ သင့်အား အလုပ်အကျွေးရှိ၏လော"ဟု မေးတော်မူ၏။ "မရှိပါ အရှင်ဘုရား"ဟု လျှောက်၏။ "အဘယ်ကြောင့် ရဟန်းတို့က သင့်ကို မလုပ်ကျွေးကုန်သနည်း"ဟု မေးတော်မူ၏။ "ကျွန်ုပ်သည် အခြားရဟန်းတို့အား မလုပ်ကျွေးဖူးပါ။ ထို့ကြောင့် ကျွန်ုပ်ကို မလုပ်ကျွေးကြပါ" ဟု လျှောက်၏။

ထို့နောက် မြတ်စွာဘုရားသည် "အာနန္ဒာ၊ သွားချေ၊ ရေဆောင်ယူခဲ့လော့။ ဤရဟန်းကို ရေချိုးကုန်အံ့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် ရေကို ဆောင်ယူလာ၏။ မြတ်စွာဘုရားသည် ရေသွန်းလောင်းတော်မူ၍ အရှင်အာနန္ဒာက ရဟန်း၏ကိုယ်ကို ဆေးကြော၏။ မြတ်စွာဘုရားက ဦးခေါင်းမှ ကိုင်တော်မူ၍ အရှင်အာနန္ဒာက ခြေထောက်မှ ချီမပြီးလျှင် ညောင်စောင်း၌ အိပ်စေ၏။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို စည်းဝေးစေပြီးလျှင် "ရဟန်းတို့၊ သင်တို့အား လုပ်ကျွေးမည့် အမိအဖတို့ မရှိကုန်။ သင်တို့သည် အချင်းချင်း မလုပ်ကျွေးခဲ့သော် အဘယ်သူသည် လုပ်ကျွေးလတ္တံ့နည်း။ ငါဘုရားကို လုပ်ကျွေးသော ရဟန်းသည် နာဖျားသော ရဟန်းတို့ လုပ်ကျွေးရာ၏"ဟု မိန့်တော်မူ၏။

(ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ၊ စီဝရက္ခန္ဓက)

www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ မိမိ၏အဆုံးအမကို မနာခံသောသူများနှင့် ဝါဒမတူသောသူများအပေါ် သဘောထားကြီး၍ မေတ္တာထားတော်မူခြင်း

(တစ်ခါသော် ကောသမ္ဗီပြည်သား ရဟန်းတို့သည် အချင်းချင်း ငြင်းခုံလျက် ခိုက်ရန်ဖြစ်ပွားကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို အကြိမ်ကြိမ် ဆုံးမသော်လည်း ဆုံးမသြဝါဒကို မနာခံဘဲ ငြင်းခုံမြဲငြင်းခုံ၍ ခိုက်ရန်ဖြစ်မြဲ ဖြစ်နေကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို မဆုံးမတော့ဘဲ ကောသမ္ဗီပြည်မှထွက်ခွာ၍ ပါလိလေယျကတောသို့ ကြွတော်မူ၏။ ထိုတောမှ တစ်ဖန် သာဝတ္ထိပြည်သို့ကြွသွား၍ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ကောသမ္ဗီပြည်သား ဥပသကာတို့သည် ခိုက်ရန်ဖြစ်သော ရဟန်းတို့ကို မကျေနပ်သောကြောင့် လှူဒါန်းပူဇော်မှု မပြုကြတော့ချေ။ သို့ဖြင့် ရဟန်းတို့သည် နောင်တရ၍ ဘုရားရှိရာ သာဝတ္ထိပြည်သို့ သွားကြ၏။)

မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား၊ မျက်ကွယ်မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဘက် ပြောကြားစကားများ၍ သံဃာ၌ အဓိကရုဏ်းကို ပြုထတ်သော ကောသမ္ဗီပြည်နေ ရဟန်းတို့သည် သာဝတ္ထိပြည်သို့ လာကြပါကုန်သတတ်။ အကျွန်ုပ်သည် ထိုရဟန်းတို့ အပေါ်ဝယ် ဘယ်သို့ကျင့်ရပါအံ့နည်း"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "ဂေါတမီ၊ သို့ဖြစ်လျှင် သင်သည် နှစ်ဖက်သော သံဃာ၌ တရားကို နာလော့။ ထိုနှစ်ဖက်သံဃာတွင် တရားကိုဆိုလေ့ရှိသော ရဟန်းတို့၏ အမြင်၊ အလို၊ သူတို့ နှစ်သက်ရာတွင် အယူကို နှစ်သက်လေလော့"ဟု မိန့်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



အနာထပိဏ်သူဌေးနှင့် ဝိသာခါဒါယိကာမတို့ကလည်း "ထို ရဟန်းများ အပေါ် မည်သို့ ကျင့်ရပါမည်နည်း"ဟု မေးလျှောက်ကြ၏။ မြတ်စွာဘုရားက "နှစ်ဖက်သော သံဃာအား ပေးလှူ၍ နှစ်ဖက်သော သံဃာ၏တရားကို ကြားနာပြီး ဓမ္မဝါဒီ(တရားကိုဆိုသော) ရဟန်း၏အယူကို လက်ခံ(နှစ်သက်)ရန်" တိုက်တွန်းတော်မူ၏။

အရှင်သာရိပုတ္တရာက "ထိုရဟန်းတို့အပေါ်ဝယ် ကျောင်း၊ အိပ်ရာနေရာနှင့်စပ်လျဉ်း၍ မည်သို့ကျင့်ရပါမည်နည်း"ဟု လျှောက်၏။ မြတ်စွာဘုရားက "ထိုရဟန်းတို့အား ဆိတ်ငြိမ်သော ကျောင်း၊ အိပ်ရာနေရာ ပေးရမည်။ ဆိတ်ငြိမ်သော ကျောင်း၊ အိပ်ရာ နေရာမရှိသော် ဆိတ်ငြိမ်အောင် ပြု၍သော်လည်း ပေးရမည်။ သီတင်းကြီး ရဟန်း၏နေရာကို တစ်စုံတစ်ခုသော အကြောင်းဖြင့် မတားမြစ်ရ (မပေးဘဲမနေရ) ဆွမ်းစသော အာမိသကို အလုံးစုံသော ရဟန်းတို့နှင့် အညီအမျှ ဝေခြမ်းရမည်"ဟု မိန့်တော်မူ၏။

**(ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ၊ ကောသမ္ဗတက္ခန္ဓက)**

နိဂဏ္ဌ၏ တပည့်ဖြစ်သော သီဟာစစ်သူကြီးသည် မြတ်စွာဘုရား၏ တရားကို ကြားနာရသောအခါ အလွန်နှစ်သက်သောကြောင့် "မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"ဟု လျှောက်၏။

မြတ်စွာဘုရား။ ။"သီဟ၊ စူးစမ်းဆင်ခြင်၍ ပြုလော့။ သင်ကဲ့သို့ ထင်ရှားကျော်စောသော သူတို့အား ဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏"

သီဟာစစ်သူကြီး။ ။"အရှင်ဘုရား၊ ယခု အမိန့်ရှိတော်မူသော စကားဖြင့်လည်း ကျွန်ုပ်သည် မြတ်စွာဘုရားကို အတိုင်းထက်အလွန် ကြည်ညိုပါ၏ ဘုရား။ တစ်ပါးသော အယူရှိသော ဒိဋ္ဌိတို့သည် ကျွန်ုပ်ကဲ့သို့သော တပည့်ကို ရခဲ့သော် သီဟာစစ်သူကြီးသည် ငါတို့၏တပည့် ဖြစ်ပြီဆို၍ ဝေသာလီတစ်ပြည်လုံး၌ တံခွန်အောင်လံ စိုက်ထောင်ကုန်ရာ၏"

မြတ်စွာဘုရား။ ။"သီဟ၊ ရှည်စွာသော နေ့ ညဥ့်ပတ်လုံး သင်၏ အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လေလော့"

သီဟာစစ်သူကြီး။ ။"အရှင်ဘုရား၊ ကျွန်ုပ်သည် ဤသို့ကြားဖူးပါ၏။ ရဟန်းဂေါတမသည် ငါနှင့် ငါ၏တပည့်သားတို့ အားသာလျှင် လှူအပ်၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားသူနှင့် အခြားသူ၏ တပည့်သားတို့အား မလှူအပ်၊ ငါနှင့် ငါ၏တပည့်တို့အား လှူခြင်းသည်သာလျှင် အကျိုးကြီး၏။ အခြားသူတို့အား လှူခြင်းသည် အကျိုးမကြီးဟု ဟောတော်မူသည်"ဟူသော စကားကို ကြားဖူးပါသည်။

ထိုသို့ ဖြစ်လျက်လည်း မြတ်စွာဘုရားသည် ကျွန်ုပ်ကို နိဂဏ္ဌတို့အား ပေးလှူခြင်း၌ ဆောက်တည်စေ၏။ ဤစကားကို ကြားရသဖြင့် မြတ်စွာဘုရားအား အတိုင်းထက်အလွန် ကြည်ညိုပါ၏။

(ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ၊ ဘေသဇ္ဇက္ခန္ဓက)

နိဂဏ္ဌ၏ အခြားတပည့်တစ်ဦးဖြစ်သော ဥပါလိသူကြွယ်သည် မြတ်စွာဘုရား၏တရားကို ကြားနာ၍ ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာအဖြစ် မှတ်ယူရန် လျှောက်ထားသောအခါ၌လည်း မြတ်စွာဘုရားက နိဂဏ္ဌတို့အား ရှေးကကဲ့သို့ပင် ဆက်လက်၍ လှူဒါန်းရန် တိုက်တွန်းတော်မူ၏။

(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဥပါလိသုတ်)

www.burmeseclassic.com

www.burmeseclassic.com

# ၁၄။ မြတ်စွာဘုရားအား ကြည်ညိုလေးစားကြပုံ

ပသေနဒီကောသလမင်းကြီးသည် တံခါးပိတ်ထားသော ကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကိုခေါက်၏။ မြတ်စွာဘုရားသည် တံခါးကို ဖွင့်တော်မူ၏။ ထိုအခါ ပသေနဒီကောသလ မင်းကြီးသည် ကျောင်းတွင်းသို့ဝင်၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခေါင်းဖြင့်ဝပ်၍ ခြေတော်တို့ကို ခံတွင်းဖြင့်စုပ်၏။ လက်တို့ဖြင့်လည်း အဖန်ဖန် သုံးသပ်ဆုပ်နယ်၏။ "အရှင်ဘုရား၊ ကျွန်ုပ်သည် ပသေနဒီကောသလမင်းပါတည်း"ဟု အမည်ကိုလည်း ကြားလျှောက်၏။

*(မြတ်စွာဘုရားအား မိမိ၏အမှုထမ်းများက ကြည်ညိုကြပုံကို ပသေနဒီကောသလမင်းက အောက်ပါအတိုင်း လျှောက်၏။)*

"အရှင်ဘုရား၊ ဣသိဒတ္တနှင့် ပုရာဏတို့သည် လက်သမားများဖြစ်၍ ကျွန်ုပ်၏ ထမင်းရိက္ခာကို စားကြကုန်၏။ ကျွန်ုပ်၏ ယာဉ်တို့ကို စီးကြကုန်၏။ ကျွန်ုပ်သည် အသက်သခင် ဖြစ်၏။ စည်းစိမ် ဆောင်နှင်းပေးထား၏။ သို့ရာတွင် မြတ်စွာဘုရားအား အရိုအသေပြုကြသကဲ့သို့ ကျွန်ုပ်အား ရိုသေတုပ်ဝပ်ခြင်း မပြုကြကုန်။ တစ်ခါက ကျွန်ုပ်သည် စစ်ချီတက်လတ်သော သူတို့နှစ်ဦးကို စုံစမ်းလိုသဖြင့် ကျဉ်းမြောင်းသော နေရာတစ်ခု၌ ကပ်ရောက်နေထိုင်၏။ ထိုအခါ သူတို့သည် များစွာသော ညဉ့်တို့ပတ်လုံး တရားစကားဖြင့် ကုန်လွန်စေ၍ မြတ်စွာဘုရားရှိရာအရပ်သို့ ဦးခေါင်းပြုကာ ကျွန်ုပ်ကို ခြေရင်းဘက်ပြုလျက် အိပ်ကြပါကုန်၏"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဓမ္မစေတီယသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



သကုလုဒါယိပရိဗိုဇ်။ ။"ရဟန်းဂေါတမသည် တပည့်တို့၏ ရိုသေလေးစားခြင်းကို ခံရ၏။ တစ်ခါက ရဟန်းဂေါတမသည် အရာမက များစွာသော ပရိသတ်အား တရားဟော၏။ ထိုပရိသတ်၌ ရဟန်းတစ်ပါးသည် ချောင်းဟန့်၏။ ထိုရဟန်းအား သီတင်းသုံးဖော် တစ်ယောက်က "ငါ့အရှင်၊ တိတ်ဆိတ်စွာ နေပါလော့။ အသံမပြုပါလင့်။ မြတ်စွာဘုရားသည် တရားဟောနေ၏"ဟု ဆို၍ ဒူးဖြင့်တို့၏။ ရဟန်းဂေါတမသည် အရာမက များပြားသော ပရိသတ်၌ တရားဟောနေသောအခါ သူ၏တပည့်တို့အား ချေဆတ်သံသော်လည်းကောင်း၊ ချောင်းဟန့်သံသော်လည်းကောင်း မဖြစ်သည်သာတည်း။

"ရဟန်းဂေါတမ၏ တပည့်တို့သည် သီတင်းသုံးဖော်တို့နှင့် မသင့်တင့်၍ သိက္ခာချလျက် လူထွက်ကြစေကာမူ ဘုရား၏ဂုဏ်၊ တရား၏ဂုဏ်နှင့် သံဃာ၏ဂုဏ်ကို ပြောဆိုလေ့ရှိကြ၏။ သူတစ်ပါးကို မကဲ့ရဲ့ကုန်မူ၍ မိမိကိုယ်ကိုသာလျှင် ကဲ့ရဲ့ကြကုန်၏။ သူတို့သည် အရန်အစောင့် အဖြစ်ဖြင့်သော်လည်းကောင်း၊ ဥပါသကာအဖြစ်ဖြင့်သော်လည်းကောင်း ငါးပါးသီလကို ဆောက်တည်၍ ကျင့်ကြကုန်၏။ ဤသို့ဖြင့် ရဟန်းဂေါတမသည် တပည့်တို့၏ မြတ်နိုးပူဇော်ခြင်းကို ခံရ၏"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ မဟာသကုလုဒါယိသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ ဇောဓိမင်းသား၏ပုဆိုးဖြူကို နင်းတော်မမူခြင်း

ဇောဓိမင်းသားသည် ထိုညဥ့် လွန်မြောက်ပြီးနောက် မိမိနန်းတော်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို စီရင်ပြီးသော် ကောကနဒ ပြာသာဒ်ကို နောက်ဆုံးလှေကားထစ်တိုင်အောင် ပုဆိုးဖြူတို့ဖြင့် ခင်းစေပြီးလျှင် မြတ်စွာဘုရားအား ဆွမ်းပြင်ပြီးကြောင်း လျှောက်ထားရန် သဉ္ဇိကာပုတ္တ လုလင်ကို စေလွှတ်လိုက်၏။ ထိုလုလင်သည် မြတ်စွာဘုရားထံသွား၍ လျှောက်ကြား၏။ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကိုယူလျက် ဇောဓိမင်းသား၏အိမ်သို့ ချဉ်းကပ်တော်မူ၏။

ဇောဓိမင်းသားသည် မြတ်စွာဘုရားကို ငံ့လင့်လျက် အပြင်တံခါးမုခ်၌ ရပ်နေ၏။ အဝေးမှကြွလာသော မြတ်စွာဘုရားကိုမြင်၍ ခရီးဦးကြိုဆိုကာ ရှိခိုးလျက် ရှေ့သွားပြု၍ ကောကနဒ ပြာသာဒ်သို့ ချဉ်းကပ်၏။ မြတ်စွာဘုရားသည် နောက်ဆုံးလှေကားထစ်ကို ကပ်၍ ရပ်တော်မူ၏။ ဇောဓိမင်းသားသည် မြတ်စွာဘုရားအား "အရှင်ဘုရား၊ မြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ။ ယင်းသို့ နင်းခြင်းသည် ကျွန်ုပ်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားဖြစ်ရန်၊ ချမ်းသာရန် ဖြစ်ရာပါ၏"ဟု လျှောက်၏။ ဤသို့လျှောက်သော်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

ဇောဓိမင်းသားသည် မြတ်စွာဘုရားအား ပုဆိုးတို့ကို နင်းတော်မူရန် သုံးကြိမ်မြောက် လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာကို လှည့်ကြည့်တော်မူ၏။ အရှင်အာနန္ဒာသည် ဇောဓိမင်းသားကို "ဇောဓိမင်းသား၊ ပုဆိုးတို့ကို ရုပ်သိမ်းလော့။ မြတ်စွာဘုရားသည် ပုဆိုး အဖြူအခင်းကို နင်းတော်မူမည် မဟုတ်။ နောင်လာနောက်သား ရဟန်းအများကို မြတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသည် အစဉ် စောင့်ရှောက်တော်မူ၏”ဟု မိန့်ဆို၏။ ဇောဓိမင်းသားသည် ပုဆိုးတို့ကို ရုပ်သိမ်းစေပြီးလျှင် ကောကနဒ ပြာသာဒ်ထက်၌ နေရာကိုခင်းစေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ ပြာသာဒ်တို့ တက်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။

(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဗောဓိရာဇကုမာရသုတ်)

www.burmeseclassic.com

www.burmeseclassic.com

## ၁၆။ မိမိအားဝေဖန်ရန် ဖိတ်ခေါ်တော်မူခြင်း၊ ကဲ့ရဲ့ဝေဖန်မှုကြောင့် တုန်လှုပ်တော်မမူခြင်း

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဝိသာခါ၏ ပြာသာဒ်၌ ရဟန်းသံဃာ ငါးရာနှင့်အတူ သီတင်းသုံးတော်မူ၏။ တစ်ဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌ ပဝါရဏာပြုအံ့သောငှာ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် လွင်တီးခေါင်၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသော ရဟန်းသံဃာတို့ကို စောင်းငဲ့ကြည့်ရှုတော်မူ၍ "ရဟန်းတို့၊ ယခုအခါ၌ ငါဘုရားသည် သင်တို့အား ဖိတ်ကြား၏။ ငါ၏ တစ်စုံတစ်ခုသော ကိုယ်အမူအရာ၊ နှုတ်အမူအရာကို သင်တို့ ကဲ့ရဲ့လိုကုန်သလော"ဟု မိန့်တော်မူ၏။

**(သဂါထာဝဂ္ဂသံယုတ်၊ ဝင်္ဂီသသံယုတ်၊ ပဝါရဏာသုတ်)**

"ရဟန်းတို့၊ သူတစ်ပါးတို့သည် ငါ၏အပြစ်ကိုဖြစ်စေ၊ တရား၏ အပြစ်ကိုဖြစ်စေ၊ သံဃာ၏အပြစ်ကိုဖြစ်စေ ပြောကြလျှင် သင်တို့သည် ရန်ငြိုးထားခြင်း၊ နှလုံးမသာခြင်း၊ စိတ်မကျေချမ်းခြင်း မဖြစ်စေသင့်။ ထိုသို့ အပြစ်ပြောသဖြင့် အမျက်ထွက်ကြလျှင်၊ နှလုံးမသာကြလျှင်၊ သင်တို့အားသာလျှင် အန္တရာယ်ဖြစ်ရာ၏။

ရဟန်းတို့၊ သူတစ်ပါးတို့က အပြစ်ပြောသဖြင့် သင်တို့ အမျက်ထွက်ကြလျှင်၊ နှလုံးမသာကြလျှင် သင်တို့သည် စကားကောင်း၊ စကားဆိုးကို သိနိုင်ကြပါမည်လော။ သူတစ်ပါးတို့သည် ငါ၏ အပြစ်ကိုဖြစ်စေ၊ တရား၏အပြစ်ကိုဖြစ်စေ၊ သံဃာ၏အပြစ်ကိုဖြစ်စေ ပြောလျှင် ဤစကားသည် ဤအကြောင်းကြောင့် မဟုတ်မမှန်၊ စင်စစ် ဤအပြစ်သည် ငါတို့၌ ထင်ရှားမရှိဟု မဟုတ်သည်ကို မဟုတ်သည့်အတိုင်း အသင်တို့ ဖြေရှင်းကြရမည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့၊ သူတစ်ပါးတို့သည် ငါ၏ဂုဏ်ကိုဖြစ်စေ၊ တရား၏ဂုဏ်ကို ဖြစ်စေ၊ သံဃာ၏ဂုဏ်ကိုဖြစ်စေ ပြောကြလျှင် သင်တို့သည် နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ စိတ်တက်ကြွခြင်း မဖြစ်လင့်။ ထိုသို့ ဂုဏ်ကိုချီးမွမ်းသဖြင့် သင်တို့ နှစ်သက်ဝမ်းသာ စိတ်တက်ကြွကြလျှင် သင်တို့အားသာလျှင် အန္တရာယ် ဖြစ်ရာ၏။

"ရဟန်းတို့၊ သူတစ်ပါးတို့က ငါ၏ဂုဏ်ကိုဖြစ်စေ၊ တရား၏ဂုဏ်ကို ဖြစ်စေ၊ သံဃာ၏ဂုဏ်ကိုဖြစ်စေ ပြောကြလျှင် ဤစကားသည် ဤအကြောင်း ကြောင့် ဟုတ်မှန်ပေ၏။ စင်စစ် ဤဂုဏ်သည် ငါတို့၌ ထင်ရှားရှိပေ၏ဟု ဟုတ်မှန်သည့်အတိုင်း သင်တို့ ဝန်ခံကြရမည်"

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်)**

ထိုအခါ နိဂဏ္ဌာတက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရားအား ဤသို့လျှောက်၏။

"အရှင်ဂေါတမ၊ အံ့သြဖွယ်ရှိပါပေ၏။ မဖြစ်စဖူး ဖြစ်ပါပေ၏။ ဤသို့ ထိခိုက်၍ အပြောခံရသော၊ စောင်းချိတ်သော စကားတို့ဖြင့် အပြောခံရသော အရှင်ဂေါတမ၏ အရေအဆင်းသည် ဖြူစင်၏။ မျက်နှာအဆင်းသည် ကြည်လင် ၏။ ကိလေသာရန်သူကို သတ်နိုင်သော တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိသော မြတ်စွာဘုရား၏ ထုံးတမ်းစဉ်လာပင် ဖြစ်ပါသည်။

အရှင်ဂေါတမ၊ ကျွန်ုပ်သည် ပုရာဏကဿပကို စကားလမ်းစဉ်ဖြင့် အပြစ်တင်ဆိုဖူးသည်ကို အမှတ်ရပါ၏။ ထိုပုရာဏကဿပသည် ကျွန်ုပ်က စကားလမ်းစဉ်ဖြင့် အပြစ်တင်ဆိုသောအခါ အကြောင်းတစ်ပါးကို အခြား အကြောင်းတစ်ပါးဖြင့် ဖုံးဖိ၏။ စကားကို အပသို့လွှဲဖယ်၏။ အမျက်ထွက်ခြင်း၊ ပြစ်မှားခြင်း၊ စိတ်ဆိုးခြင်းကို ထင်ရှားပြ၏။ မက္ခလိဂေါသာလ၊ အဇိတ ကေသကမ္ဗလ၊ ပကုဓကစ္စာယနသဉ္စယနနှင့် နာဋ၏သား နိဂဏ္ဌာတက္ကတွန်းတို့သည် လည်း ထိုနည်းအတူ ဖြစ်ပါ၏။ အရှင်ဂေါတမမှာကား ဤသို့ ထိခိုက်၍ စောင်းချိတ်ပြောဆိုသော်လည်း အရေအဆင်းဖြူစင်၍ မျက်နှာအဆင်း ကြည်လင် နေပါ၏။ ကိလေသာရန်သူကို သတ်နိုင်သော၊ အရာအလုံးစုံကို ကိုယ်တိုင်မှန်စွာ သိသော မြတ်စွာဘုရား၏ ထုံးတမ်းစဉ်လာပင် ဖြစ်ပါပေသည်"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ မဟာသစ္စကသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၁၇။ မိမိအား လူတို့၏ကြည်ညိုမှု၊ တရားသိရှိမှုထက် ကျင့်ကြံအားထုတ်မှုကို ပိုမိုလိုလားတော်မူခြင်း

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ စံနေတော်မူစဉ် အရှင်ဝက္ကလိသည် အနာရောဂါနှိပ်စက်၍ ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေ၏။ အရှင်ဝက္ကလိသည် အလုပ်အကျွေး ရဟန်းတို့ကို မြတ်စွာဘုရားထံသို့စေလွှတ်၍ မိမိအား သနားသဖြင့် မိမိထံသို့ ကြွလာတော်မူရန် လျှောက်ထား၏။

မြတ်စွာဘုရားသည် အရှင်ဝက္ကလိထံသို့ ကြွလာတော်မူ၍ ရောဂါ အခြေအနေကို မေးမြန်းပြီးသော် စိတ်နှလုံးပူပန်မှု ရှိသလောဟု မေးတော်မူ၏။ အရှင်ဝက္ကလိက မိမိသည် မိမိ၏ သီလနှင့်ပတ်သက်၍ မိမိကိုယ်ကို သံသယ (စွပ်စွဲမှု) မရှိပါ။ မိမိ၏ အကျင့်သီလကြောင့် စိတ်နှလုံးပူပန်ခြင်း မရှိပါ။ သို့ရာတွင် မြတ်စွာဘုရားကို အလွန်ဖူးမြော်လိုသော စိတ်ဆန္ဒရှိပါလျက် ဘုရားထံသို့ လာရောက်ရန် ခွန်အားမရှိသောကြောင့် စိတ်နှလုံးပူပန်ခြင်း ဖြစ်ရပါသည်ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "ဝက္ကလိ၊ သင်၏စကားသည် မသင့်လျော်ချေ။ ဤအပုပ်ကောင်ကို သင်ဖူးမြင်ခြင်းဖြင့် အဘယ် အကျိုးရှိမည်နည်း။ ဝက္ကလိ၊ တရားကိုမြင်သောသူသည် ငါဘုရားကို မြင်သည်မည်၏။ ငါဘုရားကို မြင်သောသူသည် တရားကို မြင်သည်မည်၏"ဟု မိန့်တော်မူ၏။

**(သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်၊ ဝက္ကလိသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ အကြင်ရဟန်းသည် အဘိဈ္ဈာများသူ၊ ကာမတို့၌ အားကြီးသော ရာဂရှိသူ၊ ဖောက်ပြန်သော စိတ်ရှိသူ၊ ပြစ်မှားလိုသော စိတ်အကြံရှိသူ၊ လွတ်သောသတိရှိသူ၊ ဆင်ခြင်ဉာဏ်မရှိသူ၊ မတည်ငြိမ်ဘဲ တုန်လှုပ်သောစိတ်ရှိသူ၊ မစောင့်စည်းသော ဣန္ဒြေရှိသူဖြစ်ခဲ့မူ ထိုရဟန်းသည် ငါဘုရား၏ သင်္ကန်းစွန်းကိုကိုင်၍ ငါဘုရား၏ခြေရာ၌ ခြေကိုချနင်းလျက် နောက်မှလိုက်ပင်လိုက်သော်လည်း ထို ရဟန်းသည် ငါဘုရားနှင့် ဝေးသည်သာတည်း။ ငါဘုရားသည်လည်း ထိုရဟန်းနှင့် ဝေးသွားသည်သာတည်း။ အကြောင်းမူ ထိုရဟန်းသည် တရားကိုမမြင်၊ တရားကို မမြင်သည်ရှိသော် ငါဘုရားကို မမြင်သောကြောင့်တည်း။

ရဟန်းတို့၊ အကြင်ရဟန်းသည် အဘိဈ္ဈာမများသူ၊ ကာမတို့၌ အားကြီးသော ရာဂမရှိသူ၊ ဖောက်ပြန်သောစိတ် မရှိသူ၊ ပြစ်မှားလိုသော စိတ်အကြံမရှိသူ၊ သင့်သော သတိရှိသူ၊ ဆင်ခြင်ဉာဏ်ရှိသူ၊ တည်ကြည်သူ၊ မတုန်လှုပ်သောစိတ်ရှိသူ၊ စောင့်စည်းသော ဣန္ဒြေရှိသူဖြစ်ခဲ့မူ ထိုရဟန်းသည် ယူဇနာတစ်ရာဝေးသော အရပ်၌ပင် နေသော်လည်း ငါဘုရားနှင့် နီးသည်သာတည်း။ ငါဘုရားသည်လည်း ထိုရဟန်းနှင့် နီးသည်သာတည်း။ အကြောင်းမူ ထိုရဟန်းသည် တရားကိုမြင်၏။ တရားကို မြင်သည်ရှိသော် ငါဘုရားကို မြင်သောကြောင့်ပင်တည်း။" **(ဣတိဝုတ်၊ တိကနိပါတ်၊ ပဉ္စဝဂ်၊ သင်္ဃာဋိကဏ္ဏသုတ်)**

"နွားရှင်တို့အား နွားတို့ကို ရေတွက်အပ်နှင်းလိုက်ရသော နွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွားနှင့်စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို များစွာဟောပြောနေသော်လည်း မကျင့်မကြံ မေ့လျော့ပေါ့တန်နေသောသူသည် ပြုထိုက်သည်ကို ပြုသည်မမည်၊ မဂ်ဖိုလ်အရသာကို မခံစားရ။

နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွားနှင့်စပ်သော ပိဋကတ်သုံးပုံ ဟူသော ဘုရားစကားတော်ကို အနည်းငယ်မျှသာ ပြောဟောနေသော်လည်း တရားအားလျော်သောအကျင့်ကို ကျင့်လေ့ရှိသောသူဖြစ်ခဲ့မူ ရာဂ၊ ဒေါသ၊ မောဟကိုပယ်ပြီးလျှင် ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍ ကိလေသာတို့မှ လွတ်သောစိတ် ရှိသည်ဖြစ်လျက် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း စွဲလမ်းမှုမရှိတော့ပြီ။ ထိုသူသည် မဂ်ဖိုလ်အရသာကို ခံစားရ၏။"

**(ဓမ္မပဒ၊ ယမကဝဂ်၊ ဂါထာ ၁၉/၂၀)**

www.burmeseclassic.com

www.burmeseclassic.com

## ၁၈။ မြတ်စွာဘုရား၏ ဆုံးမနည်း

အဘယမင်းသားအား မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်ကြား၏။

"မင်းသား၊ မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်မစပ်။ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် မပြောမဆို။

"ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်ကားမစပ်။ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် မပြောမဆို။

"ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်လည်း စပ်၏။ သူတစ်ပါးတို့ကား မနှစ်သက်၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။

"မဟုတ်မမှန်၊ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏။ ထိုစကားမျိုးကို မြတ်စွာဘုရားသည် မပြောမဆို။

"ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏။ ထိုစကားမျိုးကို မြတ်စွာဘုရားသည် မပြောမဆို။

"ဟုတ်မှန်၏။ အကျိုးစီးပွားနှင့်စပ်၏။ သူတစ်ပါးတို့လည်း နှစ်သက်၏။ ထိုစကားမျိုးကို မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။

"ထိုသို့ဖြစ်ခြင်းသည် မြတ်စွာဘုရားက သတ္တဝါတို့ကို အစဉ်သနားခြင်း ရှိသောကြောင့်တည်း။"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ အဘယရာဇကုမာရသုတ်)**

ကေသိမည်သော မြင်းဆရာအား မြတ်စွာဘုရားက "မြင်းရိုင်းကို မည်သို့ ဆုံးမသနည်း"ဟု မေးတော်မူ၏။ မြင်းဆရာက "မြင်းရိုင်းကို အနုအားဖြင့်သော် လည်းကောင်း၊ အကြမ်းအားဖြင့်သော်လည်းကောင်း၊ အနုအကြမ်းအားဖြင့်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ဆုံးမပါသည်”ဟု လျှောက်၏။ “မည်သည့်နည်းနှင့်မျှ ဆုံးမ၍ မရသောမြင်းကို မည်သို့ပြုသနည်း”ဟု မေးတော်မူရာ “ထိုမြင်းမျိုးမှာ မိမိဆရာ၏ ဂုဏ်သိက္ခာကို ထိခိုက်သဖြင့် သတ်ပစ်ရပါသည်”ဟု လျှောက်၏။ ထို့နောက် မြင်းဆရာက မြတ်စွာဘုရားသည် “ဆုံးမထိုက်သူတို့ကို မည်သို့ ဆုံးမတော်မူပါသနည်း”ဟု လျှောက်၏။

မြတ်စွာဘုရား။ ။“ငါသည် အချို့လူများအား ကာယသုစရိုက်၊ ဝစီသုစရိုက်နှင့် မနောသုစရိုက်တို့ကို ယင်းတို့၏ အကျိုးတရားနှင့်တကွ ညွှန်ပြ၍ (ဤသည်ကား နတ်လူအဖြစ် ခံစားရမည့် သုခစသည်ဖြင့်) အနုနည်းဖြင့် ဆုံးမ၏။ အချို့လူများကိုမူ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ကို ယင်းတို့၏ အကျိုးတရားနှင့်တကွ (ဤသည်ကား ငရဲပြိတ္တာ၊ တိရစ္ဆာန်ဘုံတို့၌ ခံစားရမည့် ဒုက္ခစသည်ဖြင့်) ညွှန်ပြ၍ အကြမ်းနည်းဖြင့် ဆုံးမ၏။ အချို့လူများကိုကား ကာယကံ၊ ဝစီကံ၊ မနောကံဖြင့်ပြုသော ကောင်းမှု၊ မကောင်းမှုတို့၏ ကောင်းကျိုးဆိုးပြစ်ကို ညွှန်ပြ၍ အနုနည်း၊ အကြမ်းနည်းအားဖြင့် ငါ ဆုံးမ၏။

မြင်းဆရာ။ ။“အရှင်ဘုရား၊ မည်သည့် အဆုံးအမမျိုးကိုမျှ မနာခံသောသူကို မြတ်စွာဘုရားသည် မည်သို့ပြုလုပ်ပါသနည်း”

မြတ်စွာဘုရား။ ။“ထိုသူကို ငါသည် သတ်ပစ်၏”

မြင်းဆရာ။ ။“အရှင်ဘုရား၊ သူ့အသက်သတ်ခြင်းသည် မြတ်စွာဘုရားအား မအပ်စပ်သည်သာ မဟုတ်ပါလော”

မြတ်စွာဘုရား။ ။“ကေသိ၊ မြတ်စွာဘုရားအား သူ့အသက်ကို သတ်ခြင်းသည် မအပ်စပ်သည် မှန်၏။ စင်စစ်သော်ကား အကယ်၍ လူတစ်ဦးသည် မည်သည့်နည်းနှင့်မျှ ပြောဆိုဆုံးမ၍ မရခဲ့လျှင် ထိုသူကို မြတ်စွာဘုရားသည် ပြောဆိုဆုံးမထိုက်သူဟူ၍ အသိအမှတ် မပြုတော့ပေ။ ပညာရှိ သီတင်းသုံးဖော်တို့ကလည်း ပြောဆိုဆုံးမထိုက်သူဟူ၍ အသိအမှတ် မပြုကြကုန်။ ယင်းသို့ အသိအမှတ် မပြုခြင်းသည်ပင် မြတ်စွာဘုရား၏ အဆုံးအမတော်၌ သတ်ပစ်လိုက်သည် မည်၏”

**(အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ ကေသိဝဂ်၊ ကေသိသုတ်)**

ရွာသူကြီးတစ်ဦးက “မြတ်စွာဘုရားသည် အဘယ်ကြောင့် လူသတ္တဝါတို့ကို ခွဲခြား၍ တရားဟောပါသနည်း”ဟု မေးလျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက "အကောင်းစား၊ အလတ်စားနှင့် အညံ့စား"ဟူ၍ လယ်သုံးကွက်ရှိသော လယ်သမားတစ်ဦးသည် ရှေးဦးစွာ အကောင်းစားလယ်၌ မျိုးစေ့တို့ကို စိုက်ပျိုးမည်။ ထိုနောက် အလတ်စားလယ်၌ စိုက်ပျိုးမည်။ နောက်ဆုံး အညံ့စားလယ်၌ နွားစာမျှပင်ရရှိရန် ရည်ရွယ်လျက် စိုက်ပျိုးမည်။ မြတ်စွာဘုရား၏ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့သည် အကောင်းစားလယ်နှင့် တူ၍ ဥပါသကာ၊ ဥပါသိကာမတို့သည် အလတ်စားလယ်နှင့် တူသည်။ သို့ဖြစ်၍ ထိုရဟန်းနှင့် လူပုဂ္ဂိုလ်တို့ကို တရားဟောရသည်။ အခြား သာမဏ ဗြာဟ္မဏ ပရိဗိုဇ်တို့မှာကား အညံ့စားလယ်နှင့်တူသည်။ သို့ရာတွင် တရားအနည်းငယ်မျှ သိလျှင်ပင် အကျိုးရှိမည်ဖြစ်သောကြောင့် သူတို့ကိုလည်း ဟောရသည်ဟု မိန့်တော်မူ၏။

(သံယုတ္တနိကာယ်၊ ဂါမဏိသံယုတ်၊ ခေတ္တူပမသုတ်)

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။ လူတို့သိရှိပြီး ဝေါဟာရများဖြင့် ဟောတော်မူခြင်း

အခါတစ်ပါး မြတ်စွာဘုရားသည် နံနက်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ကသိဘာရဒွါဇပုဏ္ဏားၡ အလုပ်ခွင်သို့ ချဉ်းကပ်တော်မူ၏။

ထိုအခါ ကသိဘာရဒွါဇ ပုဏ္ဏားသည် မိမိ၏ လယ်လုပ်သားတို့အား ကျွေးမွေးဆဲဖြစ်၏။ မြတ်စွာဘုရားသည် ထိုကျွေးမွေးရာသို့ ကြွသွားပြီးလျှင် ရပ်တော်မူ၏။ ကသိဘာရဒွါဇသည် ဆွမ်းအလို့ငှာ ရပ်တော်မူသော မြတ်စွာဘုရားကို မြင်သောအခါ ဤသို့လျှောက်၏။

ကသိဘာရဒွါဇ။ ။"ရဟန်း၊ ကျွန်ုပ်သည် ထွန်လည်းထွန်၏။ စိုက်ပျိုးလည်း စိုက်ပျိုး၏။ ထွန်၍လည်းကောင်း၊ စိုက်ပျိုး၍လည်းကောင်း စား၏။ သင်သည်လည်း ထွန်ယက်စိုက်ပျိုး၍ စားလော့"

မြတ်စွာဘုရား။ ။"ငါသည် ထွန်လည်းထွန်၏။ စိုက်ပျိုးလည်း စိုက်ပျိုး၏။ ထွန်၍လည်းကောင်း၊ စိုက်ပျိုး၍လည်းကောင်း စား၏"

ဘာရဒွါဇ။ ။"သင်သည် လယ်ထွန်သူဟူ၍ ဝန်ခံ၏။ သင်၏ လယ်ထွန်မှုကို ကျွန်ုပ် မမြင်ရ။ ထိုလယ်ထွန်မှုကို အဘယ်သို့လျှင် သိရပါမည်နည်း"

မြတ်စွာဘုရား။ ။"ငါ၏ ယုံကြည်မှုသဒ္ဓါသည် မျိုးစေ့မည်၏။ ငါ၏ ဣန္ဒြိယသံဝရ သီလသည် မိုးရေမည်၏။ ငါ၏ပညာသည် ထမ်းပိုးထွန်တုံးမည်၏။ ငါ၏ရှက်မှု ဟိရိတရားသည် ထွန်သံမည်၏။ ငါ၏စိတ်သည် ကြိုးမည်၏။

www.burmeseclassic.com



"ငါသည် ကာယသုစရိုက် သုံးပါး၊ ဝစီသုစရိုက်လေးပါးဖြင့်လည်း လုံခြုံ၏။ အာဟာရ ရှာမှီးသုံးဆောင်ရာ၌ စောင့်ရှောက်၏။ ဝစီသစ္စာဖြင့် ရိတ်ဖြတ်ခြင်းကို ပြု၏။ နိဗ္ဗာန်၌ မွေ့လျော်ခြင်းဖြစ်သော အရဟတ္တဖိုလ်သည် ငါ၏ လွတ်မြောက်ခြင်း ဖြစ်၏။

"ငါဘုရား၏ ဝီရိယသည် နိဗ္ဗာန်သို့ ရှေးရှုရုန်းသည်ဖြစ်၍ ဝန်ရုန်းနွား မည်၏။ အကြင် နိဗ္ဗာန်အရပ်သို့ရောက်သော် မစိုးရိမ်ရ။ ထိုနိဗ္ဗာန်အရပ်သို့ မဆုတ်မနစ် ရုန်းသွား၏။

ပုဏ္ဏား၊ ဤသို့လျှင် လယ်ထွန်ခြင်းဖြစ်၏။ အမြိုက်နိဗ္ဗာန် အသီးသီး ရှိ၏။ ဤသို့သော လယ်ထွန်းခြင်းကိုစွ ပြီးသည်ရှိသော် အလုံးစုံသော ဆင်းရဲမှ လွတ်မြောက်၏။"

**(သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ၊ ဗြဟ္မဏသံယုတ်၊ ကသိဘာရဒ္ဒါဇသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၂၀။ ဗြဟ္မာနှင့် အပေါင်းအဖော်ဖြစ်လိုသော လုလင်နှစ်ဦးအား ဟောတော်မူပုံ

တစ်ခါသော် ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်တို့သည် ဗြဟ္မာ၏အပေါင်းအဖော်ဖြစ်ရန် လမ်းဖြောင့် လမ်းမှန်အကြောင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားအား မေးလျှောက်ကြ၏။ ဝါသေဋ္ဌက သူတို့၏ ဆရာပုဏ္ဏားတို့သည် အထူးထူးသော လမ်းတို့ကို ညွှန်ပြကြသော်လည်း ထိုလမ်းအလုံးစုံတို့သည် ထိုလမ်းအတိုင်း သွားသူအား ဗြဟ္မာ၏ထံသို့ ပို့ဆောင်ပါသည်ဟု လျှောက်၏။

မြတ်စွာဘုရား။ ။"ဝါသေဋ္ဌ၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့တွင် ဗြဟ္မာကို မျက်ဝါးထင်ထင် မြင်ဖူးသော ပုဏ္ဏားတစ်ဦးတစ်ယောက်မျှ ရှိ၏လော။

ဝါသေဋ္ဌ။ ။"အရှင်ဂေါတမ၊ မရှိပါ"

မြတ်စွာဘုရား။ ။"ဗြဟ္မာကို မျက်ဝါးထင်ထင် မြင်ဖူးသော ထိုပုဏ္ဏားတို့၏ ဆရာတစ်ဦးတစ်ယောက်မျှ ရှိ၏လော"

ဝါသေဋ္ဌ။ ။"အရှင်ဂေါတမ၊ မရှိပါ"

မြတ်စွာဘုရား။ ။"ထိုပုဏ္ဏားတို့၏ ဆရာ့ဆရာများတို့တွင် ဗြဟ္မာကို မျက်ဝါးထင်ထင် မြင်ဖူးသော ဆရာတစ်ဦးတစ်ယောက်မျှ ရှိ၏လော"

ဝါသေဋ္ဌ။ ။"အရှင်ဂေါတမ၊ မရှိပါ"

မြတ်စွာဘုရား။ ။"ထိုပုဏ္ဏားတို့၏ လက်ဦးဆရာဖြစ်ကုန်သော၊ ဝေဒကျမ်းတို့ကို စီရင်ကုန်သော ရသေ့တို့က ဗြဟ္မာဘုံသွားရာ လာရာလမ်းကို ငါတို့ သိသည်မြင်သည်ဟု ပြောကြားခဲ့ကြသလော"

ဝါသေဋ္ဌ။ ။"အရှင်ဂေါတမ၊ မပြောခဲ့ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား။ ။"ဝါသေဋ္ဌ၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည်လည်းကောင်း၊ သူတို့၏ ဆရာ့ဆရာများသည်လည်းကောင်း၊ ဝေဒကျမ်းတို့ကို စီရင်ပို့ချခဲ့သော သူတို့၏ လက်ဦးဆရာ ရသေ့များသည်လည်းကောင်း ဗြဟ္မာကို မျက်ဝါးထင်ထင် မြင်ဖူးသောသူ တစ်ဦးတစ်ယောက်မျှ မရှိဘဲလျက် ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြားသည်ဆိုသော စကားသည် အခြေအမြစ်မရှိသောစကား ဖြစ်နေသည် မဟုတ်ပါလော"

ဝါသေဋ္ဌ။ ။"အရှင်ဂေါတမ၊ ထိုစကားသည် အခြေအမြစ်မရှိသော စကား မချွတ်ပင် ဖြစ်နေပါ၏"

မြတ်စွာဘုရား။ ။"ဝါသေဋ္ဌ၊ အချင်းချင်းဆွဲကိုင် ဆက်စပ်နေသော သူကန်းတို့၏ အစဉ်အတန်းတွင် ရှေ့ဆုံးလူသည်လည်း မမြင်၊ အလယ်လူသည်လည်း မမြင်၊ နောက်ဆုံးလူသည်လည်း မမြင်သကဲ့သို့ ထိုပုဏ္ဏားတို့၏ စကားသည် သူကန်းတို့၏ အစဉ်အတန်းနှင့် တူလှချေ၏တကား။ ဤစကားသည် ရယ်ဖွယ်သာ ဖြစ်၏။ အပြောမျှသာ ဖြစ်၏။ အနက်မဲ့၍ အချည်းနှီးသာ ဖြစ်ချေ၏။"

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ တေဝိဇ္ဇသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၂၁။ မိမိအား ဆဲရေးသောပုဏ္ဏားအား ဆုံးမတော်မူပုံ

ဘာရဒွါဇ အနွယ်ဖြစ်သော ပုဏ္ဏားသည် မြတ်စွာဘုရား၏ထံ၌ ရဟန်းပြု၏။ အက္ကောသကဘာရဒွါဇ ပုဏ္ဏားသည် ထိုသတင်းကို ကြားသောအခါ နှလုံးမသာ အမျက်ထွက်သည်ဖြစ်၍ မြတ်စွာဘုရားထံသို့ သွားပြီးလျှင် မောလျက် ပတ်ကုန်သော၊ ကြမ်းကြုတ်ကုန်သော စကားတို့ဖြင့် မြတ်စွာဘုရားကို ဆဲရေးခြိမ်းခြောက်၏။ ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏား၊ သင်၏ ဧည့်သည်ဖြစ်သော အဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းတို့သည် သင့်ထံသို့ လာကုန်သလော" ဟု မေးတော်မူ၏။

ပုဏ္ဏား။ ။"အရှင်ဂေါတမ၊ တစ်ခါတစ်ရံ ကျွန်ုပ်၏ အဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းတို့သည် ဧည့်သည်အဖြစ် ကျွန်ုပ်ထံသို့ လာကြပါသည်"

မြတ်စွာဘုရား။ ။"သင်သည် ထို အဆွေခင်ပွန်းသားချင်းတို့အား စားသောက်ဖွယ်ရာများကို ပေးသည်မဟုတ်လော"

ပုဏ္ဏား။ ။"အရှင်ဂေါတမ၊ တစ်ခါတစ်ရံ ကျွန်ုပ်သည် အဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းတို့အား စားဖွယ်သောက်ဖွယ်များကို ပေးပါသည်"

မြတ်စွာဘုရား။ ။"ပုဏ္ဏား၊ ထိုသူတို့သည် အကယ်၍ သင်ပေးသော အရာများကို မခံယူပါက ထိုအရာများသည် အဘယ်သူအား ရောက်သနည်း"

ပုဏ္ဏား။ ။"အရှင်ဂေါတမ၊ အကယ်၍ ထိုသူတို့သည် မခံယူပါက ထိုစားဖွယ်များသည် ကျွန်ုပ်တို့အားသာလျှင် ရောက်ပါ၏"

မြတ်စွာဘုရား။ ။"ပုဏ္ဏား၊ ဤအတူသာလျှင် သင်သည် မဆဲရေးထိုက်သော၊ မခြိမ်းခြောက်ထိုက်သော ငါတို့ကို ဆဲရေးခြိမ်းခြောက်၏။ ထိုသင်၏ ဆဲရေးခြိမ်းခြောက်မှုကို ငါတို့မခံယူကုန်။ ဤဆဲရေးခြိမ်းခြောက်မှုသည် သင့်အားသာလျှင် ရောက်၏"

www.burmeseclassic.com

www.burmeseclassic.com



"ပုဏ္ဏား၊ အကြင်သူသည် မိမိအား ဆဲရေးသူကို ပြန်၍ဆဲရေး၏။ ထိုသူသည် အတူခံစားသည် မည်၏။ ငါတို့သည် သင်နှင့်အတူ ခံစားဖက် မဟုတ်ကုန်၊ ပြုတုံ့မပြုကုန်။ သို့ဖြစ်၍ သင်၏ဆဲရေးမှုသည် သင့်အားသာလျှင် ရောက်၏"

"ပုဏ္ဏား၊ ယဉ်ကျေး၍ တရားနှင့်အညီ အသက်မွေးသော၊ သစ္စာလေးပါးကို ကောင်းစွာသိ၍ ကိလေသာမှလွတ်သော ပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း"

"အမျက်ထွက်သောသူကို ပြန်၍ အမျက်ထွက်ခြင်းသည် ယုတ်မာ၏။ အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည် မည်၏"

"အကြင်သူသည် အမျက်ထွက်သော သူတစ်ပါးကို သိသည်ရှိသော် သတိနှင့် ပြည့်စုံသည်ဖြစ်၍ အမျက်ကို ငြိမ်းအေးစေ၏။ ထိုသူသည် မိမိနှင့် သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်သည်မည်၏"

မြတ်စွာဘုရား၏ တရားကို ကြားနာပြီးနောက် အက္ကောသကဘာရဒွါဇ ပုဏ္ဏားသည် ရဟန်းပြု၍ တရားအားထုတ်ပြီး မကြာမီ ရဟန္တာဖြစ်သွား၏။

**(သံယုတ်နိကာယ်၊ သဂါထာဝဂ္ဂ၊ ဗြဟ္မဏသံယုတ်၊ အက္ကောသသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၂၂။ ပရိနိဗ္ဗာန်ပြုတော်မူခြင်း

မြတ်စွာဘုရားသည် အရှင်အာနန္ဒာနှင့်အတူ ဝေသာလီပြည်အနီး ဝေဠုဝ ရွာ၌ ဝါကပ်တော်မူစဉ် ဘုရားရှင်အား ကြမ်းတမ်းပြင်းထန်သော ရောဂါဝေဒနာ သည် ဖြစ်၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာအား အသိမပေးဘဲ ပရိနိဗ္ဗာန် မပြုလိုသောကြောင့် ဘာဝနာဝီရိယဖြင့် ရောဂါကို ပယ်ခွာ၍ အသက်ရှည်စေ နိုင်သော သမာပတ်ကို ဝင်စားတော်မူခြင်းဖြင့် ရောဂါပျောက်ကင်းလေသည်။

မြတ်စွာဘုရား ပြန်လည်ကျန်းမာလာသောအခါ အရှင်အာနန္ဒာက "မိမိ သည် ဘုရားရှင် မကျန်းမမာ ဖြစ်နေစဉ်က များစွာ စိုးရိမ်ပူပန်မိပါသည်။ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ မပြောဆို မညွှန်ကြားရသေးမီ ပရိနိဗ္ဗာန်ပြုတော်မူလိမ့်မည် မဟုတ်ဟု ယုံကြည်သောကြောင့် သာလျှင် အနည်းငယ် စိတ်သက်သာခွင့် ရခဲ့ပါသည်"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ ရဟန်းသံဃာသည် ငါ့ထံမှ အဘယ်အရာကို မျှော်လင့်နေသေးသနည်း။ ငါသည် အတွင်းအပြင် မထားဘဲ တရားကို ဟောခဲ့ပြီ။ မြတ်စွာဘုရားတို့မည်သည် တရားဟောရာ၌ တစ်စုံတစ်ရာ လျှို့ဝှက်ထားခြင်း မရှိချေ။

ငါသည်သာလျှင် ရဟန်းသံဃာကို ဦးစီးခေါင်းဆောင်မည်၊ ငါသာလျှင် ရဟန်းသံဃာ၏ မှီခိုအားထားရာ ဖြစ်သည်ဟူသော အလိုဆန္ဒမရှိချေ။ ထိုသို့ အလိုဆန္ဒမရှိသော ငါဘုရားသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ အဘယ်မှာ တစ်စုံတစ်ရာ ပြောဆိုညွှန်ကြားရန် ရှိပါမည်နည်း။

အာနန္ဒာ၊ ငါသည် ယခုအခါ အသက်ရှစ်ဆယ်ရှိ၍ အိုမင်းရင့်ရော်ပြီး အသက်အရွယ်အဆုံးပိုင်းသို့ ရောက်ရှိနေပေပြီ။ လှည်းအိုသည် ဖွဲ့စည်းတုပ်နှောင်

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းဖြင့် တည်တံ့နေသကဲ့သို့ ငါဘုရား၏ ခန္ဓာကိုယ်သည် ဖလသမာပတ်ဖြင့် ဖွဲ့စည်းတုပ်နှောင်၍ တည်တံ့လျက်ရှိ၏။ ငါဘုရားသည် အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်းဖြင့်လည်းကောင်း၊ အချို့သော ဝေဒနာတို့၏ ချုပ်ခြင်းဖြင့်လည်းကောင်း သင်္ခါရနိမိတ်ကို အာရုံမပြုဘဲ အရဟတ္တဖိုလ် စိတ်နှင့် ယှဉ်သော သမာဓိသို့ ရောက်နေသောအခါ၌ ခန္ဓာကိုယ် ကျန်းမာချမ်းသာပေ၏။

အာနန္ဒာ၊ ထို့ကြောင့် သင်တို့သည် ယခုအခါ၌ဖြစ်စေ၊ ငါဘုရားကွယ်လွန်သောအခါ၌ ဖြစ်စေ၊ မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ တရားကိုသာ မှီခိုရာပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကုန်လော့”ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာနှင့်အတူ ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော် စာပါလစေတီသို့ ချဉ်းကပ်တော်မူ၏။ စေတီအနီး အရှင်အာနန္ဒာ ပြင်ထားသော နေရာ၌ ထိုင်တော်မူပြီးလျှင် “အာနန္ဒာ၊ ငါဘုရားသည် ဣဒ္ဓိပါဒ် တရားလေးပါးတို့ကို ကောင်းစွာ လေ့ကျင့်ပွားများဆောက်တည်ထားပြီးဖြစ်၍ အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်သည်”ဟု မိန့်တော်မူ၏။ ထိုသို့ ဘုရားရှင်က အရိပ်နိမိတ် အထင်အရှားပြသော်လည်း အရှင်အာနန္ဒာသည် သဘောမပေါက်သောကြောင့် အာယုကပ်ပတ်လုံး တည်တော်မူရန် ဘုရားရှင်အား မပန်ကြားမိချေ။ ဘုရားရှင်က ဤသို့ သုံးကြိမ်တိတိ အရိပ်နိမိတ်ပြသော်လည်း အရှင်အာနန္ဒာသည် မည်သို့မျှမလျှောက်ဘဲ ဆိတ်ဆိတ်နေ၏။

ထို့နောက် အရှင်အာနန္ဒာ ဖဲသွား၍ မကြာမြင့်မီ မာရ်နတ်သည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ “အရှင်ဘုရား၊ မြတ်စွာဘုရားသည် တစ်ခါက ငါဘုရား၏ တပည့်ရဟန်းတို့သည်လည်းကောင်း၊ တပည့်ရဟန်းမတို့သည်လည်းကောင်း၊ တပည့်ဥပါသကာတို့သည်လည်းကောင်း၊ တပည့်ဥပါသိကာမတို့သည်လည်းကောင်း ကောင်းစွာဆုံးမပြီး မဖြစ်ကြသေး။ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသော တရားတော်ကို ထိထိရောက်ရောက် မဟောပြောနိုင်ကြသေးသမျှ ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူမည်မဟုတ်ဟု မိန့်တော်မူဖူးပါသည်။ ယခုအခါ မြတ်စွာဘုရား၏ တပည့် ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် ကောင်းစွာဆုံးမပြီး ဖြစ်ကြပါပြီ။ တရားတော်နှင့်အညီ ကျင့်နိုင်ကြပါပြီ။ တရားတော်ကို ထိထိရောက်ရောက် ဟောပြောနိုင်ကြပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ယခု မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် "မာရ်နတ်၊ သင် မကြောင့်ကြလင့်။ ဤနေ့မှ သုံးလလွန်သောအခါ ငါ ပရိနိဗ္ဗာန်ပြုတော်မူမည်"ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ' ကို စွန့်လွှတ်တော်မူ၏။ ထိုသို့ ဘုရားရှင်က အာယုသင်္ခါရကို စွန့်လွှတ်တော်မူသောအခါ ကြောက်မက်ဖွယ်ရာ မြေငလျင်ကြီး အကြီးအကျယ်လှုပ်၏။ အရှင်အာနန္ဒာသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ မြေငလျင်လှုပ်ခြင်း၏ အကြောင်းကို မေးလျှောက်၏။ မြတ်စွာဘုရားက အာယုသင်္ခါရ စွန့်လွှတ်လိုက်သောကြောင့် ငလျင်လှုပ်ခြင်းဖြစ်ကြောင်း မိန့်ကြား၏။ ထိုအခါ အာနန္ဒာသည် မြတ်စွာဘုရားအား အာယုကပ်ပတ်လုံး တည်တော်မူရန် တောင်းပန်၏။ သို့ရာတွင် ထိုတောင်းပန်ချက်မှာ အချိန်နောက်ကျပြီဖြစ်၍ မြတ်စွာဘုရားက လက်ခံတော်မမူချေ။ "အာနန္ဒာ၊ ချစ်သောသူအားလုံးနှင့် ရှင်ကွဲ-ကွဲခြင်း၊ သေကွဲ-ကွဲခြင်း၊ ဘဝခြားလျက် ကွဲကွာခြင်းများကို ရှေးမဆွကပင် ငါ ဟောကြားခဲ့ပြီးပြီ မဟုတ်ပါလော။ ဖြစ်ပေါ်ခြင်း၊ ပြုပြင်ပေးရခြင်း၊ ပျက်စီးခြင်းသဘောရှိသော တရားကို အဘယ်မှာ မပျက်စီးလိုသော ဆန္ဒအတိုင်း ဖြစ်နိုင်ပါမည်နည်း။ ငါဘုရား စွန့်ပယ်လိုက်ပြီးသော အာယုသင်္ခါရကို တစ်ဖန် ဖြစ်စေနိုင်သောအကြောင်း မရှိတော့ချေ"ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီပြည်ရှိ ရဟန်းအားလုံး စည်းဝေးစေပြီးလျှင် ထိုနေ့မှ သုံးလလွန်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူမည့်အကြောင်းကိုသိရှိ၍ သာသနာတော် အရှည်တည်တံ့ရေးအတွက် သတိပဋ္ဌာန်တရားလေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါးနှင့် မဂ္ဂင်ရှစ်ပါးတို့ကို ပွားများကျင့်ကြံအားထုတ်ကြရန် ဩဝါဒပေးတော်မူ၏။

နောက်တစ်နေ့ နံနက်၌ မြတ်စွာဘုရားသည် ဆွမ်းစားရာမှ ဖဲခွာခဲ့၍ ကိုယ်ပါပြန်လှည့်လျက် ဝေသာလီပြည်ကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ရှုပြီးလျှင် အရှင်အာနန္ဒာနှင့်အတူ ဘဏ္ဍုရွာသို့ ကြွတော်မူ၏။ ဘဏ္ဍုရွာ၌နေတော်မူစဉ် ရဟန်းတို့အား သီလ၊ သမာဓိ၊ ပညာနှင့်စပ်သော တရားများကို အကြိမ်ကြိမ် ဟောတော်မူ၏။ ထို့နောက် ဘောဂမြို့သို့ ကြွတော်မူ၍ ဘောဂမြို့၌ ရဟန်းတို့အား မဟာပဒေသလေးပါးကို ဟောတော်မူ၏။

မဟာပဒေသလေးပါး၏ လိုရင်းအချုပ်ကား အကယ်၍ ရဟန်းတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



သည် တစ်စုံတစ်ခုသော တရားကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှဖြစ်စေ၊ ကျောင်း၊ ကျောင်းရှိ ရဟန်းသံဃာ၏ မျက်မှောက်တော်မှ ဖြစ်စေ၊ ကျောင်းတစ်ကျောင်းရှိ ပါဠိတော်၊ ဝိနည်းတော်ကို နှုတ်ငုံဆောင်သော မထေရ်ရဟန်းတို့၏ မျက်မှောက်တော်မှ ဖြစ်စေ၊ ပါဠိတော်၊ ဝိနည်းတော်နှင့် ပါတိမောက်ကို ဆောင်သော မထေရ်တစ်ဦး၏ မျက်မှောက်မှဖြစ်စေ ကြားနာခဲ့ရသော တရားဖြစ်သည်ဆိုအံ့၊ ထိုရဟန်း၏စကားကို လက်ခံခြင်း၊ ပစ်ပယ်ခြင်းမပြုဘဲ သုတ်တရား၊ ဝိနည်းတရားများနှင့် ချိန်ကိုက်ကြည့်ရမည်။ သုတ်တရား ဝိနည်းတရားများနှင့် ကိုက်ညီပါက မြတ်စွာဘုရား၏ စကားစင်စစ် ဖြစ်သည်ဟု ဆုံးဖြတ်လက်ခံ၍ မကိုက်ညီပါက ဘုရားရှင်၏ စကားစင်စစ်မဟုတ်ဟု ဆုံးဖြတ်၍ ပယ်ရမည်ဟူသော ဩဝါဒဖြစ်၏။

မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ ပါဝါပြည်သို့ ကြွသွား၍ ရွှေပန်းတိမ်သည်သား စုန္ဒ၏ သရက်ဥယျာဉ်၌ နေတော်မူ၏။ စုန္ဒသည် ဘုရားရှင်၏တရားကို ကြားနာ၍ နောက်တစ်နေ့ မိမိနေအိမ်၌ နူးညံ့သော ဝက်သားဟင်းနှင့် အခြားခဲဖွယ်ဘောဇဉ်ကို စီရင်စေပြီးလျှင် ဘုရားရှင်နှင့် ရဟန်းသံဃာအား ဆွမ်းကျွေး၏။ စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် မကြာမီ ဘုရားရှင်အား ကြမ်းတမ်းပြင်းထန်သော ဝမ်းသွေးသွန်ရောဂါဝေဒနာ ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားသည် ဝေဒနာကို သတိဖြင့်သည်းခံ၍ အရှင်အာနန္ဒာနှင့်အတူ ကုသိနာရုံပြည်သို့ ကြွတော်မူ၏။

လမ်းခရီး၌ တစ်ခုသော သစ်ပင်ရိပ်တွင် ရပ်နား၍ အရှင်အာနန္ဒာအား သောက်ရေ ယူဆောင်ခဲ့ရန် ပြော၏။ ထိုအချိန်က အနီးရှိချောင်းမှ လှည်းများဖြတ်ကူးသွားကြသဖြင့် ရေနောက်ကျိလျက်ရှိကြောင်း အရှင်အာနန္ဒာက လျှောက်၏။ သို့ရာတွင် မြတ်စွာဘုရားက သောက်ရေ ယူဆောင်ခဲ့ရန် အကြိမ်ကြိမ်မိန့်တော်မူသောကြောင့် အရှင်အာနန္ဒာသည် သပိတ်ကိုယူ၍ ချောင်းဆီသို့သွားသောအခါ၌ကား ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ချောင်းရေမှာ ကြည်လင်သန့်ရှင်း နောက်ကျိခြင်းကင်းလျက် စီးနေသည်ကို အံ့ဩဖွယ်ရာ တွေ့ရလေ၏။

ထိုစဉ်အခါက မလ္လာမင်းသား ပက္ကုသသည် ကုသိနာရုံမှ ပါဝါပြည်သို့ ခရီးသွားလျက်ရှိ၏။ မလ္လာမင်းသားသည် သစ်ပင်ရင်း၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကိုမြင်၍ အနီးသို့ချဉ်းကပ်ပြီးလျှင် ရဟန်းတို့၏ ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပုံကို ချီးကျူး၍ မိမိကြားဖူးသော အာဠာရရသေ့၏ သမာပတ်ဝင်စားပုံကို လျှောက်၏။ အာဠာရရသေ့သည် တစ်ခါက တစ်ခုသော

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ရင်း၌ထိုင်လျက် သမာပတ်ဝင်စားနေစဉ် လှည်းငါးရာတို့သည် အနီး၌ ကပ်လျက် ဖြတ်သွားကြ၏။ ထိုအခါ ရသေ့သည် စိတ်သညာရှိ၍ နိုးကြားနေသော်လည်း လှည်းတို့ကို မမြင်လိုက်ချေ။ လှည်းသံတို့ကိုလည်း မကြားလိုက်ချေ။ ဤအကြောင်းကို မလ္လာမင်းသားက လျှောက်သောအခါ မြတ်စွာဘုရားက တစ်ခါက မိမိသည် ကျောင်းတစ်ကျောင်း၌ နေတော်မူစဉ် မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းပြီး လျှပ်စစ်များပြက်လျက် မိုးကြိုးပစ်သောကြောင့် ကျောင်း၏အနီး၌ နွားလေးကောင်နှင့် လယ်သမား ညီအစ်ကိုနှစ်ယောက် သေဆုံးခဲ့ပုံ၊ ထိုအချိန်၌ ဘုရားရှင်သည် သတိရှိ၍ နိုးကြားနေသော်လည်း မိုးကြိုးထိမှန်၍ သေဆုံးသော လူနှင့်နွားများကို မမြင်လိုက်ရပုံ၊ မိုးခြိမ်းသံကိုလည်း မကြားလိုက်ရပုံများကို ပြောပြတော်မူ၏။

ထိုအခါ မလ္လာမင်းသား ပက္ကုသသည် မြတ်စွာဘုရားအား အလွန်ကြည်ညို၍ မိမိအား အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် အသိအမှတ်ပြုတော်မူရန် ပန်ကြားပြီးလျှင် ဘုရားရှင်နှင့် အရှင်အာနန္ဒာအား ရွှေအဆင်းရှိသော အဝတ်ချောတစ်ထည်စီ ကပ်လှူ၏။ မလ္လာမင်းသား ဖဲသွား၍ မကြာမီ အရှင်အာနန္ဒာသည် ထိုအဝတ်ချောကို ဘုရားရှင်၏ ကိုယ်တော်၌ ဆက်ကပ် တင်လွှမ်းပေး၏။ ထိုအခါ ဘုရားရှင်၏ ပြိုးပြိုးပြက်တောက်ပသော ကိုယ်တော်၌ တင်လွှမ်းထားသော ထိုအဝတ်အစုံသည် အရောင်အဝါ ကင်းသကဲ့သို့ ဖြစ်သွားလေ၏။

အရှင်အာနန္ဒာသည် များစွာအံ့ဩ၍ ဘုရားရှင်အား ထိုအကြောင်းကို လျှောက်၏။ မြတ်စွာဘုရားက သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသော ညဉ့်အခါနှင့် ခန္ဓာကြွင်းမရှိသော ပရိနိဗ္ဗာန်စံဝင်တော်မူသော ညဉ့်အခါ၊ ဤအခါနှစ်ပါး၌ ဘုရားရှင်၏ ကိုယ်တော်သည် အလွန်စင်ကြယ်၍ အရောင်အဆင်းတော်သည် အလွန်ပင် ပြိုးပြိုးပြက်ပြက် တောက်ပသည်ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာနှင့်အတူ ကုသိနာရုံသို့ ကြွတော်မူ၏။ လမ်းခရီးတစ်နေရာ၌ ခေတ္တနားနေတော်မူစဉ် ရွှေပန်းထိမ်သည်၏သား စုန္ဒနှင့်စပ်၍ အရှင်အာနန္ဒာအား မိန့်တော်မူ၏။ "အာနန္ဒာ၊ ဘုရားရှင်သည် စုန္ဒလှူသောဆွမ်းကို ဘုဉ်းပေးပြီးနောက် ပရိနိဗ္ဗာန်ပြုတော်မူ သည်ဆို၍ စုန္ဒသည် နှလုံးမသာခြင်း ဖြစ်သော်ဖြစ်ပေလိမ့်မည်။ ထိုသို့ဖြစ်ခဲ့သော် စုန္ဒ၏ နှလုံးမသာခြင်းကို ဤသို့ ဖြေဖျောက်ရမည်။ "ဒါယကာ စုန္ဒ၊ ဘုရားရှင်သည် သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေး၍ ပရိနိဗ္ဗာန်ပြုတော်မူသည်။ သင်

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းပေစွ။ ဘုရားရှင်အား ကပ်လှူသော ဆွမ်းတို့တွင် သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မမူမီ ဘုဉ်းပေးသောဆွမ်းနှင့် ပရိနိဗ္ဗာန်ပြုတော်မမူမီ နောက်ဆုံးဘုဉ်းပေးသော ဆွမ်း၊ ဤဆွမ်းနှစ်မျိုးသည် အကျိုးအာနိသင် အကြီးမားဆုံးဖြစ်သည်ဟူ၍ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာလိုက်ရသည်။ ထို့ကြောင့် သင်သည် အထူးကံကောင်းသည်”ဟု ပြော၍ စုန္ဒ၏ နှလုံးမသာခြင်းကို ဖြေဖျောက်ရမည်”ဟု အရှင်အာနန္ဒာအား မှာကြားတော်မူ၏။

နောက်ဆုံး၌ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ ကုသိနာရုံပြည်လမ်းကွေ့ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ရောက်ရှိတော်မူ၏။ အရှင်အာနန္ဒာသည် ဘုရားရှင်ညွှန်ကြားသည့်အတိုင်း အင်ကြင်းပင်အစုံတို့၏ အကြား၌ ညောင်စောင်းကို မြောက်အရပ်သို့ ဦးခေါင်းပြုကာ ခင်းပေး၏။ မြတ်စွာဘုရားသည် ညောင်စောင်းပေါ်၌ လက်ယာနံတောင်းဖြင့် လျောင်းစက်တော်မူ၏။

ထိုစဉ်အခါ၌ အင်ကြင်းပင်တို့သည် အခါမဲ့ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ်ပွင့်လျက် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကိုယ်တော်၏အပေါ်သို့ မပြတ်မစဲ ဖြန့်ကြဲကြကုန်၏။ နတ်တို့သည်လည်း ကိုယ်တော်၏အပေါ်သို့ မန္ဒာရဝနတ်ပန်းနှင့် နတ်စန္ဒကူးနံ့သာမှုန့်တို့ဖြင့် ကြဲဖြန့်လျက် ကောင်းကင်၌ နတ်တူရိယာ၊ နတ်သီချင်းတို့ကို တီးမှုတ်သီဆို၍ မြတ်စွာဘုရားကို ပူဇော်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂၃။ နောက်ဆုံးဩဝါဒများ

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား "အာနန္ဒာ၊ ငါဘုရားသခင်၏ ကိုယ်တော်အပေါ်သို့ အင်ကြင်းပန်းများ၊ မန္ဒာရဝ နတ်ပန်းများနှင့် စန္ဒကူးနံ့သာမှုန့်တို့ကို ကြဲချ၍ နတ်တူရိယာ သီချင်းတို့ကို တီးမှုတ်သီဆိုကြခြင်းသည် မြတ်စွာဘုရားကို ရိုသေမြတ်နိုး၍ ပူဇော်ပသသည် မမည်သေး။ ရဟန်းယောကျ်ားဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ၊ ဥပါသကာဖြစ်စေ၊ ဥပါသိကာမဖြစ်စေ တရားနှင့်လျော်စွာ ကျင့်သောသူသည်သာလျှင် မြတ်စွာဘုရားကို အမြတ်ဆုံး ပူဇော်ခြင်းဖြင့် ရိုသေမြတ်နိုးသည်၊ ပူဇော်ပသသည် မည်၏။ ထို့ကြောင့် သင်တို့သည် လောကုတ္တရာတရားနှင့်လျော်စွာ ကျင့်လျက် နေကုန်အံ့ဟု နှလုံးသွင်းလျက် ကျင့်ကြံအားထုတ်ရမည်"ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာက ရဟန်းတို့သည် ရှေးအခါက ဝါကျွတ်သောအခါ မြတ်စွာဘုရားကို ဖူးမြော်ရန် လာကြပါသည်။ မြတ်စွာဘုရားက ပရိနိဗ္ဗာန်ပြုပြီးသော နောက်အခါ၌ကား ထိုသို့ ဖူးမြော်ခွင့်ရကြတော့မည် မဟုတ်ပါဟု လျှောက်၏။ မြတ်စွာဘုရားက သဒ္ဓါတရားရှိသော အမျိုးသား၊ အမျိုးသမီးတို့ ဖူးမြော်ထိုက်သော ဌာနလေးခု ရှိသည်။ ယင်းတို့မှာ ဘုရားရှင် ဖွားတော်မူသော ဌာန၊ သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူသော ဌာန၊ ဓမ္မစကြာဟောတော်မူသော ဌာနနှင့် ပရိနိဗ္ဗာန်ပြုတော်မူသော ဌာနများ ဖြစ်သည်။ ထိုနေရာ ဌာနတို့သို့ သွားရောက်ဖူးမြော်၍ ကြည်ညိုသောစိတ်ရှိလျက် သေသောသူတို့သည် နတ်ပြည်သို့ ရောက်ကုန်လတ္တံ့ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ အကျွန်ုပ်တို့သည် မာတုဂါမနှင့်စပ်လျဉ်း၍ မည်သို့ ကျင့်သုံးရပါမည်နည်း"ဟု အရှင်အာနန္ဒာက မေးလျှောက်၏။ "မတွေ့မမြင်ရအောင် ကျင့်သုံးရမည်"ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။ "တွေ့မြင်ခဲ့သော်

www.burmeseclassic.com



မည်သို့ကျင့်သုံးရပါမည်နည်း"ဟု မေးလျှောက်၏။ "စကားမပြောဘဲ နေရမည်"ဟု မိန့်တော်မူ၏။ "မလွဲသာ၍ စကားပြောရသော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း"ဟု မေးလျှောက်ပြန်၏။ "အမိရင်း စသည်ကဲ့သို့ အမှတ်(သတိ)ထား၍ ပြောဆိုရမည်"ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာက "အရှင်ဘုရား၊ ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အလောင်းတော်နှင့် စပ်လျဉ်း၍ အဘယ်သို့ ဆောင်ရွက်ရပါမည်နည်း"ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "အာနန္ဒာ၊ ငါဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ သင်တို့ ကြောင့်ကြမစိုက်ကုန်လင့်။ နိဗ္ဗာန်မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းထန်စွာ ကျင့်ကြံအားထုတ်၍ နေကြကုန်လော့"ဟု မိန့်တော်မူ၏။ "အလောင်းတော်ကို မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ပညာရှိတို့က ပူဇော်၍ စကြဝတေးမင်း၏ အလောင်းကို မီးသဂြိုဟ်သကဲ့သို့ သဂြိုဟ်ကြမည်ဖြစ်ကြောင်း၊ မြတ်စွာဘုရား၊ ဘုရားရှင်၏သာဝက၊ ပစ္စေကဗုဒ္ဓါနှင့် စကြဝတေးမင်းတို့သည် စေတီတည်ထိုက်သော ပုဂ္ဂိုလ်လေးပါးဖြစ်ကြောင်း" ဆက်လက်၍ မိန့်ကြား၏။

အရှင်အာနန္ဒာသည် ကျောင်းတွင်းသို့ဝင်၍ တံခါးတိုင်ကိုမှီပြီးလျှင် "ငါမှာ အထက်မဂ်အလို့ငှာ ပြုဖွယ်ကိစ္စ ရှိသေး၏။ ငါ၏ဆရာသခင် မြတ်စွာဘုရားသည်ကား ပရိနိဗ္ဗာန်ပြုချေတော့မည်"ဟု ငိုကြွေးလျက် ရပ်တည်နေ၏။ ထိုအကြောင်းကို မြတ်စွာဘုရား သိသောအခါ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ချစ်သူနှင့် ကွဲကွာရသော ဓမ္မတာသဘော၊ သင်္ခါရတရားတို့၏ ပျက်စီးတတ်သော သဘောကို နှလုံးသွင်း၍ ပူဆွေးမနေဘဲ ကမ္မဋ္ဌာန်းအလုပ်ကို ဆက်လက်အားထုတ်ရန် အားပေးတော်မူ၏။ အရှင်အာနန္ဒာသည် ဉာဏ်ပညာရှိပုံ၊ ဘုရားရှင်ထံသို့လာသော ပုဂ္ဂိုလ်အတန်းအစားအလိုက် ဖူးမြော်ရန် သင့်တော်သော အချိန်အခါကို သိရှိပုံ၊ အရှင်အာနန္ဒာကို ဖူးမြော်၍ တရားကြားနာရသော ပုဂ္ဂိုလ်တို့သည် နှစ်သက်ဝမ်းမြောက်ပုံ စသောဂုဏ်များကိုလည်း ရဟန်းတို့အား ပြောပြတော်မူ၏။

အရှင်အာနန္ဒာက "ဘုရားရှင်သည် ကုသိနာရုံပြည်ကဲ့သို့သော မြို့သိမ်မြို့ငယ်၌ ပရိနိဗ္ဗာန်မပြုဘဲ ရာဇဂြိုဟ်၊ သာဝတ္ထိစသော မြို့ကြီးများ၌ ပရိနိဗ္ဗာန်ပြုသင့်ကြောင်း" လျှောက်၏။ မြတ်စွာဘုရားက "ကုသိနာရုံပြည်သည် ရှေးက မဟာသုဒဿနမည်သော စကြဝတေးမင်း၏ ကုလာဝတီမည်သော နေပြည်တော်ဖြစ်ခဲ့ဖူး၍ ကြီးကျယ်စည်းကားလှကြောင်း" မိန့်ကြားတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အရှင်အာနန္ဒာသည် မြတ်စွာဘုရား မိန့်ကြားချက်အရ ကုသိနာရုံပြည်ထဲသို့သွား၍ ထိုနေ့ညသန်းလွဲ၌ပင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူမည့်အကြောင်းကို မလ္လာမင်းတို့အား ပြောကြား၏။ မလ္လာမင်းတို့နှင့် မင်းတို့၏ ဆွေမျိုးသားမယားများသည် ထိုသတင်းကိုကြားသောအခါ များစွာ ဝမ်းနည်းပူဆွေး၍ သည်းစွာ ငိုကြွေးကြပြီးလျှင် ဘုရားရှင်အား နောက်ဆုံးဖူးမြော်ရန် အင်ကြင်းဥယျာဉ်သို့ သွားကြ၏။ အရှင်အာနန္ဒာသည် မလ္လာမင်းတို့ကို အမျိုးတူ အစုလိုက်အစုလိုက်ထား၍ ဘုရားရှင်ထံသို့ တစ်စုစီခေါ်သွားပြီးသော် "အရှင်ဘုရား၊ ဤမည်သော မလ္လာမင်းသည် သားသမီး၊ မိဖုရား၊ အမတ်၊ ပရိသတ်နှင့်တကွ မြတ်စွာဘုရားအား ခြေတော်ဦးခိုက်လျက် ကန်တော့ပါသည်"ဟု လျှောက်ကာ ကန်တော့စေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂၄။ နောက်ဆုံးမျက်မှောက်တပည့်

ထိုအခါက သုဘဒ္ဒပရိဗိုဇ်သည် ကုသိနာရုံပြည်၌ တည်းခိုလျက်ရှိ၏။ သုဘဒ္ဒပရိဗိုဇ်သည် ထိုနေ့ညဉ့်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော့မည်ဆိုသော သတင်းကို ကြားသောအခါ မိမိ၏ ယုံမှားတစ်ခုကို ဘုရားရှင်က ပယ်ဖျောက်နိုင်လိမ့်မည်ဟု ယုံကြည်သောကြောင့် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ဘုရားရှင်ကို ဖူးမြော်ခွင့်ရလိုပါသည်ဟု လျှောက်၏။ အရှင်အာနန္ဒာက ဖူးမြော်ခွင့် မပြုချေ။ သုဘဒ္ဒပရိဗိုဇ်က ဖူးမြော်ခွင့်ပြုရန် သုံးကြိမ်တိတိ တောင်းပန်၏။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာနှင့် သုဘဒ္ဒပရိဗိုဇ် စကားပြောဆိုနေသည်ကို ကြားတော်မူသော် အရှင်အာနန္ဒာအား သုဘဒ္ဒပရိဗိုဇ်ကို မတားမြစ်ရန် မိန့်ကြား၏။

ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ပုရာဏကဿပ၊ နိဂဏ္ဌာ အစရှိသော ထင်ရှားကျော်စောသော သမဏဗြာဟ္မဏတို့သည် မိမိတို့၏ကြေညာချက်အတိုင်း သိပါသလောဟု လျှောက်၏။ မြတ်စွာဘုရားသည် ထိုမေးခွန်းကို ဖြေတော်မမူဘဲ ဘုရားရှင်၏ သာသနာတော်အကြောင်းကိုသာ အကျဉ်းချုပ် ဟောတော်မူ၏။

ဘုရားရှင်၏ သာသနာတော်၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားသည်ရှိ၏။ ဤအရိယမဂ်တရားရှိသော သာသနာတော်၌သာလျှင် သောတာပန်ရဟန်း၊ ဒုတိယအဆင့် သကဒါဂါမ်ရဟန်း၊ တတိယအဆင့် အနာဂါမ်ရဟန်းနှင့် စတုတ္ထအဆင့် ရဟန္တာသည်ရှိ၏။ ထိုအရိယမဂ်တရားမရှိသော သာသနာ၌ ထိုအရိယာပုဂ္ဂိုလ်လေးမျိုးသည် မရှိ။ ငါ၏သာသနာတော်မှအပ တစ်ပါးသော

www.burmeseclassic.com

www.burmeseclassic.com



အယူဝါဒ(သာသနာ)တို့သည် တရားကိုသိမြင်သော ရဟန်းမြတ် တစ်ကျိပ်နှစ်ယောက်*တို့မှ ဆိတ်ကုန်၏။ ဤရဟန်းမြတ် တစ်ကျိပ်နှစ်ယောက်တို့သည် အဆင့်ဆင့် မှန်စွာဟောပြောလျက် နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းသည် ဖြစ်လေရာ၏ဟု ဟောတော်မူ၏။

သုဘဒ္ဒပရိဗိုဇ်သည် ဘုရားရှင်၏ တရားတော်ကို အလွန်နှစ်သက်၍ မြတ်စွာဘုရားက သူ၏ဆန္ဒနှင့်အညီ ရဟန်းပြုခွင့်ပေးတော်မူ၏။ ရဟန်းဖြစ်ပြီးနောက် အရှင်သုဘဒ္ဒသည် နိဗ္ဗာန်သို့ရှေးရှု၍ မမေ့မလျော့ ပြင်းစွာအားထုတ်၍ မကြာမီ အရဟတ္တဖိုလ်သို့ ရောက်ရှိ၏။ အရှင်သုဘဒ္ဒသည် ရဟန္တာတစ်ပါးဖြစ်၍ မြတ်စွာဘုရား၏ နောက်ဆုံး မျက်မှောက်တပည့် ဖြစ်လေသည်။

---

* ရဟန်းမြတ် တစ်ကျိပ်နှစ်ယောက်ဟူသည် မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်နှင့် မဂ်လေးပါးကိုရရှိရန် အားထုတ်ဆဲ ဝိပဿကပုဂ္ဂိုလ် လေးယောက် တို့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂၅။ မြတ်စွာဘုရား၏ နောက်ဆုံးစကားတော်

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူ၏။ "အာနန္ဒာ၊ ငါ ကွယ်လွန်ပြီးနောက် သင်တို့သည် ငါတို့၏ ဆရာဘုရား မရှိတော့ပြီဟု မထင်မှတ်သင့်။ ငါ ဟောကြားခဲ့သော တရားတော်နှင့် ဝိနည်းတော်သည် ငါ ကွယ်လွန်သောအခါ၌ သင်တို့၏ ဆရာဘုရားပင် ဖြစ်ပေ၏။

"အာနန္ဒာ၊ ယခုအခါ ရဟန်းတို့သည် ကြီးငယ်မရွေး အချင်းချင်း ငါ့ရှင်(အာဝုသော) ဟူသောစကားဖြင့် ခေါ်ကုန်သကဲ့သို့ ငါ ကွယ်လွန်သော အခါ၌ကား ဤနည်းဖြင့် မခေါ်အပ်။ မထေရ်ကြီးဖြစ်သော ရဟန်းသည် သီတင်းငယ်ရဟန်းကို အမည်ဖြစ်စေ၊ အနွယ်ဖြင့်ဖြစ်စေ၊ ငါ့ရှင် 'အာဝုသော'ဟူသော စကားဖြင့်ဖြစ်စေ ခေါ်အပ်၏။ သီတင်းငယ် ရဟန်းသည်ကား မထေရ်ကြီး ဖြစ်သော ရဟန်းကို အရှင်ဘုရား 'ဘန္တေ'၊ သို့မဟုတ် 'အရှင်' 'အာယသ္မာ' ဟူ၍သာ ခေါ်အပ်၏။

အာနန္ဒာ၊ ရဟန်းသံဃာသည် ငါကွယ်လွန်သောအခါ၌ အသေးအနုပ် သိက္ခာပုဒ်တို့ကို နုတ်ပယ်လိုခဲ့သော် နုတ်ပယ်လေလော့ အာနန္ဒာ။ ငါကွယ်လွန် သောအခါ၌ ဆန္နရဟန်းအား ဗြဟ္မဒဏ်ပေးအပ်၏"

"အရှင်ဘုရား၊ ဗြဟ္မဒဏ်ဟူသည် အဘယ်နည်း"

"အာနန္ဒာ၊ ဆန္နရဟန်းသည် ပြောဆိုလိုရာ စကားကို ပြောဆိုနိုင်၏။ သို့ရာတွင် ရဟန်းတို့သည် ဆန္နရဟန်းကို မပြောဆိုအပ်၊ မဆုံးမအပ်။ ဤသည်ကား ဗြဟ္မဒဏ်တည်း"

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့အား မိန့်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ တစ်စုံတစ်ယောက်သော ရဟန်းအား ဘုရား၌ဖြစ်စေ၊ တရား၌ဖြစ်စေ၊ သံဃာ၌ဖြစ်စေ၊ မဂ်၌ဖြစ်စေ၊ အကျင့်၌ဖြစ်စေ ယုံမှားသံသယ ဖြစ်လျက် ရှိငြားအံ့၊ ရဟန်းတို့၊ ငါ့အား မေးကြကုန်လော့၊ ငါတို့သည် မြတ်စွာ ဘုရားကို ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံး ဖူးမြော်ခဲ့ရပါလျက် ယုံမှားသံသယဖြစ် ခြင်းကို မပယ်ဖျောက်ခဲ့ကြရပါတကားဟု နောင်တစ်ဖန် ပူပန်ခြင်း မဖြစ်ကြစေ ကုန်လင့်"

ရဟန်းတို့သည် တစ်စုံတစ်ရာမျှ မမေးလျှောက်ကြချေ။ မြတ်စွာဘုရား က မေးလိုရာမေးမြန်းကြရန် သုံးကြိမ်တိုင်တိုင် မိန့်တော်မူသော်လည်း ရဟန်း အားလုံးသည် ဆိတ်ဆိတ်ပင် နေကြ၏။

မြတ်စွာဘုရားသည် တစ်ဖန် ဤသို့မိန့်တော်မူ၏။

"ရဟန်းတို့၊ သင်တို့သည် ဘုရားရှင်အား ရိုသေသဖြင့် မမေးကြခြင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့ဖြစ်လျှင် သင်တို့အပေါ် ရဟန်းအချင်းချင်း အား မိမိ၏ ယုံမှားသံသယဖြစ်မှုကို ပြောကြကုန်လော့"

ဤသို့ မိန့်တော်မူသော်လည်း ရဟန်းတို့သည် ဆိတ်ဆိတ်ပင် နေကြ၏။

ထိုအခါ အရှင်အာနန္ဒာက ထိုရဟန်းသံဃာ၌ တစ်ပါးသော ရဟန်းမျှ သော်လည်း ရတနာသုံးပါး၌ဖြစ်စေ၊ မဂ်၌ဖြစ်စေ၊ အကျင့်၌ဖြစ်စေ ယုံမှား သံသယမရှိဟု မိမိယုံကြည်ကြောင်း လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက ထိုအကြောင်းကို ဘုရားရှင် သိပြီးဖြစ်သည်။ ထိုရဟန်းတို့တွင် အောက်ထစ်ဆုံးဖြစ်သော ရဟန်းသည်ပင် သောတာပန်ဖြစ် သည်ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် "ရဟန်းတို့၊ သင်တို့အား ယခု ငါ မိန့်မှာတော်မူခဲ့အံ့။ ပြုပြင်ပေးရသော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏။ မမေ့သောသတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြကုန်"ဟု နောက်ဆုံးစကား မိန့်ကြားပြီးလျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏။

**(ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ — ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com

# ၁။ အမှန်တရားကိုသိရှိ၍ မင်္ဂလာရရှိရန် ဗုဒ္ဓ၏နည်းဥပဒေ

တစ်ခါသော် ကာပဋိကမည်သော လုလင်တစ်ယောက်က မြတ်စွာဘုရားအား "အရှင်ဂေါတမ၊ အဆက်ဆက် ဆောင်လာ၍ ကျမ်းဂန်အခိုင်အမာရှိသော ပုဏ္ဏားတို့သည် 'ဤစကားသည်သာ မှန်၏။ အခြားစကားတို့သည် အချည်းအနှီးသာတည်း' ဟု တစ်ဖက်သတ် ယုံကြည်ကြပါသည်။ ဤအရာ၌ အရှင်ဂေါတမသည် မည်သို့ဆိုလိုပါသနည်း" ဟု မေးလျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ကာပဋိကလုလင်အား ပြန်လှန်မေးမြန်းစိစစ်ပြီးလျှင် ပုဏ္ဏားတို့တွင်သော်လည်းကောင်း၊ ပုဏ္ဏားတို့၏ ဆရာ့ဆရာများတွင်သော်လည်းကောင်း၊ ပုဏ္ဏားတို့၏ လက်ဦးဆရာဖြစ်သော ဝေဒကျမ်းတို့ကို စီရင်ပို့ချကုန်သော ရသေ့တို့တွင်သော်လည်းကောင်း "ငါသည် ဤအကြောင်းကိုသိ၏။ ဤအကြောင်းကို မြင်၏။ ထို့ကြောင့် ဤအယူသည်သာ မှန်၏။ တစ်ပါးသောအယူသည် အချည်းနှီးသာတည်း" ဟု ဆိုသောသူ တစ်ဦးတစ်ယောက်မျှ မရှိ။ ယုံကြည်မှု၊ နှစ်သက်မှု၊ တစ်ဆင့်ကြားမှု၊ ကြံစည်မှုနှင့် စူးစိုက်ကြည့်ရှု၍ ကျေနပ်မှုအပေါ်၌ အခြေပြုသော ခံယူချက်များသည် မျက်မှောက်ဘဝ၌ပင် ဟုတ်မှန်သည်လည်း ရှိ၏။ ကောင်းစွာယုံကြည်သော၊ သို့မဟုတ် ကောင်းစွာအဖန်ဖန် ကြံဆထားသော၊ သို့မဟုတ် ကောင်းစွာရှုဆင်ခြင်ထားသော အယူသည်လည်း မဟုတ်မမှန် ဖြစ်နေတတ်၏။ ကောင်းစွာ မယုံကြည်သော၊ သို့မဟုတ် မနှစ်သက်သော၊ သို့မဟုတ် တစ်ဆင့်ကြား မဟုတ်သော၊ သို့မဟုတ် ကြံဆမထားသော၊ သို့မဟုတ် ရှုဆင်ခြင်ထားခြင်းမဟုတ်သော အယူသည်လည်း ဟုတ်မှန်

www.burmeseclassic.com

www.burmeseclassic.com



နေတတ်၏။ သို့ဖြစ်၍ သစ္စာ(အမှန်တရား)ကို အစဉ်စောင့်သော၊ သိကြားလိမ္မာသော ယောကျာ်းသည် ဤအယူသည်သာ မှန်၏။ အခြားအယူသည် အချည်းနှီးသာတည်းဟု ဆုံးဖြတ်ရန်မသင့်ဟု မိန့်တော်မူ၏။

ထိုအခါ ကာပဋိကလုလင်က "အဘယ်နည်းဖြင့် သစ္စာကိုစောင့်သူ ဖြစ်နိုင်ပါသနည်း။ သစ္စာကို ထိုးထွင်း၍ သိမြင်နိုင်ပါသနည်း"ဟု မေးလျှောက်၏။

မြတ်စွာဘုရားက "အယူတစ်ခုကို ယုံကြည်၍ဖြစ်စေ၊ နှစ်သက်၍ဖြစ်စေ၊ တစ်ဆင့်ကြား၍ဖြစ်စေ၊ ကြံစည်၍ဖြစ်စေ ဤအယူသည်သာ မှန်၏။ အခြားအယူသည် အချည်းနှီးသာတည်း"ဟု တစ်ဖက်သတ် မဆုံးဖြတ်သောသူသည် သစ္စာကို အစဉ်စောင့်သူဖြစ်၏။

"သစ္စာတရားကို ရှာဖွေသောသူသည် ရဟန်းတစ်ပါးပါးကို စူးစမ်းလေ့လာ၍ ကိုယ်နှုတ်အမူအရာအားဖြင့် လောဘ၊ ဒေါသ၊ မောဟတရားများကင်းပြီး ဟောကြားသောတရားသည် နက်နဲသိမ်မွေ့ကြောင်း သိရှိပါက ထိုရဟန်း၌ ယုံကြည်၍ ဆည်းကပ်၏။ ကြားနာရသောတရားကို မှတ်သား၍ အနက်သဘောကို စူးစမ်းဆင်ခြင်၏။ ထိုအခါ တရားတို့သည် ရှုဆင်ခြင်ခြင်းငှာ မဲ့ကုန်၍ အလိုဆန္ဒဖြစ်ပေါ်ပြီး အားထုတ်၏။ နှိုင်းချိန်၍ ပြင်းစွာအားထုတ်ပြီး စိတ်စိုက်နေသည်ရှိသော် သစ္စာကိုမျက်မှောက်ပြု၍ ပညာဖြင့် ထိုးထွင်းသိမြင်နိုင်၏။ ဤမျှဖြင့် သစ္စာကိုလျော်စွာသိ၍ မဂ်ကို လျော်စွာသိခြင်း ဖြစ်သည်။ ထိုတရားကိုသာလျှင် ထုံခြင်းကြောင့်၊ ပွားများခြင်းကြောင့်၊ ကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့် ဖိုလ်ကို မျက်မှောက်ပြုခြင်း ဖြစ်သည်။ မဂ်ကို အားထုတ်ခြင်းဖြင့်သာ ဖိုလ်သို့ လျှောက်ပတ်စွာ ရောက်နိုင်သည်"ဟု မိန့်တော်မူ၏။

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဗြာဟ္မဏဝဂ်၊ စင်္ကီသုတ်)**

ကေသမုတ္တနိဂုံးသား ကာလာမမင်းတို့က "အချို့သော သာမဏဗြာဟ္မဏတို့သည် မိမိတို့ အယူဝါဒကိုသာလျှင် ချီးမွမ်း၍ အခြားသော အယူဝါဒများကို ရှုတ်ချပြီး ဟောပြောကြသောကြောင့် မည်သူမှန်သည်၊ မည်သူမှားသည် မသိရဘဲ ယုံမှားသံသယ ဖြစ်ကြရပါသည်"ဟု မြတ်စွာဘုရားအား လျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏။

"ကာလာမမင်းတို့၊ သင်တို့မှာ ယုံမှားသံသယ ဖြစ်သင့်ပေ၏။ သင်တို့သည် ပြောသံကြားကာမျှဖြင့် ဟုတ်ပြီ၊ မှန်ပြီဟု အတည်မယူကုန်လင့်ဦး။

www.burmeseclassic.com

www.burmeseclassic.com



အစဉ်အဆက် စကားများဖြင့်လည်း မယူကုန်လင့်ဦး။ ဤသို့ ဖြစ်ဖူးသတတ်ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး။ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည်ဟူ၍လည်း မယူကုန်လင့်ဦး။ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး။ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူကုန်လင့်ဦး။ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး။ ငါတို့လေးစားသော ရဟန်း၏ စကားဟူ၍လည်း မယူကုန်လင့်ဦး။ ကာလာမမင်းတို့၊ ဤတရားတို့ကား အကုသိုလ်တရား၊ အပြစ်ရှိသောတရား၊ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း။ ထိုတရားတို့ကို ကျင့်သုံးပါက အစီးအပွားမရှိခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏ဟု သင်တို့သည် မိမိတို့ကိုယ်တိုင်ပင် သိသောအခါ၌ ယင်းတို့ကို ပယ်စွန့်ရာ၏။ ဤတရားတို့ကား ကုသိုလ်တရား၊ အပြစ်မရှိသော တရား၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားများဖြစ်၍ ယင်းတို့ကို ကျင့်သုံးပါက အစီးအပွားရှိသည်၊ ချမ်းသာခြင်းငှာ ဖြစ်သည်ဟု မိမိတို့ကိုယ်တိုင် သိသော အခါ၌မူ သင်တို့သည် ယင်းတို့နှင့်ပြည့်စုံ၍ နေကုန်ရာ၏။"

**(အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ မဟာဝဂ်၊ ကေသမုတ္တိသုတ်)**

အထက်ပါစကားအတိုင်းပင် မြတ်စွာဘုရားက ဘဒ္ဒိယလိစ္ဆဝီမင်းအား ဩဝါဒပေးတော်မူသည်။ (အင်္ဂုတ္တရနိကာယ်၊ စတုတ္ထနိပါတ်၊ မဟာဝဂ်၊ ဘဒ္ဒိယသုတ်) အရှင်နန္ဒကမထေရ်က မိဂါရသူဌေး၏မြေး သာဠှအား ဟောကြားတော်မူသည်။ (အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ မဟာဝဂ်၊ သာဠှသုတ်)

မြတ်စွာဘုရား။ ။"ရဟန်းတို့၊ သင်တို့သည် စင်စစ် ဤသို့ သိမြင်ကုန်သော် "ဆရာမြတ်စွာဘုရားသည် ငါတို့ အလေးပြုသင့်သူဖြစ်၍ ဆရာမြတ်စွာဘုရားအား ရိုသေခြင်းဖြင့် ဤအတိုင်း ငါတို့ဆိုကုန်၏"ဟု ဤသို့ ဆိုကုန်ရာသလော။

"အရှင်ဘုရား၊ ဤသို့ပြောဆိုခြင်း မဟုတ်ပါ"

"ရဟန်းတို့၊ သင်တို့သည် စင်စစ် ဤသို့ သိမြင်ကုန်သော် သမဏဖြစ်သော မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူ၍ သမဏမည်သော ငါတို့သည်လည်း ဤအတိုင်းပင် ဆိုရကုန်၏ဟု ဤသို့ ဆိုကုန်ရာသလော"

"အရှင်ဘုရား၊ ဤသို့ပြောဆိုခြင်း မဟုတ်ပါ"

"ရဟန်းတို့၊ စင်စစ် သင်တို့သည် ဤသို့ သိမြင်ကုန်သော် တစ်ပါးသော ဆရာကို ညွှန်ပြကုန်ရာသလော"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား၊ ဤသို့ညွှန်ပြခြင်း မဟုတ်ပါ"

"ရဟန်းတို့၊ သင်တို့သည် ဤသို့သိမြင်ကုန်သော် များစွာသော သမဏ ဗြာဟ္မဏတို့၏ ဝတ်အကျင့်နှင့် ကောဟုတလမင်္ဂလာတို့ကို အနှစ်သာရအားဖြင့် တစ်ဖန်ယူကုန်ရာသလော"

"အရှင်ဘုရား၊ ဤသို့တစ်ဖန် ယူခြင်းသည် မဖြစ်ရာပါ"

"ရဟန်းတို့၊ သင်တို့သည် သင်ကိုယ်တိုင်သိ၊ ကိုယ်တိုင်မြင်သည်တို့ သာလျှင်၊ ကိုယ်တိုင် ထင်ထင်ရှားရှား သိမြင်သည်ကိုသာလျှင် ဆိုကုန်သည် မဟုတ်ကုန်လော"

"အရှင်ဘုရား၊ မှန်ပါ၏"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ မဟာတဏှာသင်္ခယသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၂။ ဗုဒ္ဓ မဟောကြားသောတရားနှင့် ဟောကြားသောတရား

အခါတစ်ပါး၌ အရှင်မာလုကျပုတ္တမထေရ်အား ဤသို့ စိတ်အကြံဖြစ်ပေါ်၏။ "လောကသည် မြဲ၏ဟူ၍လည်းကောင်း၊ လောကသည် မမြဲဟူ၍လည်းကောင်း၊ လောကသည် အဆုံးရှိ၏ဟူ၍လည်းကောင်း၊ အဆုံးမရှိဟူ၍လည်းကောင်း၊ အသက်သည်ပင် ထိုကိုယ်တည်းဟူ၍လည်းကောင်း၊ အသက်သည်တခြား၊ ကိုယ်သည် တခြားဟူ၍လည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူ၍လည်းကောင်း မြတ်စွာဘုရား မဟောကြားဘဲ ပယ်ထားသော အယူအဆတို့သည် ရှိ၏။ ထိုသို့ မြတ်စွာဘုရား မဟောကြားခြင်းကို ငါ မနှစ်သက်။ မြတ်စွာဘုရားအား ထိုအကြောင်းကို ငါ မေးလျှောက်အံ့။ မြတ်စွာဘုရား ဟောကြားပါက မြတ်သောရဟန်းအကျင့်ကို ငါကျင့်အံ့။ အကယ်၍ ဘုရားရှင်က မဟောကြားလျှင် ငါသည် ရဟန်းသိက္ခာကိုစွန့်၍ လူထွက်တော့အံ့"ဟု စိတ်အကြံဖြစ်၏။

ထို့နောက် အရှင်မာလုကျပုတ္တသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီးလျှင် ထိုပြဿနာများကို မေးလျှောက်၏။ "ထိုပြဿနာများ၏ အဖြေကို အကယ်၍ မြတ်စွာဘုရား သိတော်မူပါက ကျွန်ုပ်အား ဟောကြားတော်မူပါ၊ အကယ်၍ သိတော်မမူပါက မသိမမြင်ဟု ဝန်ခံခြင်းသည်သာလျှင် ဖြောင့်မတ်သောသဘော ဖြစ်ပါသည်"ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏။

"မာလုကျပုတ္တ၊ ငါသည် သင့်အား ဤပြဿနာများနှင့်စပ်၍ ဟောကြား

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ရှေးဦးမဆွကပင် ငါမဆိုခဲ့ဖူးပေ။ သင်ကလည်း ထိုသို့ ငါဟောကြား ပါမှ မြတ်သောရဟန်းအကျင့်ကို ကျင့်ပါမည်ဟု မဆိုခဲ့ဖူးပေ။ သို့ဖြစ်သော် အဘယ်သူတောင်းပန်သည်ဖြစ်၍ အဘယ်သူကို တုံ့ပြန်ဟောကြားရမည်နည်း။

မာလုကျပုတ္တ၊ ဤအယူများအကြောင်း မြတ်စွာဘုရားက မဟောကြား သမျှ ငါသည် မြတ်သောရဟန်းအကျင့်ကို မကျင့်အံ့ဟုဆိုသော သူတို့သည် ထိုသို့မကျင့်ရသေးမီ သေလေရာ၏။ ဥပမာသော်ကား လူတစ်ယောက်သည် ဆိပ်လူးမြားဖြင့် အပစ်ခံရ၏။ သူ၏မိတ်ဆွေ၊ ခင်ပွန်းဆွေမျိုးသားချင်းတို့သည် မြားနုတ်တတ်သော ဆေးဆရာကို ပင့်လာကြ၏။ မြားမှန်ခံရသောသူသည် မြားပစ်သောပုဂ္ဂိုလ်၏ အမည်၊ အမျိုးအနွယ်၊ နေရပ်ဒေသ၊ ပုံပန်းသဏ္ဌာန်၊ အရေအဆင်း၊ ပစ်သောလေး၏အမျိုးအစား၊ ပစ်သောမြား၏ အမျိုးအစား စသည်တို့ကို ငါမသိသေးသမျှ ဤမြားကို မနုတ်အံ့ဟုဆိုပါက မြားမနုတ်ရ သေးမီ ထိုသူသည် သေလေရာ၏။

မာလုကျပုတ္တ၊ လောကသည် မြဲ၏ဟုလည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်သည်လည်း မဟုတ်ဟုလည်းကောင်း ဤအယူအဆ တစ်ခုခုရှိခဲ့သော် မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မဖြစ်နိုင်။ ထိုအယူများမှ မည်သည့်အယူပင်ရှိစေကာမူ ပဋိသန္ဓေနေရခြင်း၊ ဇိုကျွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲ ပင်ပန်းခြင်းသည် ရှိသည်သာဖြစ်၏။ ယင်းတရားတို့ကို မျက်မှောက်ဘဝ၌ပင် ဖျက်ဆီးပစ်ရမည်ဟု ငါဟော၏။ ထို့ကြောင့် ဤသာသနာတော်၌ သင်သည် ငါမဟောကြားသည်ကို မဟောကြားသည့်အတိုင်း မှတ်သားလော့။ ငါဟောကြား သည်ကို ဟောကြားသည့်အတိုင်း မှတ်သားလော့။

မာလုကျပုတ္တ၊ ငါမဟောကြားသည်မှာ လောကသည်မြဲ၏ဟု ငါ မဟောကြား။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ် သည်လည်း မဟုတ်ဟု ငါမဟောကြား။ ယင်းတို့သည် ငါမဟောကြားခြင်းမှာ ယင်းတို့သည် ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှာမဖြစ်၊ ရာဂကင်းခြင်း၊ ကိလေသာ မီးငြိမ်းခြင်းငှာ မဖြစ်၊ သစ္စာလေးပါးကိုသိခြင်းငှာ မဖြစ်သောကြောင့်တည်း။ ငါဟောကြားသည်ကား ဆင်းရဲဖြစ်မှု၊ ဆင်းရဲချုပ်ရာနှင့် ဆင်းရဲချုပ်ကြောင်း အကျင့်ဖြစ်၏။ ထိုတရားတို့ကို ငါဟောကြားခြင်းမှာ ယင်းတို့သည် ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှာ ရာဂကင်းခြင်း၊ ကိလေသာမီး ငြိမ်းခြင်းငှာ၊ သစ္စာလေးပါးကို သိခြင်းငှာ ဖြစ်သောကြောင့်တည်း။"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဘိက္ခုဝဂ်၊ စူဠမာလုကျသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၃။ အနိစ္စတရားနှင့် ဒုက္ခတရား

"ရဟန်းတို့၊ ဤသံသရာ၏ အစကို မသိနိုင်။ ဤရှည်လျားသော သံသရာ၌ ဘဝပေါင်းများစွာ ကျင်လည်ကြကုန်စဉ် သင်တို့သည် အမိ၏ သေခြင်း၊ အဖ၏သေခြင်း၊ အစ်ကိုနှမ သားသမီးတို့သေခြင်း၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊ ရောဂါနှိပ်စက်ခံရခြင်း၊ မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ရခြင်း၊ ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်းတို့ကို တွေ့ကြုံ ခံစားရဖူးလှလေပြီ။ ထိုဆင်းရဲဒုက္ခများကြောင့် မြည်တမ်းငိုကြွေးကြရသော သင်တို့၏ မျက်ရည် ကြည်သာလျှင် များလှပေ၏။ ထိုမျက်ရည်ကြည်နှင့်စာသော် မဟာသမုဒ္ဒရာ လေးစင်း၏ရေသည် မများလှပေ"

**(သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂ၊ အနမတဂ္ဂသံယုတ်၊ အဿုသုတ်)**

ရဋ္ဌပါလမည်သော အမျိုးကောင်းသားသည် များစွာ ချမ်းသာကြွယ်ဝသော မိဘတို့၏ တစ်ဦးတည်းသောသား ဖြစ်၏။ အသက်ငယ်ရွယ်စဉ်၌ပင် မြတ်စွာ ဘုရား၏တရား ကြားနာရ၍ ဘုရားရှင်ထံ၌ ရဟန်းပြုပြီးလျှင် ပြင်းထန်စွာ တရားအားထုတ်၍ မကြာမီ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ တစ်ခါသော် ကောရဗျမင်းသည် အရှင်ရဋ္ဌပါလအား "ငယ်ရွယ်ပျိုမျစ်သော ပထမအရွယ်၌ ပစ္စည်းဥစ္စာ များစွာကြွယ်ဝသော သူဌေးသားဖြစ်ပါလျက် အဘယ်ကြောင့် ရဟန်းပြုပါသနည်း"ဟု မေးလျှောက်၏။

ထိုအခါ အရှင်ရဋ္ဌပါလက "မင်းကြီး၊ မြတ်စွာဘုရားသည် ငါ့အား တရားလေးပါးကို ညွှန်ပြတော်မူသည်။ ထိုတရားလေးပါးမှာ ၁။ အိုခြင်း၊ သေခြင်းသည် လူ့အပေါင်းကို ဆောင်သောကြောင့် လူသတ္တဝါသည် မမြဲမတည်။

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ရဟန်းဖြစ်သူသည် အစွန်းနှစ်ပါးတို့ကို မမှီဝဲအပ်ပေ။ ထိုအစွန်းနှစ်ပါးသည်ကား ယုတ်ညံ့၍ ရွာသူတို့၊ ပုထုဇဉ်တို့ အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အလေ့အကျင့်မဟုတ်သော၊ အကျိုးစီးပွားနှင့် မစပ်ယှက်သော၊ ကာမဂုဏ်တို့၏ ကာမဂုဏ်ချမ်းသာကို မက်မောသောအားဖြင့် အဖန်တလဲလဲ လိုက်စားအားထုတ်ခြင်းနှင့် ကိုယ်စိတ်ဆင်းရဲစေသော၊ အရိယာတို့၏ အကျင့်မဟုတ်သော၊ အကျိုးစီးပွားနှင့် မစပ်ယှက်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းဖြစ်၏။ ထိုအစွန်းနှစ်ပါးကိုရှောင်၍ ငါဘုရား ပညာဉာဏ်ဖြင့် သိတော်မူသော၊ အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်း၍ သစ္စာလေးပါးကို သိရန်အလို့ငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဖြစ်၏။

ရဟန်းတို့၊ ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားပေတည်း။ ပဋိသန္ဓေတည်နေရခြင်း၊ အိုရခြင်း၊ နာရခြင်းသည် ဆင်းရဲ၏။ မချစ်သောသူတို့နှင့် အတူနေရခြင်း၊ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏။ လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးသည် ဆင်းရဲ၏။

ဤသည်ကား ဆင်းရဲခြင်း၏အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားပေတည်း။ တဏှာသည် ဘဝသစ်၌ ဖြစ်စေတတ်၏။ တပ်မက်ခြင်းနှင့်တကွဖြစ်၍ ထိုထိုအာရုံ၌ လွန်စွာနှစ်သက်တတ်၏။ တပ်မက်မှု တဏှာဟူသည် ကာမဘုံ၌ တပ်မက်မှု(ကာမတဏှာ)၊ တည်မြဲ၏ဟုယူသော သဿတဒိဋ္ဌိနှင့်ယှဉ်သော တပ်မက်မှု(ဘဝတဏှာ)နှင့် သေလျှင်ပြတ်စဲ၏ဟူသော ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သောတပ်မက်မှု(ဝိဘဝတဏှာ) ဖြစ်၏။

ဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရားသည်ကား ထိုတပ်မက်မှုတဏှာ၏ အကြွင်းမဲ့ ချုပ်ငြိမ်းကင်းပျောက်ရာပင် ဖြစ်၏။ ထိုဆင်းရဲခြင်းချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားသည်ကား အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ဖြစ်၏။ အင်္ဂါရှစ်ပါးဟူသော်ကား မှန်စွာသိမြင်ခြင်း၊ မှန်စွာကြံခြင်း၊ မှန်စွာပြောဆိုခြင်း၊ မှန်စွာပြုလုပ်ခြင်း၊ မှန်စွာအသက်မွေးခြင်း၊ မှန်စွာအားထုတ်ခြင်း၊ မှန်စွာသတိရှိခြင်းနှင့် မှန်စွာတည်ကြည်ခြင်း ဤသည်တို့တည်း။"

**(ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ၊ ဓမ္မစကြာသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



၂။ လူ့အပေါင်းသည် ခိုကိုးရာမရှိ၊ အားထားရာမရှိ။ ၃။ လူတို့သည် ကိုယ်ပိုင် ဥစ္စာမရှိ၊ အလုံးစုံသောဥစ္စာကို စွန့်လွှတ်၍ သွားကြရ၏။ ၄။ လူတို့သည် အလိုမပြည့်၊ ရောင့်ရဲမှုမရှိသော တဏှာ၏ကျွန်များ ဖြစ်ကြသည်။ ငါသည် ထိုတရားတို့ကို သိမြင်ပြီးလျှင် ရဟန်းပြုခဲ့သည်”ဟု ဆို၍ အောက်ပါတရား စကား ဟောကြား၏။

“မင်းကြီး၊ လောက၌ ဥစ္စာရှိသူ လူတို့သည် မောဟဖက်၍ ရရှိပြီး ဥစ္စာကို မလှူရက်သည့်အပြင် လောဘတက်၍ ဥစ္စာသိမ်းဆည်းမှုတို့ကိုသာ ပြုကြ၏။ ကာမဂုဏ်စည်းစိမ်ကို တိုး၍သာ တောင့်တကြ၏။ သင်မင်းကြီး သည်ပင် သမုဒ္ဒရာအဆုံးရှိ မြေပြင်အားလုံးကို အုပ်စိုးရပါလျက် သမုဒ္ဒရာ၏ တစ်ဖက်ရှိ အခြားနိုင်ငံကို လိုချင်သေး၏။

မင်းသည်လည်းကောင်း၊ အခြားလူများသည်လည်းကောင်း အလိုမပြည့် ရောင့်ရဲမှုမရှိဘဲ သေကြရ၏။ သေသူသည် စည်းစိမ်ဥစ္စာကိုစွန့်၍ အဝတ် တစ်ထည်တည်းဖြင့်သာ မီးတိုက်ခံရ၏။ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းတို့ကို အားမကိုးရချေ။

အသက်ရှည်မှုကို ဥစ္စာပေး၍ မရနိုင်၊ အိုခြင်းကို စည်းစိမ်ပေး၍ မတားမြစ်နိုင်။ ကြွယ်ဝသူ၊ ဆင်းရဲသူ၊ ပညာရှိနှင့်သူမိုက်တို့သည် သေကြရ၏။ သူမိုက်သည် သေရမည်ဖြစ်၍ တုန်လှုပ်ချောက်ချား၏။ ပညာရှိသည်ကား သေရ မည်ဖြစ်သော်လည်း မတုန်လှုပ်ချေ။”

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ရဋ္ဌပါလသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၄။ အနတ္တတရား

"မေဃိယ၊ ငါဟူသောမာန်ကို ပယ်နိုင်ရန် အနိစ္စသညာကို ပွားများရမည်။ အနိစ္စသညာရှိသူအား အနတ္တသညာသည် ထင်၏။ အနတ္တသညာထင်သူသည် ငါဟူသောမာန်ကို ပယ်ခွာခြင်းသို့ ရောက်နိုင်၏။ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်နိုင်၏"

**(ဥဒါန်၊ မေဃိယဝဂ်၊ မေဃိယသုတ်)**

"ရဟန်းတို့၊ ရုပ်သည် အတ္တမဟုတ်၊ ဤရုပ်သည် အတ္တဖြစ်ခဲ့လျှင် ရုပ်သည် နာကျင်ခြင်းမဖြစ်ရာ။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်ဟူ၍လည်း ရုပ်၌ စီရင်၍ရ၏။ ရုပ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ မဖြစ်စေလင့်ဟူ၍လည်း ရုပ်၌စီရင်၍ မရအပ်။

ထိုနည်းအတူ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ်တို့သည်လည်း အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏။ ယင်းတို့သည် ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်ဟူ၍ စီရင်၍ မရအပ်။

ရုပ်သည် မမြဲ၊ မမြဲသောရုပ်သည် ဆင်းရဲ၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို ဤအရာသည် ငါ့ဉစ္စာဖြစ်၏။ ဤအရာသည် ငါဖြစ်၏။ ဤအရာသည် ငါ၏အတ္တဖြစ်သည်ဟု ရှုရန်မသင့်လျော်ချေ။

ထိုနည်းအတူ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ်တို့သည်လည်း မမြဲဘဲဆင်းရဲ၍ ဖောက်ပြန်ခြင်းရှိရကား ယင်းတို့သည် ငါ၏ဉစ္စာ ဖြစ်သည်၊ ငါဖြစ်သည်၊ ငါ၏အတ္တဖြစ်သည်ဟု ရှုရန်မသင့်လျော်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အတွင်းအပြင် အကြမ်းအနု၊ အယုတ်အမြတ်၊ အဝေးအနီးဖြစ်သော အလုံးစုံသောရုပ်၊ အလုံးစုံသော ဝေဒနာ၊ အလုံးစုံသော သညာ၊ အလုံးစုံသော သင်္ခါရနှင့် အလုံးစုံသော ဝိညာဉ်တို့ကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ် ငါ၏အတ္တမဟုတ်ဟု ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။

ရဟန်းတို့၊ ဤသို့ရှုပါက အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၊ ဝေဒနာ၊ သညာသင်္ခါရနှင့် ဝိညာဉ်၌ ငြီးငွေ့၏။ ယင်းတို့ကို မတပ်မက်တော့ဘဲ ကိလေသာမှလွတ်ပြီးလျှင် ငါသည် ကိလေသာမှလွတ်ပြီဟု အသိဉာဏ်ဖြစ်၏။ ပဋိသန္ဓေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီ၊ မဂ်ကိစ္စကို ပြုအပ်ပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသောပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏။"

**(ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ၊ အနတ္တလက္ခဏသုတ်)**

"ရဟန်းတို့၊ ရုပ်သည်အတ္တမဟုတ်၊ ရုပ်ဖြစ်ပေါ်ခြင်း၏ အကြောင်းအထောက်အပံ့သည်လည်း အတ္တမဟုတ်၊ အတ္တမဟုတ်သော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ရုပ်သည် အဘယ်မှာ အတ္တဖြစ်လိမ့်မည်နည်း။ ဝေဒနာသည် အတ္တမဟုတ်၊ သညာသည် အတ္တမဟုတ်၊ သင်္ခါရတို့သည် အတ္တမဟုတ်၊ ဝိညာဉ်သည် အတ္တမဟုတ်၊ ဝိညာဉ်ဖြစ်ပေါ်ခြင်း၏ အကြောင်းအထောက်အပံ့သည်လည်း အတ္တမဟုတ်၊ အတ္တမဟုတ်သော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဝိညာဉ်သည် အဘယ်မှာ အတ္တဖြစ်နိုင်ပါမည်နည်း။"

**(သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်၊ အနိစ္စဝဂ်၊ သဟေတုအနတ္တသုတ်)**

"ရဟန်းတို့၊ ဥပမာသော်ကား စောင်းသံကို မကြားဖူးသော မင်းတစ်ပါးသည် စောင်းသံကိုကြား၍ ထိုမင်း၏အမိန့်အရ မင်းချင်းတို့သည် စောင်းကို ယူလာကြ၏။ မင်းက ငါသည် စောင်းကို အလိုမရှိ၊ အသံကိုသာ ငါ့ထံသို့ ယူခဲ့ကြဟုဆို၏။ မင်းချင်းတို့က စောင်းခွက်၊ သားရေ၊ စောင်းလက်တံရိုး၊ စောင်းကြိုး၊ လက်ခတ် စသည်တို့ကိုစွဲ၍ အသံမြည်လာခြင်း ဖြစ်ပါသည်ဟု ဆိုကြ၏။ ထိုအခါ မင်းသည် စောင်းကို အစိတ်စိတ်အမွှန်မွှန်ပြုလုပ်၍ မီးတိုက်ပြာချပစ်၏။

"ရဟန်းတို့၊ ဤအတူ ရဟန်းသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ်တို့၏ဖြစ်ရာ (ဂတိ)ကို စူးစမ်းရှာဖွေရာ၏။ ထိုသို့ စူးစမ်းရှာဖွေသော

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းအား ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာဟူ၍လည်းကောင်း စွဲလမ်းမှုသည် မဖြစ်နိုင်တော့ချေ။"

(သံယုတ္တနိကာယ်၊ သဠာယတနသံယုတ်၊ အာသီဝိသဝဂ်၊ ဝိဏောပမသုတ်)

"မောဃရာဇ၊ အခါခပ်သိမ်း၊ အောက်မေ့မှု သတိရှိလျက်၊ မိမိကိုယ်ဟု စွဲလမ်းမှု အတ္တာနုဒိဋ္ဌိကို နုတ်ပယ်၍ လောကကို ဆိတ်သုဉ်းသောအားဖြင့် ရှုလော့။ ဤသို့ ရှုသောသူသည် သေမင်းကို လွန်မြောက်နိုင်ရာ၏။ ဤသို့ လောကကိုရှုသောသူကို သေမင်းသည် မမြင်နိုင်"

(သုတ္တနိပါတ်၊ ပါရာယနဝဂ်၊ မောဃရာဇမာဏဝပုစ္ဆာ)

"အာနန္ဒာ၊ မျက်စိသည် ငါမှလည်းကောင်း၊ ငါ့ဥစ္စာမှလည်းကောင်း ဆိတ်သုဉ်း၏။ အဆင်းတို့သည် ငါမှလည်းကောင်း၊ ငါ၏ဥစ္စာမှလည်းကောင်း ဆိတ်သုဉ်း၏။ စက္ခုဝိညာဏ်သည် ငါမှလည်းကောင်း၊ ငါ့ဥစ္စာမှလည်းကောင်း ဆိတ်သုဉ်း၏။ စက္ခုသမ္ဖဿ(မျက်စိနှင့်ထိတွေ့မှု)သည် ငါမှလည်းကောင်း၊ ငါ့ဥစ္စာမှလည်းကောင်း ဆိတ်သုဉ်း၏။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုသုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသည် ငါမှလည်းကောင်း၊ ငါ့ဥစ္စာမှလည်းကောင်း ဆိတ်သုဉ်း၏။ ငါမှလည်းကောင်း၊ ငါ့ဥစ္စာမှလည်းကောင်း ဆိတ်သုဉ်းသောကြောင့် လောကသည် ဆိတ်သုဉ်းသည်ဟု ဆိုအပ်၏"

(သံယုတ္တနိကာယ်၊ သဠာယတနသံယုတ်၊ ဆန္နဝဂ်၊ သုညတလောကသုတ်)

"ရဟန်းတို့၊ မှားယွင်းစွာ နလုံးသွင်းသောသူအား ငါ၏အတ္တသည် ပြောဆိုတတ်၏။ သိမြင်ခံစားတတ်၏။ ကောင်းမှု၊ မကောင်းမှု၊ ကံတို့၏အကျိုးကို ခံစားရ၏။ ထိုအတ္တသည် ခိုင်မြဲ၏။ ဖောက်ပြန်သော သဘောမရှိ၊ အမြဲတည်လတ္တံ့ဟူသော ဒိဋ္ဌိ(အယူ)သည် ဖြစ်၏။

ဤဒိဋ္ဌိသံယောဇဉ်နှင့်ယှဉ်သော၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ စိတ်ဆင်းရဲခြင်းစသော ဒုက္ခများမှမလွတ်ဟု ငါဘုရား ဟော၏"

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်)

www.burmeseclassic.com

www.burmeseclassic.com



"ရဟာန်းတို့၊ ပူဆွေးငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်းကို မဖြစ်စေသော အတ္တဝါဒအားဖြင့် စွဲယူခြင်းရှိငြားအံ့၊ ထိုအတ္တဝါဒအားဖြင့် စွဲယူရာ၏။ ထို ကိုယ်စိတ်ဆင်းရဲခြင်းကို မဖြစ်သော အတ္တဝါဒအားဖြင့် စွဲယူမှုကို ငါမမြင်"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ အလဂဒ္ဒူပမသုတ်)**

ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရားအား "အရှင်ဂေါတမ၊ အတ္တဟူ၍ ရှိပါသလော"ဟု မေးလျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော် မူ၏။ "အရှင်ဂေါတမ၊ အတ္တဟူ၍ မရှိပါသလော"ဟု မေးလျှောက်ပြန်၏။ မြတ်စွာဘုရားသည် ထိုမေးခွန်းကိုလည်း ဖြေတော်မမူ။ ထို့နောက် ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် နေရာမှထ၍ ဖဲသွားလေ၏။

အရှင်အာနန္ဒာက "အဘယ်ကြောင့် ဝစ္ဆဂေါတ္တပရိဗိုဇ်၏ ပြဿနာကို ဖြေတော်မမူပါသနည်း"ဟု ဘုရားရှင်အား မေးလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ ငါသည် အတ္တရှိသည်ဟု ဖြေ ဆိုပါက ထိုအဖြေသည် သဿတဝါဒ အယူရှိသော သူတို့နှင့်အတူ ဖြစ်ရာ၏။ အတ္တဟူ၍မရှိဟု ဖြေဆိုခဲ့ပါက ထိုအဖြေသည် ဥစ္ဆေဒဝါဒနှင့်အတူ ဖြစ်ရာ၏။

တစ်ဖန် အတ္တဟူ၍ရှိသည်ဟု ဖြေဆိုပါက ထိုအဖြေသည် ခပ်သိမ်း တရားတို့သည် အနတ္တတည်းဟု အသိဉာဏ်ဖြစ်ပေါ်ခြင်းငှာ လျော်နိုင်မည်မဟုတ်။ တစ်ဖန် အတ္တဟူ၍မရှိဟု ဖြေဆိုငြားအံ့၊ တွေဝေနေသော ဝစ္ဆဂေါတ္တ ပရိဗိုဇ်အဖို့ ထိုအဖြေသည် ငါ့အား ရှေးကအတ္တဟူ၍ ရှိခဲ့လေယောင်တကား။ ထိုအတ္တသည် ယခုမရှိတော့ဟု အလွန်တွေဝေခြင်းငှာ ဖြစ်ရာ၏"ဟု မိန့်တော်မူ၏။

**(သံယုတ္တနိကာယ်၊ အဗျာကတသံယုတ်၊ အာနန္ဒသုတ်)**

အရှင်သာရိပုတ္တရာက နကုလပိတာ သူကြွယ်အား ဤသို့ ဟောကြား၏။

"အရိယာတပည့်သည် ရုပ်ကိုလည်းကောင်း၊ ဝေဒနာကိုလည်းကောင်း၊ သညာကိုလည်းကောင်း၊ သင်္ခါရတို့ကိုလည်းကောင်း၊ ဝိညာဏ်ကိုလည်းကောင်း၊ အတ္တဟူ၍ မရှု။ ထိုခန္ဓာငါးပါးရှိသော အတ္တဟူ၍လည်းကောင်း မရှု။ ထိုခန္ဓာ ငါးပါးသည် ငါဖြစ်၏၊ ငါ၏ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာ အားဖြင့် မတည်သောသူသည် ထိုခန္ဓာငါးပါး ဖောက်ပြန်ခြင်း၊ တစ်မျိုးတစ်ဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်စိတ်ဆင်းရဲမှုတို့သည် မဖြစ်ကုန်"

**(သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်၊ နကုလပိတုဝဂ်၊ နကုလပိတုသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



"ပေါဋ္ဌပါဒ၊ ဥပမာသော်ကား၊ ဤနိုင်ငံ၌ အလှမယ် ဇနပဒကလျာဏီကို ငါချစ်ကြိုက်သည်ဟုဆိုကာ ယောကျ်ားသည် ရှိ၏။ ထိုယောကျ်ားသည် ထို အလှမယ်၏ အမည်နာမ၊ အမျိုးအနွယ်၊ ပုံပန်းသဏ္ဌာန်၊ အရေအဆင်း စသည် တို့ကို လုံးဝမသိ၊ သို့ဖြစ်၍ သူ ချစ်ကြိုက်သည်ဆိုသော စကားသည် အခြေအမြစ် မရှိသော စကားဖြစ်၏။

ထိုနည်းအတူ အတ္တသည် စင်စစ် ချမ်းသာသည်၊ သေပြီးသည့်နောက်၌ ပျက်စီးခြင်းမရှိဟု အချို့သော သာမဏဗြာဟ္မဏတို့က ဆိုကြ၏။ ထိုသူတို့ကို ငါဘုရားက မေးမြန်းသည်ရှိသော် သူတို့သည် ချမ်းသာသောလောကကို သိမြင် နေကြသည်မဟုတ်၊ ချမ်းသာသောအတ္တကို ကိုယ်တိုင် တွေ့သိနေကြသည်လည်း မဟုတ်၊ ချမ်းသာသောလောကကို မျက်မှောက်ပြုရန် အကျင့်ကို သိကြသည် လည်းမဟုတ်၊ ချမ်းသာသောလောကသို့ ရောက်နေသော နတ်တို့၏ ပြောဆိုသံ ကိုလည်း ကြားရဖူးသည်မဟုတ်၊ သို့ဖြစ်၍ သူတို့၏စကားသည် အခြေအမြစ် မရှိသော စကားဖြစ်၏"

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ပေါဋ္ဌပါဒသုတ်)**

"အကြင်ရဟန်းသည် မင်္ဂကိစ္စကို ပြုပြီးဖြစ်၏။ အာသဝေါကုန်ပြီးဖြစ်၍ အဆုံးစွန်သော ကိုယ်ကို ဆောင်ပြီးဖြစ်၏။ ထိုရဟန်းသည် ထောင်လွှားမှု မာနသို့ ကပ်ရောက်၍ ငါ ပြောဆိုသည်ဟူ၍လည်း ဆိုရာ(သင့်)ပါသလော။ ငါ့ကို တစ်ပါးသူတို့က ပြောဆိုကုန်သည်ဟူ၍လည်း ဆိုရာပါသလော"

မြတ်စွာဘုရား။ ။"ထောင်လွှားမှုမာနကို ပယ်ပြီးဖြစ်သော ရဟန်းအား ထုံးဖွဲ့မှု 'ဂန္ထ'တရားတို့သည် မရှိကုန်။ ထိုရဟန်းသည် အလုံးစုံသော ထောင် လွှားမှုမာန၊ ထုံးဖွဲ့မှုတို့ကို ဖျက်ဆီးပြီး ဖြစ်၏။ ကောင်းသော၊ ပညာရှိသော ထိုရဟန်းသည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မှတ်ထင်မှုကို လွန်မြောက်၏။ ထိုရဟန်းသည် ငါပြောဆိုသည် ဟူ၍လည်းကောင်း၊ ငါ့ကို တစ်ပါးသူက ပြောဆိုသည်ဟူ၍ လည်းကောင်း ဆိုရာ၏။ ထိုသို့ဆိုရာ၌ ခန္ဓာစသည်တို့၌ လိမ္မာသော ထိုရဟန်းသည် ခေါ်ဝေါ်အပ်သော အမည်ကိုသိ၍ ထိုအမည်၊ ထို စကားကို ခေါ်ဝေါ်သုံးစွဲခြင်း ဖြစ်၏"

**(သံယုတ္တနိကာယ်၊ ဒေဝတာသံယုတ်၊ သတ္တိဝဂ်၊ အရဟန္တသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင် ခေမက၊ သင်က ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၌ တစ်စုံတစ်ခုကို ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာဟူ၍လည်းကောင်း မရှုပါဟု ဆို၏။ သို့ဖြစ်လျှင် အရှင်ခေမကသည် အာသဝေါကုန်ပြီးသော ရဟန္တာဖြစ်ပြီလော"

"ငါ့ရှင်တို့၊ ငါသည် ဤ ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၌ တစ်စုံတစ်ခုကို ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာဟူ၍လည်းကောင်း မရှုပါ။ အာသဝေါကုန်ပြီးသော ရဟန္တာလည်း မဟုတ်ပါ။ ထိုသို့ မဟုတ်သော်လည်း ငါ့အား ဥပါဒါနက္ခန္ဓာ ငါးမျိုးတို့၌ ငါဖြစ်သည်ဟု ခေါ်ဝေါ်မှုကို ရအပ်ပါ၏။ ဤအရာသည် ငါဖြစ်သည်ဟူ၍ကား မရှုပါ"

"ငါ့ရှင် ခေမက၊ အဘယ်ကို ငါဖြစ်သည်ဟု ဆိုပါသနည်း"

"ငါ့ရှင်တို့၊ ဥပမာသော်ကား ကြာညိုနံ့၊ သို့မဟုတ် ပဒုမ္မာကြာနံ့၊ သို့မဟုတ် ပုဏ္ဍရိက်ကြာနံ့ ရှိရာ၏။ လူတစ်ဦးတစ်ယောက်သည် ပွင့်ချပ်၏ အနံ့ဟူ၍သော်လည်းကောင်း၊ အဆင်း၏ အနံ့ဟူ၍သော်လည်းကောင်း၊ ဝတ်ဆံ၏ အနံ့ဟူ၍သော်လည်းကောင်း ဤသို့ဆိုလျှင် ကောင်းစွာဆိုသည်မမည်။ အပွင့်၏ အနံ့ဟုဆိုမှ ကောင်းသည်မည်၏။ ငါ့ရှင်တို့၊ ထို့အတူပင် ရုပ်ကို ငါဖြစ်သည်ဟု မဆို။ ရုပ်မှတစ်ပါး ငါဖြစ်သည်ဟုမဆို။ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏ်တို့ကို ငါဖြစ်သည်ဟု မဆို။ ယင်းတို့မှတစ်ပါး ငါဖြစ်သည်ဟုလည်း မဆို။ သို့ရာတွင် ဥပါဒါနက္ခန္ဓာငါးမျိုး၌ ငါဖြစ်သည်ဟု ခေါ်ဝေါ်မှုကို ရအပ်ပါ၏။ ဤအရာသည် ငါဖြစ်သည်ဟူ၍ကား မရှုပါ"

**(သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်၊ ထေရဝဂ်၊ ခေမကသုတ်)**

မာရ်နတ်။ ။"အဘယ်သူသည် ဤသတ္တဝါကို ဖြစ်စေသနည်း။ သတ္တဝါကို ပြုတတ်သူကား အဘယ်နည်း။ အဘယ်ကြောင့် ဤသတ္တဝါ ဖြစ်ပေါ်လာသနည်း။ အဘယ်ကြောင့် သတ္တဝါချုပ်သနည်း"

ဝဇိရာဘိက္ခုနီမ။ ။"မာရ်နတ်၊ သင်သည် အဘယ်ကို သတ္တဝါဟု ယုံကြည်ဘိသနည်း။ သင့်အား မကောင်းသောအမြင်သည် အစဉ်လိုက်၏။ ဤသတ္တဝါဟူသည် သင်္ခါရအစု သက်သက်သာတည်း။ ဤသင်္ခါရအစု၌ သတ္တဝါဟူသည်ကို မရအပ်။

အစိတ်အပိုင်း၊ အဆောက်အအုံရှိသောကြောင့် ရထားဟူ၍ ခေါ်ဝေါ်ပြောဆိုသော အသံ(စကား)သည် ဖြစ်ဘိသကဲ့သို့ ထို့အတူ ခန္ဓာငါးပါးတို့ ထင်ရှားရှိလတ်သော် သတ္တဝါဟူ၍ သမုတ်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစကား မှန်၏။ ခန္ဓာငါးပါးဟူသော ဆင်းရဲသည်သာလျှင် ဖြစ်၏။ ဆင်းရဲသည် တည်လည်းတည်၏။ ပျက်လည်းပျက်၏။ ခန္ဓာငါးပါးဟူသော ဆင်းရဲမှတစ်ပါး အခြားတရားသည် မဖြစ်။ ခန္ဓာငါးပါးဟူသော ဆင်းရဲမှတစ်ပါး အခြားတရားသည် မချုပ်"

(သဂါထာဝဂ္ဂသံယုတ်၊ ဘိက္ခုနီသံယုတ်၊ ဝဇိရာသုတ်)

အရှင်နာဂသေန။ ။"မင်းမြတ်၊ ငါ့ကို နာဂသေနဟူ၍ သီတင်းသုံးဖော်တို့က ခေါ်ကြ၏။ သို့ရာတွင် နာဂသေနဟူသည် ပညတ်ဝေါဟာရအမည်သာ ဖြစ်၏။ ဤနာဂသေနဟူရာ၌ ပုဂ္ဂိုလ်ကို ဉာဏ်ဖြင့်ရှုကြည့်၍ မရအပ်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ အကယ်၍ နာဂသေန ပုဂ္ဂိုလ်သတ္တဝါကို မရအပ်သည် ဖြစ်ပါက အဘယ်သူသည် အရှင်ဘုရားတို့အား ပေးလှူပါသနည်း။ အဘယ်သူသည် ထိုပေးလှူသောပစ္စည်းကို သုံးဆောင်ပါသနည်း။ အဘယ်သူသည် သီလကို စောင့်ထိန်းပါသနည်း။

အရှင်ဘုရား၊ ဆံပင်တို့သည် နာဂသေနလော။ ရုပ်သည် နာဂသေန မည်ပါသလော။ ဝိညာဉ်သည် နာဂသေန မည်ပါသလော။ ဝိညာဉ်မှတစ်ပါးသော တရားသည် နာဂသေန မည်ပါသလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ဆံပင်၊ ရုပ်၊ ဝိညာဉ်တို့သည် နာဂသေန မမည်ချေ။ ဝိညာဉ်မှတစ်ပါးသော တရားသည်လည်း နာဂသေန မမည်ချေ"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ကျွန်ုပ်သည် မေးတိုင်းမေးတိုင်း ထို နာဂသေနကို မမြင်ရပါ။ အဘယ်သည် နာဂသေန မည်ပါသနည်း"

"အရှင်နာဂသေန။ ။"မင်းမြတ်၊ သင်သည် ရထားဖြင့်လာခဲ့သည် မဟုတ်လော။ အသို့နည်း၊ ရထားသံ၊ ရထားဝင်ရိုး၊ ရထားဘီးတို့သည် ရထား ပေသလော"

မိလိန္ဒမင်း။ ။"မဟုတ်ပါ အရှင်ဘုရား"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ရထားသံ၊ ဝင်ရိုး၊ ရထားဘီး၊ ကြိုးနှင်တံ စသည်တို့ကို ထား၍ ရထားရှိပါသလား"

မိလိန္ဒမင်း။ ။"မရှိပါအရှင်ဘုရား။ ရထားသံ၊ ဝင်ရိုး၊ ရထားဘီး အစရှိသည်တို့ကို အစွဲပြု၍ ရထားဟုသမုတ်ခြင်း၊ ပညတ်ခြင်း၊ ခေါ်ဝေါ်ခြင်း မျှသာ ဖြစ်ပါ၏"

www.burmeseclassic.com

www.burmeseclassic.com



အရှင်နာဂသေန။ ။"မင်းမြတ်၊ ထိုအတူသာလျှင် ဆံပင်အမွေး စသည်တို့ကိုလည်းကောင်း၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်းကောင်း အစွဲပြု၍ ငါ့အား နာဂသေနဟု သမုတ်ခြင်း၊ ပညတ်ခြင်း၊ ခေါ်ဝေါ်ခြင်းမျှသာ ဖြစ်၏။ စင်စစ် ဝဇိရာမည်သော ဘိက္ခုနီမသည် မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ ထိုအကြောင်းကို မြွက်ဆိုခဲ့၏။

**(မိလိန္ဒပဉှာ၊ မဟာဝဂ်၊ ပညတ္တိပဉှာ)**

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ ဝေဒဂူမည်သော အရာစုကို ပရမတ်သဘောအားဖြင့် ရအပ်ပါသလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ သင်ပြောသော ဝေဒဂူမည်သည် အဘယ်ပါနည်း"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ဝေဒဂူမည်သည် ကိုယ်အတွင်းရှိ ဇီဝမည်သော လိပ်ပြာကောင် အတ္တဖြစ်ပါသည်။ ထိုဝေဒဂူသည် မျက်စိဖြင့် အဆင်းကိုမြင်၏။ နားဖြင့် အသံကိုကြား၏။ နှာခေါင်းဖြင့် အနံ့ကို နမ်းရှူ၏။ လျှာဖြင့် အရသာကိုလျက်၏။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၏။ စိတ်ဖြင့် သဘောတရားကို သိ၏။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ဤနန်းပြာသာဒ်ထက်၌နေ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေသာပြတင်းတံခါးလေးခုရှိသည့်အနက် တစ်ခုခုဖြင့် ကြည့်ရှုနိုင်ကြပါ၏။ ဤအတူသာလျှင် ကိုယ်တွင်းရှိ ဝေဒဂူသည် စက္ခုစသော ဒွါရဖြင့် မြင်နိုင်ပါ၏"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ကိုယ်အတွင်းရှိ ဇီဝမည်သော လိပ်ပြာကောင်အတ္တ(ဝေဒဂူ)သည် မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သည်ဖြစ်အံ့၊ ငါတို့သည် ဤနန်းပြာသာဒ်ထက်မှနေ၍ ပြတင်းတံခါး လေးခုအနက် တစ်ခုခုသော တံခါးဖြင့် အဆင်းကို မြင်ရသကဲ့သို့ ထိုဝေဒဂူအတ္တသည် နား၊ သို့မဟုတ် နှာခေါင်း၊ သို့မဟုတ် စိတ်ဖြင့်လည်း အဆင်းကို မြင်အပ်ရာ၏။ နှာခေါင်းဖြင့်လည်း အသံကို ကြားအပ်ရာ၏"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ဤသို့ကား မဟုတ်ပါ"

အရှင်နာဂသေန။ ။"ဥပမာတစ်နည်းသော်ကား သင် မင်းမြတ်သည် တံခါးမှစ်အပြင်၌ လူတစ်ယောက်ရပ်နေသည်ကို သိသည်။ ထိုလူသည် အတွင်းသို့ဝင်၍ သင်၏ရှေ့၌ ရပ်နေသောအခါ၌လည်း သင်သိသည်။ ထို့အတူ ဇီဝမည်သော လိပ်ပြာကောင်အတ္တသည် လျှာပေါ်၌ တင်ထားသော ချဉ်သော

www.burmeseclassic.com

www.burmeseclassic.com



အရသာ၊ ငန်သောအရသာ စသည်ကို သိနိုင်သကဲ့သို့ အတွင်းသို့ဝင်ကုန်သော အရသာတို့ကိုလည်း ခွဲခြား၍ သိနိုင်ရာသလော"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ မသိနိုင်ပါ"

အရှင်နာဂသေန။ ။"သင်မင်းမြတ်၏ စကားသည် ရှေ့နောက် မညီညွတ်ချေ။ ဤလောက၌ စက္ခုပသာဒနှင့် ရူပါရုံကိုစွဲ၍ စက္ခုဝိညာဉ် ဖြစ်ပေါ်၏။ ထိုစက္ခုဝိညာဉ်နှင့်တကွ ဖြစ်ကုန်သော ဖဿ(တွေ့ထိမှု)၊ ဝေဒနာ(ခံစားမှု) သညာ(မှတ်သားမှု)၊ စေတနာ(စေ့ဆော်မှု)၊ ဧကဂ္ဂတာ(တည်ကြည်မှု)၊ ဇီဝိတိန္ဒြေ (သဟဇာတ တရားတို့ကို စောင့်ရှောက်မှု)၊ မနသိကာရ(နှလုံးသွင်းမှု)ဟူသော တရားရှစ်ပါးတို့သည် မျက်စိအကြည်နှင့် အဆင်းထိခိုက်မှုဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏။ အမှန်စင်စစ်အားဖြင့် ဤအရာ၌နှင့် ဇီဝမည်သော ဝေဒဂူကို မရအပ်ချေ"

(မိလိန္ဒပဉှာ၊ ဝိစာရဝဂ်၊ ဝေဒဂူပဉှာ)

www.burmeseclassic.com

www.burmeseclassic.com

## ၅။ ပဋိစ္စသမုပ္ပာဒ်

“ရဟန်းတို့၊ ပဋိစ္စသမုပ္ပာဒ် ဟူသည် အဘယ်နည်း။ ရဟန်းတို့၊ မသိမှု အဝိဇ္ဇာ အကြောင်းခံကြောင့် ပြုပြင်စီရင်မှု သင်္ခါရတို့ ဖြစ်ကြ၍ ပြုပြင်စီရင်မှု သင်္ခါရတို့ အကြောင်းခံကြောင့် သိမှုဝိညာဉ် ဖြစ်ရ၏။ သိမှုဝိညာဉ်အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်ရ၏။ နာမ်ရုပ် အကြောင်းခံကြောင့် တည်ရာ အာယတန ခြောက်ပါး ဖြစ်ရ၏။ တည်ရာ အာယတနခြောက်ပါး အကြောင်းခံကြောင့် တွေ့ထိမှု ဖဿဖြစ်ရ၏။ တွေ့ထိမှု ဖဿအကြောင်းခံကြောင့် တပ်မက်မှုတဏှာ ဖြစ်ရ၏။ တပ်မက်မှုတဏှာ အကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန် ဖြစ်ရ၏။ ပြင်းစွာစွဲလမ်းမှု အကြောင်းခံကြောင့် ဘဝဖြစ်ရ၏။ ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှုဇာတိ ဖြစ်ရ၏။ ဇာတိ အကြောင်းခံကြောင့် အိုမှုဇရာ၊ သေမှုမရဏ၊ စိုးရိမ်မှုသောက၊ ငိုကြွေးမှုပရိဒေဝ၊ ဆင်းရဲမှုဒုက္ခ၊ နှလုံးမသာမှု ဒေါမနဿ၊ ပြင်းစွာပင်ပန်းမှု ဥပါယာသတို့ ဖြစ်ကြရကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပါ၏။

ရဟန်းတို့၊ ဘဝတို့သည် ကာမဘဝ၊ ရူပဘဝနှင့် အရူပဘဝ ဤသုံးပါးတို့ ဖြစ်၏။

ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ဟူသည် ကာမတို့ကို ပြင်းစွာစွဲလမ်းမှု၊ အယူကို ပြင်းစွာစွဲလမ်းမှု၊ အလေ့အကျင့်ကို ပြင်းစွာစွဲလမ်းမှု(သီလဗ္ဗတုပါဒါန်)နှင့် အတ္တကို ပြင်းစွာစွဲလမ်းမှု ဤလေးပါးတို့ ဖြစ်၏။

တဏှာဟူသည် အဆင်း၊ အသံ၊ အနံ့၊ အရသာအတွေ့နှင့် သဘောတို့ တပ်မက်မှု(ဓမ္မတဏှာ)ဟူသော ဤတပ်မက်မှုခြောက်ပါး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုဝေဒနာသည် မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့နှင့် စိတ်အတွေ့ဟူသော အတွေ့ခြောက်မျိုးကြောင့် ဖြစ်သော ခံစားမှုခြောက်မျိုး ဖြစ်၏။

တွေ့ထိမှုဖဿဟူသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နှင့် စိတ်တို့၏ တည်ရာခြောက်မျိုး ဖြစ်၏။

နာမ်ရုပ်ဟူသည် ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်မှု၊ တွေ့ထိမှုနှင့် နှလုံးသွင်းမှု(မနသိကာရ)ဟူသော နာမ်တရားလေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို မှီ၍ဖြစ်သော ရုပ်ဟူသော နာမ်တရား ဖြစ်၏။

သိမှုဝိညာဏ်ဟူသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို စွဲမှီ၍ဖြစ်ပေါ်သော သိမှုခြောက်မျိုး ဖြစ်၏။

သင်္ခါရတို့သည် ကိုယ်ဖြင့်ပြုစီရင်မှု၊ နှုတ်ဖြင့်ပြုစီရင်မှု၊ စိတ်ဖြင့်ပြုစီရင်မှုဟူသော ပြုစီရင်မှု တရားသုံးပါး ဖြစ်၏။

မသိမှုအဝိဇ္ဇာဟူသည်ကား ဆင်းရဲခြင်းကို မသိမှု၊ ယင်း၏ အရင်းမူလကို **မသိမှု**၊ ယင်း၏ချုပ်ရာကို မသိမှုနှင့် ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို **မသိမှု** ဖြစ်၏။

ရဟန်းတို့၊ ဤသို့လျှင် မသိမှုအဝိဇ္ဇာ အကြောင်းခံကြောင့် ပြုစီရင်မှု သင်္ခါရတို့ ဖြစ်ကြရ၏။ ပြုစီရင်မှု သင်္ခါရအကြောင်းခံကြောင့် ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပွားရ၏။ မသိမှုအဝိဇ္ဇာ၌သာလျှင် (အရဟတ္တမဂ်**ဖြင့်**) အကြွင်းမဲ့ချုပ်ခြင်းကြောင့် ပြုစီရင်မှု သင်္ခါရတို့ ချုပ်ကြရ၏။ ပြုစီရင်မှု **သင်္ခါ**ရတို့၏ ချုပ်ခြင်းကြောင့် ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု၏ ချုပ်ပျောက်ခြင်း ဖြစ်၏။"

**(သံယုတ္တနိကာယ်၊ နိဒါနသံယုတ်၊ ဗုဒ္ဓဝဂ်၊ ဝိဘင်္ဂသုတ်)**

"ရဟန်းတို့၊ လောက၌ မှားသောမပြုခြင်း အကိရိယဝါဒမျှသာဖြစ်သော အယူသုံးမျိုးရှိ၏။ ထိုအယူသုံးမျိုးသည်ကား သတ္တဝါတို့၏ ချမ်းသာမှု၊ ဆင်းရဲမှုနှင့် ချမ်းသာဆင်းရဲ မဟုတ်သော ခံစားမှုအားလုံးသည် ရှေးကပြုခဲ့ဖူးသော အကြောင်းကြောင့်သာလျှင် ဖြစ်သည်ဟူသော အယူတစ်မျိုး၊ ထိုခံစားမှုအားလုံးသည် လောကကိုအစိုးရသူ၏ ဖန်ဆင်းမှုဟူသော အကြောင်းကြောင့်ဖြစ်သည်ဟူသော အယူတစ်မျိုးနှင့် ထိုခံစားမှုအားလုံးသည် အကြောင်းမရှိ၊ အထောက်အပံ့မရှိမူ၍ ဖြစ်သည်ဟူသော အယူတစ်မျိုး ဤသို့သော အယူသုံးမျိုး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအယူသုံးမျိုးအနက် တစ်မျိုးမျိုးသည် မှန်ကန်ပါက သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်းစသော မကောင်းမှုကို ပြုသောသူတို့သည် ရှေးက အကြောင်းကြောင့်သော်လည်းကောင်း၊ လောကကို အစိုးရသူ၏ ဖန်ဆင်းမှုကြောင့်သော်လည်းကောင်း၊ အကြောင်းအထောက်အပံ့ မရှိဘဲသော်လည်းကောင်း မကောင်းမှုကိုပြုခြင်း ဖြစ်ရချေတော့မည်။ သို့ဖြစ်ပါက သတ္တဝါတစ်ဦးသည် အမှုတစ်ခုကို ပြုရန်သော်လည်းကောင်း၊ မပြုရန်သော်လည်းကောင်း အလိုဆန္ဒ လုံ့လဝီရိယ ဖြစ်ပေါ်တော့မည် မဟုတ်ပေ။ ထို့ကြောင့် အယူသုံးမျိုးသည် ပညာရှိတို့၏ ဝေဖန်ဆန်းစစ်ခြင်းကို မခံနိုင်သော အယူများ ဖြစ်၏။

ငါဘုရားဟောသော တရားကိုကား ပညာရှိတို့ ဝေဖန်ဆန်းစစ်၍ ပြစ်တင်ရှုတ်ချရန် မဖြစ်နိုင်ချေ။

ဓာတ်ခြောက်ပါးတို့ကို ငါ ဟောကြား၏။ ထိုဓာတ်ခြောက်ပါးကား ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်နှင့် ဝိညာဏဓာတ် ဖြစ်၏။ တွေ့ထိမှု၏ တည်ရာခြောက်ပါးတို့ကို ငါဟောကြား၏။ ယင်းတို့ကား မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နှင့်စိတ်၏ တွေ့ထိမှု၏ တည်ရာခြောက်ပါး ဖြစ်၏။

စိတ်ဖြစ်ရာ တစ်ဆယ့်ရှစ်ပါးတို့ကို ငါဟော၏။ ယင်းတို့သည်ကား မျက်စိနှင့်အဆင်း၊ နားနှင့်အသံစသော တွေ့ထိမှုခြောက်ပါးကို အသီးသီးစွဲမှီ၍ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာဟူ၍ ဝေဒနာ သုံးမျိုးစီ ဖြစ်ပေါ်ရာမှ ရရှိအပ်သော စိတ်ဖြစ်ရာ တစ်ဆယ့်ရှစ်ပါး ဖြစ်၏။

ရဟန်းတို့၊ ဓာတ်ခြောက်ပါးကို အကြောင်းပြု၍ အမိဝမ်းသို့ သူငယ်၏ သက်ဝင်ခြင်းဖြစ်၏။ သက်ဝင်ခြင်း ဖြစ်လတ်သော် နာမ်ရုပ်ဖြစ်၍ နာမ်ရုပ်ကြောင့်တည်ရာ အာယတနခြောက်ပါး ဖြစ်၏။ အာယတနခြောက်ပါးကြောင့် တွေ့ထိမှုဖဿဖြစ်၍ ဖဿကြောင့် ခံစားမှုဝေဒနာ ဖြစ်၏။ ခံစားသောပုဂ္ဂိုလ်အား ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ကြောင်း ဆင်းရဲချုပ်ရာနှင့် ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တို့ကို ငါသိစေ၏။

ဆင်းရဲဖြစ်ကြောင်းဟူသည် အဘယ်နည်း။ မသိမှုအဝိဇ္ဇာဟူသော အကြောင်းကြောင့် ပြုပြင်စီရင်မှု သင်္ခါရတို့ ဖြစ်ကြ၏။ သင်္ခါရကြောင့် ဇာတိဟူသော အကြောင်းကြောင့် အိုခြင်း၊ သေခြင်းစသော ဆင်းရဲအစုံသက်သက် ဖြစ်ပေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲချုပ်ရာ နိဗ္ဗာန်ဟူသည် အဘယ်နည်း။ မသိမှု အဝိဇ္ဇာ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်သာလျှင် ပြုပြင်စီရင်မှု သင်္ခါရ ချုပ်၏။ သင်္ခါရချုပ်ခြင်းကြောင့် ဇာတိချုပ်ခြင်း၊ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း သေခြင်းစသော ဆင်းရဲအစုသက်သက် ချုပ်၏။ ထိုဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်သည်ကား မှန်စွာသိခြင်း၊ မှန်စွာကြံခြင်း အစရှိသည့် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ် ဖြစ်၏။

ရဟန်းတို့၊ ဤသည်တို့ကား ပညာရှိ သမဏဗြာဟ္မဏတို့ ပြစ်တင် ရှုတ်ချရန် မဖြစ်နိုင်သော ငါဟောကြားအပ်သော တရားများပေတည်း။”

**(အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ မဟာဝဂ်၊ တိတ္ထာယတနသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၆။ အကြောင်းအကျိုးသာလျှင်ထင်ရှား၍ ပုဂ္ဂိုလ်သတ္တဝါမရှိ

"အရှင်ဂေါတမ၊ အသို့ပါနည်း။ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်ပါသလော" ဟု အစေလကဿပ မေးလျှောက်၏။ "ကဿပ၊ ဤသို့ မပြောလင့်"ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

"အရှင်ဂေါတမ၊ ဆင်းရဲကို သူတစ်ပါး ပြုအပ်ပါသလော"

"ကဿပ၊ ဤသို့မဆိုလင့်"

"အရှင်ဂေါတမ၊ ဆင်းရဲကို ကိုယ်တိုင်လည်းပြု၊ သူတစ်ပါးလည်း ပြုပါသလော"

"ကဿပ၊ ဤသို့မဆိုလင့်"

"အရှင်ဂေါတမ၊ ဆင်းရဲသည် ကိုယ်တိုင်ပြုသည်မဟုတ်၊ သူတစ်ပါးလည်း ပြုသည်မဟုတ်ဘဲ အကြောင်းမဲ့ ဖြစ်ပါသလော"

"ကဿပ၊ ဤသို့မဆိုလင့်"

"အရှင်ဂေါတမ၊ ဆင်းရဲသည် မရှိပါသလော"

"ကဿပ၊ ဆင်းရဲမရှိသည် မဟုတ်၊ ဆင်းရဲရှိသည်သာတည်း"

"သို့ဖြစ်လျှင် အရှင်ဂေါတမသည် ဆင်းရဲကို မသိမမြင်ပါသလော"

"ကဿပ၊ ငါသည် ဆင်းရဲကို သိ၏၊ မြင်၏"

"သို့ဖြစ်ပါက အရှင်ဘုရားသည် ကျွန်ုပ်အား ဆင်းရဲကို ဟောတော်မူပါလော့"

www.burmeseclassic.com

www.burmeseclassic.com



"ကဿပ၊ ထိုသူသည် ပြု၏၊ ထိုသူသည် ခံစား၏ဟူ၍ အစကပင် ရှိခဲ့သော် ထိုဆင်းရဲကို ကိုယ်တိုင်ပြုသည်ဆိုသော သူသည် သဿတအယူသို့ ရောက်၏။ သူတစ်ပါးပြု၍ အခြားသူတစ်ပါး ခံစားရသည်ဟု အစကပင် ရှိခဲ့သော် ဝေဒနာနှိပ်စက်စဉ် ဆင်းရဲကို သူတစ်ပါးပြုသည်ဟု ဆိုသောသူသည် ဥစ္ဆေဒဒိဋ္ဌိသို့ ရောက်၏။ ထိုအစွန်းနှစ်ပါးသို့ မကပ်ရောက်မူ၍ အလယ်အလတ်အားဖြင့် ငါဘုရား ဟောကြား၏။ အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်၏။ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပေါ်၏။ အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရတို့ချုပ်၏။ သင်္ခါရတို့ ချုပ်ခြင်းကြောင့် ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။"

**(သံယုတ္တနိကာယ်၊ နိဒါနသံယုတ်၊ အာဟာရဝဂ်၊ အစေလကဿပသုတ်)**

"ရဟန်းတို့၊ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့အား တည်နေခြင်းငှာ၊ ချီးမြှောက်ခြင်းငှာ ဆောင်တတ်သောသဘော အာဟာရတို့သည်ကား ကြမ်းသည်ဖြစ်စေ၊ နုသည်ဖြစ်စေ၊ အလုပ်အကျွေးပြု၍ မျိုအပ်သောအာဟာရ၊ တွေ့ထိမှု အာဟာရ၊ လုံ့ဆော်မှု အာဟာရနှင့် အထူးသိမှု အာဟာရဟူ၍ ဤလေးပါးတို့ ဖြစ်၏"

ဤသို့ မြတ်စွာဘုရားက ဟောတော်မူသော အရှင်မောဠိယဖဂ္ဂုဏသည် "အရှင်ဘုရား၊ အဘယ်သူသည် သိမှုဟူသော ဆောင်တတ်သော ဝိညာဏအာဟာရကို ဆောင်ပါသနည်း"ဟု လျှောက်၏။ "သင်၏ အမေးသည် မသင့်လျော်ချေ။ ဆောင်၏ဟူ၍ ငါမဟော။ ဆောင်၏ဟု အကယ်၍ ငါဟောခဲ့မူ သင်၏အမေးသည် သင့်လျော်သည် ဖြစ်ရာ၏။ ဤသို့ကား ငါမဟော။ ဤသို့ မဟောသော ငါ့အား အရှင်ဘုရား သိမှုဟူသော ဆောင်တတ်သောသဘော ဝိညာဏအာဟာရသည် အဘယ်တရား၏ အကြောင်းဖြစ်သနည်းဟု မေးခဲ့မူ ထိုအမေးကား သင့်လျော်၏။ ဝိညာဏ အာဟာရသည် နောင်တစ်ဖန် ဘဝသစ်၌ ဖြစ်ကြောင်း ဖြစ်၏။ ထိုဝိညာဏ အာဟာရဖြစ်သည်ရှိသော် တည်ရာအာယတန ခြောက်ပါးဖြစ်၏။ တည်ရာအာယတန အကြောင်းခံကြောင့် တွေ့ထိမှု ဖဿ ဖြစ်သည်ဟူသော အဖြေသည် သင့်လျော်၏"ဟု မြတ်စွာဘုရား ဟောတော်မူ၏။

ထိုနည်းအတူ တွေ့ထိ၏၊ ခံစား၏၊ တပ်မက်၏၊ ပြင်းစွာစွဲလမ်း၏ဟူ၍ ဘုရားရှင်က မဟောဘဲ တွေ့ထိမှု၊ တပ်မက်မှု၊ ပြင်းစွာစွဲလမ်းမှုများသာလျှင်ရှိ၍ ယင်းတို့ကို အကြောင်းအကျိုးတရားများအဖြစ်ဖြင့် ဟောကြားကြောင်း ဆက်လက် ဟောတော်မူ၏။

**(သံယုတ္တနိကာယ်၊ နိဒါနသံယုတ်၊ အာဟာရဝဂ်၊ မောဠိယဖဂ္ဂုဏသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



"ကစ္စာန၊ ဤသတ္တဝါအပေါင်းသည် များသောအားဖြင့် ရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ မရှိသည်၏အဖြစ်ကိုလည်းကောင်း နှစ်ပါးကို မှီ၏။ သင်္ခါရလောက၏ ဖြစ်ပေါ်ကြောင်းကို ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် မြင်သောသူအား သင်္ခါရလောက၌ မရှိဟူသော အယူသည် မဖြစ်။ သင်္ခါရလောက၏ ချုပ်ငြိမ်းရာကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာ အမြင်ဖြင့် မြင်သောသူအား သင်္ခါရလောက၌ မရှိဟူသော အယူသည်မဖြစ်။ သင်္ခါရလောက၏ ချုပ်ငြိမ်းရာကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာ အမြင်ဖြင့် မြင်သောသူအား သင်္ခါရလောက၌ ရှိ၏ဟူသော အယူသည် မဖြစ်၊ များသောအားဖြင့် ကပ်ရောက်မှု 'ဥပယ'၊ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'၊ နှစ်မြုပ်စူးဝင်မှု 'အဘိနိဝေသ'တို့သည် သတ္တဝါအပေါင်းကို နှောင်ဖွဲ့တတ်၏။ အရိယာ တပည့်သည်ကား စိတ်၏တည်ရာ၊ နှစ်မြုပ်စူးဝင်ရာ၊ ကိန်းအောင်းရာဖြစ်သော ထိုကပ်ရောက်မှု 'ဥပယ'၊ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'ကို 'ငါ၏အတ္တတည်း' ဟု ကပ်ရောက်စွဲလမ်းခြင်းမရှိ။ ဖြစ်ခဲ့သော် ဆင်းရဲသားဖြစ်၍၊ ချုပ်ခဲ့သော် ချုပ်၏ဟု ယုံမှားမှုမရှိ။ ဤအရာ၌ ထိုပုဂ္ဂိုလ်သည် သူတစ်ပါးကို ယုံကြည်၍ မဟုတ်ဘဲ မိမိကိုယ်တိုင် သိခြင်းသာ ဖြစ်၏။ ဤသည်မှာ မှန်သောအမြင် 'သမ္မာဒိဋ္ဌိ' ဖြစ်၏။

"ကစ္စာန၊ ငါဘုရားသည် အလုံးစုံသည် ရှိ၏ဟူ၍လည်းကောင်း၊ အလုံးစုံ သည် မရှိဟူ၍လည်းကောင်း ဤနှစ်ပါးသော အစွန်းတို့ကို မကပ်ရောက်ဘဲ အလယ်အလတ်ဖြစ်သော တရားကို ဟော၏။ အဝိဇ္ဇာကြောင့် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု ဟောတော်မူ၏"

**(သံယုတ္တနိကာယ်၊ နိဒါနသံယုတ်၊ အာဟာရဝဂ်၊ ကစ္စာနဂေါတ္တသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၇။ ဝိညာဉ်နာမ်ရုပ်စသည်တို့၏ သဘောလက္ခဏာ

"အာနန္ဒာ၊ သိခြင်း ဝိညာဉ်သည် အမိဝမ်း၌ မသက်ရောက်ခဲ့မူ နာမ်ရုပ်သည် အမိဝမ်း၌ တစ်ပေါင်းတည်း ဖြစ်နိုင်ပါဦးမည်လော"ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။ "မဖြစ်နိုင်ပါ အရှင်ဘုရား"ဟု အာနန္ဒာက လျှောက်၏။

"အာနန္ဒာ၊ ဝိညာဉ်သည် အမိဝမ်း၌ သက်ရောက်ခဲ့ပြီး ချုပ်သွားခဲ့သော် နာမ်ရုပ်သည် ဤခန္ဓာကိုယ် ဖြစ်လာနိုင်ပါဦးမည်လော"

"မဖြစ်လာနိုင်ပါ အရှင်ဘုရား"

"သူငယ်၊ သူငယ်မတစ်ယောက်၌ ဝိညာဉ်သည် ငယ်စဉ်က ချုပ်သွားခဲ့ပါမူ နာမ်ရုပ်သည် ကြီးပွားစည်ပင်ပြန့်ပွားခြင်းသို့ ရောက်နိုင်ပါဦးမည်လော"

"မရောက်နိုင်ပါ အရှင်ဘုရား"

"အာနန္ဒာ၊ ထို့ကြောင့် ဤဝိညာဉ်သာလျှင် နာမ်ရုပ်၏ အခြေခံအကြောင်းရင်း အထောက်အပံ့ဖြစ်၏။ အာနန္ဒာ၊ ထို့အတူ ဝိညာဉ်သည် နာမ်ရုပ်၌မှီရာကို မရပါက နောင်အခါ၌ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းတို့နှင့်တကွ ဆင်းရဲအပေါင်းသည် ထင်ရှားနိုင်ပါဦးမည်လော"

"မထင်ရှားနိုင်ပါ အရှင်ဘုရား"

"အာနန္ဒာ၊ ထို့ကြောင့် နာမ်ရုပ်သည်သာလျှင် ဝိညာဉ်၏ အခြေခံအကြောင်း အထောက်အပံ့ဖြစ်၏"

"အာနန္ဒာ၊ ဤသို့ အချင်းချင်း ကျေးဇူးပြုသော ဝိညာဉ်နှင့် နာမ်ရုပ်မှဖြင့် သတ္တဝါသည် ဖြစ်ပေါ်လာရ၏။ အိုရ၊ သေရပြီး အဖန်ဖန်စုတေ၍ အဖန်ဖန်ဖြစ်ရ၏။"

**(ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာနိဒါနသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ဝိညာဉ်တည်သည်ရှိသော ရုပ်သို့ ကပ်ရောက်၍မူလည်း တည်ရာ၏။ ရုပ်လျှင် အာရုံရှိသော၊ ရုပ်လျှင် တည်ရာရှိသော ဝိညာဉ်သည် နှစ်သက်မှု တဏှာဖြင့် သွန်းလောင်းအပ်သည်ဖြစ်၍ ကြီးပွားစည်ပင် ပြန့်ပြော၏။ ဝိညာဉ်သည် သင်္ခါရသို့ ကပ်ရောက်မူ၍လည်း တည်ရာ၏။ သင်္ခါရလျှင် အာရုံရှိ၍၊ သင်္ခါရလျှင် တည်ရာရှိသော ဝိညာဉ်သည် တဏှာဖြင့် သွန်းလောင်းအပ်သည်ဖြစ်၍ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့၊ ရုပ်၊ သို့မဟုတ် ဝေဒနာ၊ သို့မဟုတ် သညာ၊ သို့မဟုတ် သင်္ခါရတို့နှင့်ကင်း၍ ဝိညာဉ်သည် သွားခြင်း၊ သေခြင်း၊ ဖြစ်ခြင်း၊ ကြီးပွားစည်ပင်ခြင်း မဖြစ်နိုင်ချေ"

**(သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်၊ ဥပယဝဂ်၊ ဥပယသုတ်)**

ဓမ္မဒိန္နာထေရီ။ ။"ဒါယကာ ဝိသာခါ၊ သင်္ခါရတို့သည် ကိုယ်ဖြင့် ပြုစီရင်မှု–ကာယသင်္ခါရ၊ နှုတ်ဖြင့်ပြုစီရင်မှု–ဝစီသင်္ခါရနှင့် စိတ်ဖြင့်ပြုစီရင်မှု–စိတ္တသင်္ခါရဟူ၍ သုံးပါးရှိ၏။ ထွက်သက်ဝင်သက်တို့သည် ကာယသင်္ခါရ မည်၏။ ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရမည်၏။ သညာဝေဒနာတို့သည် စိတ္တသင်္ခါရမည်၏။ ထွက်သက်ဝင်သက် တရားတို့သည် ကိုယ်၌ဖြစ်၍ ကိုယ်နှင့် စပ်ရာကုန်၏။ ထို့ကြောင့် ကာယသင်္ခါရ မည်၏။ ရှေးဦးကပင် ကြံစည် စဉ်းစား၍ နောက်မှ စကားကိုမြွက်ဆို၏။ ထို့ကြောင့် ဝိတက်ဝိစာရတို့သည် ဝစီသင်္ခါရ မည်၏။ သညာဝေဒနာ တရားတို့သည် စိတ်၌ဖြစ်၍ စိတ်နှင့် စပ်ကုန်၏။ ထို့ကြောင့် စိတ္တသင်္ခါရ မည်၏။

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ စူဠယမကဝဂ်၊ စူဠဝေဒလ္လသုတ်)**

"အာနန္ဒာ၊ အကြင် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ(စိတ်ဖြင့် ပြုစီရင်မှု)တို့ကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏။ ထိုသင်္ခါရ သုံးမျိုးကို ကိုယ်တိုင်မူလည်း ပြုစီရင်၏။ သူတစ်ပါးတို့မူလည်း ပြုစီရင်ကုန်၏။ ထိုသင်္ခါရသုံးမျိုးကို ကောင်းစွာ သိသည်ဖြစ်၍မူလည်း ပြုစီရင်၏။ မသိမူလည်း ပြုစီရင်၏။

**(သံယုတ္တနိကာယ်၊ နိဒါနသံယုတ်၊ ဒသဗလဝဂ်၊ ဘူမိဇသုတ်)**

အရှင်သာရိပုတ္တရာ။ ။"ငါ့ရှင် ကောဋ္ဌိက၊ အပြားအားဖြင့် သိမှု 'ပညာ'၊ အထူးသိမှု 'ဝိညာဉ်' ဤတရားတို့သည် ရောနှောကြကုန်၏။ ယင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ကို အသီးသီးပြု၍ ခြားနားချက်ကို ပညတ်ရန် မဖြစ်နိုင်ချေ။ အပြားအားဖြင့် သိသောအရာကိုပင် အထူးသိ၏။ အထူးသိသော အရာကိုပင် အပြားအားဖြင့် သိ၏။

ဝေဒနာ၊ သညာနှင့် ဝိညာဉ် ဤတရားတို့သည်လည်း ရောနှောကုန်၏။ အာရုံကိုပင် ခံစား၏။ ခံစားသော အာရုံကိုပင် မှတ်သား၏။ မှတ်သားသော အာရုံကိုပင် အထူးသိတတ်၏။ ထို့ကြောင့် ယင်းတို့ကို အသီးသီးပြု၍ ခြားနားချက်ကို ပညတ်ရန် မဖြစ်နိုင်ချေ"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ စူဠယမကဝဂ်၊ မဟာဝေဒလ္လသုတ်)**

အရှင်နာဂသေန။ ။"မင်းမြတ်၊ တစ်ပေါင်းတည်းအဖြစ် ရောက်ကုန်သော ဤဖဿစသော တရားတို့ကို ခွဲခြား၍ ဤတရားကား ဖဿတည်း။ ဤတရားကား ဝေဒနာ၊ ဤတရားကားသညာ၊ ဤတရားကား စေတနာ၊ ဤတရားကား ဝိညာဉ်၊ ဤတရားကား ဝိတက်၊ ဤတရားကား ဝိစာရ စသည်ဖြင့် အသီးသီးပြု၍ သိသာထင်ရှားစေခြင်းငှာ မတတ်ကောင်း။ ဥပမာအားဖြင့် နို့ဓမ်း၊ ဆား၊ ချင်း၊ ငရုတ် စသည်တို့ဖြင့် စီရင်ချက်ပြုတ်ထားသော ဟင်းလျာမှ နို့ဓမ်း၏ အရသာ၊ ချင်း၏ အရသာစသည်တို့ကို ခွဲခြား၍ ထုတ်ဆောင်ရန် မတတ်နိုင်သကဲ့သို့ပင် ဖြစ်၏။

**(မိလိန္ဒပဉှာ၊ နိပ္ပာနဝဂ်၊ ဖဿဝိနိဗ္ဘုဇနပဉှာ)**

မိလိန္ဒမင်းသည် "အရှင်ဘုရား၊ အကြင်စက္ခုဒွါရ၌ မနောဝိညာဉ် ဖြစ်နိုင်ပါသလော"ဟု မေးလျှောက်၏။ "မင်းမြတ်၊ အကြင်စက္ခုဒွါရ၌ စက္ခုဝိညာဉ် ဖြစ်၏။ ထို စက္ခုဒွါရ၌ မနောဝိညာဉ်လည်း ဖြစ်နိုင်ပါသည်"ဟု အရှင်နာဂသေနက မိန့်တော်မူ၏။

"အရှင်ဘုရား၊ မည်သည်က ရှေးဦးပထမဖြစ်၍ မည်သည်က နောက်မှ ဖြစ်ပါသနည်း"

"မင်းမြတ်၊ ရှေးဦးစွာ စက္ခုဝိညာဉ်ဖြစ်၍ နောက်မှ မနောဝိညာဉ်ဖြစ်၏"

"အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် မနောဝိညာဉ် ဖြစ်ပေါ်ပါသနည်း"

"မင်းမြတ်၊ ညွတ်ကိုင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဖြစ်ပေါ်ရာ တံခါးဒွါရ၏ အဖြစ်ကြောင့်လည်းကောင်း၊ လေ့လာသည်၏ အဖြစ်ကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အလွန်လေ့ကျက်သည့် အဖြစ်ကြောင့်လည်းကောင်း မနော‌ဝိညာဉ်သည် စက္ခုဒွါရ၌ ဖြစ်၏”

(မိလိန္ဒပဉှာ၊ ဝိစာရဝဂ်၊ စက္ခုဝိညာဏာဒိပဉှာ)

www.burmeseclassic.com

www.burmeseclassic.com

## ၈။ ဘဝသစ် တစ်ဖန်ဖြစ်ခြင်း

"ထိုရဟန်းသည်၊ များပြားသော၊ ရေး၌ဖြစ်ဖူးသော ဘဝများကို အောက်မေ့၏။ ဘဝရာပေါင်းများစွာ တို့ကိုလည်းကောင်း၊ ဘဝထောင်ပေါင်းများစွာ တို့ကိုလည်းကောင်း၊ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်၊ အနွယ်နှင့်တကွ များပြားသော၊ ရှေး၌ဖြစ်ဖူးသော ဘဝများကို အောက်မေ့၏"

**(ဒီဃနိကာယ်၊ သာမညဖလနှင့် အခြားသုတ်များ)**

"ရဟန်းတို့၊ ဤရှည်စွာသော ကာလ၌ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သင်တို့ သောက်စို့အပ်သော အမိနို့ရည်သည်သာ များလှ၏။ မဟာသမုဒ္ဒရာလေးစင်း၏ ရေသည် မများလှပေ"

**(သံယုတ္တနိကာယ်၊ အနမတဂ္ဂသံယုတ်၊ ပဌမဝဂ်၊ ခီရသုတ်)**

"ရဟန်းတို့၊ အကြောင်းသုံးရပ်တို့၏ ပေါင်းဆုံခြင်းကြောင့် ကိုယ်ဝန် တည်ခြင်းသည် ဖြစ်၏။ အမိအဖတို့သည် ပေါင်းဖော်ကုန်၏။ အမိသည် ဥတုမလာ၊ အမိဝမ်းတွင်းသို့ ရောက်ထိုက်သော သတ္တဝါသည်လည်း အဆင်သင့် မရှိသေးပါက ကိုယ်ဝန်မတည်နိုင်။ အမိအဖတို့သည် ပေါင်းဖော်၍ အမိသည် ဥတုလာသော်လည်း အမိဝမ်းတွင်းသို့ ရောက်ထိုက်သော သတ္တဝါ အဆင်သင့် မရှိသေးပါက ကိုယ်ဝန်မတည်နိုင်။ အမိအဖတို့သည် ပေါင်းဖော်ကုန်၏။ အမိသည် ဥတုလာ၏။ အမိဝမ်းတွင်း ရောက်ထိုက်သော သတ္တဝါသည်လည်း အဆင်သင့် ရှိနေ၏။ ဤသို့ အကြောင်းသုံးရပ်တို့၏ ပေါင်းဆုံခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းသည် ဖြစ်၏"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ မဟာယမကဝဂ်၊ မဟာတဏှာ သင်္ခယသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ဥပမာအားဖြင့် မဟာသမုဒ္ဒရာ၌ အပေါက်တစ်ပေါက်သာ ရှိ၍ လေတိုက်ရာသို့ လွင့်မျောနေသော ထမ်းပိုးတစ်ခုသာ ရှိ၏။ အနှစ်တစ်ရာလွန်မှ တစ်ကြိမ်သာလျှင် ပေါ်သောလိပ်ကန်းသည် ထမ်းပိုး၌ လျှင်မြန်စွာလည်ကို စွပ်မိသော်စွပ်မိနိုင်ရာ၏။ တစ်ကြိမ် အပါယ်သို့ကျသောလူမိုက်သည် လူ့ဘဝကိုရရှိရန် အလွန်ခက်ခဲ၏။ အဘယ်ကြောင့်ဆိုသော် အပါယ်ဘုံ၌ ကုသိုလ်ကောင်းမှု ပြုခြင်းသည်မရှိ။ အပါယ်ဘုံသားသည် အချင်းချင်း ခံစားခြင်း၊ အားသေးသောသတ္တဝါကို ခံစားခြင်းသည် ဖြစ်၏"

**(မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ သုညတဝဂ်၊ ဗာလပဏ္ဍိတသုတ်)**

"အာနန္ဒာ၊ ဝိညာဏ်၏ တည်ရာတို့သည် ခုနစ်ပါးရှိ၏။ ယင်းတို့သည်ကား– ၁။ အချို့သောနတ်၊ အချို့သော ဝိနိပါတိက (ဖုတ်၊ တစ္ဆေ၊ သူရဲစသော နာနာဘာဝသတ္တဝါ)နှင့် လူသတ္တဝါ။ ၂။ ပဌမဈာန်ဘုံ၌ဖြစ်သော ဗြဟ္မာ။ ၃။ အာဘဿရာဘုံ၌ဖြစ်သော ဗြဟ္မာ။ ၄။ သုဘကိဏ္ဍာဘုံ၌ဖြစ်သော ဗြဟ္မာ။ ၅။ အာကာသာနဉ္စာယတနဘုံသို့ရောက်သော ဗြဟ္မာ။ ၆။ ဝိညာဏဉ္စာယတနဘုံသို့ရောက်သော ဗြဟ္မာနှင့် ၇။ အာကိဉ္စညာယတနဘုံသို့ရောက်သော ဗြဟ္မာတို့ဖြစ်၏"

**(ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာနိဒါနသုတ်)**

"သူကြွယ်တို့၊ တမလွန်လောကသည် မရှိဟုဆိုသောသူသည် တမလွန်လောကကို သိကုန်သော ရဟန္တာအရှင်တို့အား ဆန့်ကျင်ဘက်ပြု၏။

တမလွန်လောကရှိသည်၊ တမလွန်လောက မရှိဟုဆိုသော အယူနှစ်မျိုးအကြောင်းကို ပညာရှိယောကျာ်းသည် ဤသို့ ဆင်ခြင်၏။ တမလွန်လောကသည် အကယ်၍ မရှိသည်ဖြစ်အံ့။ ဤသို့မရှိခဲ့သော် တမလွန်လောကမရှိဟုအယူရှိသောသူသည် သေပြီးသည်မှနောက်၌ မိမိကိုယ်ကို ချမ်းသာအောင်ပြုလတ္တံ့။ တမလွန်လောကသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ထိုသူသည် သေပြီးမှနောက်၌ ချမ်းသာကင်းသော ငရဲသို့ ရောက်လတ္တံ့။

တမလွန်လောကသည် အကယ်၍ မရှိပါနှင့်ဦး။ ထိုသို့ဖြစ်သော်လည်း ထိုသို့အယူရှိသော မျက်မှောက်ဘဝ၌ပင် သီလမရှိသော၊ မှားသောနတ္ထိကဝါဒရှိသူတည်းဟု ပညာရှိတို့၏ ကဲ့ရဲ့ခြင်းကို ခံရ၏။

တမလွန်လောကသည် အကယ်၍ရှိသည်သာလျှင် ဖြစ်အံ့။ ဤသို့

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့သော် မရှိဟု အယူရှိသောသူသည့် မျက်မှောက်ဘဝ၌ ပညာရှိတို့၏ ကဲ့ရဲ့ ခံရခြင်း၊ သေပြီးနောက် ငရဲသို့ရောက်ရခြင်းအားဖြင့် နှစ်ပါးစုံဆုံးရှုံး၏။ သူ၏ မကောင်းသောအားဖြင့် စွဲယူဆောက်တည်ထားသော၊ ဤကေန်အကျိုးရှိသော တရားသည် တစ်ဖက်သတ်နှံ့၍ တည်၏။ ကုသိုလ်အရာကို ကြဉ်ရှောင်၏။

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဂဟပတိဝဂ်၊ အပဏ္ဏကသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၉။ ဘဝကူးပြောင်းသောပုဂ္ဂိုလ် ဝိညာဉ်မရှိ

တံငါသည်၏သားသည် သာတိမည်သော ရဟန်းအား "ထိုဝိညာဉ်သည် ပင်လျှင် ပြောင်းသွား ကျင်လည်၏။ ဝိညာဉ်မှတစ်ပါး အခြားသော အရာမရှိ" ဟူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရားဟောထားသော တရားကို ငါ သိသည်ဟု ဤသို့သဘောရှိသော၊ ယုတ်ညံ့သောအယူသည် ဖြစ်ပေါ်လာ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားတော်မူသော် ရဟန်းကိုခေါ်၍ "သာတိ၊ သင်ပြောသော ဝိညာဉ်သည် အဘယ်နည်း"ဟု မေးတော်မူ၏။ သာတိရဟန်းက "အရှင်ဘုရား၊ ပြောဆိုတတ်သော၊ သိတတ်သော သဘော၊ ထိုထိုဘဝတို့၌ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးခံစားတတ်သော သဘော ဖြစ်ပါသည်"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျာ်း၊ အဘယ်မည်သောသူအား ငါ ဤသို့ ဟောကြားအပ်သည်ကို သင် သိသနည်း။ ဝိညာဉ်သည် အကြောင်းစွဲ၍ ဖြစ်၏။ အကြောင်းကိုကြည့်၍ ဝိညာဉ်ဖြစ်ခြင်းသည် မရှိဟု များစွာသော အကြောင်းတို့ဖြင့် ငါဟောကြားသည် မဟုတ်လော။ ထိုသို့ ဟောထားပါလျက် သင်သည် မိမိအမှားယူဆခြင်းဖြင့် ငါတို့ကို စွပ်စွဲ၏။ မိမိကိုယ်ကို ဖြိုဖျက်၍ များစွာသော မကောင်းမှုကို ဖြစ်ပွားစေ၏။ ထိုမှားသော အယူကြောင့် သင့်အား ရှည်ကြာစွာ အစီးအပွားမဲ့ခြင်း ဖြစ်လတ္တံ့"ဟု မိန့်တော်မူ၏။

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ မဟာယမကဝဂ်၊ မဟာတဏှာသင်္ခယသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ အကြင်သူသည် ပဋိသန္ဓေအားဖြင့် ဘဝသစ်၌ ဖြစ်ပေါ်၏။ ထိုပဋိသန္ဓေ စွဲနေ ဖြစ်ပေါ်လာသော သူသည် ထိုရှေးဘဝက သူပင် ဖြစ်ပါသလော၊ သို့မဟုတ် အခြားသူ ဖြစ်ပါသလော"

အရှင်နာဂသေန။ ။"ထိုရှေးဘဝက သူလည်း မဟုတ်၊ အခြားသူလည်း မဟုတ်"

မိလိန္ဒ။ ။"အရှင်ဘုရား၊ ဥပမာ ပြတော်မူပါဦးလော့"

အရှင်နာဂသေန။ ။"မင်းမြတ်၊ တစ်ရံရောအခါက သင်သည် ပက်လက်အိပ်တတ်ကာမျှဖြစ်သော ကလေးသူငယ် ဖြစ်ခဲ့၏။ ယခုအခါ ကြီးလာသော သင်သည် ထိုသူငယ်ပင် ဖြစ်လေသလော"

မိလိန္ဒ။ ။"အရှင်ဘုရား၊ ယင်းသို့မဟုတ်ပါ၊ ပက်လက်အိပ်တတ်ကာမျှ ဖြစ်သော ထိုသူငယ်သည် တခြားဖြစ်၍ ယခုအခါ ကြီးလာသော ကျွန်ုပ်သည် တခြားဖြစ်ပါသည်"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ဤသို့ ငယ်သူတခြား၊ ကြီးသူတခြား ဖြစ်ခဲ့သော် အမိဟူ၍လည်း ဖြစ်နိုင်တော့မည်မဟုတ်၊ အဖဟူ၍လည်း၊ အတတ်ပညာတတ်သောသူဟူ၍လည်း၊ မကောင်းမှုပြုသောသူဟူ၍လည်း ဖြစ်နိုင်တော့မည်မဟုတ်။ အသို့နည်း၊ ဘဝအစ ကလလရေကြည်တည်စဉ်က အမိသည် အခြားတစ်ယောက် ဖြစ်လေသလော။ သားတစ်ဖြစ်စဉ်က အမိသည် အခြားတစ်ယောက် ဖြစ်လေသလော။ သူငယ်ဖြစ်စဉ်က အမိသည် တခြားတစ်ယောက် ဖြစ်လေသလော။ ကြီးလာသောအခါ အမိသည် တခြားတစ်ယောက် ဖြစ်လေသလော။ အခြားတစ်ယောက်သည် အတတ်ပညာသင်ယူ၍ အခြားပညာတတ်မြောက်သူ ဖြစ်လေသလော။ အခြားတစ်ယောက်သည် မကောင်းမှုကိုပြု၍ အခြားတစ်ယောက်သည် လက်ခြေ အဖြတ်ခံရလေသလော"

မိလိန္ဒ။ ။"အရှင်ဘုရား၊ ဤသို့ကား မဟုတ်သင့်ပါ။ ဤအတိုင်း သူတစ်ပါးကမေးသော် အရှင်ဘုရားက အဘယ်သို့ ဖြေဆိုပါမည်နည်း"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ငါသည်ပင်လျှင် ပက်လက်အိပ်တတ်ကာမျှ သူငယ်ဖြစ်ခဲ့ပြီးလျှင် ငါသည်ပင် ယခုအခါ ကြီးရင့်၏။ ကျွန်ုပ်ကိုသာလျှင် အမှီပြု၍ ထိုအလုံးစုံသော ငယ်သောအရွယ် စသည်တို့ကို တစ်ပေါင်းတည်း သိမ်းရုံးအပ်ကုန်၏။

မင်းမြတ်၊ ဥပမာအားဖြင့် တစ်စုံတစ်ယောက်သော ယောက်ျားသည် မီးတိုင်ကို ညှိထွန်းရာ၏။ ထိုမီးတိုင်သည် တစ်ညလုံးလုံး ထွန်းတောက်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



အသို့နည်း။ ညဉ့်ဦးယံ၌ အကြင်မီးတောက်မီးလျှံသည် ထိုညဉ့်ဦးယံကရှိသော မီးတောက်မီးလျှံပင်လော။ သန်းခေါင်ယံ၌ အကြင်မီးတောက်မီးလျှံသည် ရှိ၏။ မိုးသောက်ယံ၌ မီးတောက်မီးလျှံသည် သန်းခေါင်ယံကရှိသော မီးတောက်မီးလျှံပင် ဖြစ်သလော"

မိလိန္ဒ။ ။"မဟုတ်ပါ အရှင်ဘုရား"

အရှင်နာဂသေန။ ။"မင်းမြတ်၊ အသို့နည်း။ ညဉ့်ဦးယံ၌ရှိသော ထို မီးလျှံသည် တစ်ပါးတခြား ဖြစ်လေသလော။ သန်းခေါင်ယံ၌ရှိသော မီးလျှံသည် တစ်ပါးတခြား ဖြစ်လေသလော"

မိလိန္ဒ။ ။"အရှင်ဘုရား၊ ထိုသို့မဟုတ်ပါ။ ထိုညဉ့်ဦးယံ၌ရှိသော မီးလျှံကိုသာလျှင် အမှီပြု၍ တစ်ညဉ့်လုံး ထွန်းတောက်ပါသည်"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ဤအတူသာလျှင် တရားအစဉ်အဆက်သည် ရှေ့နောက်ဆက်စပ်၏။ အခြားဥပမာသော်ကား ညှစ်အပ်သော နို့ရည်သည် ကာလခြားသဖြင့် နို့ခန်း ဖြစ်ရာ၏။ နို့ခမ်းမှ ဆီဦး၊ ဆီဦးမှ ထောပတ် ဖြစ်ရာ၏။ ယင်းနို့ရည်သည်ပင် နို့ခမ်း၊ ယင်းနို့ခမ်းသည်ပင် ဆီဦး၊ ယင်း ဆီဦးသည်ပင် ထောပတ်တည်းဟု အကြင်သူသည် ဆိုငြားအံ့။ ထိုသို့ဆိုသော သူသည် မှန်ကန်စွာ ဆိုခြင်းဖြစ်သည်လော"

မိလိန္ဒ။ ။"အရှင်ဘုရား၊ မှန်ကန်စွာ ဆိုခြင်းမဖြစ်နိုင်ပါ။ ထိုနို့ရည်ကိုသာ အမှီပြု၍ နို့ခမ်းစသည် ဖြစ်ရပါသည်"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ဤအတူသာလျှင် တရားအစဉ်အဆက်သည် ရှေ့နောက် ဆက်စပ်၏။ တစ်ပါးတခြားသော တရားသည် ဖြစ်ပေါ်လာ၏။ တစ်ပါးတခြားသော တရားသည် ချုပ်ငြိမ်း၏။ မရှေးမနှောင်း တစ်ပြိုင်နက်ကဲ့သို့ ရှေ့နောက်ဆက်စပ်၏။ ထိုသို့ တစ်ပြိုင်နက်ကဲ့သို့ဖြစ်၍ ချုပ်ပျက်ဆက်စပ်သောကြောင့် ထိုရှေးသူလည်း မဟုတ်၊ ထို ရှေးသူမှတစ်ပါး တခြားကသူလည်းမဟုတ်၊ ရှေးဘဝဖြစ်သော ဝိညာဉ်တရား၌ နောက်ဘဝဖြစ်သော ဝိညာဉ်တရားသည် ပေါင်းရုံးခြင်းသို့ ရောက်၏။"

**(မိလိန္ဒပဉှာ၊ အဒ္ဓါနဝဂ်၊ ဓမ္မသန္တတိပဉှာ)**

www.burmeseclassic.com

www.burmeseclassic.com

# ၁၀။ တမလွန်ဘဝစွဲ မရှိအပ်

"ရဟန်းတို့၊ သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော ပရိဗိုဇ် တို့သည် ငါ့ရှင်တို့၊ သင်တို့သည် ရဟန်းဂေါတမ အထံ၀ယ် နတ်ပြည်၌ဖြစ်ခြင်း အကျိုးငှာ မြတ်သောအကျင့်ကို ကျင့်သုံးသလောဟု အကယ်၍ မေးကုန်ငြားအံ့။ သင်တို့သည် ရှက်နိုးရာကုန်သည် မဟုတ်လော။ စက်ဆုပ်ရာကုန်သည် မဟုတ် လော"

**(အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ရထကာရဝဂ်၊ ဒေ၀လောကသုတ်)**

အရှင်သာရိပုတ္တရာ။ ။"အရှင်ဘုရား၊ အချို့ပုဂ္ဂိုလ်တို့ ပေးလှူအပ်သော အလှူသည် အကျိုးအာနိသင် ကြီးမားခြင်းမရှိဘဲ အချို့ပုဂ္ဂိုလ်တို့ ပေးလှူအပ်သော အလှူသည် အကျိုးအာနိသင် ကြီးမားခြင်း၏ အကြောင်းကား အဘယ်ပါနည်း"

မြတ်စွာဘုရား။ ။"သာရိပုတ္တရာ၊ အချို့ပုဂ္ဂိုလ်တို့သည် ငဲ့ကွက်သော စိတ်၊ နှောင်ဖွဲ့သော စိတ်ရှိသည်ဖြစ်၍ အလှူ၏အကျိုး တမလွန်ဘဝ၌ ခံစား ရလိမ့်မည်ဟု ယုံကြည်ပြီးလျှင် အလှူပေး၏။ သူတို့သည် သေပြီးသည်မှနောက်၌ စတုမဟာရာဇ် နတ်ပြည်သို့ ရောက်ကြ၏။ ထိုနတ်ပြည်မှတစ်ဖန် ဤလူ့ဘုံ သို့ရောက်လျက် အောက်ဘုံသို့ဆင်းကြရ၏။

အချို့ပုဂ္ဂိုလ်တို့သည်ကား မငဲ့ကွက်သောစိတ်၊ နှောင်မဖွဲ့သောစိတ်ရှိ၍ တမလွန်ဘဝ၌ အကျိုးခံစားရလိမ့်မည်ဟု ပေးလှူသည်မဟုတ်၊ (သမထ ဝိပဿနာ) စိတ်၏တန်ဆာ၊ စိတ်၏ အခြံအရံဖြစ်စေရန် အလို့ငှာ အလှူကို ပေးလှူ၏။ ထိုသူသည် သေပြီးနောက်၌ ဗြဟ္မာ့ပြည်သို့ရောက်၍ ဤကာမဘုံသို့ ပြန်မလာတော့ဘဲ ဈာန်အနာဂါမ်ပုဂ္ဂိုလ် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကား အလှူပေးရာ၌ အကျိုးအာနိသင် ကြီးမားခြင်း၊ မကြီးမား ခြင်း၏ အကြောင်းပင်တည်း။"

**(အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ မဟာယညဝဂ်၊ ဒါနမဟပ္ဖလသုတ်)**

"ရဟန်းတို့၊ လောက၌ အရိယာသူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိ၊ အရိယာ သူတော်ကောင်းတရား၌ မလိမ္မာသော၊ အကြားအမြင်မရှိသော ပုထုဇဉ် သည် နှလုံးမသွင်းသင့်သော တရားကို နှလုံးသွင်း၍ မဖြစ်သေးသော အာသဝ တို့ ဖြစ်ကုန်၏။ ဖြစ်ပြီးသော အာသဝတို့လည်း တိုးပွားကုန်၏။

သူသည် ဤသို့ မသင့်သောအကြောင်းအားဖြင့် နှလုံးသွင်း၏။

"ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့လေသလော၊ မဖြစ်ခဲ့ဘူးသလော။ အဘယ်သူ ဖြစ်ခဲ့သနည်း။ အဘယ်သို့ ဖြစ်ခဲ့ဖူးသနည်း။"

"ငါသည် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော၊ မဖြစ်လတ္တံ့လော။ အဘယ်သူ ဖြစ်လတ္တံ့နည်း။ အဘယ်သို့ ဖြစ်လတ္တံ့နည်း။"

"ယခု ပစ္စုပ္ပန်ကာလ၌လည်း ငါဖြစ်သလော၊ ငါမဖြစ်သလော။ ငါသည် အဘယ်မှလာသနည်း။ အဘယ်သို့ သွားလတ္တံ့နည်း။"

ဤသို့ သို့လောသို့လော တွေးတော ယုံမှားသောသူအား အတ္တဒိဋ္ဌိ ခြောက်ပါးတို့တွင် တစ်ပါးပါးသော ဒိဋ္ဌိသည် ဖြစ်၏"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ မူလပရိယာယဝဂ်၊ သဗ္ဗာသဝသုတ်)**

"ပေါဋ္ဌပါဒ၊ သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိ၏ဟူ၍လည်း ကောင်း၊ သတ္တဝါသည် သေပြီးသည့်နောက်၌ မရှိဟူ၍လည်းကောင်း၊ သတ္တဝါ သည် သေပြီးသည့်နောက် ရှိလည်းရှိ၊ မရှိလည်း မရှိဟူ၍လည်းကောင်း၊ သတ္တဝါ သည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟူ၍ လည်းကောင်း ဤတရားများကို ငါမဟောကြား။ အဘယ်ကြောင့်ဆိုသော် ထို တရားတို့သည် အကျိုးစီးပွားနှင့် မစပ်ကုန်။ အကျင့်မြတ်၏ အစပင် မဟုတ်ကုန်။ တပ်မက်ခြင်းကင်းရန်အလို့ငှာ မဖြစ်ကုန်။ ကိလေသာငြိမ်းရန်အလို့ငှာ မဖြစ်ကုန်။ သစ္စာလေးပါး သိရန်အလို့ငှာ မဖြစ်ကုန်။ ထို့ကြောင့် ထိုတရားတို့သည် ဧကန် နိဗ္ဗာန်ရောက်ကြောင်း တရားများမဟုတ်သော တရားများဖြစ်၏"

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ပေါဋ္ဌပါဒသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါတရားများနှင့် ပတ်သက်၍ အဘယ်ကြောင့် မြတ်စွာဘုရားက တစ်စုံတစ်ရာ မဟောကြားပါသနည်းဟု ဝစ္ဆဂေါတ္တပရိဗိုဇ်က မေးလျှောက်၏။ မြတ်စွာဘုရားက အယူတစ်မျိုးရှိသော ပရိဗိုဇ်တို့သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ်ကို အတ္တဟူ၍ ရှုကြကုန်၏။ ထို့ကြောင့် ထိုသူတို့သည်၊ သတ္တဝါသည် သေပြီးသည့်နောက်၌ ဖြစ်သည်၊ သို့မဟုတ်မဖြစ် စသည်ဖြင့် ဖြေဆိုကြခြင်း ဖြစ်၏။ မြတ်စွာဘုရားသည်ကား ရုပ် အစရှိသည့်တို့ကို အတ္တဟူ၍ မရှုသောကြောင့် မည်သို့မျှ မဖြေဆိုခြင်းဖြစ်သည်ဟု ဟောတော်မူ၏။

**(သံယုတ္တနိကာယ်၊ အဗျာကတသံယုတ်၊ ဝစ္ဆဂေါတ္တသုတ်)**

အရှင်မဟာကောဋ္ဌိကက အရှင်သာရိပုတ္တရာအား "မြတ်စွာဘုရားသည် အထက်ပါတရားများကို အဘယ့်ကြောင့် မဟောကြားပါသနည်း"ဟု မေး၏။

အရှင်သာရိပုတ္တရာက ရုပ်၊ ဝေဒနာ စသည်တို့၏ ဖြစ်ခြင်းချုပ်ခြင်း အကြောင်းကို ဟုတ်မှန်သည့်အတိုင်း မသိမမြင်သောသူ၊ ရုပ်၊ ဝေဒနာ စသည်တို့ကို တပ်မက်သူ၊ ယင်းတို့၌ မွေ့လျော်သောသူသည် သေပြီးသည့်နောက်၌ ဖြစ်သည်ဟူ၍လည်းကောင်း၊ မဖြစ်ဟူ၍လည်းကောင်း စသည်ဖြင့် အယူတစ်မျိုးမျိုးကို လက်ခံထား၏။ ထိုရုပ်ဝေဒနာ စသည်တို့အကြောင်းကို ဟုတ်မှန်သည့် အတိုင်း သိမြင်သောသူ၊ ယင်းတို့ကို တပ်မက်မှုမရှိသူ၊ မွေ့လျော်မှုမရှိသူသည် ကား မည်သည့်အယူမျှ လက်ခံထားခြင်းမရှိ။ ထို့ကြောင့် မြတ်စွာဘုရားက ဟောတော်မမူခြင်း ဖြစ်သည်ဟု ဖြေတော်မူ၏။

**(သံယုတ္တနိကာယ်၊ အဗျာကသံယုတ်၊ တတိယ သာရိပုတ္တကောဋ္ဌိကသုတ်နှင့် စတုတ္ထ သာရိပုတ္တကောဋ္ဌိကသုတ်)**

"ဂေါတမ၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်စသော တရားအားလုံးကို အနိစ္စစသော အပြားအားဖြင့် သင် သိ၏။ လောက၌ ထိုတရားအားလုံးကို ကပ်ငြိတတ်သော တရားဟုသိ၍ ဘဝကြီးငယ်၌ဖြစ်ခြင်း၌ တပ်မက်တွယ်တာမှု တဏှာကို မပြုလေလင့်"

**(သုတ္တနိပါတ်၊ ပါရာယနဝဂ်၊ ဂေါတကမာဏဝပုစ္ဆာ)**

"ပိင်္ဂိယ၊ တဏှာသည် နှိပ်စက်ဖျက်ဆီးအပ်ကုန်သော သတ္တဝါတို့ကို သင် မြင်တွေ့နေရ၏။ ထို့ကြောင့် မမေ့လျော့မူ၍ ဘဝသစ်၌ တစ်ဖန်မဖြစ် ခြင်းငှာ တဏှာကို စွန့်ပယ်လေလော့"

**(သုတ္တနိပါတ်၊ ပါရာယနဝဂ်၊ ပိင်္ဂိယမာဏဝပုစ္ဆာ)**

www.burmeseclassic.com

www.burmeseclassic.com



"အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ။ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ။ အနာဂတ်ခန္ဓာသည်လည်း မရောက်လာသေးချေ။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏသာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း၊ ပျက်စီးခြင်းမရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန်ပွားများရာ၏။

အဘယ်သူသည် နက်ဖြန်၌ သေရမည်ကို သိနိုင်အံ့နည်း။ ယနေ့ကပင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်သင့်၏။ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။"

ဤသို့ နေလေ့ရှိ၍ နေ့ညဥ့်ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စစ် ကောင်းသော ညဥ့်တစ်ညဥ့်ရှိသော ရဟန်းဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

**(မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ ဝိဘင်္ဂဝဂ်၊ ဘဒ္ဒေကရတ္တသုတ်)**

*[ဤတရားမှာ အလွန်အရေးကြီး၍ မဇ္ဈိမနိကာယ်၌ သုတ်လေးခုတွင် ထပ်တလဲလဲ ဖော်ပြထားသည်။]*

www.burmeseclassic.com

www.burmeseclassic.com

# ကံ, ကံ၏ အကျိုးတရား

## ၁၁။ ခံစားမှုအားလုံးသည် ရှေးကံကြောင့်မဟုတ်

မောဠိယသီဝကပရိဗိုဇ်။ ။"အရှင်ဂေါတမ၊ ပုဂ္ဂိုလ်သတ္တဝါသည် တစ်စုံတစ်ခုသော သုခကိုဖြစ်စေ၊ ဒုက္ခကိုဖြစ်စေ၊ ဥပေက္ခာကိုဖြစ်စေ ခံစား၏။ ထိုခံစားမှု အားလုံးသည် ရှေးကံအကြောင်းကြောင့်ဖြစ်သည်ဟု အချို့သော သမဏဗြာဟ္မဏတို့က အယူရှိကြပါသည်။ ဤအရာ၌ အရှင်ဂေါတမသည် အဘယ်သို့ဆိုပါသနည်း"

မြတ်စွာဘုရား။ ။"သီဝက၊ ဤလောက၌ အချို့သော ဝေဒနာတို့သည် သည်းခြေလျှင်ဖြစ်ကြောင်း ရှိ၏။ အချို့ဝေဒနာများသည် သလိပ်လျှင်ဖြစ်ကြောင်းရှိ၏။ အချို့ဝေဒနာများသည် လေလျှင်ဖြစ်ကြောင်းရှိ၏။ အချို့ဝေဒနာများသည် သည်းခြေ၊ သလိပ်၊ လေ, သုံးပါးပေါင်းဆုံခြင်းကြောင့် ဖြစ်ကုန်၏။ အချို့ဝေဒနာများသည် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်ကုန်၏။ အချို့ဝေဒနာများသည် မညီမညွတ် ဆောင်ရွက်ခြင်းကြောင့်[၁] ဖြစ်ကုန်၏။ အချို့ဝေဒနာများသည် သူတစ်ပါးတို့၏ ပယောဂကြောင့် ဖြစ်ကုန်၏။ အချို့ဝေဒနာများသည်ကား ကံ၏အကျိုးကြောင့် ဖြစ်ကုန်၏။

သီဝက၊ လောက၌ ဤအကြောင်းတရားများကြောင့် ဝေဒနာတို့ဖြစ်ခြင်းကို ကိုယ်တိုင်သိအပ်၏။ လူတို့(လောက)ကလည်း ထိုအချက်ကို အသိ

---

၁။ သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်(ဆဋ္ဌမူ)၌ ထိုသို့ပြန်ဆို၍ မိလိန္ဒပဉှာ မြန်မာပြန် (ဆဋ္ဌမူ)၌ မသင့်သော အစာအာဟာရဟု ပြန်ဆိုထား၏။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပြုထား၏။ သို့ဖြစ်၍ ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ ခံစားမှုအားလုံးသည် ရှေးကံကြောင့်သာ ဖြစ်သည်ဟုဆိုသော သမဏဗြာဟ္မဏတို့သည် ကိုယ်တိုင်သိအပ်သည်ကို ဆန့်ကျင်၍ လောကလူတို့ အသိအမှတ်ပြုထားသော အမှန်တရားကိုလည်း ဆန့်ကျင်၏။ ထိုသို့ဖြစ်သောကြောင့် သူတို့၏စကားကို အမှားဟု ငါဆို၏။”

(သံယုတ္တနိကာယ်၊ ဝေဒနာသံယုတ်၊ အဋ္ဌသကပရိယာယဝဂ်၊ သီဝကသုတ်)

www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ အခြေအနေအရ ကံအကျိုးပေးပုံ မတူခြင်း

"ရဟန်းတို့၊ ဤသတ္တဝါသည် ကံကိုပြုသော အခြင်းအရာအားဖြင့် ထိုကံ၏အကျိုးကို ခံစားရ၏ဟူသောစကားသည် မှန်ပါက မြတ်သောအကျင့်ကို ကျင့်သုံးရန် ဖြစ်တော့မည်မဟုတ်။ ကောင်းစွာဝဋ်ဆင်းရဲ၏ အဆုံးကိုပြုရန် အခွင့်ရှိတော့မည် မဟုတ်ချေ။

ဤသတ္တဝါသည် ခံစားအပ်သော၊ ကံကိုပြုသော အခြင်းအရာအားဖြင့် ထိုကံ၏အကျိုးကို ခံစားရ၏ဟူသောစကား မှန်ကန်ပါမူကား မြတ်သော အကျင့်ကို ကျင့်သုံးရန်ဖြစ်နိုင်၍ ကောင်းစွာဝဋ်ဆင်းရဲ၏ အဆုံးကိုပြုရန် အခွင့်ရှိနိုင်၏။ ရဟန်းတို့၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ပြုအပ်သော၊ အနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသူပုဂ္ဂိုလ်ကို ငရဲသို့ဆောင်၏။ အချို့သောပုဂ္ဂိုလ်သည် ပြုအပ်သော၊ မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်မျှသော မကောင်းမှုကံသည်ကား ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးလည်းမထင်၊ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါအံ့နည်း။

ရဟန်းတို့၊ ဥပမာအားဖြင့် ဆားခွက်ကို ရေနည်းသောခွက်၌ ထည့်ပါက ထိုအနည်းငယ်သောရေသည် သောက်၍မရအပ်သော ဆားငန်ရေ ဖြစ်လာရာ၏။ ထိုဆားခွက်ကိုပင် ဂင်္ဂါမြစ်၌ထည့်ပါက ရေထုများပြားသောကြောင့် ထိုရေထုသည် သောက်၍ မရအပ်သော ဆားငန်ရေ ဖြစ်မလာနိုင်ချေ။

ရဟန်းတို့၊ အခြားဥပမာအားဖြင့် လောက၌ အချို့လူများသည် အသပြာဝက်ဖြင့်သော်လည်းကောင်း၊ အသပြာတစ်ရာဖြင့်သော်လည်းကောင်း အချုပ်အနှောင်ခံကြရ၏။ ထိုသူတို့သည် ဆင်းရဲ၍ ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင် အသုံးအဆောင်နည်း၏။ အချို့သူများမှာကား အသပြာဝက်ဖြင့်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အသပြာတစ်ရာဖြင့်သော်လည်းကောင်း အချုပ်အနှောင် မခံကြရချေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့မှာ ချမ်းသာကြွယ်ဝ၍ ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင် အသုံးအဆောင် များစွာရှိ၏။

ရဟန်းတို့၊ အခြားဥပမာအားဖြင့် လောကဌ် အချို့သော ဆိတ်ပိုင်ရှင်တို့သည် အချို့သော ဆိတ်သူခိုးတို့ကို သတ်ရန်သော်လည်းကောင်း၊ ချုပ်နှောင်ရန်သော်လည်းကောင်း၊ ဥစ္စာဆုံးရှုံးစေရန်သော်လည်းကောင်း တတ်စွမ်းနိုင်၏။ အဘယ်ကြောင့်ဆိုသော် ထိုဆိတ်သူခိုးတို့သည် ဆင်းရဲ၍ ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင် အသုံးအဆောင် နည်း၏။ အချို့သော ဆိတ်သူခိုးတို့ကိုကား သတ်ရန်သော်လည်းကောင်း၊ ချုပ်နှောင်ရန်သော်လည်းကောင်း၊ ဥစ္စာဆုံးရှုံးစေရန်သော်လည်းကောင်း မတတ်စွမ်းနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုဆိတ်သူခိုးတို့သည် ချမ်းသာကြွယ်ဝ၍ များသောဥစ္စာ၊ များသောအသုံးအဆောင် ရှိ၏။ စင်စစ် ထိုဆိတ်သူခိုးသည် မင်းသော်လည်းကောင်း၊ အမတ်ကြီးသော်လည်းကောင်း ဖြစ်၍ ဆိတ်ပိုင်ရှင်သည် ဆိတ်ကိုဖြစ်စေ၊ ဆိတ်၏တန်ဖိုးကိုဖြစ်စေ ပြန်လည်ရရှိရန် ထိုသူကို အသနားခံ တောင်းပန်ရ၏။

ရဟန်းတို့၊ ထို့အတူသာလျှင် အချို့သောပုဂ္ဂိုလ်သည် ပြုအပ်သော၊ အနည်းငယ်မျှသော မကောင်းမှုကံသည် ထိုပြုသောသူကို ငရဲသို့ဆောင်၏။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်သည် ကာယဘာဝနာကို မပွားများ၊ သီလကို မပွားများ၊ စိတ်ကို မပွားများ၊ ပညာကိုလည်း မပွားများ ဂုဏ်အားဖြင့် ငယ်၏။ ဂုဏ်ငယ်သောအားဖြင့် ခန္ဓာကိုယ်လည်း ငယ်၏။ အနည်းငယ်မျှသော မကောင်းမှုဖြင့် ဆင်းရဲစွာနေရ၏။ အချို့သော ပုဂ္ဂိုလ်သည် ပြုအပ်သော မျက်မှောက်ဘဝဌ် ခံစားအပ်သော၊ အနည်းငယ်မျှသော မကောင်းမှုကံသည်ကား ဒုတိယဘဝဌ် အနည်းငယ်မျှသော အကျိုးသည်ပင် မထင်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်သည် ကာယဘာဝနာကို ပွားများ၏။ သီလကို ပွားများ၏။ ပညာကိုလည်း ပွားများ၏။ ဂုဏ်အားဖြင့် မငယ်၊ ဂုဏ်ကြီးသောအားဖြင့် ခန္ဓာကိုယ်ကြီး၏။ နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂ စသည်တို့ မရှိသဖြင့် နေရ၏။ ဤသို့သဘောရှိသော ပုဂ္ဂိုလ်အဖို့ မျက်မှောက်ဘဝဌ် ခံစားအပ်သော၊ အနည်းငယ်မျှသော မကောင်းမှုကံသည် ဒုတိယဘဝဌ် အနည်းငယ်မျှသော အကျိုးသည် မထင်။ များစွာသော အကျိုးသည်ကား အဘယ်မှာ ထင်ပါတော့အံ့နည်း။"

**(အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ လောဏကပလ္လဝဂ်၊ လောဏကပဏ္ဏသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ ကံနှင့် ကံ၏အကျိုးကို မစွဲလမ်းအပ်

အရှင်မဟာကောဋ္ဌိက။ ။"ငါ့ရှင်သာရိပုတ္တရာ၊ မျက်မှောက်ဘဝ၌ ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေဟူသော အကျိုးငှာ မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေသလော"

အရှင်သာရိပုတ္တရာ။ ။"ငါ့ရှင်၊ ဤသို့ ကျင့်သုံးသည် မဟုတ်ပါ"

အရှင်မဟာကောဋ္ဌိက။ ။"ငါ့ရှင်၊ ထိုသို့မဟုတ်လျှင် တမလွန်ဘဝ၌ ခံစားရမည့် အကျိုးရှိသောကံသည် ငါ့အား မျက်မှောက်ဘဝ၌ ခံစားရမည့် အကျိုးရှိသောကံ ဖြစ်ပါစေဟူသောအကျိုးငှာ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေသလော"

အရှင်သာရိပုတ္တရာ။ ။"ငါ့ရှင်၊ ဤသို့လည်း ကျင့်သုံးသည်မဟုတ်"

အရှင်မဟာကောဋ္ဌိက။ ။"ငါ့ရှင်၊ ထိုသို့မဟုတ်လျှင် အဘယ်အကျိုးငှာ မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေပါသနည်း"

အရှင်သာရိပုတ္တရာ။ ။"ငါ့ရှင်၊ ဤကား ဒုက္ခတည်း။ ဤကား ဒုက္ခဖြစ်ကြောင်းတည်း။ ဤကား ဒုက္ခချုပ်ရာတည်း။ ဤကား ဒုက္ခချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်းဟူသော ထိုးထွင်း၍ မသိမမြင်ရသေး၊ မျက်မှောက်မပြုရသေးသော တရားကို ထိုးထွင်းသိမြင်ရန်၊ မျက်မှောက်ပြုနိုင်ရန် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေပါ၏"

**(အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ သီဟနာဒဝဂ်၊ ကောဋ္ဌိကသုတ်)**

တစ်ခါသော် နိဂဏ္ဌာ၏ တပည့်ဖြစ်သော အသိဗန္ဓကပုတ္တ၏သား ရွာသူကြီးသည် မြတ်စွာဘုရားအား ဤသို့လျှောက်၏။ "အရှင်ဘုရား၊ နိဂဏ္ဌာနာဋပုတ္တ

www.burmeseclassic.com

www.burmeseclassic.com



သည် တပည့်တို့အား အသက်ကိုသတ်သူ၊ မပေးသည်ကို ခိုးယူသူ၊ ကာမအရာ၌ မှားယွင်းစွာကျင့်သူနှင့် မမှန်စကားပြောသူ ဟူသမျှသည် အပါယ်ငရဲကျသည်၊ များသော ထိုထိုကံက ဆောင်သွားပါသည်ဟု ပြောပါသည်”ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက “ရွာသူကြီး၊ လူတစ်ဦးတစ်ယောက်သည် အသက်ကို သတ်တတ်၏။ မပေးသည်ကို ခိုးယူတတ်၏။ ကာမအရာ၌ မှား ယွင်းစွာ ကျင့်တတ်၏။ မဟုတ်မမှန် ပြောတတ်၏။ ထိုလူ အသက်သတ်သော အချိန်နှင့် မသတ်သောအချိန်၊ ထိုသူ ခိုးယူသောအချိန်နှင့် မခိုးယူသောအချိန်၊ ကာမအရာ၌ မှားယွင်းစွာ ကျင့်သောအချိန်နှင့် မကျင့်သောအချိန်၊ မဟုတ်မမှန် ပြောသောအချိန်နှင့် မဟုတ်မမှန် မပြောသောအချိန်တို့တွင် မည်သည့်အချိန်က များသနည်း”ဟု မေးတော်မူ၏။

ရွာသူကြီး။ ။“အရှင်ဘုရား၊ အသက်သတ်သောအချိန်၊ သူတစ်ပါး ဥစ္စာကို ခိုးယူသောအချိန်၊ ကာမအရာ၌ မှားယွင်းစွာကျင့်သောအချိန်နှင့် မဟုတ် မမှန် ပြောသောအချိန်များကနည်း၍ မကောင်းမှုများကို မပြုသောအချိန်က များပါသည်”

ထိုအခါ မြတ်စွာဘုရားက ရွာသူကြီး၊ သို့ဖြစ်လျှင် နိဂဏ္ဌနာဋပုတ္တ၏ စကားအရ များသော ထိုထိုကံက ဆောင်သွားခဲ့သော်လည်း တစ်ယောက်မျှ အပါယ်ငရဲကျတော့မည် မဟုတ်ဟု မိန့်တော်မူ၍ အောက်ပါအတိုင်း ဆက်လက် ၍ ဟောကြားတော်မူ၏။

“ရွာသူကြီး၊ ဤလောက၌ အသက်သတ်သူ၊ မပေးသည်ကို ခိုးယူသူ၊ ကာမအရာ၌ ဖောက်ပြန်သူ၊ မဟုတ်မမှန်ပြောသူ ဟူသရွေ့သည် အပါယ်ငရဲ ကျသည်ဟု အချို့သောဆရာတို့သည် ဆိုလေ့ရှိ၏။ ထိုဆရာကို ကြည်ညိုသော တပည့်အား ဤသို့သော အကြံသည် ဖြစ်၏။ အသက်သတ်ခြင်းစသော မကောင်းမှုလေးခုအနက် အမှုတစ်ခုကို ပြုသောသူ ဟူသမျှသည် အပါယ်ငရဲ ကျသည်ဟု ငါ၏ဆရာသည် ဆိုလေ့၊ ယူလေ့ရှိ၏။ ငါသည် ထိုမကောင်းမှု တစ်ခုကို ပြုမိ၏။ ငါသည် အပါယ်ငရဲကျမည့်သူ ဖြစ်သည်ဟု အယူများကို ခံယူ၏။ ထိုတပည့်သည် ထိုစကားကို မပယ်လျှင်၊ ထိုစိတ်ကို မပယ်လျှင်၊ ထိုအယူကို မစွန့်လျှင် ဆောင်ယူခဲ့သော ဝန်ထုပ်ကို ပစ်ချအပ်သကဲ့သို့ ဤအတူ ငရဲ၌ကျရ၏။

ရွာသူကြီး၊ ဤလောက၌ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဆုံးမထိုက်သူတို့ ဆုံးမတတ်သည့် နတ်၊ လူတို့၏ဆရာ မြတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသည် ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် အသက်သတ်ခြင်း၊ မပေးသည်ကို ခိုးယူခြင်း၊ ကာမအရာ၌ မှားယွင်းစွာကျင့်ခြင်းနှင့် မဟုတ်မမှန် ပြောဆိုခြင်းကို ကဲ့ရဲ့တော်မူ၍ ထိုမကောင်းမှုများကို ရှောင်ကြဉ်လော့"ဟု ဟောတော်မူ၏။ ထိုဆရာ၌ အလွန်ကြည်ညိုသော တပည့်သည် ဤသို့ ဆင်ခြင်၏။ "မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် အသက်သတ်ခြင်းစသော မကောင်းမှုများကို ကဲ့ရဲ့တော်မူ၍ ထိုမကောင်းမှုများကို ရှောင်ကြဉ်လော့ဟုလည်း ဟောတော်မူ၏။ ငါသည် ထိုမကောင်းမှုတစ်ခုကို ဤမျှ ဤမျှ ပြုမိ၏။ ထိုမကောင်းမှုကို ဤမျှ ဤမျှ ငါပြုမိခြင်းသည် မကောင်း၊ သို့သော်လည်း ငါသည် ထိုအကြောင်းကြောင့် နှလုံးမသာ ဖြစ်ခဲ့ပါလျှင် ထို မကောင်းမှုကို ငါ့မပြုဟူ၍ ဖြစ်နိုင်လိမ့်မည်မဟုတ်ဟု ထိုသူသည် ဤသို့ ဆင်ခြင်ပြီး ထိုမကောင်းမှုကို စွန့်၏။ နောင်အခါ၌ ထိုမကောင်းမှုကို ရှောင်ကြဉ်၏။ ဤသို့ဖြင့် ထိုမကောင်းမှုမှ လွန်မြောက်၏။"

*(သုတ္တန်ဒေသနာ၌ အသက်သတ်ခြင်း၊ မပေးသည်ကို ခိုးယူခြင်း၊ ကာမအရာ၌ မှားယွင်းစွာကျင့်သုံးခြင်းနှင့် မမှန်စကားပြောခြင်းတို့ကို အထက်ပါစကားအတိုင်း တစ်ခုစီ၊ တစ်ခုစီ ဟောကြားထားသည်။ ဤပိဋကတ် ကောက်နုတ်ချက်၌ ထိုအမှုလေးခုကို မကောင်းမှုဟူ၍ အကျဉ်းပေါင်းရုံး ရေးသားထားပါသည်။)*

**(သံယုတ္တနိကာယ်၊ ဂါမဏိသံယုတ်၊ သင်္ခဓမသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

# ၁၄။ နာမ်ရုပ်ဟောင်း၊ နာမ်ရုပ်သစ်နှင့် ကံ၏အကျိုး

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ အဘယ်တရားသည် ပဋိသန္ဓေနေပါသနည်း"

အရှင်နာဂသေန။ ။"မင်းမြတ်၊ နာမ်ရုပ်သည် ပဋိသန္ဓေနေ၏"

မိလိန္ဒ။ ။"ဤပစ္စုပ္ပန် နာမ်ရုပ်သည်ပင်လျှင် ပဋိသန္ဓေနေသည် မဟုတ်။ စင်စစ် ဤပစ္စုပ္ပန်နာမ်ရုပ်ဖြင့် ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပြုလုပ်၏။ ထို ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် တစ်ပါးသော နာမ်ရုပ်သည် ပဋိသန္ဓေနေ၏"

မိလိန္ဒ။ ။"အရှင်ဘုရား၊ ဤပစ္စုပ္ပန် နာမ်ရုပ်တရားသည်သာ အကယ်၍ ပဋိသန္ဓေ မနေသည်ဖြစ်အံ့၊ ထိုသူသည် ယုတ်ညံ့ကုန်သော အကုသိုလ်ကံတို့မှ လွတ်ရမည် မဟုတ်ပါလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ထိုသူသည် အကယ်၍ ပဋိသန္ဓေ မနေရခဲ့မူ အကုသိုလ်ကံတို့မှ လွတ်မြောက်သည် ဖြစ်ရာ၏။ စင်စစ်သော်ကား ထိုသူသည် ပဋိသန္ဓေ နေရသေးသောကြောင့် အကုသိုလ်ကံတို့မှ မလွတ်နိုင်ချေ။

ဥပမာအားဖြင့် လူတစ်ဦးသည် အခြားလူတစ်ဦး၏ သရက်ခြံမှ သရက်သီးကို ခိုး၏။ သရက်သီးအရှင်သည် ထိုသရက်သီး ခိုးသူကိုဖမ်း၍ မင်းအား ပြရ၏။ သရက်သီးခိုးသူက 'မင်းကြီး၊ ကျွန်ုပ်သည် ဤသူ၏ သရက်သီးကို မခိုးယူပါ။ ဤသူ စိုက်ပျိုးခဲ့သော သရက်သီးသည် အခြားတစ်ပါးဖြစ်၍ ကျွန်ုပ် ခိုးသော သရက်သီးတို့သည် အခြားတစ်ပါး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ် အား အပြစ်ဒဏ် မရောက်သင့်ပါ'ဟု ပြောဆိုရာ၏။ အဘယ်နည်း၊ ထိုခိုးသော သူသည် အပြစ်ရောက်ရာသလော"

www.burmeseclassic.com

www.burmeseclassic.com



မိလိန္ဒ။ ။"အရှင်ဘုရား၊ အပြစ်ဒဏ် ရောက်ရပါ၏။ အဘယ်ကြောင့် ဆိုသော် ထိုသူသည် မူလစိုက်ပျိုးရင်း သရက်သီးနှင့် ဆက်စပ်နေသော သရက်ပင်မှ သရက်သီးကိုခိုးသောကြောင့် ဖြစ်ပါ၏"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ဤအတူသာလျှင် ဤပစ္စုပ္ပန် နာမ်ရုပ်ဖြင့် ကုသိုလ်ကံ၊ အကုသိုလ်ကံကိုပြု၏။ ထိုကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် ပဋိသန္ဓေနေသော အခြားနာမ်ရုပ်သည် အကုသိုလ်ကံတို့မှ မလွတ်နိုင်ချေ။

အခြားဥပမာအားဖြင့်လည်း လူတစ်ဦးသည် မီးလှုံပြီးလျှင် မီးကို မငြိမ်းသတ်ဘဲ ဖဲသွား၏။ ထိုမီးသည် အခြားလူတစ်ဦး၏ လယ်ကို လောင်၏။ လယ်ရှင်သည် မီးလှုံသောလူကိုဖမ်း၍ မင်းအားပြ၏။ မီးလှုံသောသူက ကျွန်ုပ်သည် အပြစ်ဒဏ် မခံသင့်ပါ။ ဤသူ၏လယ်ကို လောင်သောမီးသည် တခြား၊ ကျွန်ုပ် မငြိမ်းသတ်ခဲ့မိသော မီးသည် တခြားဖြစ်ပါသည်ဟု ဆို၏။ အသို့နည်း။ ထိုမီးလှုံသောသူသည် အပြစ်ဒဏ်ခံရမည်လော"

မိလိန္ဒ။ ။"အရှင်ဘုရား၊ အပြစ်ဒဏ် ခံရပါမည်။ အဘယ်ကြောင့် ဆိုသော် ရှေးလှုံသောမီးကို မပယ်စွန့်သောကြောင့် နောက်လောင်သောမီးအတွက် တာဝန်ရှိပါသည်"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ထို့အတူပင် သေသည်၏အဆုံး၌ ဖြစ်သော နာမ်ရုပ်နှင့် ပဋိသန္ဓေအခါ၌ဖြစ်သော နာမ်ရုပ်သည် တခြားတစ်ပါးစီ ဖြစ်၏။ သို့ရာတွင် ရှေးနာမ်ရုပ်ကြောင့်သာလျှင် နောက်နာမ်ရုပ်သည် ဖြစ်ပေါ်လာသောကြောင့် အကုသိုလ်ကံတို့မှ မလွတ်နိုင်ချေ။

အခြားဥပမာအားဖြင့် ယောကျ်ားတစ်ဦးသည် ငယ်ရွယ်သော သူငယ်မကို စေ့စပ်ကြောင်းလမ်း တောင်းရမ်း ပြောဆိုပြီးလျှင် ဖဲသွား၏။ သို့ရာတွင် ထိုသူငယ်မသည် အရွယ်ရောက်သောအခါ အခြားယောကျ်ားတစ်ဦးနှင့် ထိမ်းမြားလက်ထပ်၏။ ထိုအခါ ပထမယောကျ်ားသည် ထိုထိမ်းမြားသူ ယောကျ်ားအား မယားခိုးမှုဖြင့် စွပ်စွဲ၏။ ဒုတိယယောကျ်ားက ငါသည် သင်၏မယားကို မယူ၊ သင်နှင့် စေ့စပ်ကြောင်းလမ်းထားသောသူသည် ငယ်ရွယ်နုပျိုသော အခြားတစ်ပါးသော မိန်းမဖြစ်၍ ငါလက်ထပ်သော မိန်းမသည် အရွယ်ရောက်သော အခြားတစ်ပါးသော မိန်းမဖြစ်သည်ဟု ဆို၏။ ဤအမှုသည် သင်မင်းမြတ်ထံသို့ ရောက်ရှိပါက သင်မင်းမြတ်သည် အဘယ်သူအား တရားအနိုင်ပေးမည်နည်း"

မိလိန္ဒ။ ။"အရှင်ဘုရား၊ ပထမယောကျ်ားအား တရားအနိုင်ပေးပါအံ့။

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့်ဆိုသော် ဒုတိယယောက်ျား လက်ထပ်သော မိန်းမသည် ထိုငယ်ရွယ်သော သူငယ်မမှသာလျှင် ပြောင်းလဲကြီးပြင်း၍ ဖြစ်လာပါ၏”

အရှင်နာဂသေန။ ။“မင်းမြတ်၊ ထို့အတူ သေသည့်အဆုံးဖြစ်သော နာမ်ရုပ်နှင့် ပဋိသန္ဓေနာမ်ရုပ်သည် တခြားစီဖြစ်သော်လည်း နောက်နာမ်ရုပ်သည် ရှေ့နာမ်ရုပ်ကြောင့်သာလျှင်ဖြစ်၍ အကုသိုလ်ကံမှ မလွတ်နိုင်ချေ။

ဥပမာအားဖြင့် လူတစ်ဦးသည် နွားကျောင်းသားထံမှ နွားနို့အိုးကို ဝယ်၍ နောက်တစ်နေ့မှ လာယူမည်ဟုဆိုပြီး ထွက်သွား၏။ ထိုနွားနို့သည် နောက်တစ်နေ့၌ နို့ဓမ်း ဖြစ်သွား၏။ နွားနို့အိုးဝယ်သောသူသည် နို့ဓမ်းကို မြင်သော် မယူဘဲ နွားနို့အိုးကိုသာ တောင်း၏။ သင်မင်းမြတ်သည် ထိုအမှု၌ အဘယ်သူအား အနိုင်ပေးမည်နည်း”

မိလိန္ဒ။ ။“အရှင်ဘုရား၊ နွားကျောင်းသားအား တရားအနိုင်ပေးပါမည်။ အဘယ်ကြောင့်ဆိုသော် စင်စစ်နို့ဓမ်းသည် နွားနို့မှသာလျှင် ဖြစ်လာပါ၏”

အရှင်နာဂသေန။ ။“မင်းမြတ်၊ ထို့အတူ သေခါနီး နာမ်ရုပ်နှင့် ပဋိသန္ဓေ နာမ်ရုပ်သည် ရှေး နာမ်ရုပ်ကြောင့်သာလျှင်ဖြစ်၍ အကုသိုလ်ကံတို့မှ မလွတ်နိုင်ချေ”

**(မိလိန္ဒပဉှာ၊ အဒ္ဓါနဝဂ်၊ နာရူပကေတ္တနာနတ္တပဉှာ)**

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ သီလနှင့် သီလ၏အကျိုး

"အာနန္ဒာ၊ အပြစ်မရှိသော သီလတို့သည် နှလုံးသာရွှင်မှု အကျိုးအာနိသင် ရှိ၏။ နှလုံးသာရွှင်မှုသည် ဝမ်းမြောက်မှု အကျိုးအာနိသင်ရှိ၏။ ဝမ်းမြောက်မှုသည် နှစ်သက်မှု အကျိုးအာနိသင်ရှိ၏။ နှစ်သက်မှုသည် ငြိမ်းချမ်းမှု အကျိုးအာနိသင်ရှိ၏။ ငြိမ်းချမ်းမှုသည် ချမ်းသာမှု အကျိုးအာနိသင်ရှိ၏။ ချမ်းသာမှုသည် တည်ကြည်မှု အကျိုးအာနိသင်ရှိ၏။ တည်ကြည်မှုသည် ဟုတ်တိုင်းမှန်စွာ သိမြင်မှု အကျိုးအာနိသင်ရှိ၏။ ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှု အကျိုးအာနိသင်ရှိ၏။ ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှုသည် လွတ်မြောက်မှု ဝိမုတ္တိနှင့် လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿန အကျိုးအာနိသင်ရှိ၏။

အာနန္ဒာ၊ ဤသို့လျှင် အပြစ်မရှိသော သီလတို့သည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်စေကုန်၏။"

**(အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ အာနိသံသဝဂ်၊ ကိမတ္ထိယသုတ်)**

"စုန္ဒ၊ ကိုယ်ဖြင့်စင်ကြယ်မှုသည် သုံးမျိုးရှိ၏။ ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ လက်နက်ကိုချထားပြီး ဖြစ်၏။ သနားတတ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလား၏။ မပေးသည်ကို ယူခြင်းမှရှောင်ကြဉ်၏။ ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေတည်သော သူတစ်ပါး၏ စည်းစိမ်အဆောက်အအုံကို မပေးဘဲ မယူတတ်သူဖြစ်၏။ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏။ အမိအဖ၊ မောင်ကြီး၊ မောင်ငယ်၊ အစ်မ၊ ညီမနှင့် ဆွေမျိုးအနွယ် စောင့်ရှောက်သော မိန်းမ၊ တရားစောင့်သော

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ၊ လင်ရှိသော မိန်းမ၊ ဒဏ်ထားသော မိန်းမ၊ အယုတ်သဖြင့် ပန်းခွေဖြင့်သော်လည်း ကာရံထားသော မိန်းမတို့၌ သွားလာခြင်းမှ ရှောင်ကြဉ်၏။ ဤသို့လျှင် ကိုယ်ဖြင့်စင်ကြယ်မှုသည် သုံးမျိုးဖြစ်၏။

စုန္ဒ၊ ဤလောက၌ အချို့သော သူသည် မဟုတ်မမှန် ပြောခြင်းကို ရှောင်ကြဉ်၏။ မင်းပရိသတ် ဆွေမျိုးအလယ်၌ မိမိမသိလျှင် ငါမသိဟု လည်းကောင်း၊ သိလျှင် ငါသိသည်ဟုလည်းကောင်း၊ မမြင်သည်ကို ငါမမြင်၊ မြင်သည်ကို ငါမြင်၏ဟုလည်းကောင်း၊ မိမိ၊ သို့မဟုတ် သူတစ်ပါးအကြောင်း၊ သို့မဟုတ် လာဘ်တံစိုးဟူသော အကြောင်းကြောင့် သိလျက် အမှားမပြောတတ်သူဖြစ်၏။ ကုန်းစကားကို ရှောင်ကြဉ်၏။ လူများ စိတ်ဝမ်းကွဲပြားရန် စကားမပြောတတ်။ ကွဲပြားနေသူတို့ကို ညီညွတ်စေရန် စေ့စပ်အားပေးတတ်၏။ ရန့်ရင်းကြမ်းတမ်းသော စကားကို ရှောင်ကြဉ်၍ လူအများနှစ်လိုသော၊ နားချမ်းသာသော၊ ယဉ်ကျေးသော၊ အပြစ်ကင်းသော စကားကိုသာ ပြောတတ်၏။ သိမ်ဖျင်းသောစကားကို ရှောင်ကြဉ်၏။ သင့်လျော်သောအခါ၌ မှန်ကန်၌ အကျိုးနှင့် စပ်သောစကား၊ အဆုံးအမနှင့်စပ်သော စကား၊ အနက်အဓိပ္ပာယ်ရှိ၍ မှတ်သား လောက်သော စကားကိုသာ ဆိုတတ်၏။ ဤသို့လျှင် နှုတ်ဖြင့်စင်ကြယ်မှုသည် လေးမျိုးဖြစ်၏။

စုန္ဒ၊ ဤလောက၌ အချို့သောသူသည် အဘိဇ္ဈာ မများသောသူဖြစ်၏။ သူတစ်ပါး၏ စည်းစိမ်အဆောက်အအုံကို ရေးရှုမကြံတတ်သောသူ ဖြစ်၏။ သူတစ်ပါးကို မဖျက်ဆီးလိုသော စိတ်အကြံရှိ၏။ မှန်ကန်သောအယူ၊ မဖောက်မပြန်သော အမြင်ရှိ၏။ ဤသို့လျှင် စိတ်ဖြင့်စင်ကြယ်မှုသည် သုံးမျိုးဖြစ်၏"

**(အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ ဇာဏုသောဏိဝဂ်၊ စုန္ဒသုတ်)**

"ရာဟုလာ၊ သိလျက် ချွတ်ယွင်းသောစကားကို ဆိုရာ၌ အရှက်မရှိသော မည်သည့်ရဟန်းအားမဆို မပြုလုပ်သော အကုသိုလ်မကောင်းမှု တစ်စုံတစ်ရာမျှ မရှိပြီဟူ၍ ငါဟော၏။ ထို့ကြောင့် ဤမှာသာဝါဒ၌ "ရယ်ရွှင်မြူးထူးလို၍မျှလည်း ချွတ်ယွင်းသောစကားကို မဆိုအံ့"ဟု ဤသို့လျှင် သင်သည် ကျင့်ရမည်။"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဘိက္ခုဝဂ်၊ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်)**

"ရဟန်းတို့၊ ဥပါသကာသည် လက်နက်ကုန်သွယ် ရောင်းဝယ်ခြင်း၊ လူသတ္တဝါကို ကုန်သွယ်ရောင်းဝယ်ခြင်း၊ အသားကို ကုန်သွယ်ရောင်းဝယ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



သေအရက်ကို ကုန်သွယ်ရောင်းဝယ်ခြင်းနှင့် အဆိပ်ကို ကုန်သွယ်ရောင်းဝယ်ခြင်း ဤကုန်သွယ်ရောင်းဝယ်မှု ငါးမျိုးတို့ကို မပြုလုပ်အပ်ကုန်"

**(အင်္ဂုတ္တိုရ်ကာယ်၊ ပဉ္စကနိပါတ်၊ ဥပါသကဝဂ်၊ ဝါဏိဇ္ဇာသုတ်)**

"အကြင်သူသည် အမျက်ထွက်လေ့ရှိ၏။ ရန်ငြိုးဖွဲ့တတ်၏။ သူ့ကျေးဇူးကို ချေဖျက်တတ်၏။ အယူပျက်စီးသူဖြစ်၏။ လှည့်ပတ်တတ်၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

အကြင်သူသည် အိုမင်း၍ ပစ္ဆိမအရွယ်သို့ ရောက်ပြီးသော အမိအဖများကို ကျွေးမွေးပြုစုနိုင်စွမ်းသူဖြစ်လျက် မကျွေးမွေး မပြုစုချေ။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

အကြင်သူသည် အမိအဖကိုသော်လည်းကောင်း၊ ညီအစ်ကိုသော်လည်းကောင်း၊ အစ်မနှင့် နှမကိုသော်လည်းကောင်း၊ ယောက္ခမ၊ မိန်းမသူ၊ ယောက်ျားသူကိုသော်လည်းကောင်း ရိုက်နှက်ပုတ်ခတ်၏။ ကြမ်းတမ်းသော စကားဖြင့် ညှဉ်းဆဲ၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

အကြင်သူသည် သူတစ်ပါးအိမ်သို့သွားပြီးလျှင် မွန်မြတ်သောဘောဇဉ်ကို စား၏။ မိမိအိမ်သို့လာသော ထိုအဆွေခင်ပွန်းကိုကား အတုံ့အပြန် မကျွေးမွေး၊ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။

အကြင်သူသည် မိမိကိုယ်ကို ချီးမြှောက်ပလွှား၍ သူတစ်ပါးတို့ကို ရှုတ်ချ၏။ သူသည် မိမိ၏ မာနကြောင့် ဆုတ်ယုတ်၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။"

*(အဂ္ဂိကဘာရဒွါဇပုဏ္ဏားအား မြတ်စွာဘုရားဟောကြားသော ဒေသနာမှ ကောက်နုတ်ဖော်ပြပါသည်။)*

**(သုတ္တနိပါတ်၊ ဥရဂဝဂ်၊ ဝသလသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၁၆။ သီလ၏ အခြေခံတရား

"ရဟန်းတို့၊ မသိမှုအဝိဇ္ဇာသည် အကုသိုလ်တရားတို့သို့ ရောက်ရန် ရှေ့သွားဖြစ်၏။ အရှက်အကြောက် မရှိမှုသည် နောက်လိုက်သာ ဖြစ်၏။ မသိမှုအဝိဇ္ဇာ၌တည်၍ ဉာဏ်မဲ့သူအား မှားယွင်းသောအမြင် ဖြစ်နိုင်၏။ မှားယွင်းသောအမြင်ရှိသူအား မှားယွင်းသောအကြံအစည် ဖြစ်နိုင်၏။ မှားယွင်းသော စကားရှိသူအား မှားယွင်းသောအလုပ် ဖြစ်နိုင်၏။ မှားယွင်းသော အလုပ်ရှိသူအား မှားယွင်းသော အသက်မွေးမှု ဖြစ်နိုင်၏။ မှားယွင်းသော အသက်မွေးမှုရှိသူအား မှားယွင်းသော လုံ့လ ဖြစ်နိုင်၏။ မှားယွင်းသော လုံ့လရှိသူအား မှားယွင်းသော သတိ ဖြစ်နိုင်၏။ မှားယွင်းသော သတိရှိသူအား မှားယွင်းသော သမာဓိ ဖြစ်နိုင်၏။ မှားယွင်းသော သမာဓိရှိသူအား မှားယွင်းသော ဉာဏ်ဖြစ်နိုင်၏။ မှားယွင်းသော ဉာဏ်ရှိသူအား မှားယွင်းသော လွတ်မြောက်မှု ဖြစ်နိုင်၏။

ရဟန်းတို့၊ သိမှုဝိဇ္ဇာသည် ကုသိုလ်တရားတို့သို့ရောက်ရန် ရှေ့သွားဖြစ်၏။ ရှက်ကြောက်မှုသည် နောက်လိုက်သာဖြစ်၏။ သိမှုဝိဇ္ဇာ၌တည်၍ ဉာဏ်ရှိသူအား မှန်ကန်သောအမြင် ဖြစ်နိုင်၏။ မှန်ကန်သော အမြင်ရှိသူအား မှန်ကန်သောလွတ်မြောက်မှု ဖြစ်နိုင်၏။"

**(အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ သမဏသညာဝဂ်၊ ဝိဇ္ဇာသုတ်)**

"ရဟန်းတို့၊ ကုသိုလ်တရားအားလုံးတို့သည် မမေ့မလျော့မှု 'အပ္ပမာဒ' လျှင် အခြေခံရှိကုန်၏။ မမေ့မလျော့မှု အပ္ပမာဒသို့ ပေါင်းဆုံကုန်၏။ ထို အကုသိုလ်တရားတို့တွင် မမေ့မလျော့မှု အပ္ပမာဒကို အမြတ်ဆုံးဟုဆိုအပ်၏"

**(အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါယ်၊ ဉာဏဝဂ်၊ အပ္ပမာဒသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



မိလိန္ဒ။ ။"အရှင်ဘုရား နာဂသေန၊ အကြင်သူသည် သိလျက် မကောင်းမှုကံကိုပြု၏။ အကြင်သူသည် မသိမူ၍ မကောင်းမှုကံကို ပြု၏။ အဘယ်သူ၏ မကောင်းမှု အကုသိုလ်ကံသည် များပြားပါသနည်း"

အရှင်နာဂသေန။ ။"မင်းမြတ်၊ မသိမူ၍ မကောင်းမှုကို ပြုသောသူ၏ အကုသိုလ်သည် များပြား၏"

မိလိန္ဒ။ ။"ရှင်ဘုရား၊ သို့ဖြစ်လျှင် မသိမူ၍ မကောင်းမှုကိုပြုသော ကျွန်ုပ်၏ မင်းအမတ်တို့အား နှစ်ဆတက်သောအပြစ်ကို ပေးရပါမည်လော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ အလျှံပြောင်ပြောင် တောက်လောင်သော မီးနှင့်တကွဖြစ်သော သံခဲသံတုံးကို သိလျက်ကိုင်သောသူနှင့် မသိဘဲကိုင်သော သူနှစ်ဦးတွင် အဘယ်သူကို ပြင်းစွာလောင်ရာသနည်း"

မိလိန္ဒ။ ။"အရှင်ဘုရား၊ မသိဘဲ ကိုင်သောသူအား ပြင်းထန်စွာ လောင်ရာပါ၏"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ထို့အတူ မသိဘဲ မကောင်းမှုကို ပြုသောသူအား အကုသိုလ်ကံသည် များပြား၏"

**(မိလိန္ဒပဉှာ၊ အရှုပဓမ္မဝဂ္ဂဏ္ဏနဝဂ်၊ ဇာနန္တာဇာနန္တပါပကရဏပဉှာ)**

www.burmeseclassic.com

www.burmeseclassic.com

## ၁၇။ မကောင်းမှုရှောင်ကြဉ်ရုံဖြင့် အကျင့်သီလပြည့်စုံခြင်းမရှိ

တစ်ခါသော် ဥဂ္ဂါဟမာနပရိဗိုဇ်က လောက၌ ကိုယ်ဖြင့် မကောင်းမှုကို မပြု၊ မကောင်းသောစကားကို မဆို၊ မကောင်းသောအကြံကို မကြံ၊ မကောင်းသော အသက်မွေးမှုမပြုသော ပုဂ္ဂိုလ်ကို ကုသိုလ်တရားပြည့်စုံသော ရဟန်းသူမြတ်အဖြစ် မိမိ အသိအမှတ်ပြုကြောင်း ပဉ္စကင်္ဂလက်သမားကြီးအား ဟောကြား၏။

ပဉ္စကင်္ဂ လက်သမားကြီးသည် ဥဂ္ဂါဟမာနပရိဗိုဇ်၏ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်တော်မူ၏။

"လက်သမားကြီး၊ ဥဂ္ဂါဟမာန ပရိဗိုဇ်၏စကား မှန်ပါက ပက်လက်အိပ်အရွယ် လူမမည် ကလေးသူငယ်သည် ကုသိုလ်တရားနှင့်ပြည့်စုံသော ရဟန်းသူမြတ် ဖြစ်ရချေတော့မည်။ အသိဉာဏ် လုံးဝမရှိသေးသော ကလေးသူငယ်သည် ကိုယ်လှုပ်ရှားမှုမှတစ်ပါး အဘယ်မှာ ကိုယ်ဖြင့်မကောင်းမှုကို ပြုလတ္တံ့နည်း။ ငိုကြွေးရုံမှတစ်ပါး အဘယ်မှာ မကောင်းသောစကားကို ဆိုပါမည်နည်း။ မြူးရုံမှတစ်ပါး အဘယ်မှာ မကောင်းသောအကြံကို ကြံပါမည်နည်း။ အမိနို့ကို စို့ခြင်းမှတစ်ပါး အဘယ်မှာ မကောင်းသောအသက်မွေးမှု ရှိပါမည်နည်း။

လက်သမားကြီး၊ ကိုယ်နှုတ်နှလုံး သုံးပါးဖြင့် မကောင်းမှုကို ရှောင်ကြဉ်၍ မကောင်းသော အသက်မွေးမှုမရှိသော ပုဂ္ဂိုလ်သည် ကလေးသူငယ်အရွယ်ကို ကျော်လွန်သော်လည်း ကုသိုလ်တရား မပြည့်စုံသေး၊ ရဟန်းသူမြတ် မဟုတ်သေးပါဟု ငါဆို၏။ မကောင်းသော အလေ့အကျင့်တို့ကို သိရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအလေ့အကျင့်တို့၏ ဖြစ်ခြင်း အကြောင်းတရားကို သိရမည်။ ယင်းတို့၏ ချုပ်ရာကို သိရမည်။ ယင်းတို့ချုပ်ရန် ကျင့်နည်းကို သိရမည်ဟု ငါဟော၏။ မကောင်းသော အလေ့အကျင့်ဟူသည် မကောင်းသော ကိုယ်အမူအရာ၊ မကောင်းသော နှုတ်အမူအရာနှင့် ယုတ်မာသော အသက်မွေးမှုတို့ ဖြစ်၏။

ထိုမကောင်းသော အလေ့အကျင့်တို့သည် ရာဂ၊ မောဟ၊ ဒေါသနှင့် ယှဉ်သော စိတ်တို့ကြောင့် ဖြစ်ကုန်၏။ ယင်းတို့သည် ကောင်းသောကာယကံ၊ ဝစီကံ၊ မနောကံများနှင့် ကောင်းသော အသက်မွေးမှုတို့၌ အကြွင်းမဲ့ချုပ်ကုန်၏။ ယင်းတို့ချုပ်ရန် ကျင့်နည်းသည်ကား မဖြစ်ကုန်သေးသော အကုသိုလ်တရားကို မဖြစ်ပေါ်စေရန် အားထုတ်ခြင်း၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရန် အားထုတ်ခြင်း၊ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်စေရန် အားထုတ်ခြင်းနှင့် ဖြစ်ကုန်ပြီးသော ကုသိုလ်တရား ပွားများပြည့်စုံစေရန် အားထုတ်ခြင်း ဖြစ်၏။

လက်သမားကြီး၊ မကောင်းသောအကြံတို့ဟူသည် ကာမဂုဏ်အကြံ၊ ဖျက်ဆီးမှုအကြံနှင့် ညှဉ်းဆဲမှုအကြံတို့ ဖြစ်၏။ ယင်းတို့သည် များပြားသော အမှတ်သညာတို့ကြောင့်ဖြစ်၍ ပဌမဈာန်၌ အကြွင်းမဲ့ချုပ်ကုန်၏။ ယင်းတို့ချုပ်စေရန် ကျင့်နည်းသည်ကား မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်စေရန်၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ ပွားများပြည့်စုံစေရန် အားထုတ်ခြင်းဖြစ်၏။

လက်သမားကြီး၊ ဤသာသနာတော်၌ အကြင်ရဟန်းသည် ရဟန္တာတို့၏ မှန်ကန်သောအယူ၊ မှန်ကန်သောအကြံ၊ မှန်ကန်သောစကား၊ မှန်ကန်သောအမှု၊ မှန်ကန်သောအောက်မေ့မှု၊ မှန်ကန်သော တည်ကြည်မှု၊ မှန်ကန်သော ဉာဏ်၊ မှန်ကန်သော လွတ်မြောက်မှုနှင့် ပြည့်စုံ၏။ ဤဆယ်ပါးသော တရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ကုသိုလ်ပြည့်စုံသော ရဟန်းသူမြတ် ဖြစ်သည်ဟု ငါဆို၏။"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ပရိဗ္ဗာဇကဝဂ်၊ သမဏမုဏ္ဍိကသုတ်)**

တစ်ခါသော် အတူနေအတူစား မိတ်ဆွေဖြစ်ကုန်သော ရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်ရှိ တစ်ခုသောကျောင်း၌ ဝါဆိုကြ၏။ ထိုရဟန်းတို့သည် ငြင်းခုံခြင်းမရှိဘဲ အညီအညွတ် ချမ်းသာစွာ ဝါဆိုနိုင်ကြရန် အလို့ငှာ အချင်းချင်း လုံးဝစကားမပြောဘဲ ဝါဆိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သုံးလလွန်မြောက်သဖြင့် ဝါမှထကုန်သည်ရှိသော် ထိုရဟန်းတို့သည် သာဝတ္ထိပြည်သို့သွား၍ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအား ဖူးမြော်ကန်တော့ကြ၏။ မိမိတို့သည် ငြင်းခုံခြင်းမရှိဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြပါသည်ဟု မြတ်စွာဘုရားအား လျှောက်ထားကြ၏။ မြတ်စွာဘုရားက "သင်တို့သည် အဘယ်သို့လျှင် မငြင်းခုံဘဲ ဝါတွင်းသုံးလပတ်လုံး ချမ်းသာ ညီညီညွတ်ညွတ် နေခဲ့ကြသနည်း"ဟု မေးတော်မူ၏။ ထိုရဟန်းတို့က မိမိတို့သည် အချင်းချင်း လုံးဝစကားမပြောဘဲ ဝါတွင်းသုံးလပတ်လုံး ချမ်းသာစွာ အညီအညွတ် နေခဲ့ကြပါသည်ဟု လျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့၊ ဤမောဃပုရိသ် အချည်းနှီး ဖြစ်သော ယောကျ်ားတို့သည် နွားတို့၏ နေခြင်းကဲ့သို့၊ ဆိတ်တို့၏ နေခြင်း ကဲ့သို့၊ ရန်သူတို့၏ နေခြင်းကဲ့သို့ နေကုန်လျက် ချမ်းသာစွာနေရပါသည်ဟု ဝန်ခံဘိ၏"ဟု ပြစ်တင်ကဲ့ရဲ့တော်မူပြီးလျှင် "ရဟန်းတို့၊ တိတ္ထိတို့ ဆောက်တည် အပ်သော စကားမဆိုသောအကျင့်ကို မဆောက်တည်အပ်၊ ဆောက်တည်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏"ဟု ပညတ်တော်မူ၏။

(ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ၊ ပဝါရဏာခန္ဓကသုတ်)

www.burmeseclassic.com

www.burmeseclassic.com

## ၁၈။ အစမ်းအသပ်ခံနိုင်သော အကျင့်သီလဖြစ်ရန် လိုအပ်ခြင်း

"ရဟန်းတို့၊ ဤသာသနာတော်၌ အချို့သော ရဟန်းတို့သည် စိတ်မနှစ်သက်ဖွယ် စကားလမ်းကြောင်းများ မတွေ့ထိသေးသမျှ အလွန်နူးညံ့သူ၊ အလွန်နှိမ့်ချသူ၊ အလွန်ငြိမ်းအေးသူ ဖြစ်တတ်၏။ ထိုရဟန်းကို စိတ်မနှစ်သက်ဖွယ် စကားလမ်းကြောင်းများ တွေ့ထိသောအခါမှသာလျှင် နူးညံ့သူ၊ နှိမ့်ချသူ၊ ငြိမ်းအေးသူဟု သိရမည်။ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ သူနာ၏ အထောက်အပံ့ဆေးအသုံးအဆောင်ဟူသော အကြောင်းကြောင့် အပြောအဆို လွယ်သူ၏ အဖြစ်သို့ ရောက်သောရဟန်းကို အပြောအဆိုလွယ်သူဟု ငါမဆိုပေ။ ထိုရဟန်းသည် ထိုပစ္စည်းလေးပါးကို မရရှိပါက အပြောအဆိုလွယ်သူ ဖြစ်မည်မဟုတ်၊ တရားကိုသာလျှင် ရိုသေလေးစား၍ အပြောအဆိုလွယ်သော ရဟန်းကိုသာလျှင် အပြောအဆိုလွယ်သူဟု ငါဆို၏။

ရဟန်းတို့၊ သူတစ်ပါးတို့သည် သင့်လျော်သောအခါ၌သော်လည်းကောင်း၊ မသင့်လျော်သောအခါ၌သော်လည်းကောင်း ပြောဆိုကုန်ရာ၏။ ဟုတ်မှန်သောစကားကိုသော်လည်းကောင်း၊ မဟုတ်မှန်သော စကားကိုသော်လည်းကောင်း ပြောဆိုကုန်ရာ၏။ သိမ်မွေ့သောစကားကိုသော်လည်းကောင်း၊ ကြမ်းတမ်းသော စကားကိုသော်လည်းကောင်း ပြောဆိုကုန်ရာ၏။ အကျိုးအကြောင်း ဆီလျော်သော စကားကိုသော်လည်းကောင်း၊ မေတ္တာစိတ်ဖြင့်သော်လည်းကောင်း၊ မလိုမုန်းထားသော စိတ်နှင့်သော်လည်းကောင်း ပြောဆိုကုန်ရာ၏။ ထိုအခါ၌ သင်တို့သည် စိတ်မဖောက်ပြန်ဘဲ၊ အမျက်ဒေါသမထွက်ဘဲ မေတ္တာစိတ်ဖြင့်နေကြရန် ကျင့်ကြရမည်။"

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ဩပမ္မဝဂ်၊ ကတစူပမသုတ်)

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။ ဗုဒ္ဓအကျင့်သီလ၏ ကျယ်ပြန့်မှု

မြတ်စွာဘုရား ဟောကြားခဲ့သော အကျင့်သီလနှင့်ပတ်သက်၍ ရှောင်ကြဉ်ရန်တရား၊ စောင့်ထိန်းရန်တရားတို့ကား များပြားလှပေ၏။ ငါးပါးသီလ စောင့်ထိန်းမှုနှင့် ဒုစရိုက်(၁၀)ပါး ရှောင်ကြဉ်မှုမှတစ်ပါး ဘုရားရှင် ထပ်တလဲလဲ ဟောကြားထားသော တရားများမှာ မိမိကိုယ်ကိုချီးမြှောက်၍ သူတစ်ပါးအား ရှုတ်ချခြင်းမပြုရန်၊ ဤအယူမှတစ်ပါး အခြားအယူအားလုံးသည် အချည်းနှီး တည်းဟု စွဲမှတ်မထားရန်၊ သူတစ်ပါး၏ကျေးဇူးကို ချေဖျက်ခြင်းမပြုရန်၊ မိဘ၏ ကျေးဇူးကိုသိရန်၊ အစာအာဟာရမှီဝဲရာ၌ အတိုင်းအရှည်သိရန်၊ သူတစ်ပါး၏ အပြစ်ကိုသည်းခံရန် စသည်တို့ဖြစ်၏။

သူတစ်ပါး၌ အပြစ်မြင်သောသူနှင့် အပြစ်ကျူးလွန်မိသော သူတို့အထူး သတိပြုသင့်သော ဗုဒ္ဓဩဝါဒမှာ အောက်ပါအတိုင်း ဖြစ်၏။ ယင်းမှာ အပြစ် ကျူးလွန်သော သုသိမပရိဗိုဇ်အား ဘုရားရှင်မိန့်ကြားသော စကားဖြစ်၏။ ထိုဆုံးမစကားမျိုးကို များစွာသော သုတ္တန်ဒေသနာများ၌ တွေ့ရ၏။

"သုသိမ၊ စင်စစ်သော်ကား သင့်မှာ မိုက်သည့်အလျောက်၊ တွေဝေသည့် အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည်လွှမ်းမိုးနေ၏။ အကြင်ကြောင့် သင်သည် အပြစ်ကို အပြစ်အားဖြင့်မြင်၍ အပြစ်အားလျော်စွာ ကုစား၏။ ထိုကြောင့် သင်၏ ထိုအပြစ်ဝန်ခံချက်ကို ငါတို့ သည်းခံကုန်၏။ အကြင်သူ သည် အပြစ်ကို အပြစ်အလျောက် မြင်၏။ အပြစ်အားလျော်စွာ ကုစား၏။ နောင်အခါ၌လည်း စောင့်စည်းခြင်းသို့ ရောက်၏။ ဤသည်ကား ဘုရားအစ ရှိသော သူတော်ကောင်းတို့၏ အဆုံးအမ၌ ထိုသူ၏ ကြီးပွားကြောင်းပင်ဖြစ်၏"

**(သံယုတ္တနိကာယ်၊ နိဒါနသံယုတ်၊ မဟာဝဂ္ဂ၊ သုသိမသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၂၀။ သီလတရားသည် ဗုဒ္ဓလမ်းစဉ်၏ အဆုံးစွန်ပန်းတိုင်မဟုတ်

အရှင်သာရိပုတ္တရာက "အဘယ်အတွက် မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးပါသနည်း"ဟု မေး၍ အရှင်ပုဏ္ဏက အောက်ပါအတိုင်း ဖြေကြား၏။

"ငါ့ရှင်၊ အကျင့်သီလစင်ကြယ်ခြင်းသည် စိတ်သမာဓိ အထူးစင်ကြယ် ရုံမျှ အကျိုးရှိ၏။ စိတ်သမာဓိ အထူးစင်ကြယ်ခြင်းသည် အမြင်အထူးစင်ကြယ် ရုံမျှ အကျိုးရှိ၏။ အမြင်အထူး စင်ကြယ်ခြင်းသည် ယုံမှားခြင်းကို လွန်မြောက်မှု (ဉာဏ်) အထူးစင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ ယုံမှားခြင်းကို လွှတ်မြောက်မှု (ဉာဏ်) အထူးစင်ကြယ်ခြင်းသည် မဂ်ဟုတ်သည်၊ မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ မဂ်ဟုတ်သည်၊ မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် အကျင့်(အနုလုံ) ဉာဏ်အမြင် အထူးစင်ကြယ်ရုံသာ အကျိုးရှိ၏။ အကျင့်(အနုလုံ) ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် မဂ်ဉာဏ် အမြင် အထူးစင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း သည် စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးရုံမျှသာ အကျိုးရှိ၏။ ငါ့ရှင် စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းအကျိုးငှာသာ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးပါ၏"

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ဩပမ္မဝဂ်၊ ရထဝိနီတသုတ်)

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် အနည်းငယ် မျှသာဖြစ်သော၊ နိမ့်ကျသော သီလမျှဖြင့်သာ ပြောနိုင်ရာ၏။ ရဟန်းတို့၊ သီလမှ တစ်ပါးသာလျှင် ဖြစ်ကုန်သော၊ နက်နဲကုန်သော၊ မြင်နိုင်ခဲကုန်သော၊ သိနိုင်ခဲ ကုန်သော၊ ငြိမ်သက်ကုန်သော၊ မွန်မြတ်ကုန်သော၊ ကြံစည်ခြင်းဖြင့် မရောက် နိုင်ကုန်သော၊ သိမ်မွေ့ကုန်သော၊ ပညာရှိတို့သာ သိနိုင်ကုန်သော တရားတို့သည် ရှိကုန်သေး၏။ မြတ်စွာဘုရားသည် ယင်းတရားတို့ကို ကိုယ်တော်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏။ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်ကို မှန်စွာပြောဆိုလျှင် ယင်းတရားတို့ဖြင့် ပြောကြရာ၏"

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်)**

"စောင့်ထိန်းမှုသီလသာ မြတ်၏ဟု အယူရှိသူတို့သည် သီလစောင့်စည်း ရုံမျှဖြင့် စင်ကြယ်၏ဟူ၍ ဆိုကုန်၏။ နွား၊ ခွေး စသည်တို့၏ အကျင့်ဝတ်ကို ကောင်းစွာယူ၍ တည်ကုန်၏။ ဤ မိမိအယူ၌သာလျှင် ကျွမ်းကျင်လိမ္မာ၏ဟု ပြောဆိုသူတို့သည် ဘဝ၌ မက်မောနစ်မြုပ်ကုန်လျက် ထိုဆရာ၏ စင်ကြယ်သော အကျင့် ကျင့်သုံးကုန်အံ့ဟု ပြောဆိုကြကုန်၏။

ထိုသူသည် စောင့်ထိန်းမှု သီလ၊ ဆောက်တည်မှုဝတ်မှ ရွေ့လျားခဲ့မူ သီလနှင့်ဝတ် ချွတ်ယွင်းပျက်စီးသောကြောင့် တုန်လှုပ်၏။ နေအိမ်မှထွက်ခဲ့၍ အရပ်တစ်ပါးသို့ သွားသောသူသည် လှည်းအုပ်မှကျရစ်ခဲ့သော် ထိုနေအိမ်နှင့် လှည်းအုပ်ကို တောင့်တဘိသကဲ့သို့ ထို့အတူ စင်ကြယ်မှုကို တမ်းတမှုလည်း တမ်းတ၏။ တောင့်တမှုလည်း တောင့်တ၏။

စောင့်ထိန်းမှုသီလ၊ ဆောက်တည်မှုဝတ် အားလုံးကိုလည်းကောင်း၊ အပြစ်ရှိ၊ အပြစ်မရှိသော ထိုအကုသိုလ်၊ ကုသိုလ်ကံကိုလည်းကောင်း ပယ်စွန့်၍ စင်ကြယ်မှု၊ မစင်ကြယ်မှုကို မတောင့်တသော ရဟန်းပုဂ္ဂိုလ်သည် မိစ္ဆာအယူကို မယူမူ၍ စင်ကြယ်မှု၊ မစင်ကြယ်မှုမှရှောင်ကြဉ်လျက် သွားလာနေထိုင်နိုင်ရာ၏။"

**(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ မဟာဗျူဟသုတ်)**

"ရဟန်းတို့၊ သိမ်းပိုက်ထားရန်မဟုတ်ဘဲ ကူးမြောက်ဖို့ရန် အကျိုးငှာ ဖောင်ဥပမာရှိသော တရားကို သင်တို့အား ငါဟောကြား၏။ (ဖောင်ဥပမာ ဟူသည်ကား ဖောင်ဖြင့် ရေပင်လယ်ကို ကူးသွားသော ခရီးသည်တစ်ဦးသည် တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဖောင်ကို တပ်မက်မနေတော့ဘဲ စွန့်လွှတ် လိုက်ပြီးလျှင် ခရီးဆက်လက်၍ သွား၏။)

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ဖောင်ဥပမာကို သိသော သင်တို့သည် တရားမှု(သမထ ဝိပဿနာ)၌ဖြစ်သော ဆန္ဒရာဂတို့ကိုပင်သော်လည်း ပယ်စွန့်ရမည်၊ မတရားမှု (ကာမဂုဏ်)၌ဖြစ်သော ဆန္ဒရာဂတို့ကိုကား ပြောဆိုဖွယ်ပင် မရှိတော့ပေ။"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ဩပမ္မဝဂ်၊ အလဂဒ္ဒူပမသုတ်)**

မိဂသာလာ အမည်ရှိသော ဥပါသိကာမတစ်ဦးက မိမိ၏ဖခင်သည် မေထုန်အကျင့်ကို ရှောင်ကြဉ်ပါသည်။ မိမိ၏ အဘိုးသည်ကား မေထုန်အကျင့်ကို ရှောင်ကြဉ်သူမဟုတ်၊ သို့ရာတွင် ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးပင် သေလွန်သောအခါ သကဒါဂါမိဖိုလ်သို့ရောက်လျက် တုသိတာနတ်ပြည်၌ ဖြစ်ကြသည်ဟု မြတ်စွာ ဘုရားက မိန့်ကြားပါသည်။ ဤမြတ်သော အကျင့်ရှိသူနှင့်မရှိသူ နှစ်ဦးစလုံး တမလွန်ဘဝ၌ လားရာဂတိ ထပ်တူညီမျှဖြစ်နေခြင်းကို မိမိ မည်သို့ နားလည် ရပါမည်နည်းဟု အရှင်အာနန္ဒာအား မေးလျှောက်၏။

အရှင်အာနန္ဒာသည် မည်သို့မျှ မဖြေကြားဘဲ နောက်ကာလ၌ မြတ်စွာ ဘုရားအား ထိုအကြောင်းကို လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောတော်မူ၏။

"အာနန္ဒာ၊ လောက၌ ပုဂ္ဂိုလ်ခြောက်မျိုးတို့သည် ထင်ရှားရှိ၏။ အချို့ သော ပုဂ္ဂိုလ်သည် မကောင်းမှုကို ကောင်းစွာရှောင်ကြဉ်၏။ ချမ်းသာသော ပေါင်းသင်းမှုရှိ၏။ ထိုသူနှင့်အတူနေခြင်းဖြင့် သီတင်းသုံးဖော်တို့သည် နှစ်သက် ကုန်၏။ သို့ရာတွင် ထိုသူသည် ကြားနာမှုဖြင့် ပြုသင့်သည်ကို မပြု၊ အကြား အမြင်များမှု ဝီရိယဖြင့် ပြုသင့်သည်ကို မပြု၊ ပညာဖြင့်လည်း သိသင့်သည်ကို ထိုးထွင်း၍မသိ၊ အခါကာလ အားလျော်စွာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိကို လည်း မရ၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဆုတ်ယုတ် ရန်ဖြစ်၏။ ထူးမြတ်ရန်မဖြစ်။ ဆုတ်ယုတ်သည့်အဖြစ်သို့သာလျှင် ရောက်၏။ ထူးမြတ်သည့်အဖြစ်သို့ မရောက်။

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည်ကား မကောင်းမှုကို ကောင်းစွာ ရှောင်ကြဉ်၏။ ချမ်းသာသော ပေါင်းသင်းမှုရှိ၏။ ထိုသူနှင့် အတူနေခြင်းဖြင့် သီတင်းသုံးဖော်တို့သည် နှစ်သက်ကုန်၏။ ထိုသူသည် ကြားနာမှုဖြင့်လည်း ပြုသင့်သည်ကို ပြု၏။ အကြားအမြင်များမှု ဝီရိယဖြင့်လည်း ပြုသင့်သည်ကို ပြု၏။ ပညာဖြင့်လည်း သိသင့်သည်ကို ထိုးထွင်း၍သိ၏။ အခါကာလ အားလျော်စွာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိကိုလည်း ရ၏။ ထိုသူသည်

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ထူးမြတ်ရန်ဖြစ်၏။ ဆုတ်ယုတ်ရန်မဖြစ်။ ထူးမြတ်သည့်အဖြစ်သို့သာလျှင် ရောက်၏။ ဆုတ်ယုတ်သည့်အဖြစ်သို့ မရောက်။

ထိုပုဂ္ဂိုလ်တို့ နှစ်ဦးတို့တွင် မကောင်းမှုကို ကောင်းစွာရှောင်ကြဉ်၍ ချမ်းသာသော၊ ပေါင်းသင်းမှုရှိသော ထိုသူနှင့် အတူနေသဖြင့် သီတင်းသုံးဖော်တို့သည် နှစ်သက်သော ကြားနာမှုဖြင့်လည်း ပြည့်စုံသည်ကိုပြုသော၊ အကြားအမြင်များမှု ဝီရိယဖြင့်လည်း ပြည့်စုံသည်ကိုပြုသော၊ ပညာဖြင့်လည်း သိသင့်သည်ကို ထိုးထွင်း၍သိသော၊ အခါကာလ အားလျော်စွာဖြစ်သည့် လွတ်မြောက်မှု ဝိမုတ္တိကိုလည်းရသော ဒုတိယပုဂ္ဂိုလ်သည် ပထမပုဂ္ဂိုလ်ထက် သာ၍နှစ်သက်ဖွယ်ရှိ၏။ သာ၍လည်း မွန်မြတ်၏။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်ကို ဝိပဿနာတရားအယဉ်က အရိယာဘုံသို့ ဆောင်ယူသွား၏”

ထိုနောက် မြတ်စွာဘုရားက ဆက်လက်၍ အမျက်ဒေါသ မာန်မာန လွှမ်းမိုးလွှမ်းကဲ၍ ရုံဖန်ရံခါ လောဘတရားရှိသော ပုဂ္ဂိုလ်နှစ်ဦးတွင် တစ်ဦးက ကြားနာမှုဖြင့် ပြည့်စုံသည်ကိုမပြု၊ လွတ်မြောက်မှု ဝိမုတ္တိကိုလည်းမရ။ အခြားတစ်ဦးကမူ ကြားနာမှုဖြင့် ပြည့်စုံသည်ကိုပြု၍ ဝိမုတ္တိကိုရ၏။ အမျက်ဒေါသ မာန်မာန လွှမ်းမိုးလွှမ်းကဲ၍ ရုံဖန်ရံခါ စကားပြောဆိုမှု ဝစီသင်္ခါရတို့ဖြစ်သော ပုဂ္ဂိုလ်နှစ်ဦးတွင်လည်း တစ်ဦးက ကြားနာမှုဖြင့် ပြည့်စုံသည်ကိုမပြု...ဝိမုတ္တိမရ။ အခြားတစ်ဦးက ကြားနာမှုဖြင့် ပြည့်စုံသည်ကိုပြု၍...ဝိမုတ္တိရ၏။ ထိုပုဂ္ဂိုလ်လေးမျိုးတွင် ဝိမုတ္တိမရသောသူမှာ သေပြီးသည်မှနောက်၌ ဆုတ်ယုတ်ရန်ဖြစ်၍ ဝိမုတ္တိရသောသူမှာ သေပြီးနောက်၌ ထူးမြတ်ရန်ဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်သည် သာလွန်မွန်မြတ်၍ ဝိပဿနာတရားအယဉ်က အရိယာဘုံသို့ ဆောင်ယူသွားကြောင်း ဟောတော်မူ၏။

(အင်္ဂုတ္တရနိကာယ်၊ ဆတ္တနိပါတ်၊ ဓမ္မိကဝဂ်၊ မိဂသာလသုတ်)

www.burmeseclassic.com

www.burmeseclassic.com

## ၂၁။ ဘာဝနာ

ပညာမရှိ၊ သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် တရားပညာရှိ၍ သမထဝိပဿနာကို ရှုသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း ဤအတူ ခန္ဓာငါးပါးဟူသော လောကကိုရှုကြည့်သူကို သေမင်းသည် မမြင်နိုင်။

အကြင်အခါ၌ ရုပ်နာမ်ဓမ္မ သင်္ခါရ အားလုံးတို့သည် အမြဲမရှိ ဆင်းရဲကုန်၏။ အတ္တမဟုတ်ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၍ ဤငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

အကြင်ပုဂ္ဂိုလ်သည် မိစ္ဆာဝိတက် ငြိမ်းခြင်း၌သာ မွေ့လျော်၏။ သတိရှိသည်ဖြစ်၍ အခါခပ်သိမ်း အသုဘအာရုံကိုပွား၏။ ထိုပုဂ္ဂိုလ်သည် မာရ်နတ်အနှောင်အဖွဲ့ကို ဖြတ်၏။

အကြင်သူသည် လက်ကို စောင့်စည်း၏။ ခြေကို စောင့်စည်း၏။ နှုတ်ကို စောင့်စည်း၏။ တစ်ကိုယ်လုံးကို စောင့်စည်း၍ ကမ္မဋ္ဌာန်းစီးဖြန်းမှု၌ မွေ့လျော်ကာ တည်ကြည်သော စိတ်ရှိ၏။ တစ်ယောက်တည်းနေ၍ရသဖြင့် ရောင့်ရဲနိုင်၏။ ထိုသူကို ရဟန်းဟူ၍ ဆိုကုန်၏။

(ဓမ္မပဒ၊ ဂါထာ ၁၁၁၊ ၁၇၀၊ ၂၇၇-၇၉၊ ၃၅၁-၃၆၂)

www.burmeseclassic.com

www.burmeseclassic.com



"မေဃိယ၊ တရားလေးပါးတို့ကို ပွားများရမည်။ ရာဂကိုပယ်နိုင်ရန် အသုဘကို ပွားများရမည်။ ဗျာပါဒကို ပယ်နိုင်ရန် မေတ္တာကို ပွားများရမည်။ ဝိတက်ကို ဖြတ်တောက်နိုင်ရန် အာနာပါနသတိကို ပွားများရမည်။ ငါဟူသော မာန်ကို ပယ်နိုင်ရန် အနိစ္စသညာကို ပွားများရမည်။ မှန်၏။ အနိစ္စသညာရှိသူအား အနတ္တသညာသည် ထင်၏။ အနတ္တသညာထင်သောသူသည် ငါဟူသော မာန်ကို ပယ်ခွာခြင်းသို့ရောက်၍ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ရောက်နိုင်၏"

**(ဥဒါန၊ မေဃိယဝဂ်၊ မေဃိယသုတ်)**

"ရဟန်းတို့၊ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူပန်ခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန်၊ အရိယမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်၏။ ယင်း သည်ခရီးလမ်းကား ဤ သတိပဋ္ဌာန်လေးပါးတို့ပင်တည်း။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက (ဥပါဒါနက္ခန္ဓာလောက)၌ အဘိဇ္ဈာ(လိုချင်တပ်မက်ခြင်း)၊ ဒေါမနဿ(နှလုံးမသာခြင်း)ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍၊ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍၊ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍၊ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။"

**(ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာသတိပဋ္ဌာနသုတ်)**

"ရဟန်းတို့၊ လွန်ကဲသော(ဝိပဿနာအခြေခံဖြစ်သော သမာပတ်)စိတ်ကို အားထုတ်သော ရဟန်းသည် အကြောင်းငါးပါးတို့ကို ရံဖန်ရံခါ နှလုံးသွင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသာသနာတော်၌ အကြောင်းတစ်ခုခုကိုစွဲ၍ နှလုံးသွင်းသော ရဟန်းအား ရာဂ၊ ဒေါသ၊ မောဟနှင့်ယှဉ်သော၊ ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့သည် ဖြစ်ကုန်ငြားအံ့။ ထိုရဟန်းသည် ထိုအကြောင်းမှတစ်ပါး အခြားကုသိုလ်နှင့်ယှဉ်သောအကြောင်းကို နှလုံးသွင်းရမည်။ ထိုသို့ နှလုံးသွင်းသော ရဟန်းအား အကုသိုလ်အကြံအစည်တို့သည် ကင်းချုပ်၍ တစ်ခုတည်းသော အာရုံဖြင့် စိတ်သည် ကောင်းစွာတည်ငြိမ်၏။

"အကယ်၍ ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည် ဆက်လက်၍ ဖြစ်ကုန်ငြားအံ့။ ထိုအကြံအစည်တို့၏ အပြစ်ကို စူးစမ်းဆင်ခြင်ရမည်။ ထိုသို့ဆင်ခြင်သော ရဟန်းအား အကုသိုလ် အကြံအစည်တို့သည် ကင်းချုပ်၍ တစ်ခုတည်းသော အာရုံဖြင့် စိတ်သည် ကောင်းစွာ တည်ငြိမ်၏။

အကယ်၍ ယုတ်ညံ့သော အားလုံးအကြံအစည်တို့သည် ဆက်၍ ဖြစ်ကုန်ငြားအံ့။ ထိုအကြံအစည်တို့ကို မအောက်မေ့ခြင်း၊ နှလုံးမသွင်းခြင်းသို့ ရောက်ရမည်။ ထိုသို့ မအောက်မေ့သော၊ နှလုံးမသွင်းသောရဟန်းအား အကုသိုလ် အကြံအစည်တို့သည် ကင်းချုပ်၍ တစ်ခုတည်းသောအာရုံဖြင့် စိတ်သည် ကောင်းစွာတည်ငြိမ်၏။

အကယ်၍ ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည် ဆက်လက်၍ ဖြစ်ကုန်ငြားအံ့။ ထိုအကြံအစည်တို့ ကြံစည်ကြောင်း၏ တည်ရာကို နှလုံးသွင်းရမည်။ ထိုသို့နှလုံးသွင်းသော ရဟန်းအား အကုသိုလ်အကြံအစည်တို့သည် ကင်းချုပ်၍ တစ်ခုတည်းသောအာရုံဖြင့် စိတ်သည် ကောင်းစွာတည်ငြိမ်၏။

အကယ်၍ ယုတ်ညံ့သောအကြံအစည်တို့သည် ဆက်လက်၍ ဖြစ်ကုန်ငြားအံ့။ ရဟန်းသည် သွားတို့ဖြင့် သွားတို့ကိုကြိတ်၍ လျှာဖြင့် အာစောက်ကိုထိလျက် စိတ်ဖြင့်စိတ်ကို ဖိနှိပ်ရမည်။ ဖျစ်ညှစ်ရမည်။ ထိုသို့ပြုသော ရဟန်းအား အကုသိုလ်အကြံအစည်တို့သည် ကင်းချုပ်၍ တစ်ခုတည်းသော အာရုံဖြင့် စိတ်သည် ကောင်းစွာတည်ငြိမ်၏။"

**(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ သီဟနာဒဝဂ်၊ ဝိတက္ကသဏ္ဌာနသုတ်)**

"မင်းကြီး၊ ဤလောက၌ ရဟန်းသည် မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သော်၊ မိန်းမ၊ ယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ။ လက်ခြေစသောအင်္ဂါ ပြုံးဟန်ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။ အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းဘဲနေလျှင် ယင်းစက္ခုန္ဒြေဟူသော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင့် မက်မောခြင်း အဘိဇ္ဈာ၊ နှလုံးမသာခြင်း ဒေါမနဿဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုစောင့်စည်းသူကို လိုက်၍နှိပ်စက်ကုန်ရာ၏။ ထို့ကြောင့် ရဟန်းသည် စက္ခုန္ဒြေကို စောင့်စည်း၏။

နားဖြင့် အသံ သဒ္ဒါရုံကို ကြားသော်...

နှာခေါင်းဖြင့် အနံ့ ဂန္ဓာရုံကို နမ်းသော်...

လျှာဖြင့် အရသာ ရသာရုံကို လျက်သော်...

ကိုယ်ဖြင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံကို ထိသော်...

စိတ်ဖြင့် သဘော ဓမ္မာရုံကိုသိသော် မိန်းမ၊ ယောက်ျားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ။ လက်ခြေစသော အင်္ဂါ၊ ပြုံးဟန်ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။ အကယ်၍ မနိန္ဒြေကို မစောင့်စည်းဘဲနေလျှင် ယင်းအကြောင်းကြောင့် မက်မောခြင်း အဘိဇ္ဈာ၊ နှလုံးမသာခြင်း ဒေါမနဿဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍နှိပ်စက်ကုန်ရာ၏။ ထို့ကြောင့် ရဟန်းသည် ထို မနိန္ဒြေကို စောင့်စည်း၏။

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၂၂။ အရှင်မောဂ္ဂလာန်အား မြတ်စွာဘုရား ဆုံးမသောစကား

"မောဂ္ဂလာန်၊ အကြင်သို့သော၊ သညာရှိလျက်နေသော သင့်အား ထို မိဒ္ဓငိုက်မျဉ်းခြင်းသည် သက်ဝင်၏။ ထိုသညာကို နှလုံးမသွင်းလင့်။ ထိုသညာကို ကြိမ်ဖန်များစွာ မပြုလင့်။ ထိုအခါ သင့်အား ထို မိဒ္ဓကင်းပျောက်ရန် အကြောင်း ရှိ၏။

ဤသို့နေသော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ သင်သည် ကြားနာပြီး၊ သင်ယူပြီးသောတရားကို စိတ်ဖြင့် အဖန်ဖန်ရှုလေလော့။ စိတ်ဖြင့် အဖန်ဖန်ကြံစည်လေလော့။ အဖန်ဖန် သုံးသပ်လေလော့။ ထိုသို့နေသော သင့်အား ထိုမိဒ္ဓကင်းပျောက်ရန် အကြောင်းရှိ၏။

ဤသို့နေသော သင့်အား ထိုမိဒ္ဓ မပျောက်ကင်းနိုင်ခဲ့မူ သင်သည် ကြားနာပြီး၊ သင်ယူပြီးသော တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်လေလော့။ ဤသို့နေသော သင့်အား ထို မိဒ္ဓကင်းပျောက်ရန် အကြောင်းရှိ၏။

ဤသို့ သရဇ္ဈာယ်၍နေသော သင့်အား မိဒ္ဓမကင်းပျောက်နိုင်ခဲ့မူ သင်သည် နားရွက်နှစ်ဖက်တို့ကို ဆွဲငင်ဘိလော့။ ကိုယ်ကို လက်ဖြင့် သုံးသပ်ဘိလော့။ ဤသို့ပြုသော သင့်အား ထိုမိဒ္ဓကင်းပျောက်ရန် အကြောင်းရှိ၏။

ဤသို့နေသော သင့်အား ထိုမိဒ္ဓ အကယ်၍ မကင်းပျောက်နိုင်ခဲ့မူ သင်သည် နေရာမှထပြီးလျှင် မျက်စိတို့ကို ရေဖြင့်ပွတ်သပ်၍ အရပ်မျက်နှာတို့ကို ကြည့်လေလော့။ နက္ခတ်တာရာတို့ကို ကြည့်လေလော့။ ဤသို့ကြည့်သော သင့်အား ထိုမိဒ္ဓကင်းပျောက်ရန် အကြောင်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် အကယ်၍ ထိုမိဒ္ဓ မကင်းပျောက်သေးပါက အလင်းရောင်ဟူသော အမှတ်ကို နှလုံးသွင်းလော့။ နေ့ဟူသော အမှတ်သညာကို ဆောက်တည်လော့။ နေ့အခါ၌ကဲ့သို့ ထိုအတူ ညဉ့်၌လည်း အလင်းရောင်သညာကို ဆောက်တည်လော့။ ညဉ့်အခါကဲ့သို့ ထိုအတူ နေ့၌လည်း အလင်းရောင်သညာကို ဆောက်တည်လော့။ ဤသို့ မိဒ္ဓကင်းစင်၍ ထက်ဝန်းကျင် မြှေးယှက်ခြင်းမရှိသော စိတ်ဖြင့် အရောင်နှင့်တကွဖြစ်သော စိတ်ကို ပွားလေလော့။

သို့ဖြင့် အကယ်၍ ထိုမိဒ္ဓ မပျောက်ကင်းနိုင်ခဲ့မူ နောက်နှင့်ရှေ့သို့ ရှေးရှုဆောင်သော သညာရှိသည်ဖြစ်၍ အတွင်း၌တည်ကုန်သော ဣန္ဒြေတို့ဖြင့် အပဿ မတည်သောစိတ်ဖြင့် စင်္ကြံသွားလေလော့။

သို့ဖြင့် အကယ်၍ ထိုမိဒ္ဓ မပျောက်ကင်းနိုင်ခဲ့မူ လက်ယာနံတောင်းဖြင့် လျောင်း၍ လက်ယာခြေ၌ လက်ဝဲခြေကို စဉ်းငယ်လွန်ကာ တင်ထားလျက် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ ထအံ့ဟူသော အမှတ်သညာပြုကာ ခြင်္သေ့ကဲ့သို့ အိပ်လေလော့။ နိုးသောအခါ သင်သည် အိပ်မှုချမ်းသာ၊ ဘယ်ညာပြောင်းပြန် လဲလျောင်းမှု ချမ်းသာကို အဖန်ဖန်အားထုတ်သည်ဖြစ်၍ မနေအံ့ဟု လျင်မြန်စွာ ထရာ၏။

မောဂ္ဂလာန်၊ သင်သည် ဒါယကာတို့အိမ်သို့ မာနဖြင့်မကပ်ရန် ကျင့်ရမည်။ မာနဖြင့် ချဉ်းကပ်၍ ဒါယကာတို့က မိမိတို့ ပြုဖွယ်ကိစ္စရှိသဖြင့် ရဟန်းကို ဂရုမပြုနိုင်ပါက ရဟန်းသည် လာဘ်မရသောကြောင့် နှလုံးမသာခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ မစောင့်စည်းခြင်းဖြစ်၍ သူ၏စိတ်သည် သမာဓိမှ ကင်းစေ၏။

မောဂ္ဂလာန်၊ ငါသည် အလုံးစုံသောအရာတို့နှင့် ဆက်ဆံမှုကိုသာ မချီးမွမ်းသည် မဟုတ်သေး။ စင်စစ် လူ၊ ရဟန်းတို့နှင့် ဆက်ဆံမှုကိုလည်း မချီးမွမ်း။ တိတ်ဆိတ်၍ လူတို့၏ အငွေ့အသက်ကင်းကုန်သော၊ တစ်ယောက်တည်းနေထိုင်ရန် လျောက်ပတ်သော ကျောင်းတို့နှင့် ဆက်ဆံမှုကိုကား ချီးမွမ်း၏။”

**(အင်္ဂုတ္တရနိကာယ်၊ သတ္တနိပါတ်၊ အဗျာကတဝဂ်၊ ပစလာယမာနသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

# ၂၃။ ဣန္ဒြေတို့ကို စောင့်စည်းမှု

အခါတစ်ပါး၌ မြတ်စွာဘုရားက "ပါရာသိဝိယပုဏ္ဏားသည် မိမိ၏ တပည့်တို့အား အဘယ်သို့လျှင် ဣန္ဒြေတို့ပွားများခြင်းကို ဟောပြောသနည်း" ဟု သူ၏တပည့် ဥတ္တရလုလင်အား မေးတော်မူ၏။ "ပါရာသိဝိယ ပုဏ္ဏားသည် ဤလောက၌ မျက်စိဖြင့် ရူပါရုံကို မရှုအပ်၊ နားဖြင့် သဒ္ဒါရုံကို မကြားအပ်ဟု ဣန္ဒြေတို့ပွားများခြင်းကို ဟောပြောပါသည်"ဟု ဥတ္တရလုလင်က လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "ပါရာသိဝိယပုဏ္ဏား၏စကားသည် ဤသို့ဖြစ်သော် ကန်းသောသူသည် မျက်စိဖြင့် ရူပါရုံကိုမမြင်၊ နားပင်းသောသူသည် နားဖြင့် သဒ္ဒါရုံကို မကြားသောကြောင့် ထိုကန်းသောသူနှင့် နားပင်းသောသူတို့သည် ပွားပြီးသော ဣန္ဒြေရှိသည် ဖြစ်လတ္တံ့."ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား အောက်ပါအတိုင်း ဟောတော်မူ၏။

"အာနန္ဒာ၊ ဤသာသနာတော်၌ရဟန်းအား မျက်စိဖြင့် ရူပါရုံကိုမြင်သော် နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း၊ သို့မဟုတ် နှစ်သက်မနှစ်သက်ခြင်းသည် ဖြစ်၏။ ထိုရဟန်းသည် ငါ့အား ဤမည်သော နှစ်သက်ခြင်းသည် ဖြစ်၏။ ဤမည်သော မနှစ်သက်ခြင်းသည် ဖြစ်၏။ ဤမည်သော နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းသည် ဖြစ်၏။ စင်စစ် ထိုဖြစ်ခြင်းတို့သည် အကြောင်းတရားတို့ကိုပေါင်း၍ ပြုပြင် အပ်၏။ ကြမ်းတမ်း၏။ အကြောင်းကိုစွဲ၍ ဖြစ်၏။ ဤဝိပဿနုပေက္ခာသည် ငြိမ်သက်၍ မွန်မြတ်၏ဟု သိ၏။ ထိုရဟန်းအားဖြစ်သော နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း၊ နှစ်သက်မနှစ်သက်ခြင်းသည် ချုပ်၏။ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏။ ဤသည်ကား အရိယာ၏အဆုံးအမ၌ စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရူပါရုံတို့၌ အတုမရှိသော ဣန္ဒြေပွားများခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းအား နားဖြင့်......သဒ္ဒါရုံတို့၌
ရဟန်းအား လျှာဖြင့်......ရသာရုံတို့၌
ရဟန်းအား ကိုယ်ဖြင့်......ဖောဋ္ဌဗ္ဗာရုံတို့၌
ရဟန်းအား စိတ်ဖြင့်......ဓမ္မာရုံတို့၌ ပွားများခြင်းဖြစ်၏။

အာနန္ဒာ၊ ဤသာသနာတော်၌ ရဟန်းအား ထိုနှစ်သက်ခြင်း စသည်တို့သည် ဖြစ်၏။ ရဟန်းသည် ထိုနှစ်သက်ခြင်း စသည်တို့ဖြင့် ရှက်နိုး၏။ ငြီးငွေ့၏။ စက်ဆုပ်၏။ စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေလိုငြားအံ့၊ ထိုသို့သော အမှတ်ရှိ၍နေ၏။

စက်ဆုပ်ဖွယ် အာရုံကိုလည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံကိုလည်းကောင်း၊ ထိုနှစ်ပါးစုံသော အာရုံကိုလည်းကောင်း ကြဉ်၍ လျစ်လျူရှု လျက် သတိပညာနှင့် ပြည့်စုံ၍နေ၏။ ဤသို့ ပွားများအပ်ပြီးသော၊ ဣန္ဒြေ ရှိသော အရိယာပုဂ္ဂိုလ်သည် ဖြစ်၏။"

**(မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ သဠာယတနဝဂ်၊ ဣန္ဒြိယဘာဝနာသုတ်)**

"ရာဟုလာ၊ မြေကြီးနှင့်တူစွာ ဘာဝနာကို ပွားများလော့။ မြေကြီးနှင့် တူစွာ ဘာဝနာကို ပွားများသော သင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကိုသိမ်းကျုံး၍ မတည်ကုန်လတ္တံ့။ ဥပမာ သော်ကား မြေကြီး၌ စင်ကြယ်သော ဝတ္ထုကိုလည်း ပစ်ချကုန်၏။ မစင်ကြယ် သော ဝတ္ထုကိုလည်း ပစ်ချကုန်၏။ ကျင်ငယ်၊ တံတွေး စသည်တို့လည်း ပစ်ချ ကုန်၏။ မြေကြီးသည် ထိုစင်ကြယ်သော ဝတ္ထု၊ မစင်ကြယ်သော ဝတ္ထုဖြင့် ငြီးငွေ့ရွံရှာ စက်ဆုပ်မှုမဖြစ်။ သင်သည် ဤဥပမာအတူသာလျှင် မြေကြီးနှင့် တူစွာ ဘာဝနာကိုပွားများပါက သင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ်အတွေ့တို့သည် စိတ်ကိုသိမ်းကျုံး၍ မ တည်နိုင်ကုန်လတ္တံ့."

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဘိက္ခုဝဂ်၊ မဟာရာဟုလောဝါဒသုတ်)**

"ဗာဟိယ၊ သင်သည် ဤသို့ကျင့်အပ်၏။ မြင်ရာ၌ မြင်ကာမျှဖြစ်လတ္တံ့။ ကြားရာ၌ ကြားကာမျှဖြစ်လတ္တံ့။ တွေ့ရာ၌ တွေ့ကာမျှဖြစ်လတ္တံ့။ သိရာ၌ သိကာမျှဖြစ်လတ္တံ့။ ထိုအခါ သင်သည် ထိုရာဂစသည်နှင့် မဖြစ်လတ္တံ့။ ထိုရာဂ စသည်နှင့် မဖြစ်သောအခါ သင်သည် ထိုရူပါရုံစသည်၌ နှစ်သက်မှု၊ ပြစ်မှားမှု တွေဝေမှု မဖြစ်လတ္တံ့။ ထိုသို့ ရူပါရုံစသည်၌ နှစ်သက်၊ ပြစ်မှားတွေဝေမှု

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သောအခါ သင်သည် ဤ မျက်မှောက်ဘဝ၌လည်းကောင်း၊ နှစ်ပါးစုံဘဝ၌လည်းကောင်း မဖြစ်လတ္တံ့။ ဤသည်ပင် ဆင်းရဲ၏အဆုံးတည်း"

**(ဥဒါန၊ ဗာဟိယသုတ်)**

"ထိုရဟန်းသည် ရှေ့သို့တက်ရာ၊ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။ တူရူကြည့်ရာ၊ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။ ကွေးရာဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။ ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးရာ၊ ပြောရာ၊ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။

ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ဣန္ဒြေစောင့်စည်းခြင်း၊ ဤမြတ်သော သတိသမ္ပဇဉ်ရှိခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်သော အိပ်ရာနေရာကို မှီဝဲ၏။ တောသစ်ပင်ရင်း၊ ချောက်၊ သင်္ချိုင်း စသည်တို့ကို မှီဝဲ၏။

ထိုရဟန်းသည် ဆွမ်းခံရာမှပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်၏။ ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော လောက၌ မက်မောခြင်း အဘိဇ္ဈာမှ စိတ်ကိုပယ်၍ အဘိဇ္ဈာမှကင်းသောစိတ် ဖြစ်နေ၏။ အဘိဇ္ဈာမှ စိတ်ကို စင်ကြယ်စေ၏။ ပျက်စီးစေလိုသော ဒေါသကိုပယ်၍၊ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏။ ပျက်စီးစေလိုသော ပြစ်မှားမှုစိတ်ကို စင်ကြယ်စေ၏။ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓကိုပယ်၍၊ ထိနမိဒ္ဓမှ ကင်းသည်ဖြစ်၍၊ အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ ဆင်ခြင်ဉာဏ်ရှိသည် ဖြစ်၍နေ၏။ ထိနမိဒ္ဓမှ စိတ်ကိုစင်ကြယ်စေ၏။ ပျံ့လွင့်ခြင်း၊ ဥဒ္ဓစ္စ၊ နောင်တရခြင်း ကုက္ကုစ္စကိုပယ်၍ အတွင်းသန္တာန်၌ ငြိမ်သက်သော၊ မပျံ့လွင့်သောစိတ်ရှိသည် ဖြစ်၍နေ၏။ ဥဒ္ဓစ္စကုက္ကုစ္စမှ စိတ်ကို စင်ကြယ်စေ၏။ ယုံမှားခြင်း ဝိစိကိစ္ဆာကိုပယ်၍၊ ဝိစိကိစ္ဆာကို လွန်မြောက်သည်ဖြစ်၍၊ ကုသိုလ်တရားတို့၌ သို့လောသို့လော မရှိသည် ဖြစ်၍နေ၏။ ဝိစိကိစ္ဆာမှ စိတ်ကိုစင်ကြယ်စေ၏။"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မဏဝဂ်၊ ဃောဋမုခသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီး၊ ကမ္မဋ္ဌာန်းစီးဖြန်းမှု ပဓာနအလုပ်ကို ပြုလုပ်သူတို့၏ အင်္ဂါတို့သည် ဤငါးပါးတည်း။ ဤသာသနာတော်၌ ရဟန်းသည် ယုံကြည်ခြင်းသဒ္ဓါရှိ၏။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်၏။ အနာဆင်းရဲကင်း၏။ အညီအညွတ် ကျက်စေတတ်သော မပူလွန်း၊ မအေးလွန်းသော၊ အလတ်ဖြစ်သော ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာခံသော ပါစကတေဇောဓာတ်နှင့် ပြည့်စုံ၏။ မစဉ်းလဲတတ်၊ မလှည့်ပတ်တတ်။ ဆရာဖြစ်သော မြတ်စွာဘုရား၌လည်းကောင်း၊ သိကြားလိမ္မာသော သီတင်းသုံးဖော်တို့၌လည်းကောင်း ဟုတ်မှန်သည့်အတိုင်း မိမိကိုယ်ကို ထင်စွာပြုတတ်၏။ အားထုတ်အပ်သော ဝီရိယရှိသည် ဖြစ်၍နေ၏။ အကုသိုလ်တရားကိုပယ်၍ ကုသိုလ်တရားတို့ ပြည့်စုံစေခြင်းငှာ အားအစွမ်းရှိ၏။ မြဲမြံသော လုံ့လရှိ၏။ ကုသိုလ်တရားတို့၌ မချထားအပ်သော ဝန်ရှိ၏။ ပညာရှိ၏။ ဖြစ်မှုပျက်မှု ဥပါဒ်စွန်းဘင်စွန်းကို ပိုင်းခြားခြင်းငှာ စွမ်းနိုင်သောပညာနှင့် ပြည့်စုံ၏။ ကိလေသာကို ဖောက်ခွဲခြင်းငှာ စွမ်းနိုင်သော၊ ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာရောက်ကြောင်းဖြစ်သော ဝိပဿနာပညာနှင့် ပြည့်စုံ၏"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ရာဇဝဂ်၊ ကဏ္ဏကတ္ထလသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်

## ၂၄။ နိဗ္ဗာန်၏ သဘောလက္ခဏာ

ဇမ္ဗုခါဒကပရိဗိုဇ်။ ။"ငါ့ရှင်သာရိပုတ္တရာ၊ နိဗ္ဗာန်၊ နိဗ္ဗာန်ဟု ဆိုအပ်၏။ အဘယ်သည် နိဗ္ဗာန်နည်း"

အရှင်သာရိပုတ္တရာ။ ။"ငါ့ရှင်၊ ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာကို နိဗ္ဗာန်ဟု ခေါ်ဆိုအပ်၏"

ဇမ္ဗုခါဒက။ ။"ငါ့ရှင်၊ ဤနိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းသည် အဘယ်နည်း။ အကျင့်သည် အဘယ်နည်း"

အရှင်သာရိပုတ္တရာ။ ။"ငါ့ရှင်တို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်လမ်းသည်၊ အကျင့်သည် အင်္ဂါရှစ်ပါးရှိသော ဤ အရိယာမဂ်ပင်တည်း။ ယင်းတို့သည်ကား မှန်ကန်သောမြင်ခြင်း သမ္မာဒိဋ္ဌိ၊ မှန်ကန်သောကြံခြင်း သမ္မာသင်္ကပ္ပ၊ မှန်ကန်သော ပြောဆိုခြင်း သမ္မာဝါစာ၊ မှန်ကန်သောပြုလုပ်ခြင်း သမ္မာကမ္မန္တ၊ မှန်ကန်သော အသက်မွေးခြင်း သမ္မာအာဇီဝ၊ မှန်ကန်သောအားထုတ်ခြင်း သမ္မာဝါယာမ၊ မှန်ကန်သော အောက်မေ့ခြင်း သမ္မာသတိနှင့် မှန်ကန်သော တည်ကြည်ခြင်း သမ္မာသမာဓိတည်း။"

**(သံယုတ္တနိကာယ်၊ ဇမ္ဗုခါဒကသံယုတ်၊ နိဗ္ဗာနပဉှသုတ်)**

ဇာဏုသောဏိပုဏ္ဏား။ ။"အရှင်ဂေါတမ၊ အဘယ်မျှဖြင့် နိဗ္ဗာန်သည် ကိုယ်တိုင်သိမြင်ထိုက်ပါသနည်း။ အခါမလင့် အကျိုးပေးပါသနည်း။ လာရောက်၊

www.burmeseclassic.com

www.burmeseclassic.com



ရှုလှည့်ဟူသော အစီရင်ကို ခံထိုက်ပါသနည်း။ မိမိကိုယ်ထဲ၊ စိတ်ထဲ၌ ဆောင်ယူထားထိုက်ပါသနည်း။ ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင်၊ ခံစားနိုင်ပါသနည်း"

မြတ်စွာဘုရား။ ။"ပုဏ္ဏား၊ ရာဂဖြင့် တပ်စွန်းသောသူ၊ ဒေါသဖြင့် ဖျက်ဆီးအပ်သူနှင့် မောဟဖြင့် တွေဝေသောသူသည် ရာဂ၊ ဒေါသ၊ မောဟ နှိပ်စက်ဖိစီးအပ်သည်ဖြစ်၍ ရာဂ၊ ဒေါသ၊ မောဟဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သည့် စိတ်ရှိရကား မိမိဆင်းရဲရန်လည်း ကြံစည်၏။ မိမိ သူတစ်ပါး နှစ်ပါးစုံ ဆင်းရဲရန်လည်း ကြံစည်၏။ စိတ်ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်းနှင့် နှလုံးမသာခြင်းကိုလည်း ခံစားရ၏။ ရာဂ၊ ဒေါသ၊ မောဟတို့ ပယ်ခွာလိုက်သော် မိမိဆင်းရဲရန်၊ သူတစ်ပါး ဆင်းရဲရန်၊ သို့မဟုတ် မိမိ သူတစ်ပါး နှစ်ပါးစုံဆင်းရဲရန် မကြံစည်။ စိတ်ကိုစွဲဖြစ်သော ဆင်းရဲခြင်း၊ နှလုံးမသာခြင်းကိုလည်း မခံစားရပေ။

ပုဏ္ဏား၊ ဤသူသည် ရာဂ၊ ဒေါသ၊ မောဟ အကြွင်းမဲ့ကုန်ရာ နိဗ္ဗာန်ကို ခံစားရ၏။ ဤသို့လျှင် နိဗ္ဗာန်ကို ကိုယ်တိုင်ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင်၊ ခံစားနိုင်၏။"

**(အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ဗြာဟ္မဏဝဂ်၊ နိဗ္ဗုတသုတ်)**

"ရဟန်းတို့၊ ရဟန်းသည် ရုပ်ခံတတ်၊ ဝေဒနာခံတတ်၊ သညာခံတတ်၊ သင်္ခါရခံတတ်နှင့် ဝိညာဏခံတတ်တို့၌ စွဲမက်မှုကို အကယ်၍ ပယ်အပ်သည်ဖြစ်ငြားအံ့၊ စွဲမက်မှုကို ပယ်ခြင်းကြောင့် အာရုံသည်ပြတ်၏။ ဝိညာဉ်၏တည်ရာ မဖြစ်နိုင်။ တည်ရာမရှိသော ထိုဝိညာဉ်သည် စည်ပင်မှု၊ ပြုပြင်မှုကင်းလျက် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်ခြင်းကြောင့် တည်တံ့၍ ရောင့်ရဲ၏။ ရောင့်ရဲခြင်းကြောင့် မတောင့်တဘဲ မျက်မှောက်ဘဝ၌ပင်လျှင် ငြိမ်းအေး၏။ 'ပဋိသန္ဓေ ကုန်ပြီးပြီ။ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ။ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ ဤ မဂ်ကိစ္စအလို့ငှာ တစ်ပါးသောပြုဖွယ်ကိစ္စ မရှိတော့ပြီ' ဟု သိ၏။"

**(သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်၊ ဥပယဝဂ်၊ ဥပယသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၂၅။ နိဗ္ဗာန်နှင့် ကိုယ်ခန္ဓာ

"အချင်း ရောဟိတနတ်သား၊ လောက၏ အဆုံးနိဗ္ဗာန်မရောက်ဘဲ ဆင်းရဲ၏အဆုံးပြုခြင်းကို ငါ ဟောတော်မမူ။ စင်စစ်အားဖြင့် သညာလည်းမရှိ၊ စိတ်လည်းရှိသော တစ်လံမျှလောက်သော ဤခန္ဓာကိုယ်၌ လောက(ဒုက္ခသစ္စာ) ကိုလည်းကောင်း၊ လောက၏ ဖြစ်ပေါ်ကြောင်း(သမုဒ္ဒယသစ္စာ)ကိုလည်းကောင်း၊ လောက၏ ချုပ်ရာနိဗ္ဗာန်(နိရောဓသစ္စာ)ကိုလည်းကောင်း၊ လောက၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်(မဂ္ဂသစ္စာ)ကိုလည်းကောင်း ငါပညတ်တော်မူ၏။

ထို့ကြောင့် စင်စစ် လောကကိုသိပြီးသော၊ လောက၏ အဆုံးနိဗ္ဗာန်သို့ ရောက်ပြီးသော၊ ကျင့်သုံးပြီးသော၊ အကျင့်မြတ်ရှိသော၊ မကောင်းမှုမငြိမ်းပြီးသော ပညာရှိသည် လောက၏အဆုံးကိုသိ၍ ဤ ပစ္စုပ္ပန်လောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း မတောင့်တတော့ချေ"

**(သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်၊ ရောဟိတသုတ်)**

"ရဟန်းတို့၊ ဖြစ်ပေါ်မှုမရှိသော၊ ထင်ရှားဖြစ်နေမှုမရှိသော၊ ပြုလုပ်ထားမှုမရှိသော၊ စီရင်ထားမှုမရှိသော နိဗ္ဗာန်သည်ရှိ၏။ ဖြစ်ပေါ်မှုမရှိသော၊ ထင်ရှားဖြစ်နေမှုမရှိသော၊ ပြုလုပ်ထားမှုမရှိသော၊ စီရင်ထားမှုမရှိသော ဤနိဗ္ဗာန် သည် အကယ်၍မရှိပါမူ ဤလောက၌ ဖြစ်ပေါ်လာမှု၊ ထင်ရှားဖြစ်နေမှု၊ ပြုလုပ်ထားမှု၊ စီရင်ထားမှုဟူသော ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် မထင်ရှားရာ။ နိဗ္ဗာန်ရှိသောကြောင့်သာ ဖြစ်ပေါ်လာမှု၊ ထင်ရှားဖြစ်နေမှု၊ ပြုလုပ်ထားမှု၊ စီရင်ထားမှုဖြစ်သော ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် ထင်ရှား၏"

www.burmeseclassic.com

www.burmeseclassic.com



ဤအနက်သဘောကို မြတ်စွာဘုရားဟောတော်မူ၏။ ထိုသုတ်၌ ဤအနက်သဘောကို "ဖြစ်ပေါ်နေသော၊ ကောင်းစွာဖြစ်သော၊ ပြုလုပ်ထားသော၊ စီရင်ထားမှုရှိသော၊ မမြဲသော၊ အိုခြင်းသေခြင်းတို့နှင့် ရောစပ်နေသော၊ ရောဂါအပေါင်းတို့၏ တည်နေရာ အသိုက်သဖွယ်ဖြစ်သော၊ ပျက်စီးခြင်းရှိသော၊ အာဟာရနှင့် တဏှာလျှင်ဖြစ်ကြောင်း အမွှန်အစရှိသော ထိုခန္ဓာငါးပါးကို နှစ်သက်ခြင်းငှာ မသင့်။ ထိုခန္ဓာငါးပါး(သင်္ခါယ)၏ ထွက်မြောက်ရာဖြစ်သော (ကိလေသာသင်္ခါရတို့၏) ငြိမ်းအေးရာဖြစ်သော၊ ကြံစည်မှု တက္ကဉာဏ်၏ အာရုံမဟုတ်သော၊ ခိုင်မြဲသော ဖြစ်ပေါ်မှုမရှိသော၊ ကောင်းစွာမဖြစ်သော၊ စိုးရိမ်မှုကင်းသော၊ ကိလေသာမြူကင်းသော၊ သံသရာဆင်းရဲ နှိပ်စက်ခံရသူတို့ ကျင့်အပ်သော၊ ဆင်းရဲတရားတို့၏ ချုပ်ရာဖြစ်သော၊ သင်္ခါရတို့၏ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်ချမ်းသာ၏"ဟု ဂါထာဖြင့်ဆိုအပ်၏။

**(ဣတိဝုတ္တက၊ နကနိပါတ်၊ ဒုတိယဝဂ်၊ အဇာတသုတ်)**

"ရဟန်းတို့၊ နိဗ္ဗာနဓာတ်တို့သည် ဤနှစ်ပါးတို့တည်း။ ခန္ဓာငါးပါး အကြွင်းရှိသော 'သဉပါဒိသေသ' နိဗ္ဗာနဓာတ်၊ ခန္ဓာငါးပါး အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်တို့တည်း။

ဤသာသနာတော်၌ ရဟန်းသည် ပူဇော်အထူးကိုခံထိုက်သူ၊ အာသဝေါကုန်ခန်းသူ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ၊ ပြုအပ်ပြီးသော (မဂ်)ကိစ္စရှိသူ၊ ခန္ဓာဝန်ကို ချပြီးဖြစ်သူ၊ မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးဖြစ်သူ၊ ဘဝသံယောဇဉ် ကုန်ခန်းပြီးသူ၊ ကောင်းစွာသိ၍ (ကိလေသာမှ) လွတ်မြောက်သူဖြစ်၏။ ထိုရဟန္တာပုဂ္ဂိုလ်အား (နောက်ဆုံးဘဝ၏ အကြောင်းကံ မကုန်သေးသမျှ) ဣန္ဒြေအစားစားတို့သည် တည်ရှိကုန်သည်သာလျှင်တည်း။ ထိုရဟန္တာပုဂ္ဂိုလ်သည် ယင်းဣန္ဒြေငါးပါးတို့၏ (အနုပ္ပါဒနိရောဓ၏ အစွမ်းဖြင့်) မချုပ်ကုန်သောကြောင့်ပင် နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် အာရုံကိုခံစား၏။ ချမ်းသာဆင်းရဲကို ခံစား၏။ ထိုရဟန္တာပုဂ္ဂိုလ်အား အကြင် ရာဂ၊ ဒေါသ၊ မောဟ ကုန်ခန်းမှုသည် ရှိ၏။ ထိုရာဂ၊ ဒေါသ၊ မောဟ ကုန်ခန်းမှုကိုပင် ခန္ဓာငါးပါး အကြွင်းရှိသော သဉပါဒိသေသ နိဗ္ဗာန်ဓာတ်ဟု ဆိုအပ်၏။

ဤသာသနာတော်၌ ရဟန်းသည် ပူဇော်အထူးကိုခံထိုက်သူ၊ အာသဝေါကုန်ခန်းသူ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ၊ ပြုအပ်ပြီးသော (မဂ်)ကိစ္စရှိသူ၊ ခန္ဓာဝန်ကို ချပြီးဖြစ်သူ၊ မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးဖြစ်သူ၊

www.burmeseclassic.com

www.burmeseclassic.com



ဘဝသံယောဇဉ် ကုန်ခန်းပြီးသူ၊ ကောင်းစွာသိ၍ (ကိလေသာမှ) လွတ်မြောက်ပြီးသူဖြစ်၏။ ဤအတ္တဘော၌ပင် ထိုရဟန္တာပုဂ္ဂိုလ်အား ခံစားမှုဝေဒနာအားလုံးတို့သည် ရာဂစသည်တို့ဖြင့် မနှစ်သက်အပ်ကုန်မူ၍ တစ်ဖန်မဖြစ်သောအားဖြင့် ချုပ်ငြိမ်းမှုကိုပင် ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဟု ဆိုအပ်၏"

ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏။ ထိုသုတ်၌ အနက်သဘောကို–

"တဏှာဒိဋ္ဌိအစွမ်းဖြင့် တစ်စုံတစ်ခုသော တရားကိုမမှီသော အာဒိဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤနှစ်ပါးသော နိဗ္ဗာနဓာတ်တို့ကို ပြတော်မူ၏။ မှန်၏။ တစ်မျိုးသော(သဉပါဒိသေသ) နိဗ္ဗာနဓာတ်သည် ဤမျက်မှောက်အတ္တဘော၌ ဖြစ်၏။ ခန္ဓာငါးပါး ကြွင်းကျန်၏။ ဘဝတဏှာ ကုန်ခန်း၏။ ခန္ဓာငါးပါး အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်သည်ကား ခန္ဓာပျက်ပြီးသောအခါ၌ ဖြစ်၏။ ယင်း နိဗ္ဗာနဓာတ်၌ အလုံးစုံအားဖြင့် ဘဝတို့သည် ချုပ်ကုန်၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

**(ဣတိဝုတ္တက၊ ဒုကနိပါတ်၊ ဒုတိယဝဂ်၊ နိဗ္ဗာနဓာတုသုတ်)**

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ နိဗ္ဗာန်သည် အတိတ်မဟုတ်၊ အနာဂတ်မဟုတ်၊ ပစ္စုပ္ပန်လည်းမဟုတ်။ ခဏတ္တယသို့ရောက်ဆဲ ဥပပန္နတရားလည်းမဟုတ်။ ခဏတ္တယသို့ရောက်ပြီးရောက်ဆဲ မဟုတ်သော အနုပ္ပန္န တရားလည်းမဟုတ်။ မချုတ်ဖြစ်လတ္တံ့လည်း မဟုတ်ဟု အရှင်ဘုရားတို့ ဆိုတော်မူကုန်၏။ ဤသာသနာတော် အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည် ကောင်းစွာကျင့်သည်ရှိသော် နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ထိုသူသည် ဖြစ်ဆဲနိဗ္ဗာန်ကို မျက်မှောက်ပြုပါသလော၊ သို့မဟုတ် ဖြစ်ပြီးနိဗ္ဗာန်ကို မျက်မှောက်ပြုပါသလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ထိုသူသည် ဖြစ်ဆဲနိဗ္ဗာန်ကို မျက်မှောက်မပြု၊ ဖြစ်ပြီးနိဗ္ဗာန်ကိုလည်း မျက်မှောက်မပြု၊ စင်စစ် ချမ်းသာငြိမ်းအေးသော မွန်မြတ်သော ဤနိဗ္ဗာနဓာတ်သည် ရှိ၏။ တပည့်သည် ဆရာဆုံးမသည့်အတိုင်း အတတ်ကို ပညာဖြင့် မျက်မှောက်ပြုသကဲ့သို့ ကောင်းစွာကျင့်သောသူသည် မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း နိဗ္ဗာန်ကို ပညာဖြင့် မျက်မှောက်ပြု၏။

ဥပမာအားဖြင့် တောက်လောင်နေသာမီးမှ လွတ်အောင်ရန်းထွက်သော ယောက်ျားသည် မီးဘေးမှလွတ်သော နေရာ၌ လွန်ကဲသော ချမ်းသာမှုကို

www.burmeseclassic.com

www.burmeseclassic.com



ရရှိသကဲ့သို့ ကောင်းစွာကျင့်သောသူသည် သုံးလောက မီးပူမှ လွတ်ကင်း၍ ချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ပြကတေ့ မီးနှင့်အတူ သုံးပါးသော မီးကို မှတ်အပ်၏။ မီးကင်းသော အရပ်နှင့်အတူ နိဗ္ဗာန်ကို မှတ်အပ်၏။

ဥပမာ–တစ်နည်းအားဖြင့် ခွေးကောင်ပုပ်၊ လူကောင်ပုပ်စသော အညစ်အကြေး စုပုံရာသို့ ရောက်ရှိနေသောသူသည် ထိုအရပ်မှ ရုန်းထွက်၍ အကောင်ပုပ်ကင်းသောအရပ်၌ ချမ်းသာမှုကိုရရှိသကဲ့သို့ ကောင်းစွာကျင့်သောသူသည် ကိလေသာ အကောင်ပုပ်တည်းဟူသော ကာမဂုဏ်ငါးပါးမှလွတ်၍ လွန်စွာ ချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

ကောင်းစွာကျင့်သောသူသည် သင်္ခါရတရားတို့၏ဖြစ်ခြင်းကို သုံးသပ်၍ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းအဖြစ်တို့ကို မြင်၏။ ထိုသင်္ခါရတရားတို့၌ သာယာနှစ်သက်ဖွယ်ရာ တစ်စုံတစ်ခုကိုမျှ မမြင်သဖြင့် ဘုံသုံးပါး၌ ငြီးငွေ့လာ၏။ သင်္ခါရအားလုံး၏ ငြိမ်းအေးရာ၊ ခန္ဓာငါးပါးမှ ကင်းလွတ်ရာ၊ တဏှာကုန်ခန်းရာ နိဗ္ဗာန်သည်သာ ငြိမ်သက်မွန်မြတ်ကြောင်း သိရှိနားလည်လာ၏။

ထို့ကြောင့် ထိုသူသည် နိဗ္ဗာန်ရောက်ကြောင်း မဂ်တရားကို အားထုတ်၏။ သတိဝီရိယဖြင့် အထပ်ထပ်နှလုံးသွင်း၍ နောက်ဆုံး၌ သင်္ခါရတို့၏ အကြွင်းမဲ့ကင်းချုပ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။"

**(မိလိန္ဒပဉှာ၊ ဝေသန္တရာဝဂ်၊ နိဗ္ဗာနသစ္စိကရဏပဉှာ)**

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ နိဗ္ဗာန် အစွဲအမြဲတည်နေသော အရပ်သည် ရှိပါသလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ နိဗ္ဗာန် အစွဲအမြဲတည်နေသော အရပ်ဟူ၍မရှိ"

မိလိန္ဒမင်း။ ။"နိဗ္ဗာန်၏ အစွဲအမြဲ တည်နေရာအရပ်သည် အကယ်၍ မရှိငြားအံ့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဆိုသော စကားသည် မှားယွင်းရာ၏။ ဥပမာအားဖြင့် စပါးဖြစ်ရာလယ်သည် ရှိ၏။ အနံ့ဖြစ်ရာပန်းသည် ရှိ၏။ အသီးဖြစ်ရာ သစ်ပင်သည် ရှိ၏။ တစ်စုံတစ်ယောက်သောသူသည် အကြင်ဝတ္ထုကို အလိုရှိ၏။ ထိုသူသည် ထိုဝတ္ထုဖြစ်ပေါ်ရာ အရပ်သို့သွား၍ ယင်းကို ဆောင်ယူသကဲ့သို့ အကယ်၍ နိဗ္ဗာန်သည်ရှိပါက ယင်း၏ဖြစ်ပေါ်ရာ အရပ်သည်လည်း ရှိရမည်ဖြစ်၏။ နိဗ္ဗာန်၏ ဖြစ်ရာအရပ်သည် မရှိပါက နိဗ္ဗာန်သည် မရှိဟု ဆိုရာရောက်ပါ၏"

www.burmeseclassic.com

www.burmeseclassic.com



အရှင်နာဂသေန။ ။"မင်းမြတ်၊ နိဗ္ဗာန်၏ အစွဲအမြဲ တည်ရာအရပ်သည် မရှိသော်လည်း နိဗ္ဗာန်သည်ရှိ၏။ ဥပမာအားဖြင့် မီး၏ အစွဲအမြဲတည်ရာအရပ် မရှိသော်လည်း မီးသည် ထင်ရှားရှိ၍ ထင်းနှစ်ခုကို ပွတ်တိုက်သောအခါ မီးကို ရ၏။ ထို့အတူ နိဗ္ဗာန်၏ အစွဲအမြဲတည်နေရာ အရပ်သည် မရှိသော်လည်း နိဗ္ဗာန်သည် ထင်ရှားရှိ၏။ ကောင်းစွာကျင့်သောသူသည် သင့်လျော်သော နှလုံးသွင်းခြင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏"

**(မိလိန္ဒပဥှာ၊ ဝေဿန္တရာဝဂ်၊ နိဗ္ဗာနသန္နိဟိတပဥှာ)**

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ နိဗ္ဗာန်မရသောသူသည် နိဗ္ဗာန်၏ ချမ်းသာသော သဘောတရားကို သိနိုင်ပါသလော"

အရှင်နာဂသေန။ ။"ထိုသူသည် နိဗ္ဗာန်၏ ချမ်းသာမှုကို သိနိုင်၏"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ မရသေးသော နိဗ္ဗာန်၏ ချမ်းသာမှုကို အဘယ်သို့ သိနိုင်ပါသနည်း"

အရှင်နာဂသေန။ ။"မင်းမြတ်၊ လက်ခြေမပြတ်သော သူတို့သည် လက်ခြေပြတ်ခြင်း၏ ဆင်းရဲဒုက္ခကို သိနိုင်ပါသလော"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ သိနိုင်ပါသည်။ လက်ခြေပြတ်သော သူတို့၏ ငိုကြွေးသံကိုကြား၍ လက်ခြေပြတ်ခြင်း၏ ဆင်းရဲဒုက္ခကို သိနိုင်ပါသည်"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ထို့အတူ နိဗ္ဗာန်ကို မျက်မှောက်ပြုသော သူတို့၏ ပြောဆိုသံကိုကြား၍ နိဗ္ဗာန်၏ ချမ်းသာမှုကို သိနိုင်၏"

**(မိလိန္ဒပဥှာ၊ နိဗ္ဗာနဝဂ်၊ နိဗ္ဗာနသုခဇာနနပဥှာ)**

www.burmeseclassic.com

www.burmeseclassic.com

## ၂၆။ ရဟန္တာ

ရထားထိန်း၊ ကောင်းစွာဆုံးမပြီးသော မြင်းတို့သည် ငြိမ်သက်တည်ကြည်ကုန်သကဲ့သို့ အကြင်ရဟန္တာပုဂ္ဂိုလ်၏ ဣန္ဒြေခြောက်ပါးတို့သည် ငြိမ်သက်တည်ကြည်ကုန်၏။ မာနကို ပယ်ပြီးသော၊ အာသဝေါမရှိသော တာဒိဂုဏ် (လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံသောအခါ ဖောက်ပြန် တုန်လှုပ်မှုမရှိခြင်း)နှင့် ပြည့်စုံသော ထိုရဟန္တာပုဂ္ဂိုလ်အား နတ်တို့သည် မြတ်နိုးကုန်၏။

အကြောင်းအားလျော်စွာ တရားသိ၍ ကိလေသာမှလွတ်သော၊ ငြိမ်သက်သော၊ ဖောက်ပြန်ခြင်းသဘောမရှိသော ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်သက်၏။ နှုတ်အမှုအရာ၊ ကိုယ်အမှုအရာလည်း ငြိမ်သက်၏။

**(ဓမ္မပဒ၊ အရဟန္တဝဂ်၊ ဂါထာ ၉၄-၉၆)**

သဘိယ၊ အကြင်ပုဂ္ဂိုလ်သည် မိမိပြုအပ်သော မဂ်ဖြင့် ကိလေသာငြိမ်းရာ နိဗ္ဗာန်သို့ရောက်၏။ ယုံမှားခြင်းကို လွန်မြောက်၏။ ပျက်စီးဆုတ်ယုတ်ခြင်းကိုလည်းကောင်း၊ ကြီးပွားခြင်းကိုလည်းကောင်း ပယ်စွန့်၍ မဂ်အကျင့်ကို ကျင့်သုံးပြီးဖြစ်၏။ တစ်ဖန် ဘဝသစ်၌ ဖြစ်မှုကုန်ခန်းပြီးဖြစ်၏။ ထိုပုဂ္ဂိုလ်သည် ဘိက္ခုမည်၏။

**(သုတ္တနိပါတ်၊ မဟာဝဂ်၊ သဘိယသုတ်၊ ဂါထာ ၅၂၀)**

www.burmeseclassic.com

www.burmeseclassic.com



နက်နဲသော ပညာရှိသော၊ ထက်မြက်သော ပညာရှိသော၊ လမ်းမှန် မှာတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြဟ္မဏဟု ငါဆို၏။

အကြင်ပုဂ္ဂိုလ်အား ကပ်ငြိတွယ်တာခြင်းမရှိ၊ တရားမှန်ကိုသိ၍ သို့လော သို့လော တွေးတောခြင်းမရှိ။ အမြိုက်နိဗ္ဗာန်သို့ ဝင်ရောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဆို၏။

**(သုတ္တနိပါတ်၊ မဟာဝဂ်၊ ဓာသေဋ္ဌသုတ်၊ ဂါထာ ၆၃၃-၆၄၁)**

တဏှာဒိဋ္ဌိကို မှီသောသူသည် ရာဂကြီးသူ၊ ဒေါသကြီးသူဟူသော သဘောတရားတို့၌ ပြောဆိုစွပ်စွဲခြင်းကို ခံရ၏။ တဏှာဒိဋ္ဌိကို မမှီသော ရဟန္တာ ပုဂ္ဂိုလ်ကို အဘယ်မည်သော ရာဂဒေါသတရားဖြင့် အဘယ်သို့ ဆိုနိုင်ရာအံ့နည်း။ မှန်၏။ ထိုရဟန္တာပုဂ္ဂိုလ်အား အတ္တဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိ မရှိ။ ထိုရဟန္တာပုဂ္ဂိုလ်သည် ဤအတ္တဘော၌ပင် ဒိဋ္ဌိအယူအားလုံးကို ခါတွက်ပစ်လွှင့်ပြီးပြီ။

**(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ဒုဋ္ဌကသုတ်၊ ဂါထာ ၇၉၄)**

ဤလောက၌ ရဟန္တာ ဗြာဟ္မဏသည် (အရိယာမဂ်)မှ တစ်ပါးသော မိစ္ဆာဉာဏ်ဖြင့် မြင်ရသောရူပါရုံ၊ ကြားရသော သဒ္ဒါရုံ၊ ရောက်ရသော ဂန္ဓ-ရသ-ဖောဋ္ဌဗ္ဗာရုံ၌လည်းကောင်း၊ မလွန်ကျူးမှု သီလ၊ နွားနွေး စသည်တို့၌ အကျင့်ဝတ်၌လည်းကောင်း၊ စင်ကြယ်၏ဟူ၍ မဆို။ ကုသိုလ်၊ အကုသိုလ်၌ လည်း မကပ်ငြိမလိမ်းကျံ။ အတ္တဒိဋ္ဌိကိုလည်း စွန့်ပြီးဖြစ်၏။ ကုသိုလ်၊ အကုသိုလ် ကိုလည်း မပြုလုပ်တော့ပေ။

**(သုတ္တနိပါတ်၊ သုဒ္ဓဋ္ဌကသုတ်၊ ဂါထာ ၇၉၇)**

ကိလေသာကို ခါတွက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် မြင်ရသောရူပါရုံ၊ ကြားရသော သဒ္ဒါရုံ၊ ရောက်ရသော ဂန္ဓ-ရသ-ဖောဋ္ဌဗ္ဗာရုံတို့၌ ထိုတဏှာမာန ဒိဋ္ဌိဖြင့် မစွဲလမ်းမမှတ်ထင်။ တစ်ပါးသောအကျင့်ဖြင့် စင်ကြယ်ခြင်းကို အလိုမရှိ။ ထိုရဟန္တာသည် (ဗာလပုထုဇဉ်ကဲ့သို့) တပ်နှစ်သက်တတ်သူလည်းမဟုတ်၊ (ကလျာဏပုထုဇဉ်သေက္ခတို့ကဲ့သို့) တပ်နှစ်သက်ခြင်း ကင်းဆဲလည်းမဟုတ်၊ တပ်နှစ်သက်ခြင်း ကင်းပြီးသူဖြစ်၏။

**(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ဇရာသုတ်၊ ဂါထာ ၈၁၁)**

www.burmeseclassic.com

www.burmeseclassic.com



အကြင်ရဟန္တာတို့သည် ကိလေသာ စစ်သည်အပေါင်းကို ဖျက်ဆီးပြီးလျှင် အယူဝါဒတစ်ခုနှင့်တစ်ခုကို မဆန့်ကျင်စေကုန်မူ၍ သွားလာနေထိုင်ကြကုန်၏။ ဤလောက၌ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့အား (မဂ်ဖိုလ် နိဗ္ဗာန်မှတစ်ပါး) စွဲလမ်းယူဆမှုမရှိ။ ထိုရဟန္တာတို့၌ သင်သည် အဘယ်မည်သောဝါဒစစ်ထိုးမှုကို ရနိုင်ပါမည်နည်း။

**(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ ပသုရသုတ်၊ ဂါထာ ၈၄၀)**

တူမျှသူဟူ၍လည်းကောင်း၊ ထူးချွန်လွန်ကဲသူဟူ၍လည်းကောင်း၊ ယုတ်ညံ့သူဟူ၍လည်းကောင်း မှတ်ထင်သည်။ ထိုသို့ မှတ်ထင်ခြင်းကြောင့် ငြင်းခုံရာ၏။ မာနသုံးမျိုးတို့ကြောင့် မတုန်လှုပ်သောသူအား တူမျှသူဟူ၍လည်းကောင်း၊ ထူးချွန်လွန်ကဲသူဟူ၍လည်းကောင်း၊ ယုတ်ညံ့သူဟူ၍လည်းကောင်း မှတ်ထင်မှု မဖြစ်နိုင်ချေ။

ထိုရဟန္တာသည် ငါ့အယူသာ မှန်၏ဟူ၍ အဘယ်မှာလျှင် ပြောဆိုရာအံ့နည်း။ အခြားသူတို့၏ အယူသည် မှားယွင်း၏ဟူ၍ အဘယ်မည်သောသူနှင့် ငြင်းခုံရာအံ့နည်း။ အကြင်ရဟန္တာ၌ တူ၏ဟူသော သဒိသမာနသည်လည်းကောင်း၊ မတူဟူသော သေဋ္ဌမာနသည်လည်းကောင်း၊ ယုတ်ညံ့သည်ဟူသော ဟီနမာနသည်လည်းကောင်း မရှိတော့ပေ။ ထိုရဟန္တာသည် အဘယ်မည်သောသူနှင့် ဝါဒယှဉ်ပြိုင်ပါတော့မည်နည်း။

မြင်ခိုက်စသည်တို့၌ ဝိညာဉ်၏တည်ရာကို ပယ်စွန့်၍ ရူပါရုံစသောတည်ရာအိမ်တို့ကို မအော်ကမ်မေ့သူ၊ ရွာ၌ လူတို့နှင့် ပေါင်းသင်းဆက်ဆံမှုမပြုသူ၊ ကာမဂုဏ်တို့မှ ကင်းဆိတ်သူ၊ နောင် အတ္တဘောကို မဖြစ်စေသူရဟန္တာသည် လူအများနှင့် ဆန့်ကျင်ဘက်စကားကို မပြောဆိုတော့ပေ။”

**(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၊ မာဂဏ္ဍိယသုတ်၊ ဂါထာ ၈၄၉-၅၁)**

ရဟန်းတို့၊ တရားကိုးမျိုးကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန်မထိုက် အဘယ်ကိုးမျိုးတို့နည်းဟူမူ တပ်မက်မှု ‘ရာဂ’၊ ပြစ်မှားမှု ‘ဒေါသ’၊ တွေဝေမှု ‘မောဟ’၊ အမျက်ထွက်မှု ‘ကောဓ’၊ ရန်ငြိုးဖွဲ့မှု ‘ဥပနာဟ’၊ သူတစ်ပါးကျေးဇူးကို ချေဖျက်မှု ‘မက္ခ’၊ ဂုဏ်ပြိုင်မှု ‘ပဠာသ’၊ ငြူစူမှု ‘ဣဿာ’ နှင့် ဝန်တိုမှု ‘မစ္ဆရိယ’ တို့တည်း။

**(အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ သတိပဋ္ဌာနဝဂ်၊ အဘဗ္ဗသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



**အာသဝေါကုန်ပြီးသော ရဟန်း၏ ဉာဏ်အားများအကြောင်းကို မြတ်စွာဘုရားအား အရှင်သာရိပုတ္တရာ၏ လျှောက်ထားချက်။**

ထိုရဟန်းသည် အလုံးစုံသော သင်္ခါရတို့ကို မမြဲသောအားဖြင့် ဟုတ်တိုင်းမှန်စွာ ကောင်းသော ဝိပဿနာမဂ်ပညာဖြင့် ကောင်းစွာမြင်၏။ ကာမဂုဏ်ငါးပါးတို့ကို မီးကျီးစုနှင့် တူကုန်၏ဟု ကောင်းသော ဝိပဿနာမဂ်ပညာဖြင့် ဟုတ်တိုင်းမှန်စွာ မြင်၏။ ထိုရဟန်း၏စိတ်သည် သင်္ခါရတရားတို့၏ ဆိတ်ရာ နိဗ္ဗာန်၌ တည်၏။ ရဟန်းအဖြစ်၌ မွေ့လျော်၍ အာသဝေါတရားတို့၏ အကြောင်းတရားတို့မှ အလုံးစုံသော အခြင်းအရာအားဖြင့် ကင်း၏။ ထိုရဟန်းသည် သတိပဋ္ဌာန်လေးပါးကို ကောင်းစွာပွား၏။ ဣန္ဒြိယ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါးနှင့် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ကောင်းစွာပွား၏။

ထိုဉာဏ်အားရှစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ငါ့အား အာသဝေါတရားတို့ကုန်ပြီဟု အာသဝေါတရားတို့၏ကုန်ရာ အရဟတ္တဖိုလ်ကို ဝန်ခံ၏။

**(အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဂဟပတိဝဂ်၊ ဒုတိယဗလသုတ်)**

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ကြောက်ခြင်း၊ ထိတ်လန့်ခြင်းမရှိဟု မြတ်စွာဘုရား ဟောတော်မူပါ၏။ တစ်ဖန်လည်း ရာဇဂြိုဟ်မြို့၌ မြတ်စွာဘုရားထံသို့ ရှေးရှုလာသော ဓနပါလက ဆင်ကြမ်းကို မြင်ကုန်၍ ရဟန္တာငါးရာတို့သည် ဘုရားရှင်ကိုစွန့်၍ အရှင်အာနန္ဒာ တစ်ပါးတည်းကိုထားကာ ဖဲသွားကြသည်ဟု ဆိုပါ၏။ ဤ ရှေ့နောက်မညီသော စကားကို အရှင်ဘုရား ဖြေရှင်းပေးပါလော့။"

အရှင်နာဂသေန။ ။"မင်းမြတ် ရာဇဂြိုဟ်မြို့၌ ဘုရားရှင်ထံမှ ရဟန္တာတို့ ဖဲသွားကြခြင်းသည် ကြောက်သောကြောင့်မဟုတ်၊ ရဟန္တာတို့သည် ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ရန် အကြောင်းမှ ကင်း၏။ ဥပမာအားဖြင့် မြေကြီးသည် တူးဆွခြင်း၊ ဖြိုခွဲခြင်း၊ သမုဒ္ဒရာနှင့် တောင်များအား ရွက်ဆောင်ထားရခြင်းကို ကြောက်သလော"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ မကြောက်ပါ"

အရှင်နာဂသေန။ ။"အဘယ်ကြောင့်နည်း"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်းဖြစ်ရန် အကြောင်းသည် မြေကြီး၌မရှိပါ"

www.burmeseclassic.com

www.burmeseclassic.com



အရှင်နာဂသေန။ ။"မင်းမြတ်၊ ထိုအတူသာလျှင် ရဟန္တာတို့၌ ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ရန် အကြောင်းသည်မရှိ။ စင်စစ်သော်ကား ရဟန္တာတို့သည် ရာဇဂြိုဟ်မြို့၌ ကြောက်ရွံ့ထိတ်လန့်သောကြောင့် မဟုတ်ဘဲ အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူး ထင်ရှားစေရန်နှင့် များစွာသော လူအပေါင်းအား ကိလေသာအနှောင်အဖွဲ့မှ လွတ်စေရန်အတွက် ဘုရားရှင်ထံမှ ဖဲသွားကြခြင်း ဖြစ်၏။"

(မိလိန္ဒပဉှာ၊ သဗ္ဗညုတဉာဏဝဂ်၊ အရဟန္တအဘာယနပဉှာ)

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်၌ ဖြစ်သော တစ်ခုတည်းသော ဝေဒနာကို ခံစား၏။ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားဟု အရှင်ဘုရားတို့ ဆိုတော်မူကြ၏။ အသို့ပါနည်း။ ရဟန္တာစိတ်သည် ကိုယ်ကိုမှီ၍ဖြစ်၏။ ရဟန္တာသည် ထို ကိုယ်၌ အစိုးမရလေသလော။ ကိုယ်၌ အစိုးမရပါက ဤသို့ဖြစ်ရခြင်းသည် မသင့်လျော်ပေ။ အရှင်ဘုရား၊ ငှက်သော်မှလည်း မိမိအသိုက်၌နေသမျှ ကာလပတ်လုံး ထိုအသိုက်ကို အစိုးရဘိသေး၏။ မိမိအလိုသို့ လိုက်စေနိုင်ဘိသေး၏။

အရှင်နာဂသေန။ ။"မင်းမြတ်၊ ဤဆယ်ပါးသောတရားတို့သည် ဖြစ်လေရာရာ ဘဝ၌ ကိုယ်သို့ အစဉ်လိုက်ပါကုန်၏။ ယင်း တရားဆယ်ပါးတို့ကား အချမ်း၊ အပူ၊ ဆာလောင်ခြင်း၊ ရေမွတ်သိပ်ခြင်း၊ ကျင်ကြီး၊ ကျင်ငယ်၊ ငိုက်မျဉ်းခြင်း၊ အိုခြင်း၊ ဖျားနာခြင်းနှင့် သေခြင်းတို့တည်း။ ရဟန္တာသည် ယင်း တရားဆယ်ပါးတို့၌ အစိုးမရပေ"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ အဘယ်ကြောင့် ရဟန္တာသည် ကိုယ်ကို အစိုးမရပါသနည်း"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ဥပမာအားဖြင့် သတ္တဝါအားလုံးသည် မြေကြီးကိုမှီ၍ သွားလာနေထိုင် အသက်မွေးကြသော်လည်း မြေကြီးကို အစိုးမရကြချေ။ ထိုနည်းတူ ရဟန္တာ၏စိတ်သည် ကိုယ်ကိုမှီ၍ ဖြစ်သော်လည်း ရဟန္တာသည် ကိုယ်ကို အစိုးမရချေ"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ရဟန္တာသည် ကိုယ်၌ဖြစ်သော တစ်ခုတည်းသော ဝေဒနာကိုသာခံစား၍ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရခြင်း၏ အကြောင်းကား အဘယ်နည်း"

www.burmeseclassic.com

www.burmeseclassic.com



အရှင်နာဂသေန။ ။"မင်းမြတ်၊ ရဟန္တာ၏စိတ်သည် ကောင်းစွာပွားစေအပ်ပြီး၊ ကောင်းစွာ ဆုံးမယဉ်ကျေးပြီးဖြစ်၏။ ဥပမာအားဖြင့် သစ်ပင်ကြီးကို ပြင်းထန်သောလေ တိုက်ခတ်သောအခါ အကိုင်းအခက်သည် တုန်လှုပ်၍ ပင်စည်သည် တုန်လှုပ်ခြင်းမရှိ။ ထို့အတူ ရဟန္တာသည် ကာယိက ဒုက္ခဝေဒနာကို ကြုံတွေ့ရသောအခါ 'အနိစ္စ'ဟူ၍ စွဲမြဲစွာမှတ်ယူပြီးလျှင် သမာဓိတည်းဟူသော တိုင်၌ စိတ်ကိုဖွဲ့ချည်ထား၏။ ထို့ကြောင့် ရဟန္တာ၏ ကိုယ်သည် ဝေဒနာ ဖောက်ပြန်၍ ဆောက်တည်ရာမရဖြစ်သော်လည်း စိတ်သည်ကား သစ်ပင်ကြီး၏ ပင်စည်ကဲ့သို့ တည်တံ့၍ မတုန်လှုပ်ချေ"

**(မိလိန္ဒပဥှာ၊ ဗုဒ္ဓဝဂ်၊ အရဟန္တ ဝေဒနာ၊ ဝေဒိယနပဥှာ)**

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ ရဟန္တာအား သတိမေ့လျော့မှု ရှိပါသေးသလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ရဟန္တာတို့၌ သတိမေ့လျော့ခြင်းမရှိ"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ရဟန္တာတို့သည် အာပတ်သင့်ပါသေးသလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ရဟန္တာတို့သည် အာပတ်သင့်သေး၏"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ရဟန္တာတို့အား အာပတ်သင့်ခြင်းသည် သိက္ခာပုဒ်ကို မရှိသေးခြင်းကြောင့်လည်းကောင်း၊ မသိခြင်းကြောင့်လည်းကောင်း နှစ်ပါးသောအကြောင်းကြောင့် ဖြစ်သည်ဟု အရှင်ဘုရားတို့ ဆိုကြပါကုန်၏။ အာပတ်သင့်သော ရဟန္တာသည် အကယ်၍ သိက္ခာပုဒ်ကို ရှိသေပါလျက် အာပတ်သင့်ခြင်းဖြစ်ပါက ထိုသို့ဖြစ်မူ ရဟန္တာအား သတိမေ့လျော့ခြင်း ရှိသေးသည် မဟုတ်ပါလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ အပြစ်တို့သည် လောကအပြစ်၊ ပညတ်တော် အပြစ်ဟူ၍ နှစ်ပါးရှိ၏။ လောကအပြစ်ဟူသည် အကုသိုလ်ကမ္မပထတရား ဆယ်ပါးဖြစ်၏။ ပညတ်တော်အပြစ်သည်ကား ရဟန်းတို့အား သာလျှင် မလွန်ကျူးရန် မြတ်စွာဘုရားက သိက္ခာပုဒ်ဖြင့် ပညတ်ထားသော ပြစ်မှု၊ ဥပမာအားဖြင့် နေ့လွဲညစာ စားခြင်း၊ ရေ၌ ရွှင်မြူးကစားခြင်း စသည်တို့ ဖြစ်၏။ လောကအပြစ်ကို ရဟန္တာသည် ကျူးလွန်ခြင်းငှာ မထိုက်၊ ပညတ်တော် အပြစ်ကိုမူကား ရဟန္တာသည် မသိသောကြောင့် ကျူးလွန်မိရာ၏။ အချို့သော ရဟန္တာသည် **အလုံးစုံကိုသိရန်** အစွမ်းမရှိနိုင်ပေ။ ထိုရဟန္တာသည် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတို့၏ အမည်များကိုသော်လည်းကောင်း၊ လမ်းခရီးကိုသော်လည်းကောင်း မသိနိုင်ပေ။ အချို့သော ရဟန္တာသည် မင်္ဂဖိုလ်နိဗ္ဗာန်ကိုသာ သိနိုင်ရာ၏။ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာသည် မိမိ၏အရာကို သိနိုင်ရာ၏။ သဗ္ဗညုတ ဉာဏ်တော်ရှင်ဖြစ်သော မြတ်စွာဘုရားသည်သာ အလုံးစုံကို သိမြင်နိုင်ပေ၏"

**(မိလိန္ဒပဉှာ၊ နိပ္ပပဉ္စဝဂ်၊ ခီဏာသဝသတိ သမ္မောသပဉှာ)**

သုနက္ခတ္တ၊ ငါဘုရား၏အထံ၌ ပဋိသန္ဓေနေခြင်း ကုန်ပြီ။ မြတ်သော မင်္ဂအကျင့်ကို ကျင့်သုံးပြီးပြီ။ ပြုဖွယ်မင်္ဂကိစ္စကို ပြုပြီးပြီ။ ဤ မင်္ဂကိစ္စအကျိုးငှာ တစ်ပါးသော ပြုဖွယ်ကိစ္စမရှိပြီဟု သိကုန်၏ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားကုန်သော ပုဂ္ဂိုလ်တို့တွင် အရဟတ္တဖိုလ်ကို အမှန်ပြောကြားသော အချို့ရဟန်းတို့ရှိ၏။ အထင်ကြီးမှုဖြင့်မရဘဲ ရသည်ဟု အရဟတ္တဖိုလ်ကို ပြောကြားသော အချို့ရဟန်းတို့လည်း ရှိ၏။

အထင်ကြီးမှုဖြင့် မရဘဲ ရသည်ဟု ပြောကြားသော ရဟန်းတို့အား ငါ့အား အကြံဖြစ်၏။ သို့ရာတွင် မင်္ဂဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော အချို့သူတို့သည် အမေးပြဿနာကို စီရင်၍ ငါ့အား မေးလေ့ရှိကြ၏။ ထို့ကြောင့် ငါ၏ အကြံသည် ပျက်ပြား၍ ထိုသူတို့အား ငါတရားဟောလိုသော ဆန္ဒမရှိချေ။

**(မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ ဒေဝဟာဒဝဂ်၊ သုနက္ခတ္တသုတ်)**

ရဟန်းတို့၊ အရဟတ္တဖိုလ်ကို ပြောဆိုခြင်းတို့သည် ဤငါးမျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်းဟူမူ–

ပညာနန့်သည်၏ အဖြစ်၊ တွေဝေသည်၏ အဖြစ်ကြောင့် အရဟတ္တဖိုလ်ကို ပြောဆို၏။ ယုတ်ညံ့သော အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ အရဟတ္တဖိုလ်ကို ပြောဆို၏။ ရူးသွပ်ခြင်း၊ စိတ်ပျံ့လွင့်ခြင်းကြောင့် အရဟတ္တဖိုလ်ကို ပြောဆို၏။ အထင်ကြီးသဖြင့် အရဟတ္တဖိုလ်ကို ပြောဆို၏။ အကြောင်းမှန်အားဖြင့် အရဟတ္တဖိုလ်ကို ပြောဆို၏။

**(အင်္ဂုတ္တရနိကာယ်၊ ပဉ္စနိပါတ်၊ ကကုဓဝဂ်၊ ဗျာကရဏသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၂၇။ ရဟန္တာ ဟုတ်၊မဟုတ် သိရှိနိုင်သောနည်း

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း၊ ဝိသာခါ၏ ပြာသာဒ်၌ ညနေချမ်းအခါထတော်မူ၍ ပြာသာဒ်တံခါးမုခ်ပြင်ပ၌ နေတော်မူ၏။ ထိုအခါ ပသေနဒီ ကောသလမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်နေ၏။

ထိုအခါ ဆံကျစ်ရသေ့ ခုနစ်ယောက်တို့သည်လည်းကောင်း၊ နိဂဏ္ဌာတိတ္ထိ ခုနစ်ယောက်တို့သည်လည်းကောင်း၊ အဝတ်မဝတ်သော အစေလက ခုနစ်ယောက်တို့သည်လည်းကောင်း၊ အဝတ်တစ်ထည်သာ ဝတ်သော တိတ္ထိခုနစ်ယောက်တို့သည်လည်းကောင်း၊ ပရိဗိုဇ်ခုနစ်ယောက်တို့သည်လည်းကောင်း ရှုပ်ရှုပ်ထွေးထွေး ပေါက်ရောက်သော လက်ကတီးမွေးရှည်သော ခြေသည်းလက်သည်း ကိုယ်ရေ အမွေးရှိကုန်သော အထူးထူးသော ထမ်းပိုးပရိက္ခရာတို့ကိုယူကုန်၍ မြတ်စွာ ဘုရား၏ မနီးမဝေးမှ ဖြတ်သန်းသွားကြကုန်၏။

ပသေနဒီကောသလမင်းသည် ထိုရသေ့ပရိဗိုဇ်နှင့် တိတ္ထိတို့ကို မြင်သော် နေရာမှထ၍ လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်ပြီးလျှင် လက်ယာပုဆစ်ဒူးဝန်းကို မြေ၌ထောက်လျက် လက်အုပ်ချီ၍ "အရှင်ဘုရားတို့၊ တပည့်တော်သည် ပသေနဒီကောသလမင်းပါတည်း"ဟု သုံးကြိမ်တိုင်တိုင် အမည်ကို ပြောကြား၏။

ထို့နောက် ပသေနဒီကောသလမင်းသည် ထို တိတ္ထိပရိဗိုဇ်တို့ ဖဲသွား၍ မကြာမီ မြတ်စွာဘုရားအား "အရှင်ဘုရား၊ ထိုပုဂ္ဂိုလ်တို့သည် ရဟန္တာပုဂ္ဂိုလ် အရဟတ္တမဂ်သို့ရောက်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်"ဟု လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြတ်စွာဘုရားက "မင်းကြီး၊ သားမယားတို့နှင့် ကျဉ်းမြောင်းသော အိမ်ရာ၌နေထိုင်သော၊ ကာမဂုဏ် စည်းစိမ်ခံစားနေသော လူဖြစ်သောသင် မင်းကြီးသည် ဤသူတို့ကား အရဟတ္တမဂ်သို့ရောက်သော ရဟန္တာပုဂ္ဂိုလ်တို့တည်းဟု သိနိုင်ခဲ၏။

မင်းကြီး၊ အတူတကွ နေထိုင်ခြင်းဖြင့်သာ သီလကို သိနိုင်၏။ ယင်းသီလကိုလည်း ကြာရှည်စွာ အတူတကွ နေထိုင်ခြင်းဖြင့်သာ သိနိုင်၏။ တစ်ခဏမျှ နေထိုင်ခြင်းဖြင့် မသိနိုင်။ စဉ်းစားဆင်ခြင်သူမှသာ သိနိုင်၏။ ပညာရှိသူမှသာ သိနိုင်၏။ ပညာမဲ့သူသည် မသိနိုင်။

မင်းကြီး၊ အတူတကွ စကားပြောခြင်းဖြင့်သာ စင်ကြယ်သည်၏ အဖြစ်ကို သိနိုင်၏။ ယင်းကိုလည်း ရှည်ကြာစွာ ပြောဆိုဖူးမှသာ သိနိုင်၏။ တစ်ခဏမျှ ပြောဆိုကာမျှဖြင့် မသိနိုင်။ ဆင်ခြင်စဉ်းစား၍ ပညာရှိသူမှသာ သိနိုင်၏။ မစဉ်းစား၊ မဆင်ခြင်တတ်ဘဲ ပညာမဲ့သူ မသိနိုင်။

မင်းကြီး၊ ဘေးရန်တွေ့ကြုံသော အခါတို့၌သာ ဉာဏ်အစွမ်းကို သိနိုင်၏။ ယင်းကိုလည်း အခါအများစွာ ဘေးရန်တွေ့ကြုံမှသာ သိနိုင်၏။ စဉ်းစားဆင်ခြင်၍ ပညာရှိသောသူမှသာ ထိုသို့သိနိုင်၏။ မစဉ်းစား၊ မဆင်ခြင်တတ်ဘဲ ပညာမဲ့သူသည် မသိနိုင်။

မင်းကြီး၊ အတူတကွ ကာလရှည်ကြာစွာ တရားစကား ဆွေးနွေးခြင်းဖြင့်သာ ပညာကို သိနိုင်၏။ စဉ်းစားဆင်ခြင်၍ ပညာရှိသော သူမှသာလျှင် ထိုသို့ သိနိုင်၏..."ဟု မိန့်တော်မူ၏။

ထိုအခါ ပသေနဒီကောသလမင်းက "အရှင်ဘုရား၊ အံ့သြဖွယ်ရှိပါပေစွ။ အရှင်ဘုရား မိန့်ကြားသောစကားသည် အလွန်ပင် ကောင်းစွာဆိုအပ်ပါ၏။ စင်စစ် ဤသူတို့သည် တပည့်တော်၏ သူလျှိုယောကျ်ားတို့ပါတည်း"ဟု လျှောက်၏။

(စစ္စန္နဝဂ်၊ သတ္တဇဋိလသုတ်)

www.burmeseclassic.com

www.burmeseclassic.com

## ၂၈။ ရတနာသုံးပါး၌ ယုံကြည်မှုမြဲ၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုသော ဥပါသကာများ

ရဟန်းတို့၊ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော တပုဿသူကြွယ်၊ ဘလ္လိကသူကြွယ်၊ သုဒတ္တမည်သော အနာထပိဏ်သူကြွယ်၊ မစ္ဆိကသဏ္ဍမြို့စား စိတ္တသူကြွယ်၊ ဟတ္ထကအာဠဝက၊ မဟာနာမ်သာကီဝင်မင်း၊ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်၊ ဥဂ္ဂတသူကြွယ်၊ သူရမည်သောအမ္ဗဋ္ဌ၊ အဘယမင်းသား မွေးစားသော ဇီဝက၊ နကုလပိတာသူကြွယ်၊ တဝကဏ္ဏိကသူကြွယ်၊ ပူရဏသူကြွယ်၊ ဣသိဒတ္တသူကြွယ်၊ သန္ဓါနသူကြွယ်၊ ဝိဇယသူကြွယ်၊ ဝိဇယမာဟိကသူကြွယ်၊ မေဏ္ဍကသူကြွယ်၊ ဝါသေဋ္ဌဥပါသကာ၊ အရိဋ္ဌဥပါသကာနှင့် သာရဂ္ဂဥပါသကာ တို့သည် မြတ်စွာဘုရား၌ ဆုံးဖြတ်ခြင်းသို့ ရောက်၏။ အမြိုက်နိဗ္ဗာန်ကို မြင်၏။ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြု၍နေ၏။

အဘယ်တရား ခြောက်မျိုးတည်းဟူမူ၊ ဘုရား၌ သက်ဝင်ယုံကြည်မှု၊ တရား၌ သက်ဝင်ယုံကြည်မှု၊ သံဃာ၌ သက်ဝင်ယုံကြည်မှု၊ မြတ်သောသီလ၊ မြတ်သောဉာဏ်အမြင်နှင့် မြတ်သောကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်တို့တည်း။

**(အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ သာမညဝဂ်၊ တပုဿသုတ်နှင့် ဘလ္လိကာဒိသုတ်)**

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ အကြင်သူသည် လူ့အသွင်ဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုသူသည် အရဟတ္တဖိုလ်သို့ ရောက်သောနေ့၌ပင် ရဟန်းသော်လည်း ပြုရာ၏။ ပရိနိဗ္ဗာန်သော်လည်း ပြုရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကိုလွန်ခြင်းငှာ မတတ်ကောင်းဟု အရှင်ဘုရားတို့ ဆိုတော်မူကြ၏။ ထိုရဟန္တာသည် ထိုနေ့၌ ကမ္မဝါဆရာကိုလည်းကောင်း၊ ဥပဇ္ဈာယ်ဆရာကိုလည်းကောင်း၊ သပိတ်သင်္ကန်းကိုလည်းကောင်း အကယ်၍မရပါက မိမိကိုယ်တိုင် ရဟန်းပြုအပ်ပါသလော။ နေ့ကိုသော်လည်း လွန်စေရာသလော။ အခြားရဟန္တာ တစ်ပါးက ကြွလာ၍ ရဟန်းပြုပေးရာပါသလော။ ထိုလူရဟန္တာသည် ပရိနိဗ္ဗာန်သော်လည်း ပြုရာပါသလော"

အရှင်နာဂသေန။ ။"ထိုလူ ရဟန္တာသည် ကိုယ်တိုင် ရဟန်းမပြုအပ်၊ ကိုယ်တိုင် ရဟန်းပြုပါက ရဟန်းအသွင်ခိုးမှုသို့ ရောက်၏။ နေ့ကိုမူလည်း မလွန်စေရာ။ အခြားရဟန္တာ တစ်ပါးပါး မလာပါက ထိုနေ့၌ပင် ပရိနိဗ္ဗာန် ပြုရာ၏"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ အရဟတ္တဖိုလ်ကြောင့် အရဟတ္တဖိုလ်ကို ရသော ပုဂ္ဂိုလ်၏ အသက် ဆုံးရှုံးရသည်ဖြစ်ခဲ့မူ အရဟတ္တဖိုလ်၏ ငြိမ်းချမ်းသည့် အဖြစ်ကို စွန့်အပ်သည် မဟုတ်ပါသလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ လူ၏အသွင်အပြင်သည် မညီညွတ်။ မညီညွတ်သော အသွင်အပြင်၌ အသွင်အပြင် အားနည်းသည်၏ အဖြစ်ကြောင့် လူပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်သို့ ရောက်သောနေ့၌ပင် ရဟန်းသော်လည်း ပြုရ၏။ ပရိနိဗ္ဗာန်သော်လည်း ပြုရ၏။ အသွင်အပြင် အားနည်းသည်၏အဖြစ်သည် လူ့အသွင်အပြင်၏ အပြစ်သာဖြစ်၏။ အရဟတ္တဖိုလ်၏ အပြစ်မဟုတ်။

ဥပမာအားဖြင့် သတ္တဝါ၏အသက်ကို စောင့်တတ်သော စားဖွယ်ဘောဇဉ်သည် မကြေကျက်သဖြင့် မညီမညွတ်သော ဝမ်းရှိသူ၊ နုံ့ညံ့သော၊ အားနည်းသော ဝမ်းမီးရှိသော်သူ၏ အသက်ကိုမူ အန္တရာယ်ဖြစ်စေတတ်၏။ အခြား ဥပမာ တစ်နည်းသော်ကား ဘုန်းကံနည်းပါးသော အမျိုးယုတ်ယောကျ်ားသည် ကြီးစွာမင်းအဖြစ်ကို ရလတ်သော် အားနည်းသောကြောင့် ခဏချင်းပင် ဆုတ်ယုတ်ပျက်စီး၏။ မင်းစည်းစိမ်ကိုဆောင်ခြင်းငှာ မစွမ်းနိုင်။

မင်းမြတ်၊ ထိုနည်းအတူ လူရဟန္တာသည် လူ့အသွင်ဖြင့် အရဟတ္တဖိုလ်ကို ဆောင်ခြင်းငှာ မစွမ်းနိုင်။ ထို့ကြောင့် ရဟန္တာဖြစ်သောနေ့၌ပင် ရဟန်းသော်လည်း ပြုရ၏။ ပရိနိဗ္ဗာန်သော်လည်း ပြုရ၏။

(မိလိန္ဒပဉှာ၊ နိပ္ပပဉ္စဝဂ်၊ ဓိဏာသဘာဝပဉှာ)

www.burmeseclassic.com

www.burmeseclassic.com

## ၂၉။ ရဟန္တာ၏ လားရာ

အကြင်ပုဂ္ဂိုလ်အား အာသဝေါ ကုန်ခန်း၏။ အစာအာဟာရ၌လည်း တဏှာဒိဋ္ဌိဖြင့် စွဲမှီခြင်းမရှိ။ ရာဂစသည် ဆိတ်သုဉ်းသော၊ ရာဂစသော နိမိတ်မရှိသော နိဗ္ဗာန်သည် ထိုရဟန္တာပုဂ္ဂိုလ်၏ ကျက်စားရာအာရုံဖြစ်၏။ ကောင်းကင်၌ ငှက်တို့၏ခြေရာကို မသိနိုင်သကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်၏ ခြေရာဟူသော လားကြောင်းကို မသိနိုင်။

**(ဓမ္မပဒ၊ အရဟန္တဝဂ်၊ ဂါထာ–၉၃)**

ရဟန်းတို့၊ မြတ်စွာဘုရား၏ ကိုယ်တော်သည် ဘဝတဏှာပြတ်ပြီး ဖြစ်လျက် တည်တော်မူ၏။ မြတ်စွာဘုရား၏ ကိုယ်တော် တည်နေသမျှကာလ အတွင်း၌သာလျှင် ထိုမြတ်စွာဘုရားကို နတ်လူတို့သည် ဖူးမြင်ကြရကုန်လတ္တံ့။ အသက်တော်ကုန်ဆုံး၍ ကိုယ်တော် ပျက်စီးသည်မှနောက်၌ ထိုမြတ်စွာဘုရားကို နတ်လူတို့သည် မမြင်ကြရကုန်လတ္တံ့။

**(ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်)**

အကြင်ပုဂ္ဂိုလ်သည် တပ်မက်သူ၊ တွေဝေသူ၊ ပြစ်မှားသူဟူသော ပညတ်ကို ပယ်ပြီးပြီ။ ကိုးပါးသော ထောင်လွှားမှု 'မာန်'သို့ မကပ်ရောက်။ ဤနာမ်ရုပ်၌ တပ်မက်မှုတဏှာကို ဖြတ်ပြီးပြီ။ ထုံးဖွဲ့မှုဂန္ထ လေးပါးကို ဖြတ်ပြီးသော၊ ဆင်းရဲမရှိသော၊ တပ်မက်ခြင်းကင်းသော၊ ထိုပုဂ္ဂိုလ်ကို ရှာဖွေကြည့်ရှုကုန်သော နတ်တို့သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း၊ ဤလောက၌လည်းကောင်း၊ အခြားလောက၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း၊ အလုံးစုံသော နေရာတို့၌လည်းကောင်း မတွေ့မမြင်ကြရကုန်။

**(သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်၊ သမိဒ္ဓိသုတ်)**

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့၊ အခိုးကဲ့သို့၊ အမိုက်အမှောင်ကဲ့သို့ ထင်၍ အရှေ့အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အထက်အရပ်၊ အောက်အရပ်သို့သွားသော ထိုအရာကို မြင်ကြကုန်၏လော"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား မြင်ပါကုန်၏"ဟု လျှောက်ကြကုန်၏။ "ရဟန်းတို့၊ ဤအရာသည်ကား မာရ်နတ်တည်း။ ဤမာရ်နတ်သည် အဘယ်အရပ်၌ ဂေါဓိက အမျိုးသားကောင်းသား၏ ပဋိသန္ဓေဝိညာဉ် တည်လေသနည်းဟု ထက်ဝန်းကျင်၌ ရှာမှီး၏။ ရဟန်းတို့၊ ပဋိသန္ဓေဝိညာဉ် မတည်ခြင်းကြောင့် ဂေါဓိကအမျိုးကောင်းသားသည် ပရိနိဗ္ဗာန်ပြုလေပြီ"ဟု မိန့်တော်မူ၏။

**(သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ၊ မာရသံယုတ်၊ ဂေါဓိကသုတ်)**

ရဟန်းတို့၊ အကြင်နိဗ္ဗာန်အရပ်၌ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်မရှိ။ အာကာသနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာနာသညာယတနစျာန်လည်း မရှိ။ ပစ္စုပ္ပန်လောက၊ တမလွန်လောကလည်း မရှိ။ နှစ်ပါးစုံသော လ၊ နေတို့သည်လည်း မရှိကုန်။ ထိုနိဗ္ဗာန်သည် ရှိသည်သာတည်း။ ထိုနိဗ္ဗာန်၌ တစ်စုံတစ်ခုသော ဘဝမှလာခြင်းကို ငါမဟော။ တစ်စုံတစ်ခုသောဘဝသို့ သွားခြင်းကိုလည်း ငါမဟော။ ရွေ့လျောစုတေခြင်းကိုလည်း ငါမဟော။ ထိုနိဗ္ဗာန်သည် တည်ရာမရှိ၊ ဖြစ်ခြင်းမရှိ၊ အာရုံပြုမှု မရှိသည်သာတည်း။ ဤသဘောသည်သာ ဆင်းရဲ၏ အဆုံးတည်း။

**(ဥဒါန်၊ ပါဋလိဂါမိယဝဂ်၊ ပထမ နိဗ္ဗာန ပဋိသံယုတ္တသုတ်)**

တစ်ခါသော် ယမကမည်သော ရဟန်းအား အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၍၊ ပျောက်၍ သေသည်မှနောက်၌ ဘာမျှမဖြစ်ဟူသော ယုတ်မာသောအယူ ဖြစ်ပေါ်၏။ များစွာသော ရဟန်းတို့သည် အရှင်ယမကအား ထိုအယူမှ ကင်းလွတ်စေရန် မစွမ်းနိုင်ကြကုန်။ သို့ဖြစ်၍ အရှင်သာရိပုတ္တရာအား ထိုအကြောင်းကို လျှောက်ထားကြ၏။

အရှင်သာရိပုတ္တရာသည် အရှင်ယမကအား မေးမြန်းစိစစ်ပြီးလျှင် အောက်ပါအတိုင်း ဟောတော်မူ၏။

"ရုပ်၊ ဝေဒနာ စသော ခန္ဓာငါးပါးတို့သည် မမြဲ။ ထို့ကြောင့် ထိုအတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်လည်းဖြစ်သော၊ အယုတ်အမြတ် အဝေးအနီးလည်းဖြစ်သော၊ အတွင်းအပြင် အကြမ်းအနုလည်းဖြစ်သော ခန္ဓာငါးပါးအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့သည် ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ခန္ဓာငါးပါးကို သတ္တဝါဟု မရှုအပ်။ ခန္ဓာငါးပါး၌၊ သို့မဟုတ် ခန္ဓာငါးပါးမှ တခြား၌ သတ္တဝါဟု မရှုအပ်။ သတ္တဝါသည် ရုပ်၊ ဝေဒနာစသော ခန္ဓာငါးပါး မရှိဟူ၍လည်း မရှုအပ်။

ငါ့ရှင် ယမက၊ သင်သည် ဤ မျက်မှောက်ဘဝ၌ပင် အဟုတ်အမှန်အားဖြင့် သတ္တဝါဟူ၍ မရအပ်ပါဘဲလျက် အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ်ပျက်စီးသည်မှ နောက်၌မဖြစ်။ ပြတ်၏၊ ပျောက်၏ဟု ယူဆခြင်းသည် သင့်လျော်ပါမည်လော"

ထိုအခါ အရှင်ယမကက မိမိ၏အယူသည် မှားပါသည်။ အရှင်သာရိပုတ္တရာ၏တရားကို ကြားနာရသဖြင့် ထိုအယူ ပျောက်ပါပြီဟု လျှောက်၏။

**(သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်၊ ထေရဝဂ်၊ ယမကသုတ်)**

ခေမာထေရီ။ ။"မင်းမြတ်၊ သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်၏ဟူ၍လည်းကောင်း၊ သေသည်မှ နောက်၌မဖြစ်ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ်၊ မဖြစ်လည်းမဖြစ်ဟူ၍ လည်းကောင်း၊ သတ္တဝါသည် သေသည်မှနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူ၍လည်းကောင်း မြတ်စွာဘုရားက ဟောတော်မမူ။

ပသေနဒီကောသလမင်း။ ။"အရှင်မ၊ အဘယ်ကြောင့် ထိုသို့ မြတ်စွာဘုရား ဟောတော်မမူပါသနည်း"

ခေမာထေရီ။ ။"မင်းမြတ်၊ မဟာသမုဒ္ဒရာ၌ ရေတို့သည် ဤမျှလောက် ကွန်းစားပမာဏ ရှိ၏ဟူ၍ ရေ၏ပမာဏကို ရေတွက်ခြင်းငှာ စွမ်းနိုင်သော တစ်ဦးတစ်ယောက်သော ဂဏန်းသမားသည်လည်းကောင်း၊ လက်ချိုးရေသမားသည်လည်းကောင်း၊ အပေါင်းလိုက် ရေသမားသည်လည်းကောင်း သင့်မှာ ရှိပါသလော"

ပသေနဒီကောသလမင်း။ ။"အရှင်မ၊ မရှိပါ။ အဘယ်ကြောင့်ဆိုသော် မဟာသမုဒ္ဒရာသည် နက်လှပါ၏။ မနိုင်းယှဉ်နိုင်ပါ။ သက်ဝင်ရန် ခဲယဉ်းပါ၏"

ခေမာထေရီ။ ။"မင်းမြတ်၊ ထို့အတူပင်လျှင် သတ္တဝါဟုပညတ်လျှင် ပညတ်နိုင်ရာသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ်တို့ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ။ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးပြီ။ ခုတ်ပြီးသော

www.burmeseclassic.com

www.burmeseclassic.com



ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ။ နောက်ထပ်မဖြစ်အောင် ပြုပြီးပြီ။ နောက်တစ်ဖန် ဖြစ်ခြင်းသဘောမရှိ။ မင်းမြတ်၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ်ဟူသော ခေါ်ဝေါ်ခြင်းမှ လွတ်တော်မူသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်၏။ မနှိုင်းရှည့်နိုင်။ သက်ဝင်ရန် ခဲယဉ်း၏။ ထို့ကြောင့် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူသော စကားသို့မရောက်။ မဖြစ်ဟူသော စကားသို့လည်း မရောက်။ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူသော စကားသို့လည်း မရောက်"

နောက်ကာလ၌ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား အထက်ပါအတိုင်း မေးလျှောက်၍ မြတ်စွာဘုရားကလည်း ခေမာထေရီ ဖြေသည့်အတိုင်း ဖြေတော်မူသည်။

*(အထက်ပါသုတ္တန်၌ ပသေနဒီကောသလမင်း၏ မေးခွန်းမှာ သေပြီးသော 'သတ္တဝါ'ကို ရည်ညွှန်း၍ ခေမာထေရီ၏ အဖြေမှာမူ မြတ်စွာဘုရားအား ရည်ညွှန်းသောအဖြေ ဖြစ်၏။ ပါဠိတော် မြန်မာပြန်၌ တွေ့ရှိရသည့်အတိုင်း တင်ပြထားပါသည်။)*

**(သံယုတ္တနိကာယ်၊ သဠာယတနဝဂ္ဂ၊ အဗျာကတသံယုတ်၊ ခေမာသုတ်)**

ဗုဒ္ဓ။ ။"ဝစ္ဆ၊ ဤသို့ လွတ်မြောက်သော၊ စိတ်ရှိသော ရဟန်းသည် ပဋိသန္ဓေအားဖြင့် ဖြစ်၏ဟူသော အဖြစ်သို့မရောက်၊ ပဋိသန္ဓေအားဖြင့် ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ်ဟူသော အဖြစ်သို့လည်း မရောက်။ ပဋိသန္ဓေအားဖြင့် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အဖြစ်သို့လည်းမရောက်"

ဝစ္ဆပရိဗိုဇ်။ ။"အရှင်ဂေါတမ၊ ဤအရာ၌ ကျွန်ုပ်သည် နားမလည်ခြင်း၊ တွေဝေခြင်းသို့ ရောက်ပါ၏"

ဗုဒ္ဓ။ ။"ဝစ္ဆ၊ သင်နားမလည်ခြင်း၊ တွေဝေခြင်းငှာ ထိုက်ပေ၏။ ဤအရာ၌ သင့်ကိုသာလျှင် ငါမေးအံ့...၊ အကယ်၍ သင်၏ရှေ့၌ မီးတောက်နေငြားအံ့။ ငါ၏ရှေ့၌ ဤမီးသည် တောက်နေ၏ဟု သင် သိရာအံ့လော"

ဝစ္ဆ။ ။"အရှင်ဂေါတမ၊ ကျွန်ုပ် သိရာပါ၏"

ဗုဒ္ဓ။ ။"ဝစ္ဆ၊ သင်၏ရှေ့၌ တောက်နေသော မီးသည် အဘယ်ကိုစွဲ၍ တောက်နေသနည်းဟု အကယ်၍ မေးငြားအံ့၊ သင်သည် အဘယ်သို့ဖြေကြားရာ သနည်း"

www.burmeseclassic.com

www.burmeseclassic.com



ဝစ္ဆ။ ။"ဤသို့မေးသည်ရှိသော် မီးသည် မြက်၊ ထင်းလောင်စာကိုစွဲ၍ တောက်နေသည်ဟု ဖြေကြားပါအံ့"

ဗုဒ္ဓ။ ။"ဝစ္ဆ၊ အကယ်၍ သင်၏ရှေ့၌ ထိုမီးသည် ငြိမ်းငြားအံ့၊ ငါ၏ ရှေ့၌ ဤမီးသည် ငြိမ်းပြီဟု သိရာအံ့လော"

ဝစ္ဆ။ ။"အရှင်ဂေါတမ၊ ကျွန်ုပ် သိရာပါ၏"

ဗုဒ္ဓ။ ။"ဝစ္ဆ၊ သင်၏ရှေ့၌ ငြိမ်းအေးသွားသောမီးသည် ဤအရပ်မှ အဘယ်အရပ်သို့ သွားသနည်း။ အရှေ့အရပ်သို့လည်းကောင်း၊ တောင်အရပ်သို့ လည်းကောင်း၊ အနောက်အရပ်သို့လည်းကောင်း၊ မြောက်အရပ်သို့လည်းကောင်း သွားလေသလောဟု အကယ်၍ သင့်ကို မေးငြားအံ့၊ သင်သည် အဘယ်သို့ ဖြေကြားမည်နည်း"

ဝစ္ဆ။ ။"အရှင်ဂေါတမ၊ သွား၏ဟူသော အရေအတွက်သို့ မရောက်။ ထိုမီးသည် မြက်၊ ထင်းလောင်စာ၏ ကုန်ခြင်းကြောင့်လည်းကောင်း၊ တစ်ပါး သော မီးလောင်စာဓာတ် မရှိခြင်းကြောင့်လည်းကောင်း လောင်စာမရှိသည်ဖြစ်၍ ငြိမ်းအေးပြီဟူသော ရေတွက်ခြင်းသို့သာလျှင် ရောက်ပါ၏"

ဗုဒ္ဓ။ ။"ဝစ္ဆ၊ ဤအတူသာလျှင် အကြင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဉ်တို့ဖြင့် သတ္တဝါဟူ၍ ပညတ်သော် ပညတ်ရာ၏...(ဤ နေရာ၌ ဗုဒ္ဓ၏ ဆက်လက်မိန့်ကြားချက်မှာ အထက်ပါ သံယုတ္တနိကာယ်၊ ခေမာသုတ်၌ ပြဆိုခဲ့သော ခေမာထေရီမက ပသေနဒီကောသလမင်းအား ဖြေကြားချက်နှင့် ထပ်တူဖြစ်၏။)... ပဋိသန္ဓေအားဖြင့် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အဖြစ်သို့မရောက်"

**(မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ပရိဗ္ဗာဇကဝဂ်၊ အဂ္ဂိဝစ္ဆသုတ်)**

ဗုဒ္ဓ။ ။"ဥပသီဝ၊ လေဟုန်ဖြင့်လွင့်သော မီးလျှံသည် ချုပ်ပျောက်ခြင်း သို့ ရောက်သကဲ့သို့၊ တစ်စုံတစ်ခု ခေါ်ဝေါ်အပ်သောအဖြစ်သို့ မရောက်သကဲ့သို့ ဤအတူ ရဟန်းသည် နာမကာယမှ လွတ်သည်ဖြစ်၍ ချုပ်ပျောက်ခြင်းသို့ ရောက်၏။ တစ်စုံတစ်ခု ခေါ်ဝေါ်အပ်သော အဖြစ်သို့မရောက်"

ဥပသီဝ။ ။"ထိုသူသည် ချုပ်ပျောက်ခြင်းသို့ ရောက်သွားသလော၊ သို့မဟုတ် မရှိတော့ပြီလော၊ သို့မဟုတ်မူ စင်စစ် မြဲသောအားဖြင့် မဖောက်ပြန် တော့ပြီလော"

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ။ ။"ဥပသီဝ၊ ပရိနိဗ္ဗာန် ပြုသောသူအား ရုပ်စသော အတိုင်းအရှည် ပမာဏမရှိ။ အကြင် ရာဂစသော အကြောင်းဖြင့် ထိုသူကို တပ်မက်သူစသည်ဖြင့် ဆိုကုန်ရာ၏။ ထိုသူအား ထိုအကြောင်းမျိုး မရှိတော့ပြီ။ ခန္ဓာစသော တရားအာလုံးကို ပယ်နုတ်ပြီးကုန်သည်ရှိသော် အလုံးစုံသော ခေါ်ဆိုရာအကြောင်းမျိုးကိုလည်း ပယ်နုတ်ပြီးဖြစ်ကုန်၏"

(သုတ္တနိပါတ်၊ ပါရာယနဝဂ်၊ ဥပသီဝမာဏဝပုစ္ဆာ)

မိလိန္ဒမင်း။ ။"အရှင်ဘုရား နာဂသေန၊ လောက၌ အကြင်အရာသည် ကံကြောင့်မဖြစ်၊ အကြောင်းကြောင့်မဖြစ်၊ ဥတုကြောင့်မဖြစ် ထိုအရာကို ကျွန်ုပ်အား ဟောကြားတော်မူပါလော့"

အရှင်နာဂသေန။ ။"မင်းမြတ်၊ လောက၌ ကောင်းကင်နှင့်နိဗ္ဗာန်သည် ကံကြောင့်မဖြစ်၊ အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင်လည်း မဖြစ်ကုန်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ကောင်းကင်သည် ကံကြောင့်မဖြစ်၊ အကြောင်းကြောင့်လည်းမဖြစ်၊ ဥတုကြောင့်လည်းမဖြစ် ဆိုသောစကားသည် သင့်တန်ပါစေ၊ အရာမက များစွာကုန်သော အကြောင်းတို့ဖြင့် မြတ်စွာဘုရားသည် တပည့်သာဝကတို့အား နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ အကြောင်းဖြစ်သော မဂ်ကို ဟောကြားအပ်ပါ၏။ သို့စဉ်လျက် အရှင်ဘုရားက နိဗ္ဗာန်သည် အကြောင်းကြောင့်မဖြစ်ဟု ဆိုဘိ၏"

အရှင်နာဂသေန။ ။"မင်းမြတ်၊ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကြောင်းဖြစ်သော မဂ်ကို ဟောတော်မူသည် မှန်၏။ သို့ရာတွင် နိဗ္ဗာန်၏ ဖြစ်ကြောင်းကိုကား မဟောပေ"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ဤအရာ၌ ကျွန်ုပ်တို့သည် အလွန်ခေါင်းရှုပ်လှပါ၏။ ဥပမာ တစ်နည်းသော်ကား သစ်ပင်၏လည်းကောင်း၊ နွယ်၏လည်းကောင်း အဖျားသည်ရှိခဲ့သော် ထိုအကြောင်းကြောင့် အလယ်သည်လည်း ရှိ၏။ အရင်းသည်လည်း ရှိ၏။ ထို့အတူသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကြောင်းသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ထိုအကြောင်းကြောင့် နိဗ္ဗာန်၏ ဖြစ်ကြောင်းကိုလည်း အလိုရှိအပ်ပါ၏"

အရှင်နာဂသေန။ ။"မင်းမြတ်၊ နိဗ္ဗာန်ကို တစ်စုံတစ်ခုသော အကြောင်းက မဖြစ်စေအပ်။ ထို့ကြောင့် နိဗ္ဗာန်၏ဖြစ်ကြောင်းကို ဟောတော်မမူအပ်။ ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ပကတိသောအင်အားဖြင့် မဟာ

www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒရာကို လှေဖြင့်ကူး၍ ဟိုမှာဘက်ကမ်းသို့သွားခြင်းငှာ တတ်နိုင်ကောင်းရာသလော"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ တတ်နိုင်ကောင်းရာပါ၏"

အရှင်နာဂသေန။ ။"ထိုယောက်ျားသည် ပကတိသောအင်အားဖြင့် မဟာသမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းကို ဤအရပ်သို့ ဆောင်ယူခြင်းငှာ တတ်နိုင်ကောင်းရာသလော"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ မတတ်ကောင်းရာပါ"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ထို့အတူသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၏ အကြောင်းဖြစ်သော မဂ်ကိုဟောပြောခြင်းငှာ တတ်ကောင်း၏။ နိဗ္ဗာန်၏ ဖြစ်ကြောင်းကို ပြခြင်းငှာကား မတတ်ကောင်း။ အဘယ်ကြောင့်ဆိုသော် နိဗ္ဗာန်တရား၏ အသင်္ခတ ဖြစ်သောကြောင့်တည်း"

မိလိန္ဒ။ ။"အရှင်ဘုရား၊ နိဗ္ဗာန်ကို အကြောင်းတရားလေးပါးတို့က မပြုပြင်အပ်ပါသလော"

အရှင်နာဂသေန။ ။"မင်းမြတ်၊ နိဗ္ဗာန်ကို အကြောင်းတရားလေးပါးတို့က မပြုပြင်အပ်။ နိဗ္ဗာန်ကို တစ်စုံတစ်ခုသော အကြောင်းတရားတို့က မပြုပြင်အပ်။ နိဗ္ဗာန်ကို ခဏတ္တယသို့ ရောက်ဆဲ 'ဥပ္ပန္န'ဟူ၍လည်းကောင်း၊ ခဏတ္တယသို့ရောက်ပြီး ရောက်ဆဲမဟုတ်ဟူ၍လည်းကောင်း၊ မချွတ်ဖြစ်လတ္တံ့ဟူ၍လည်းကောင်း၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူ၍လည်းကောင်း၊ စက္ခုဝိညာဉ်ဖြင့်လည်းကောင်း၊ သောတဝိညာဏ်ဖြင့်လည်းကောင်း၊ ဃာနဝိညာဉ်ဖြင့်လည်းကောင်း၊ ကာယဝိညာဉ်ဖြင့်လည်းကောင်း သိအပ်၏ဟု မဆိုအပ်"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ နိဗ္ဗာန်သည် ထိုသို့သိအပ်သော တရားမဟုတ်ပါက တရားသည်ပင် နိဗ္ဗာန်ပင်တည်း။ နိဗ္ဗာန်သည်မရှိဟု ညွှန်ပြတော်မူပါကုန်လော့"

အရှင်နာဂသေန။ ။"မင်းမြတ်၊ နိဗ္ဗာန်သည်ရှိပေ၏။ နိဗ္ဗာန်ကို မနောဝိညာဉ်ဖြင့် သိအပ်၏။ အထူးသဖြင့် စင်ကြယ်မွန်မြတ် ဖြောင့်မတ်သော ကမ္မာဝရဏ စသည့် အပိတ်အပင်ကင်းသော ကာမဂုဏ်(အာမိသ)ကင်းသော စိတ်ဖြင့် ကောင်းစွာကျင့်သော အရိယာသာဝကသည် နိဗ္ဗာန်ကိုမြင်ရ၏"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ ဥပမာတို့ဖြင့် ကောင်းစွာပြအပ်သော နိဗ္ဗာန်သည် အဘယ်သို့သဘော ရှိပါသနည်း"

www.burmeseclassic.com

www.burmeseclassic.com



အရှင်နာဂသေန။ ။"မင်းမြတ်၊ လေ မည်သည် ရှိသည်မဟုတ်ပါလော။ လေကို အဆင်းအားဖြင့်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်လည်းကောင်း ပြပါလော့။ လေသည် ငယ်သလော၊ ကြီးသလော၊ ရှည်သလော၊ တိုသလော"

မိလိန္ဒမင်း။ ။"အရှင်ဘုရား၊ လေကို အဆင်းသဏ္ဌာန်စသည်ဖြင့် ပြခြင်းငှာ မတတ်ကောင်းပါ။ ထိုလေကို လက်ဖြင့် ဆုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ သုံးသပ်ဆုပ်နယ်ရန်သော်လည်းကောင်း မဖြစ်နိုင်ပါ။ သို့သော်လည်း ထိုလေသည် ရှိပါ၏"

အရှင်နာဂသေန။ ။"မင်းမြတ်၊ ထို့အတူသာလျှင် နိဗ္ဗာန်သည်ရှိ၏။ ထိုသို့ ရှိသော်လည်း နိဗ္ဗာန်ကို အဆင်းသဏ္ဌာန်အားဖြင့် ပြ၍မရအပ်ပေ"

**(မိလိန္ဒပဉှာ၊ နိပ္ပပဥ္စဝဂ်၊ အကမ္မဇာဒိပဉှာ)**

www.burmeseclassic.com

www.burmeseclassic.com

# ပိဋကတ်မှ အခြားသိမှတ်ဖွယ်ရာများ

www.burmeseclassic.com

www.burmeseclassic.com

## ၃၀။ ဓမ္မပဒမှ ကောက်နုတ်ချက်များ

၁၂၁။ အနည်းငယ်သော မကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မကောင်းမှုကို မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ လူမိုက်သည် အနည်းငယ်မျှသော မကောင်းမှုကို ပြုဖန်များလတ်သော် မကောင်းမှုဖြင့် ပြည့်၏။

၁၄၂။ အကြင်သူသည် ကိလေသာငြိမ်း၏။ ဣန္ဒြေကို ဆုံးမပြီးဖြစ်၏။ မဂ်လေးပါးဖြင့် မြဲ၏။ မြတ်သောအကျင့် ရှိ၏။ အလုံးစုံသော သတ္တဝါတို့၌ လက်နက်ကို ပယ်ချထားသည်ဖြစ်၍ မေတ္တာဖြင့် အညီအမျှကျင့်၏။ ထိုသူသည် အဝတ်တန်ဆာဆင်စေကာမူ မကောင်းမှုမှ အပပြုသူ 'ဗြာဟ္မဏ' မည်၏။ ကိလေသာငြိမ်းပြီးသူ 'သမဏ' မည်၏။ ကိလေသာ ဖျက်ဆီးပြီးသူ 'ဘိက္ခု' မည်၏။

၁၅၂။ အကြားအမြင်နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့ အချည်းနှီး ကြီးထွားလာ၏။ ထိုယောကျ်ားအား အသားတို့သာ တိုးပွားကုန်၏။ ပညာမူကား မတိုးပွား။

၁၅၉။ သူတစ်ပါးကို ဆုံးမသောနည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်မှသာ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမရခြင်းသည် ခဲယဉ်းလှစွတကား။

၁၆၀။ မိမိသည်သာ မိမိ၏ကိုးစားရာ ဖြစ်၏။ သူတစ်ပါးသည် မိမိ၏ ကိုးစားရာ အဘယ်မှာဖြစ်နိုင်အံ့နည်း။ မိမိသည် ကောင်းစွာယဉ်ကျေးသဖြင့် ရရောက်နိုင်ခဲသော ကိုးစားရာ အရဟတ္တဖိုလ်ကို ရနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



၁၆၆။ သူတစ်ပါး၏ များစွာသော အကျိုးစီးပွားအတွက်ကြောင့် မိမိ၏ အကျိုးစီးပွားကို အနည်းငယ်မျှ မဆုတ်ယုတ်စေရာ။ မိမိ၏ အကျိုးစီးပွားကို သိ၍ တိုးပွားအောင် လေ့ကျင့်အားထုတ်ရာ၏။

၂၁၀။ ချစ်သောသူတို့နှင့် မပေါင်းဖော်လင့်။ မုန်းသောသူတို့နှင့်လည်း တစ်ရံတစ်ဆစ်မျှ မပေါင်းဖော်ပါလင့်။ ချစ်သောသူတို့ကို မမြင်ရခြင်းသည် ဆင်းရဲ၏။ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

၂၁၃။ မြတ်နိုးမှုကြောင့် စိုးရိမ်မှုဖြစ်ရ၏။ မြတ်နိုးမှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏။ မြတ်နိုးမှုမှကင်းလွတ်သူအား အဘယ်မှာ စိုးရိမ်မှု၊ ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

၂၂၃။ အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ၏။ မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန်ပြောသောသူကို အဟုတ်အမှန် ပြောဆိုခြင်းဖြင့် အောင်ရာ၏။

၂၂၇။ အို...အတုလ၊ ဤကဲ့ရဲ့ခြင်းသည် ရှေးရိုးအစဉ်အလာပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှ ဖြစ်သည်မဟုတ်၊ တိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏။ များစွာပြောဟောသောသူကိုလည်း ကဲ့ရဲ့ကုန်၏။ နှိုင်းချိန်၍ ပြောသောသူကိုလည်း ကဲ့ရဲ့ကုန်၏။ လောက၌ အကဲ့ရဲ့လွတ်သောသူ မည်သည်မရှိပေ။

၂၅၃။ သူတစ်ပါး၏ အပြစ်ကိုအစဉ်ရှုလျက် အမြဲမပြတ် ကဲ့ရဲ့တတ်သောသူအား အာသဝေါတရားတို့သည် တိုးပွား၏။ ထိုသူသည် အာသဝေါ ကုန်ခြင်းမှ ဝေးကွာ၏။

၂၇၆။ သင်တို့သည် ကိုယ်တိုင် အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှသာ ဖြစ်ကုန်၏။

(ဓမ္မပဒပါဠိတော်)

www.burmeseclassic.com

www.burmeseclassic.com

## ၃၁။ မာနသုံးမျိုး

"ရဟန်းတို့၊ ထောင်လွှားမှု 'မာန'တို့သည် ဤသုံးပါးတို့တည်း။ ငါသည် သူ့ထက် မြတ်၏ဟု ထောင်လွှားမှု 'မာန'၊ ငါသည် သူနှင့်တူ၏ဟု ထောင်လွှားမှု 'မာန'နှင့် ငါသည် သူ့အောက် ယုတ်၏ဟု ထောင်လွှားမှု 'မာန'တို့ တည်း။ ထိုမာနသုံးပါးကို ပိုင်းခြားသိမြင်၍ ပယ်ခြင်းငှာ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွားများအပ်၏။ ထိုအရိယာမဂ်သည်ကား ဆိတ်ငြိမ်ခြင်းကို မှီသော၊ ရာဂကင်းခြင်းကို မှီသော၊ ချုပ်ခြင်းကို မှီသော၊ နိဗ္ဗာန်သို့ညွတ်သော သမ္မာဒိဋ္ဌိ...သမ္မာသမာဓိတို့ဖြစ်၏"

**(သံယုတ္တနိကာယ်၊ မဟာဝဂ္ဂ၊ မဂ္ဂသံယုတ်၊ ဝိဓာသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၃၂။ မိမိကိုယ်ကိုအားကိုးရန် လိုအပ်မှု

(အရှင်အာနန္ဒာက မိမိသည် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုကြောင်း ကြားသိရသောအခါ များစွာစိတ်ထိခိုက်မိပါကြောင်း မြတ်စွာဘုရားအား လျှောက်၏။)

ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ သာရိပုတ္တရာသည် သင်၏ သီလ အစုကိုယူ၍ ပရိနိဗ္ဗာန်ပြုသလော။ သမာဓိအစုကိုယူ၍ ပရိနိဗ္ဗာန်ပြုသလော။ ပညာအစုကိုယူ၍...၊ လွတ်မြောက်မှုကို...ဝိမုတ္တိအစုကိုယူ၍...၊ ဝိမုတ္တိဉာဏ် အမြင်အစုကိုယူ၍ ပရိနိဗ္ဗာန်ပြုသလော"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာက မိမိ၏ သီလ၊ သမာဓိစသော တရားအစုများကိုယူ၍ အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်မပြုပါဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သောသူတို့နှင့် ကွေကွင်းရခြင်း၊ သင်္ခါရ တရားတို့၏ ပျက်စီးတတ်ခြင်းကို မည်သူမျှမတားဆီးနိုင်။ ထို့ကြောင့် သူတစ်ပါး ကို အားမကိုးဘဲ တရားတော်ကို မှီခိုအားထား၍ မိမိကိုယ်ကို အားကိုးနေထိုင် ကြရန် ဟောကြားတော်မူ၏။

**(သံယုတ္တနိကာယ်၊ မဟာဝဂ္ဂ၊ သတိပဋ္ဌာနသံယုတ်၊ စုန္ဒသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၃၃။ သိကြားမင်းက လူတို့ကိုရှိခိုးခြင်း

"ရဟန်းတို့၊ ရှေးက ဖြစ်ဖူးသည်ကား နတ်တို့အရှင် သိကြားမင်းသည် ဝေဇယန္တာပြာသာဒ်မှ ဆင်းသက်ပြီးလျှင် လက်အုပ်ချီ၍ အရပ်လေးမျက်နှာတို့ကို ရှိခိုး၏။ ထိုအခါ မာတလိက အဘယ်မည်သော နတ်မင်းကြီးကို အရှင်သိကြားမင်း ရှိခိုးပါသနည်း"ဟု မေး၏။

ထိုအခါ သိကြားမင်းက "မာတလိ၊ ဗေဒင်သုံးပုံတတ်သော ဗြာဟ္မဏတို့သည်လည်းကောင်း၊ မြေ၌နေသူ အားလုံးတို့သည်လည်းကောင်း၊ မင်းတို့သည်လည်းကောင်း၊ နတ်မင်းကြီးလေးယောက်တို့သည်လည်းကောင်း၊ များသောအခြံအရံရှိကုန်သော နတ်တို့သည်လည်းကောင်း ငါ့ကို ရှိခိုးကြကုန်၏။ ငါသည်ကား သီလနှင့်ပြည့်စုံ၍ တည်ကြည်သော၊ မြတ်သောအကျင့်ရှိသော ရဟန်းတော်တို့ကို ကောင်းစွာရှိခိုး၏။ အိမ်ရာထောင်၍ ကောင်းမှုကိုပြုကုန်သော၊ သီလရှိ၍ ရတနာသုံးပါးကို ဆည်းကပ်ပြီးလျှင် တရားနှင့်အညီ သားမယားတို့ကို မွေးမြူကုန်သော သူတို့ကိုလည်း ငါ ရှိခိုး၏"ဟု မိန့်ဆို၏။

**(သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ၊ သက္ကသံယုတ်၊ ဂဟဋ္ဌဝန္ဒနာသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

# ၃၄။ လာဘ်ပူဇော်ခံရမှု၊ ကျော်စောမှု၏ အပြစ်အန္တရာယ်

"ရဟန်းတို့၊ လာဘ်ပူဇော်သက္ကာ အကျော်အစောသည် အာသဝေါကုန်ပြီးသော ရဟန္တာအားသော်လည်း အန္တရာယ်ပြုနိုင်သည်ဟု ငါဆို၏"ဟု မြတ်စွာဘုရားက မိန့်တော်မူသော် အရှင်အာနန္ဒာက "အရှင်ဘုရား၊ လာဘ်ပူဇော်သက္ကာ အကျော်အစောသည် အဘယ်သို့လျှင် အာသဝေါကုန်ပြီးသော ရဟန္တာအား အန္တရာယ်ပြုသနည်း"ဟု မေးလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ရဟန္တာပုဂ္ဂိုလ်၏ မပျက်စီးနိုင်သော ကိလေသာမှ လွတ်မြောက်ရာ အရဟတ္တဖိုလ် သမာဓိကို အန္တရာယ်ပြုနိုင်သည်ဟူ၍ ငါ ဆိုသည်မဟုတ်။ လာဘ်ပူဇော်သက္ကာ အကျော်အစောသည် မမေ့လျော့ဘဲ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိသည် ဖြစ်၍နေသော ရဟန္တာပုဂ္ဂိုလ်သည် ရအပ်၊ ရောက်အပ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေမှု(ဖလသမာပတ်)တို့ကို အန္တရာယ်ပြုနိုင်သည်ဟူ၍ ငါဆို၏။ အာနန္ဒာ၊ ဤသို့လျှင် လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ခက်ထန်၏။ ထက်မြက်၏။ ကြမ်းတမ်း၏။ အတုမရှိသော ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကိုရခြင်း၏ အန္တရာယ်ကို ပြုတတ်၏။ ထို့ကြောင့် ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောကို စွန့်ကုန်အံ့။ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောတို့သည် ငါတို့စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်လတ္တံ့ဟူ၍ ဤသို့လျှင် သင်တို့ကျင့်ရမည်"ဟု ဟောတော်မူ၏။

(သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂ၊ လာဘသက္ကာရသံယုတ်၊ ဘိက္ခုသုတ်)

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ကောင်းခြင်းငါးရပ်နှင့် ပြည့်စုံသော မိန်းမမြတ်တစ်ယောက်သည် ရဟန်းတစ်ပါး၏စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်သော်လည်း လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ထိုရဟန်း၏စိတ်ကို သိမ်းကျုံးဖယူငင်၍ တည်နိုင်၏။ ဤသို့လျှင် လာဘ်ပူဇော်သက္ကာ အကျော်အစောသည် (အထက်ပါအတိုင်း) ကျင့်ရမည်"

**(သံယုတ္တနိကာယ်၊ လာဘသက္ကာရသံယုတ်၊ ကလျာဏီသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၃၅။ အကျင့်သီလနှင့် ဘုရားတရားကြည်ညိုမှုထက် ဉာဏ် ပညာ ဝီရိယ စသည်တို့ရှိမှုက ပိုမိုအရေးကြီးပုံ

မြတ်စွာဘုရားက ကွယ်လွန်သော သရဏာနိသာကီဝင်သည် သောတာပန် ဖြစ်သည်ဟု မိန့်ကြား၏။ ထိုအခါ များစွာသော သာကီဝင်တို့သည် စုဝေး၍ "အချင်းတို့၊ အံ့ဖွယ်ဖြစ်စွတကား။ မြတ်စွာဘုရားက အကျင့်သီလ အားနည်း၍ သေရည်သေရက် သောက်လေ့ရှိသော ကွယ်လွန်သူ သရဏာနိသာကီဝင်ကိုပင် သောတာပန်ဖြစ်သည်ဟု မိန့်ကြားဘိသေး၏။ ယခု အဘယ်သူသည် သောတာပန် မဖြစ်ဘဲ ရှိအံ့နည်း"ဟု ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြကုန်၏။ မဟာနာမ် သာကီဝင် မင်းသည် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြား၏။

ဘုရားရှင်၏ မိန့်ကြားချက်မှာ မိဂသာလ ဥပါသိကာမ၏ အလားတူ သံသယဖြစ်မှုနှင့်ပတ်သက်၍ ပုဂ္ဂိုလ်အမျိုးအစား ခွဲခြားပြီး ဟောကြားသော ဒေသနာနှင့် ယေဘုယျတူညီ၏။ ထူးခြားသော စကားတစ်ရပ်မှာ အောက်ပါ အတိုင်းဖြစ်၏။

"မဟာနာမ်၊ အချို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌သော်လည်း ကောင်း၊ တရားတော်၌သော်လည်းကောင်း၊ သံဃာတော်၌သော်လည်းကောင်း စင်စစ် အလွန်ကြည်ညိုခြင်း မဖြစ်။ ရွှင်သော ပညာမရှိ။ လျင်မြန်သော ပညာမရှိ၊ ကိလေသာမှလွတ်မြောက်မှု ဝိမုတ္တိနှင့်မပြည့်စုံ။ သို့ရာတွင် ထိုသူအား သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေနှင့် ပညိန္ဒြေဟူသော တရားတို့သည် ဖြစ်ကုန်၏။ ထိုသူ သည် မြတ်စွာဘုရားသိတော်မူသော တရားတို့ကိုလည်း ပညာဖြင့် နှိုင်းဆ ကြည့်နိုင်၏။ မဟာနာမ်၊ ဤပုဂ္ဂိုလ်သည် ငရဲသို့မရောက်၊ ပြိတ္တာဘဝသို့မရောက်။ တိရစ္ဆာန်ဘဝသို့မရောက်။ မကောင်းသောသူတို့၏ လားရောက်ရာ၊ ပျက်စီး ကျရောက်ရာ အပါယ်သို့မရောက်"

**(သံယုတ္တနိကာယ်၊ မဟာဝဂ္ဂ၊ သောတာပတ္တိသံယုတ်၊ ဒုတိယသရဏာနိ သက္ကသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၃၆။ သေခါနီးလူနာအား ဟောပြောနည်း

"မဟာနာမ်၊ ပညာနှင့်ပြည့်စုံသော ဥပါသကာသည် အနာရောဂါ နှိပ်စက်၍ ပြင်းထန်စွာ မကျန်းမမာဖြစ်နေသော၊ ပညာနှင့်ပြည့်စုံသော ဥပါသကာကို တရားလေးပါးတို့ဖြင့် သက်သာစေရမည်။ အရှင့်မှာ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းသည် ရှိ၏။ တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းသည် ရှိ၏။ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းသည် ရှိ၏။ မကျိုးမပေါက်၊ မပြောက်မကျားကုန်သော၊ အရိယာတို့ နှစ်သက်အပ်သော သီလသည် အရှင့်မှာရှိ၏။ အရှင်သည် နှစ်သိမ့်ပါလော့ဟု နှစ်သိမ့်အားပေးရမည်။

"ဤတရားလေးပါးတို့ဖြင့် စိတ်သက်သာစေပြီးနောက် မိဘတို့၌သော်လည်းကောင်း၊ သားမယားတို့၌သော်လည်းကောင်း ငဲ့ကွက်ခြင်းရှိသလောဟု မေးရာ၏။ ငဲ့ကွက်ခြင်းရှိသည်ဆိုပါက အရှင်သည် မိဘတို့နှင့် သားမယားတို့၌ ငဲ့ကွက်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သေရတော့မည်ဖြစ်သည်။ ထို့ကြောင့် ထိုသူတို့၌ ငဲ့ကွက်ခြင်းကို စွန့်လွှတ်ပါဟု ပြောဆိုရာ၏။ ထိုသူတို့၌ ငဲ့ကွက်ခြင်း မရှိတော့ပါဟုဆိုခဲ့မူ လူတို့၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့၌ ငဲ့ကွက်ခြင်းရှိပါသလောဟု မေးရာ၏။

လူတို့၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့၌ ငဲ့ကွက်ခြင်းသည် အကျွန်ုပ်မှာ ရှိပါသည်ဟု ပြောဆိုခဲ့မူ လူ့ပြည်မှ ကာမဂုဏ်တို့ထက် နတ်ပြည်မှ ကာမဂုဏ်တို့က ပို၍နှစ်သက်ဖွယ် ဖြစ်ပါသည်။ အရှင်သည် လူ့ပြည်မှ ကာမဂုဏ်တို့ကို မစွဲလမ်းဘဲ စတုမဟာရာဇ်နတ်တို့၌ စိတ်ကိုထားပါဟု ပြောဆိုရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက စတုမဟာရာဇ်နတ်တို့၌ ငါ၏စိတ်ကို ထားပြီးပြီဟု ပြောဆိုခဲ့မူ ထိုနတ်တို့ထက် တာဝတိံသာနတ်တို့သည်... ယာမာနတ်တို့သည်... တုသိတာနတ်တို့သည်... နိမ္မာနရတိနတ်တို့သည်... ပရနိမ္မိတဝသဝတ္တီနတ်တို့သည်...ဗြဟ္မာ့ဘုံသည် ပို၍ နှစ်သက်ဖွယ် ဖြစ်ပါသည်။ ဗြဟ္မာ့ဘုံ၌ စိတ်ကို ထားပါဟု ထိုသူကို ပြောဆိုရာ၏။

ဗြဟ္မာ့ဘုံ၌ စိတ်ကိုထားပြီးပြီဟု ထိုသူကပြောဆိုခဲ့မူ အရှင်၊ ဗြဟ္မာ့ဘုံသည် မခိုင်မြဲပါ။ ထိုဘုံသည်လည်း သက္ကာယ၌ အကျုံးဝင်၏။ အရှင်သည် ဗြဟ္မာ့ဘုံမှစိတ်ကို ထစေ၍ သက္ကာယ(ထင်ရှားသောခန္ဓာ) ချုပ်ရာ၌ စိတ်ကို ဆောင်ပါလော့ဟု ပြောဆိုရာ၏။

ဗြဟ္မာ့ဘုံမှ ငါ၏စိတ်ကို ထစေခဲ့ပြီ၊ သက္ကာယ၏ ချုပ်ရာ၌ စိတ်ကို ဆောင်ပါ၏ဟု ဤသို့ပြောဆိုခဲ့မူ မဟာနာမ်၊ ဤသို့လွတ်မြောက်သော စိတ်ရှိသော ဥပါသကာအား အာသဝမှလွတ်ပြီးသော၊ စိတ်ရှိသောရဟန်းနှင့် အရဟတ္တဖိုလ်စိတ်အားဖြင့် ထူးခြားမှု တစ်စုံတစ်ရာမရှိဟု ငါဆို၏”ဟု မိန့်တော်မူ၏။

**(သံယုတ္တနိကာယ်၊ မဟာဝဂ္ဂ၊ သောတာပတ္တိသံယုတ်၊ ဂိလာနသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

## ၃၇။ ဗုဒ္ဓမွေသည် ကျွတ်ထိုက်သောသူတို့အဖို့ အဓိကဖြစ်၏

"ရဟန်းတို့၊ လောက၌ သူနာသုံးမျိုးတို့ ထင်ရှားရှိ၏။ အချို့သော သူနာသည် သင့်လျော်သော အစားအစာ၊ သင့်လျော်သောဆေးနှင့် သင့်လျော်သော သူနာပြုကိုရသော်လည်းကောင်း၊ မရသော်လည်းကောင်း ရောဂါဝေဒနာမှ အထမမြောက်။ အချို့သော သူနာသည် သင့်လျော်သော အစားအစာ၊ ဆေးနှင့် သူနာပြုကို ရသော်လည်းကောင်း၊ မရသော်လည်းကောင်း ရောဂါဝေဒနာမှ ထမြောက်၏။ အချို့သော သူနာသည်ကား သင့်လျော်သော အစားအစာ၊ ဆေးနှင့်သူနာပြုကို ရရှိမှသာလျှင် ရောဂါဝေဒနာမှ ထမြောက်၏။ ယင်းတို့ကို မရရှိပါက ရောဂါမှ မထမြောက်နိုင်ချေ။

ရဟန်းတို့၊ ထိုသူနာသုံးမျိုးတွင် အကြင်သူနာသည် သင့်လျော်သော အစားအစာ၊ ဆေးနှင့်သူနာပြုကို ရရှိမှသာလျှင် ရောဂါဝေဒနာမှ ထမြောက်နိုင်၍ မရရှိသော် မထမြောက်နိုင်။ ထိုသူနာအား လျောက်ပတ်သောဆွမ်း၊ ဆေးနှင့် သူနာပြုတို့ကို ငါ ခွင့်ပြု၏။ ဤသူနာကို အကြောင်းပြု၍ အခြားသော သူနာတို့ကိုလည်း လုပ်ကျွေးပြုအပ်၏။

ရဟန်းတို့၊ ထိုနည်းအတူ လောက၌ သူနာနှင့်တူသော ပုဂ္ဂိုလ်သုံးမျိုး ထင်ရှားရှိ၏။ အချို့သောပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမြော်ရသော်လည်းကောင်း၊ မဖူးမြော်ရသော်လည်းကောင်း၊ ဘုရားရှင်ဟောကြားသော သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို ကြားနာရသော်လည်းကောင်း၊ မကြားနာရသော်လည်းကောင်း၊ ကုသိုလ်တရားတို့၌ ဖြောင့်မှန်သောသဘောရှိသော၊ မြဲသောအရိယာမဂ်သို့ မသက်ဝင်နိုင်။ အချို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ဖူးမြော်ရသော်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ မဖူးမြော်ရသော်လည်းကောင်း၊ ဘုရားရှင်၏ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို ကြားနာရသော်လည်းကောင်း၊ မကြားနာရသော်လည်းကောင်း ကုသိုလ်တရားတို့၌ ဖြောင့်မှန်သောသဘောရှိသော၊ မြဲသောအရိယာမဂ်သို့ သက်ရောက်နိုင်၏။

အချို့သော ပုဂ္ဂိုလ်သည်ကား မြတ်စွာဘုရားကို ဖူးမြော်ရမှ၊ မြတ်စွာဘုရား၏ တရားတော်များကို ကြားနာရမှသာလျှင် ကုသိုလ်တရားတို့၌ ဖြောင့်မတ်သောသဘော ရှိသော၊ မြဲသောအရိယာမဂ်သို့ သက်ဝင်နိုင်၏။ မြတ်စွာဘုရားကို မဖူးမြော်ရပါက၊ တရားတော်များကို မကြားနာရပါက ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော သဘောရှိသော၊ မြဲသောအရိယာမဂ်သို့ မသက်ဝင်နိုင်၏။

ရဟန်းတို့၊ ထိုပုဂ္ဂိုလ်သုံးမျိုးတွင် အကြင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားကိုဖူးမြော်ရမှ၊ တရားတော်များကို ကြားနာရမှသာလျှင် ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော၊ မြဲသောအရိယာမဂ်သို့ သက်ဝင်နိုင်၏။ မြတ်စွာဘုရားကို မဖူးမြော်ရလျှင်၊ တရားတော်များကို မကြားရလျှင် ကုသိုလ်တရားတို့၌ ဖြောင့်မှန်သော သဘောရှိသော၊ မြဲသောအရိယာမဂ်သို့ မသက်ဝင်နိုင်၏။ ထိုပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားသူတို့အားလည်း တရားဟောကြားအပ်၏။ ရဟန်းတို့၊ သူနာနှင့်တူသော ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏။"

**(အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ဂိလာနသုတ်)**

www.burmeseclassic.com

www.burmeseclassic.com

# ပြန်လည်သုံးသပ်ချက်

မြတ်ဗုဒ္ဓအကြောင်းနှင့် မြတ်ဗုဒ္ဓဟောကြားသော တရားတော်များမှ သိမှတ်ဖွယ်ရာများကို ထေရဝါဒသုတ္တန်ပိဋကတ်မှ ရွေးချယ်၍ မကျဉ်းမကျယ် တင်ပြခဲ့ရာ အချို့မှာ မြန်မာဗုဒ္ဓဝါဒီတို့၏ အစဉ်အလာ ခံယူချက်များနှင့်မတူဘဲ ကွဲပြားခြားနားနေကြောင်း စာရှုသူတို့ သတိပြုမိကြပေလိမ့်မည်။ ဤသို့ဖြစ်ရ ခြင်းမှာ ရှေးမြန်မာ ဗုဒ္ဓဝါဒီတို့၏ ဘာသာရေးစာပေ လေ့လာလိုက်စားမှုသည် အများအားဖြင့် ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ဇာတ်ကြီးဆယ်ဘွဲ့စသည်တို့၌ ပြီးဆုံး၍ ပိဋကတ်စာပေနှင့် လုံးဝ ကင်းကွာခဲ့ကြသောကြောင့်ဖြစ်ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။ စင်စစ် နိကာယ်ငါးကျမ်း၌ ကျွန်ုပ်တို့ဖတ်ရှုရသော ဗုဒ္ဓအကြောင်းအရာများသည် သုတ္တန်ဒေသနာများနှင့်စာသော် စာမျက်နှာအားဖြင့် မပြောပလောက်ချေ။ သို့ရာတွင် ထိုမှတ်တမ်းများသည် ယခုခေတ်ပညာရှင်တို့၏ အမြင်အားဖြင့် မြတ်ဗုဒ္ဓအား ရှေး ဘီစီခြောက်ရာစုခေတ်က အထူးကြည်ညို လေးစားဖွယ်ရာ ပညာရှိသူတော်စင်အဖြစ် မြင့်တင်ပေးခဲ့သော မှတ်တမ်းများ ဖြစ်၏။

စင်စစ် ရှေးအခါကပင် အိန္ဒိယဗုဒ္ဓစာပေကို လေ့လာသော အနောက် တိုင်းသုတေသီပညာရှင်တို့သည် အနောက်နိုင်ငံ စာဖတ်ပရိသတ်အား မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များနှင့် မိတ်ဆက်ပေးခဲ့ကြ၏။ အံ့သြဖွယ်ရာအချက်မှာ ထိုသို့ မြတ်ဗုဒ္ဓ ကို ချီးကျူးရေးသားကြသော ပုဂ္ဂိုလ်များတွင် အချို့မှာ ဗုဒ္ဓဝါဒကို ကြိုက်နှစ်သက် ကြသော်လည်း အခြားလူများမှာ နှစ်သက်လက်ခံသောသူများ မဟုတ်ချေ။ အချို့မှာ ခရစ်ယာန် သာသနာပြုဆရာများဖြစ်၍ ဗုဒ္ဓဘာသာနိုင်ငံများ၌ ဟောပြောရန် ဗုဒ္ဓဘာသာအကြောင်းကို ဖတ်ရှုလေ့လာထားသူများ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆိုသော် ဘုရားရှင်ထင်ရှားရှိစဉ်ကပင် ဗုဒ္ဓဓမ္မကို လက်မခံသော်လည်း ဗုဒ္ဓကို လေးလေးနက်နက် ကြည်ညိုသော လူအမြောက်အမြားရှိကြောင်း ပါဠိပိဋကတ်စာပေ၌ ထင်ရှား၏။ ဤသို့ ပုဂ္ဂိုလ်သတ္တဝါအမျိုးမျိုး၏ ကြည်ညို လေးစားမှုသည် "ငါ့ဘုရားကို မြင်သောသူသည် ငါ၏တရားကို မြင်သည်။ ငါ၏တရားကို မြင်သောသူသည် ငါဘုရားကို မြင်သည်"ဟူသော ဗုဒ္ဓမိန့်ကြားချက်နှင့် ဆက်စပ်နေပုံကို ကျွန်ုပ်တို့ ခြေခြေမြစ်မြစ် သိမြင်နားလည်ရန် လိုအပ်ပေသည်။

မြတ်ဗုဒ္ဓသည် ပုထုဇဉ်သတ္တဝါတို့ကို တရားဟောရာ၌ စိတ်ဓာတ်စရိုက် အမျိုးမျိုး၊ အသိဉာဏ်အနုအရင့်၊ ပါရမီဗီဇဓာတ်ခံ အထွေထွေနှင့် ပတ်ဝန်းကျင် ဘဝအခြေအနေ အရပ်ရပ်ကို သိပြီးဖြစ်၍ တရားဒေသနာများ၌ ဘုရားရှင်၏ ဂုဏ်တော်များ ထင်ဟပ်နေခြင်း ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓဒေသနာများသည် အပေါ်ယံ ကြားနာသူများအဖို့ ဗုဒ္ဓဂုဏ်တော်များကို မဖော်ဆောင်သော်လည်း အသိဉာဏ် ရှိသော ပုဂ္ဂိုလ်အချို့မှ ဘုရားရှင်က လူတို့၏အချို့သောမေးခွန်းများကို မည်သို့မျှ မဖြေဘဲ ဆိတ်ဆိတ်နေခြင်းသည်ပင် ဗုဒ္ဓဂုဏ်တော်ကို ဖော်ညွှန်းနေပေလိမ်မည်။ ဥပမာ–ပုဂ္ဂိုလ်သတ္တဝါ၌ အတ္တဝိညာဉ် ရှိပါသလောဟူသော မေးခွန်းသည် ဉာဏ်နုနယ်သောသူ၏ မေးခွန်းဖြစ်နေပါက မည်သည့်အဖြေပင်ဖြစ်စေ မေးသူအား ပိုမိုခေါင်းရှုပ်၍ အကျိုးယုတ်စေမည်ဖြစ်သောကြောင့် ဆိတ်ဆိတ်နေတော်မူခြင်းဖြစ်ကြောင်း ထင်ရှား၏။

တရားဟောတော်မူရာ၌ မြတ်ဗုဒ္ဓသည် မည်သည့်အရာကိုမျှ လျှော့ခ်ဓားထစ် တရားသေစွဲမှတ်မထားဘဲ ကာလဒေသ ပုဂ္ဂိုလ်သတ္တဝါ စသော အကြောင်းအရာအမျိုးမျိုးကို ခွဲခြားစိစစ်၍ အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်မှုကို ရှေ့တန်းတင်သော ဝိဘဇ္ဇဝါဒကို အသုံးပြု၏။ သုဘလုလင်က "ရဟန်းဘဝနှင့် အိမ်ရာထောင်သော လူ၏ဘဝတွင် မည်သည်က ပို၍မြတ်ပါသနည်းဟု မေးလျှောက်သောအခါ ဗုဒ္ဓက "ငါသည် အစစအရာရာကို ဝေဖန်ခွဲခြား၍ ဆိုလေ့ရှိ၏။ တစ်ခုခုကိုသာ မုချဟူ၍ ဆိုလေ့မရှိ" စသည်ဖြင့် မိန့်ကြား၏။ ဗြဟ္မဏတို့၏ဇာတ်ဝါဒကို လက်မခံသော်လည်း ဗုဒ္ဓသည် ပုထုဇဉ်လူသားတို့၏ လောကီ အကျိုးစီးပွားအတွက် လူတန်းစားခွဲခြားမှုကို ကဲ့ရဲ့ပြစ်တင်ခြင်း ပြုတော်မမူချေ။ ဇာတ်နိမ့်သူတို့က ဇာတ်မြင့်သူကို လုပ်ကျွေးသင့်သည်ဆိုသော ဗြဟ္မဏတို့၏ အယူကို တင်ပြသောအခါ မြတ်ဗုဒ္ဓက "ထိုအယူနှင့်စပ်လျဉ်း၍ မိမိ၌ တထစ်ချ စွဲမှတ်ထားချက်မရှိ။ မည်သူမဆို မိမိအကျိုးကိုကြည့်၍ အခြားသူတစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးသင့်ကြောင်း" မိန့်ကြား၏။ ဘုရားရှင်၏ ဂုဏ်တော်များကို မသိဘဲ အချို့သောမိန့်ကြားချက်၊ သို့မဟုတ် အပြုအမူများကို လူတို့ နားလည်မည် မဟုတ်ချေ။ ဥပမာ–ဘုရားဖြစ်ပြီးနောက် ဆွေတော်မျိုးတော်များနှင့် ပြန်လည် တွေ့ဆုံစဉ်က ယသော်ဓရာမင်းသမီးသည် အဆောင်ထဲမှ ထွက်မလာဘဲနေရာ မြတ်ဗုဒ္ဓက အဂ္ဂသာဝကနှစ်ပါးနှင့်အတူ အဆောင်ထဲဝင်၍ အဖူးမြော်ခံကြောင်း အဋ္ဌကထာ၌ ဖော်ပြထား၏။ မိမိအား သူတစ်ပါး၏ကျေးဇူးပြုမှုကို မမေ့လျော့ရန် ဟောသော ဗုဒ္ဓဒေသနာများကို သိရှိပြီးသော သူတို့အဖို့မူ ထိုအပြုအမူကို နားမလည်နိုင်စရာ အကြောင်းမရှိချေ။

အရာရာကို ခွဲခြားစိစစ်၍ တရားမျှတမှုသို့ ရှေးရှုသော ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒ သည် ရှေးက အိန္ဒိယနိုင်ငံ၏ အပြိုင်အဆိုင် ပေါ်ထွန်းလာသော ဘာသာဝါဒ များတွင် ထေရဗုဒ္ဓဝါဒကို ရှေ့တန်းသို့ ပို့ဆောင်လိုက်သော ဗုဒ္ဓဂုဏ်တော်တစ်ပါး ဖြစ်ခဲ့ပေလိမ့်မည်။ "ရဟန်းတို့၊ သင်တို့သည် ဤအယူသည်သာမှန်၍ အခြားအယူ အားလုံးသည် အချည်းနှီးသာတည်းဟူ၍ မထင်မှတ်သင့်" ဤစကားမှာ သုတ္တန်ပိဋကတ်၌ စာဖတ်သူတို့ မကြာခဏတွေ့ရသော ဗုဒ္ဓမိန့်ကြားချက်ဖြစ်၏။ ဥပမာ–ငရဲသည် ဧကန်ထင်ရှားမရှိဘဲ ဒဏ္ဍာရီမျှသာဖြစ်သည် မှန်ပြားအံ့။ ငရဲ ရှိသည်ဟု ယုံကြည်ခြင်းသည် အချည်းနှီးမဖြစ်ဘဲ အချို့လူများအား မကောင်းမှု ပြုရန် ပိတ်ပင်တားဆီးထားကြောင်း ကျွန်ုပ်တို့ မမေ့သင့်ချေ။

ဤမိန့်ကြားချက်ကဲ့သို့ပင် ဆင်ခြင်သုံးသပ်ရန်လိုသော အခြား ဗုဒ္ဓ ဒေသနာမှာ အင်္ဂုတ္တရနိကာယ်၌လာသော ဗုဒ္ဓမိန့်ကြားချက် ဖြစ်၏။ စာ ၂၆၂ (၃၇)။ သူနာသုံးမျိုးဥပမာဖြင့် ဟောထားသော ထိုဒေသနာ၏ တိုရှင်းလိုရှင်းမှာ အချို့ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓတရားကို မကြားနာရသော်လည်း အကျွတ်တရားရရှိ၍ အချို့မှာ တရားကို ကြားနာရသောလည်း အကျွတ်တရား ရရှိမည် မဟုတ်ချေ။ ဤသည်မှာ များစွာသော ဗုဒ္ဓဘာသာဝင်တို့ လက်ခံယုံကြည်ရန် ခက်ခဲသော ဒေသနာဖြစ်၍ ဤနေရာ၌ ရှေးဦးစွာ လူတို့၏ ဘာသာရေးယုံကြည်ချက်များကို အခြားယုံကြည်ချက်များနှင့် ခွဲခြား၍ ပီပီပြင်ပြင် သိမြင်နားလည်ထားရန် အရေးကြီး၏။

ဘာသာဝါဒများသည် ရှေးပဝေသဏီက လူတို့၏ ကြည်ညိုလေးစား ခြင်းခံရသော သူတော်သူမြတ်များ၏ ဘာသာတရားများ ဖြစ်၏။ ထိုပုဂ္ဂိုလ် များသည် အနန္တတန်ခိုးရှင်များဖြစ်သောကြောင့် လူသတ္တဝါများကို ဆင်းရဲဒုက္ခမှ ကယ်တင်၍ ကောင်းကင်ဘုံသို့ပို့ဆောင်ရန် ပေါ်ထွန်းလာကြရာ သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



နတ်ဗြဟ္မာ ကောင်းကင်တမန်စသော အထက်ဘုံသားများက စောင့်ရှောက်ကြ၏။ သူတို့ကို လူတို့က အကြွင်းမဲ့ ယုံကြည်အားကိုးရသော ထာဝရဘုရားသခင်များအဖြစ် စွဲမှတ်ထားကြ၏။

ထိုစကြဝဠာ အနန္တတန်ခိုးရှင်နှင့် ထာဝရ အတ္တဝိညာဉ်အကြောင်းကို ဗုဒ္ဓခေတ်မတိုင်မီကပင် အိန္ဒိယပြည်ရှိ ဝေဒဥပနိသျှစသော ဘာသာရေး စာပေများ၌ ဖော်ပြထား၏။ မြတ်ဗုဒ္ဓသည် ထို ရှေးဘာသာရေး ယုံကြည်ချက်များ၏ သဘာဝယုတ္တိမရှိပုံကို ထောက်ပြ၍ နတ်သိကြားနှင့်ဗြဟ္မာတို့ တန်ဖိုးကင်းမဲ့ပုံကို ဒီဃနိကာယ်ဒေသများ၌ ဟောကြားထား၏။ နိမ့်ကျသော ဘာသာရေးအတွေးအမြင်ဖြင့် အချို့လူများ မိမိအား လွန်လွန်ကဲကဲ ယုံကြည်မှုမျိုးကို မြတ်ဗုဒ္ဓလိုလားတော်မမူချေ။ မိမိသည် တန်ခိုးပြာဋိဟာပြမှုကို စက်ဆုပ်၍ မိမိ၏သဗ္ဗညုတဉာဏ်သည် လူအများ ထင်သလိုမဟုတ်ဘဲ ဝိဇ္ဇာသုံးပါးမျှသာဖြစ်ကြောင်း၊ သံသရာဆင်းရဲဒုက္ခမှ လွတ်မြောက်လိုသောသူသည် မိမိကိုယ်ကိုသာ လျှင် အားကိုးရမည်ဖြစ်ကြောင်း ဟောတော်မူခဲ့၏။ ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး၌မူ မိမိအား များစွာသောလူတို့ ဖူးမြော်ပူဇော်ကြခြင်းသည် ပူဇော်မှုအစစ်အမှန်မဟုတ်ဘဲ မိမိဟောသောတရားကို ကျင့်ကြံအားထုတ်မှသာ ပူဇော်မြတ်နိုးသည်မည်ကြောင်း မိန့်ကြားခဲ့၏။ ဤသို့ဖြင့် မြတ်ဗုဒ္ဓသည် မိမိ၏ ထေရဝါဒကို ရှေးဘာသာ အယူဝါဒများ၏ အစဉ်အလာ အငွေ့အသက်များ ကင်းစင်သန့်ရှင်းစေရန် ရိုးရိုးရှင်းရှင်း၊ ပွင့်ပွင့်လင်းလင်း ဟောတော်မူခဲ့၏။

သို့ရာတွင် အထက်ပါ မိန့်ကြားချက်များသည် ပိဋကတ်စာပေနှင့် ကင်းဝေးသော မြန်မာဗုဒ္ဓဝါဒီ အများစု၏ မိရိုးဖလာ ဘာသာရေးအသိနယ်ထဲသို့ ရှေးအိန္ဒိယဘာသာ အယူဝါဒများ ဝင်ရောက်ပျံ့နှံ့နေမှုကို မတားဆီးနိုင်ချေ။ ဘုရားရှင်၏ တန်ခိုးပြာဋိဟာပြမှုများကို မြန်မာဗုဒ္ဓဝင် စာအုပ်တိုင်းလိုလို၌ ဖော်ပြထား၍ ၎င်းနှင့်ဆန့်ကျင်သော ဗုဒ္ဓဒေသနာကိုမူ နာမည်ကျော်ကြားသော ဇိနတ္ထပကာသနီကျမ်း၌ပင် မတွေ့ရချေ။

နတ်ဗြဟ္မာတို့ကို ယုံကြည်မှုနှင့်စပ်လျဉ်း၍ မြတ်ဗုဒ္ဓဟောကြားချက်သည် ကြားနာသူတိုင်း လက်ခံနိုင်သော ဒေသနာဖြစ်၏။ ဒေသနာ၌ လူတို့စဉ်းစားရန် ထောက်ပြချက်မှာ ရှေးအခါမှစ၍ ယခုခေတ်အထိ မည်သည့်ပုဂ္ဂိုလ် သတ္တဝါတစ်ဦးတစ်ယောက်မျှ လုံးဝမမြင်ဖူးသော နတ်ဗြဟ္မာတို့ကို ယုံကြည် အားကိုးမှုသည် အချည်းနှီးဖြစ်သည် မဟုတ်ပါလောဟူသော မေးခွန်းဖြစ်၏။ မြတ်ဗုဒ္ဓမပေါ်မီကစ၍ ယနေ့အထိ ထိုမျှ သဘာဝယုတ္တိကင်းမဲ့သော ဘာသာရေး

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ချက် ကမ္ဘာပေါ်၌ အနှံ့အပြား ထွန်းကားနေခြင်းမှာ ဆင်းရဲဒုက္ခအမျိုးမျိုးကို လူတို့ ကြုံတွေ့နေကြရသောကြောင့် ဖြစ်၏။

ယခုခေတ်၌မူ လူအမြောက်အမြား ခံစားနေကြရသော ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်နေကြရသော ဘေးအန္တရာယ်မျိုးစုံကို ဖော်ပြရပါက ဆုံးနိုင်မည်မဟုတ်ချေ။ ခုခံအားကျဆင်းမှုရောဂါ၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ကမ္ဘာ့လူဦးရေအဆမတန်တိုးပွားမှု၊ နိုင်ငံများ၌ ပြည်တွင်းစစ်ဖြစ်နေမှု စသော ကမ္ဘာ့အနိဋ္ဌာရုံအဖုံဖုံကို နေ့စဉ်သတင်းစာများက အမြဲဖော်ပြလျက်ရှိ၏။ ဤသို့ ကမ္ဘာ့လူသားတို့၏ ဆင်းရဲဒုက္ခခံစားမှုသည် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာတရားများ၏ လှုံ့ဆော်ထကြွမှု၌ အခြေခံသော်လည်း အချို့လူများ ဒုက္ခကြုံတွေ့ကြရခြင်းမှာ မိမိတို့၏ အပြစ်မဟုတ်ဘဲ သူတစ်ပါး၏ မိုက်မဲမှုကြောင့်ဖြစ်ကြောင်း ထင်ရှား၏။ ကလေးသူငယ်များကို အဓမ္မလိင်ဆက်ဆံမှု လူမျိုးရေးစစ်ပွဲ၌ ရန်သူတို့ကို မျိုးသုဉ်းအောင် သတ်ဖြတ်ပစ်မှုစသော ရက်စက်ကြမ်းကြုတ်မှုများကို နိုင်ငံအစိုးရတို့နှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ထိထိရောက်ရောက် အရေးမယူနိုင်ခဲ့ကြချေ။

မည်သို့ဆိုစေ လူတို့နေထိုင်သော ဆင်းရဲဒုက္ခဘုံ၌ အို၊ နာ၊ သေဘေးမှတစ်ပါး အခြားဘေးအန္တရာယ်နှင့် ဆင်းရဲဒုက္ခများကို ရှောင်ကြဉ်နိုင်သော ပုဂ္ဂိုလ်သတ္တဝါများရှိခြင်းကို ကျွန်ုပ်တို့ သတိပြုရပေမည်။ သူတို့သည် အေသခံလူဦးရေ၏ ရာခိုင်နှုန်း အနည်းငယ်မျှသာ ဖြစ်သော်လည်း မိရိုးဖလာယုံကြည်ခဲ့သော နတ်ဗြဟ္မာတို့၏ ကူညီစောင့်ရှောက်မှုမရှိဘဲ ကပ်ဆိုးကပ်ဘေးမှ လွတ်မြောက်ကြခြင်းမှာ ကိုယ်ခန္ဓာ ကျန်းမာတောင့်တင်းမှု၊ သတိ၊ ပညာ၊ လုံ့လ၊ ဝီရိယနှင့် ဇွဲသတ္တိရှိမှု၊ ပေါင်းသင်းဆက်ဆံရာ၌ ကျွမ်းကျင်လိမ္မာမှုစသော လက်ရုံးရည်၊ နှလုံးရည်များကြောင့်ဖြစ်ကြောင်း ထင်ရှား၏။ သို့ဖြစ်၍ ထိုအဖိုးတန် ကိုယ်ပိုင်စွမ်းအားကို အချို့လူများ မည်သို့ ရရှိကြပါသနည်းဟု ကျွန်ုပ်တို့ စူးစမ်းလေ့လာရန် အရေးကြီး၏။

ဤအကြောင်းကို အတော်အတန် မှန်ကန်စွာ သိရှိနားလည်သော ပုဂ္ဂိုလ်များမှာ မိမိတို့၏ သားသမီးငယ်များနှင့် ကျောင်းသားသူငယ်များကို နေ့စဉ်စိတ်ဝင်တစား လေ့လာ၍ လိုအပ်သလို အကျင့်စာရိတ္တပြုပြင်ရန် အားထုတ်သော ဆိုင်ရာမိဘများနှင့် ကျောင်းဆရာများ ဖြစ်၏။ သူတို့၏ အဆိုအားဖြင့် အချို့ကလေးသူငယ်များသည် အသက်လေးငါးနှစ်အရွယ်ကပင် အချို့စရိုက်လက္ခဏာများကို သူတို့ အလိုအလျောက်ပြ၍ အချို့အလေ့အကျင့်များမှာ ဆရာမိဘများက

www.burmeseclassic.com

www.burmeseclassic.com



မည်မျှ သင်ကြားပြသသော်လည်း အချည်းအနှီးဖြစ်၏။ အချို့ကျောင်းသားများသည် မူလတန်း၊ အလယ်တန်းများ၌ အချို့ဘာသာရပ်များတွင် အလွန်ညံ့ဖျင်းပြီး အထက်တန်းတွင် အံ့ဩဖွယ်ရာ ထူးချွန်လာကြ၏။ မိဘများက မျိုးရိုးသန့်စင်၍ အုပ်ထိန်းရာ၌ စည်းကမ်းတင်းကျပ်ပါလျက် တစ်ခါတစ်ရံ အချို့မိသားစုများတွင် သွန်သင်ဆုံးမ၍မရသော အချို့ကလေးဆိုးများ စုန်းပြူးပါလာတတ်ကြောင်း အံ့ဩဖွယ်ရာတွေ့ရ၏။

ဤအချက်များမှာ ယခုခေတ် မျိုးဗီဇနှင့် စိတ်ပညာရှင်တို့ လေ့လာတွေ့ရှိရချက်များနှင့် များစွာမကွာခြားချေ။ ထိုပညာရှင်တို့၏ အဆိုအားဖြင့် သက်ရှိ ပုဂ္ဂိုလ်သတ္တဝါများကို ပြုပြင်ဖန်တီးပေးသော အကြောင်းတရားနှစ်ပါးမှာ မျိုးဗီဇနှင့်ပတ်ဝန်းကျင် ဖြစ်၏။ ဗီဇမှာ မွေးရာပါ မိဘအမွေဖြစ်၍ ပတ်ဝန်းကျင်မှာ ဗီဇမှတစ်ပါး သတ္တဝါကို ပြုပြင်ပြောင်းလဲရန် ပံ့ပိုးပေးသော အခြားအကြောင်းတရားအားလုံး ဖြစ်၏။ ဗီဇသည် အများအားဖြင့် ပတ်ဝန်းကျင်ထက်ပို၍ လူသတ္တဝါ၏ စိတ်ပိုင်းဘဝနှင့် ဆက်နွယ်နေဟန် လက္ခဏာရှိ၏။ သို့ရာတွင် ဗီဇနှင့် ပတ်ဝန်းကျင်သည် သတ္တဝါ၏ ဘဝဖြစ်စဉ်၌ အပြန်အလှန် အမြဲအကျိုးပြုသော တရားများဖြစ်ကြောင်း ကျွန်ုပ်တို့ မမေ့သင့်ချေ။[၁]

အချို့သော အနောက်နိုင်ငံ ဗုဒ္ဓစာပေပညာရှင်တို့ကမူ ထေရဝါဒကျမ်းလာ ကံ၊ကံ၏ အကျိုးပေးမှု အယူဝါဒနှင့် ယခုခေတ် မျိုးဗီဇ သုတေသီဆရာတို့၏ ခံယူချက်တူညီနေပုံကို ထောက်ပြကြ၏။ သူတို့၏အဆိုအားဖြင့် သတ္တဝါတစ်ဦးပြုသော ကောင်းမှု၊ မကောင်းမှုများ၏ အကျိုးပေးရလဒ်သည် ဘဝသံသရာ၌ ပါသွား၍ တစ်ခုသောဘဝ၌ ထင်ရှားလာခြင်းမှာ မိဘဘိုးဘွားလက်ထက်က ငုပ်ကွယ်နေသော ဗီဇတစ်ခု ထင်ထင်ရှားရှား လူမြင်သူမြင် ပေါ်ထွက်လာခြင်းမျိုးဖြစ်၏။ ဤသို့ မျိုးရိုးလိုက်မှုသည် ကံ၏အကျိုးပေးမှုနှင့် အသွင်လက္ခဏာတူညီသော်လည်း အစစအရာရာ တူညီသည်ဟု မဆိုနိုင်ချေ။ အများအားဖြင့် ဗုဒ္ဓဝါဒီတို့၏ မိရိုးဖလာယုံကြည်ချက်များနှင့် ဆန့်ကျင်သော ဗုဒ္ဓမိန့်ကြားချက်များနှင့် တူညီနေကြောင်း တွေ့ရ၏။ ဥပမာ–မျက်မှောက်ဘဝ၌ လူတစ်ဦး

---

၁။ စာရေးသူ ၁၉၆၅ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော "ဗီဇနှင့်ပတ်ဝန်းကျင်" စာအုပ်မှာ ထိုအချိန်က နာမည်ကျော် အမေရိကန်ဗီဇပညာရှင်တစ်ဦး၏ စာအုပ်ကို အဓိကမှီငြမ်းပြု၍ ရေးသားထားခြင်းဖြစ်၍ ယခုအခါ ပိုမို၍ ခေတ်မီသောစာအုပ်များ ဖတ်ရှုလေ့လာရန် လိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ရသော ဆင်းရဲဒုက္ခအားလုံးအတွက် သူ၏အတိတ်ကံကို အပြစ်ပုံချရန် မဖြစ်နိုင်သကဲ့သို့ သူ၏မျိုးရိုးဗီဇ ဝေဒနာများ၏ မူလအစသည် မိဘများ၌ ရှိလိမ့်မည်ဟု စွဲမှတ်မထားသင့်ချေ။ အထူးအရေးကြီးသည်ကား လူတစ်ဦး၏ ကောင်းမှု၊ မကောင်းမှုသည် ဘဝသံသရာ၌ အကျိုးပေးရန် ဆီလျော်သော အကြောင်းတရားအပေါ် မှီတည်နေသည့်နည်းတူ မိဘထံမှရရှိသော မျိုးဗီဇဓာတ် ထကြွလှုပ်ရှားလာရန် သင့်မြတ်လျော်ကန်သော ပတ်ဝန်းကျင် အကြောင်းတရား နှင့် ပေါင်းဆုံမှုလိုအပ်ခြင်းကို အထူးသတိပြုရပေမည်။

ဤနေရာ၌ လူသိနည်းသော်လည်း ဗုဒ္ဓဘာသာဝင်များ အထူးဆင်ခြင် စဉ်းစားသင့်သော ဗုဒ္ဓဒေသနာတစ်ခုရှိ၏။ အကျဉ်းအားဖြင့် လောက၌ ပုဂ္ဂိုလ် နှစ်မျိုးရှိရာ ပထမပုဂ္ဂိုလ်သည် မြတ်ဗုဒ္ဓ၏တရားကို ကြားနာရပါက အကျွတ် တရားရရှိ၍ ဒုတိယပုဂ္ဂိုလ်မှာမူ တရားတော်ကို မကြားနာရသော်လည်း အကျွတ် တရားရရှိကြောင်း၊ သင့်လျော်သော အစားအစာ၊ ဆေးဝါးနှင့် သူနာပြုရှိပါမှ ရောဂါဝေဒနာပျောက်ကင်းသော လူနာနှင့် ထိုအကူအညီများမရရှိဘဲ ရောဂါ ပျောက်ကင်းသော လူနာနှစ်မျိုး ဥပမာဖြင့် ဘုရားရှင်က ဟောတော်မူ၏။ ဤဥပမာများနှင့်အညီ အဖိုးတန်ဆေးဝါးများနှင့် အာဟာရကို မှီဝဲနေပါလျက် ရောဂါခံစားနေကြရခြင်းနှင့် ဆေးဝါးနှင့် အစာအာဟာရကို ကျန်းမာရေးအတွက် ဂရုမစိုက်ဘဲ ရောဂါကင်းရှင်းနေကြခြင်းသည် ကျန်းမာရေးဗီဇဓာတ်ခံနှင့် ဆက်စပ် နေကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

ပန်းချီ၊ ဂီတ၊ စာပေစသော အနုပညာတစ်ခုခု၌ စိတ်ပါဝင်စားသော ပုဂ္ဂိုလ်သတ္တဝါ နှစ်ဦးရှိသည် ဆိုကြပါစို့။ သူတို့သည် အနုပညာဗီဇဓာတ်ခံ မတူညီသောကြောင့် စွမ်းရည်လည်း ကွဲပြားခြားနားပေလိမ့်မည်။ ဤနေရာ၌ အနုပညာ၊ သို့မဟုတ် အခြားပညာစွမ်းရည်ကို ကျွမ်းကျင်လိမ္မာသော အနုပညာရှင် တစ်ဦး၏ အကဲဖြတ်မှု မှန်ကန်ကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုရပေမည်။

အထက်ပါ ဗုဒ္ဓဒေသနာလာ ဗုဒ္ဓတရားကို ကြားနာပြီးနောက်၊ သို့မဟုတ် မကြားနာရဘဲ အကျွတ်တရားရသွားသော ပုဂ္ဂိုလ်နှစ်ဦးအကြောင်းကို စူးစမ်း လေ့လာရာ၌မူ အထူးမှတ်သားဖွယ်ကောင်းသော ဗုဒ္ဓသြဝါဒကို ကျွန်ုပ်တို့ လိုက်နာရန် လိုအပ်ပေမည်။ ပုဂ္ဂိုလ်တစ်ဦးကို ရဟန္တာအစစ် ဟုတ်မဟုတ် ခွဲခြားသိရှိရန် မြတ်ဗုဒ္ဓ၏ညွှန်ကြားချက်မှာ ယနေ့မြန်မာဗုဒ္ဓဝါဒီတို့၏ အစဉ်အလာ ယုံကြည်ချက်နှင့် တခြားစီဖြစ်၏။ မြတ်ဗုဒ္ဓ၏ အလိုအားဖြင့်မူ စူးစမ်းသော ပုဂ္ဂိုလ်သည် ရဟန္တာဖြစ်သည်ဆိုသောသူနှင့် ကြာရှည် အတူတကွနေထိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ တရားဆွေးနွေး၍ ပညာဉာဏ်ဖြင့် စူးစမ်းလေ့လာရန် လိုအပ်၏။ ထို့အပြင် စူးစမ်းလေ့သော ပုဂ္ဂိုလ်သည် ပညာရှိသူဖြစ်သော်လည်း မိမိလေ့လာမည့်သူ မကြာခဏ ဘေးန္တရာယ် ကြုံတွေ့နေရသောအခါ၌သာလျှင် ထိုသူ၏ ဉာဏ်ပညာစွမ်းကို အတော်အတန် မှန်ကန်စွာ အကဲဖြတ်နိုင်မည် ဖြစ်၏။

အကယ်၍ ရဟန္တာဖြစ်ရန် အားထုတ်သောယောဂီသည် မဂ်ဆိုက်၍ ရဟန္တာဖြစ်သွားပါက သီလ၊ သမာဓိနှင့် ပညာဂုဏ်သိက္ခာများ ရှေးကထက်များစွာ ပိုမိုထင်ရှားလာမည်ဖြစ်ကြောင်း ဗုဒ္ဓဝါဒီတို့ ယုံကြည်ကြ၏။ သို့ရာတွင် အချို့မှာ သိသိသာသာ ပြောင်းလဲသွား၍ အချို့မှာ မည်သို့မျှ မပြောင်းလဲကြချေ။ အံ့ဩဖွယ်ကောင်းသောအချက်မှာ ကိုယ်ကျင့်တရားနှင့် စပ်လျဉ်း၍ လူအများ၏ ပြစ်တင်ဝေဖန်ခြင်း ခံနေကြရသော အချို့ပုဂ္ဂိုလ်များ တရားအားမထုတ်ရဘဲ လူအကောင်းအဖြစ်သို့ ပြောင်းလဲသွားမှုများ ဖြစ်၏။ ထိုသို့ အံ့ဩဖွယ်ရာ ထူးထူးခြားခြား ပြောင်းလဲသွားသော အနောက်နိုင်ငံသား သိပ္ပံဆရာတစ်ဦး အကြောင်းကို ဖော်ပြပါအံ့။

နာမည်ကျော် ထိုပုဂ္ဂိုလ်မှာ ရုရှားလူမျိုး သိပ္ပံပညာရှင် အင်ဒရေဆာခါရော့ ဖြစ်၏။ သူသည် နျူကလီးယားလက်နက် အင်အားညီမျှနေပါက မဟာအင်အားကြီးနိုင်ငံများ စစ်ဖြစ်တော့မည်မဟုတ်ဟု ယုံကြည်သောကြောင့် ရုရှားနိုင်ငံ ဟိုက်ဒရိုဂျင်ဗုံး ထုတ်လုပ်မှု၌ ပါဝင်ကူညီခဲ့၏။ ဗုံးထုတ်လုပ်ပြီးနောက် ကမ္ဘာ့နိုင်ငံရေးအခြေအနေ ဆက်လက် တင်းမာနေသောအခါ သူက ဗုံးဖောက်ခွဲစမ်းသပ်မှုမပြုလုပ်ရန် သူ့နိုင်ငံအစိုးရအား ပန်ကြား၏။ ရုရှားစစ်တပ်များက အာဖဂန်နစ္စတန်နိုင်ငံထဲသို့ ကျူးကျော်ဝင်ရောက်သောအခါ အစိုးရအား ပြစ်တင်ဝေဖန်သောကြောင့် ခုနစ်နှစ်တိတိ ဂေါကီမြို့၌ အကျယ်ချုပ်ချထားခြင်း ခံရ၏။

သူ့ကို နိုင်ငံအစိုးရက ငြိုငြင်သဖြင့် သူ၏ ပထမအိမ်ထောင်မှ သားသမီးသုံးယောက်က သူနှင့် အဆက်အသွယ် မလုပ်တော့ချေ။ သို့ရာတွင် ဆာခါရော့သည် သူတို့ကိုခွင့်လွှတ်၍ မော်စကိုမြို့ရှိ မိမိတိုက်ခန်းနှင့် အပန်းဖြေဂေဟာကို သူတို့အားလွှဲပေး၏။ ရှေးကရရှိခဲ့သော မိမိ၏အခွင့်ထူးများကို စွန့်လွှတ်၍ မိမိ၏စုဆောင်းငွေ ဒေါ်လာတစ်သိန်းခွဲကို ကင်ဆာရောဂါ သုတေသနနှင့် ကြက်ခြေနီသူနာပြုဌာနများသို့ လှူဒါန်းလိုက်၏။

ဆာခါရော့သည် ၁၉၇၅ ခုနှစ်၌ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခြင်းခံရ၏။ သူသည် လက်နက်အင်အားသုံးမှုကို အပြဲဆန့်ကျင်၍ နိုင်ငံအချင်းချင်း မသင့်မတင့်ဖြစ်မှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ထောက်ခံအားပေး၏။ သို့ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် နိုင်ငံရေးအမြင် ကွဲလွဲသောသူများကပင် သူ့ကို ကြည်ညိုလေးစားကြကုန်၏။

ဤ ရှုရှားသိပ္ပံပညာရှင်ကဲ့သို့ မူလပထမက လူလောကကို အဆိုးမြင်၍ လမ်းမှားလိုက်မိရာမှ နောက်ကာလ၌ အလိုအလျောက် သတိတရားရပြီး လူကောင်းဖြစ်သွားသော ပုဂ္ဂိုလ်များမှာ ယနေ့ကမ္ဘာပေါ်၌ အတော်များများ ရှိပေလိမ့်မည်။ မြန်မာနိုင်ငံ၌ ထိုသို့ အံ့ဩဖွယ်ရာ ပုဂ္ဂိုလ်တစ်ဦးမှာ စာပေနယ်မှ လူအများသိသော ပခုက္ကူဦးအုန်းဖေ ဖြစ်၏။ ဦးအုန်းဖေသည် သူ၏ ကြေးမုံသတင်းစာ ဆောင်းပါးတစ်ပုဒ်၌ ရှေးအခါက မကောင်းမှု ဒုစရိုက်မျိုးစုံကို နှစ်ပေါင်းအတန်ကြာ မိမိပြုလုပ်ခဲ့ပုံ၊ နောင်မှ သံဝေဂရ၍ မကောင်းမှုအားလုံး ရှောင်ကြဉ်ခဲ့ပုံ ရေးသားထား၏။ ထိုသို့ ဆိုးပေတေနေရာမှ လူကောင်းဖြစ်သွားခြင်းမှာ သူသည် ဘယ်အခါ၌မဆို ဆုံးဖြတ်ချက် တစ်စုံတစ်ခု ချမှတ်ပြီးပါက ထိုဆုံးဖြတ်ချက်နှင့်အညီ မပျက်မကွက် ပြုလုပ်တတ်သော စရိုက်ဝါသနာရှိသောကြောင့် ထိုအခါက ဘဝပြောင်းလဲသွားဟန်တူကြောင်း ဖော်ပြထား၏။

ဦးအုန်းဖေသည် အလွန် စာဖတ်ဝါသနာပါကြောင်း ကျွန်ုပ်တို့ သိပြီးဖြစ်၏။ သို့ဖြစ်၍ သူ၏ အကျင့်စာရိတ္တ ပြောင်းလဲတိုးတက်မှုသည် စာဖတ်ဝါသနာနှင့် ခိုင်မာသောစိတ်ဓာတ် ပေါင်းစပ်ရာမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။ အထူးသတိပြုရန်ကား သူ၏ စာဖတ်ဝါသနာသည် အသိပညာလိုလားမှုက လှုံ့ဆော်ပေးသော ဝါသနာဖြစ်၏။ စင်စစ် ကမ္ဘာပေါ်၌ အလွန် စာဖတ်ဝါသနာပါသော ပုဂ္ဂိုလ်များသည် ယေဘုယျအားဖြင့် အသိအလိမ္မာ တိုးပွားလိုသောဆန္ဒကြောင့် မဟုတ်ချေ။ ထို့ကြောင့် သူတို့အထဲမှ စိတ်ဓာတ်ခိုင်မာသော၊ မျိုးဗီဇပါလာသော အချို့လူများသည် အမှားအမှန်ဆင်ခြင် စဉ်းစားဉာဏ်ကင်းလွတ်၍ မကြာခဏ စိတ်လိုက်မာန်ပါ ပြုလုပ်တတ်ကြ၏။ ယနေ့ ကမ္ဘာ့သတင်းစာများ၌ မကြာခဏဖတ်ရသော အံ့သြခံဗုံးခွဲတိုက်ခိုက်မှုများ၊ စစ်ပွဲများ၌ တစ်ဖက်ရန်သူကို မျိုးပြုတ်သည်အထိ သတ်ဖြတ်မှုများ စသည်တို့မှာ ကမ္ဘာ့သမိုင်း၌ စိတ်တုန်လှုပ်ဖွယ်ရာ ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်သော်လည်း ကျူးလွန်သူတို့ကမူ သူတို့ကိုယ်သူတို့ အာဇာနည်သူရဲကောင်းများအဖြစ် စွဲမှတ်ထားကြမည်လား မသိချေ။

ပုထုဇဉ်လူတို့၌ အကုသိုလ်စိတ်များ လုံးဝကင်းသွားအောင် မစွမ်းဆောင်နိုင်စေကာမူ သိသိသာသာ နည်းပါးသွားစေရန် စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာ မြတ်နိုးမှုကို ဘာသာရေးအကူအညီဖြင့် တည်ဆောက်ရန် လိုအပ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းတစ်ရာလောက်က မြန်မာနိုင်ငံအကြောင်း ရေးသားထားသော အင်္ဂလိပ်စာအုပ်များတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဓမ္မ ဆက်စပ်နေပုံ ဖတ်ရှုရ၏။ စာရေးသူတို့မှာ ထိုအခါက မြန်မာလူမျိုးတို့နှင့် ရင်းရင်းနှီးနှီး ဆက်ဆံ၍ မြန်မာ့ စိတ်ဓာတ်စရိုက် အတွေးအမြင် စသည်တို့ကို လေ့လာခဲ့သော ဗြိတိသျှအစိုးရအရာရှိများ ဖြစ်၏။ ဗုဒ္ဓဘာသာတရားကြောင့် မြန်မာတို့၏ ခင်မင်ဖော်ရွေမှု၊ သဒ္ဓါတရားရှိမှု၊ တိရစ္ဆာန်များကို သနားကြင်နာမှု၊ မိန်းမများ၏ လွတ်လပ်မှု၊ ဇာတ်ဝါဒမရှိမှု၊ ပစ္စည်းဥစ္စာမတွယ်တာဘဲ လောဘနည်းပါးမှု၊ ပျော်ပျော်ရွှင်ရွှင် နေတတ်မှု၊ အခက်အခဲရှိသူများကို ကူညီတတ်မှု၊ ဘုန်းကြီးများ၏ အလိုနည်းမှု၊ ဘုန်းကြီးကျောင်းများကြောင့် အခြားနိုင်ငံများထက် စာရေးစာဖတ်တတ်သူ ပိုမိုများပြားပုံစသော မြန်မာ့လူနေမှုစနစ်နှင့် စရိုက်များကို ချီးကျူးဖော်ပြထား၏။

ထိုစာရေးသူများတွင် အထူးထင်ရှားသော ပုဂ္ဂိုလ်မှာ ဖီလဒင်းဟော ဆိုသူ ဗြိတိသျှအရာရှိတစ်ဦး ဖြစ်၏။ ၁၈၉၈ ခုနှစ်က ထွက်ပေါ်လာသော သူ၏ "ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအကြောင်း" စာအုပ်မှာ အလွန်လူကြိုက်များ၍ ယနေ့တိုင် မကြာခဏ ပြန်လည် ပုံနှိပ်ထုတ်ဝေနေရဆဲ ဖြစ်၏။ ထိုစာအုပ်ကို အနောက်နိုင်ငံသား အတော်များများ ဖတ်ရှုဆွေးနွေးကြ၍ အသိဉာဏ် ရင့်ကျက်လာကြကြောင်း၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဥရောပနှင့် အမေရိကန် လူမျိုးတို့ထက် ကိုယ်ကျင့်တရား ပိုမိုမြင့်မားမှုကို အသိအမှတ်ပြုကြကြောင်း အင်္ဂလိပ်စွယ်စုံကျမ်းတစ်ခု၌ ဖော်ပြထား၏။

ထိုသို့ အနောက်နိုင်ငံ တစ်ဆယ့်ကိုးရာစုခေတ် စာရေးဆရာများသည် ဗုဒ္ဓဝါဒီမြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုမြင့်မားပုံကို မီးမောင်းထိုးပြသည့်နည်းတူ ဗုဒ္ဓဘာသာဝင် အိန္ဒိယဘုရင်အာသောကဏ်၏ ကြည်ညိုဖွယ်ရာကောင်းပုံကို ကမ္ဘာ့ သမိုင်းဆရာတို့က ဖော်ပြခဲ့ကြ၏။ ထိုသမိုင်းဆရာတို့၏ ရေးသားချက်အချို့မှာ ရိုးရာဗုဒ္ဓစာပေများမှ ဖတ်ရှုသိရှိရချက်များနှင့် မတူချေ။ အာသောကမင်း၏ နိုင်ငံတော်သည် ယခုခေတ် အိန္ဒိယနိုင်ငံလောက်ပင် ကျယ်ဝန်း၏။ ပြည်တွင်း စစ်ပွဲများ၌ လူအမြောက်အမြား သေကြေပျက်စီးကြပုံကို မကြာခဏ တွေ့မြင်ရသောအခါ ဘုရင်သည် သတိသံဝေဂရ၍ စစ်တိုက်ခြင်းကို ထာဝရစွန့်လွှတ်လိုက်၏။ ဗြဟ္မဏဘာသာမှ ဗုဒ္ဓဘာသာသို့ကူးပြောင်း၍ တစ်ခါတစ်ရံ ရဟန်းဝတ်ပြီး တိုင်းပြည်ကိုအုပ်ချုပ်၏။ နိုင်ငံအတွင်း၌ ကျောက်စာတိုင်များ အနှံ့အပြား စိုက်ထူပြီး လူတို့အား ဘာသာတရား အယူဝါဒနှင့်ပတ်သက်၍ သဘောထား

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားမှု ပြသကြရန်၊ တိရစ္ဆာန်များကို သနားကြင်နာကြရန်၊ သူတော်ကောင်းတရားမွေးမြူ၍ နိုင်ငံငြိမ်းချမ်းရေးကို ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့၏။ ကိုယ်ကျင့်တရား ပြုပြင်ရေးကို ရှေးရှု၍ သာသနာပြု ရဟန်းတော်များကို နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်၏။

ယခုအခါ ကမ္ဘာပေါ်၌ ရှေးမြန်မာတို့နှင့် ယဉ်ကျေးမှုတူသော လူမျိုးနှင့် အာသောကဘုရင်ကဲ့သို့သော ဘုရင်မျိုး ရှိနိုင်ပါမည်လောဟု သံသယဖြစ်ဖွယ်ရှိ၏။ အမှန်မှာ ထိုအခါက ကျွန်ုပ်တို့ ဘိုးဘွားများအကြောင်း ချီးကျူးရေးသားခဲ့သော အချို့စာရေးဆရာများသည် မြန်မာနိုင်ငံသို့ရောက်ရှိနေသော နိုင်ငံခြားသားတို့၏ လူနေမှုစနစ်ကြောင့် မြန်မာ့ယဉ်ကျေးမှု ထိခိုက်ပျက်စီးမည့်အရေးကို ကြိုတင်သိမြင် ရေးသားခဲ့ကြ၏။ လူ့သမိုင်းကို ပြုပြင်မည့် အာသောကဘုရင်ကဲ့သို့သော ဘုန်းတန်ခိုးရှင်များ အဆက်မပြတ် ပေါ်ထွက်လာလိမ့်မည်ဟူ၍လည်း ကျွန်ုပ်တို့ မမျှော်လင့်နိုင်ချေ။ သို့ဖြစ်၍ ရှေး ရောမနိုင်ငံ သမိုင်းကျမ်းပြုစာရေးဆရာကြီးဂစ်ဗွန်က "လူ့သမိုင်းမည်သည် လူတို့၏ရက်စက်မှု၊ ရာဇဝတ်မှုနှင့် မိုက်မဲမှုများကိုဖော်ပြသော မှတ်တမ်းမျှသာဖြစ်သည်"ဟု ရေးသားခဲ့ပေသည်။

မည်သို့ဖြစ်စေ ဗုဒ္ဓဘာသာ၌ စိတ်ဝင်စားသော ယနေ့ အနောက်နိုင်ငံ ပညာရှင်တို့သည် အများအားဖြင့် မြတ်ဗုဒ္ဓ၏ ကြည်ညိုဖွယ်ကောင်းပုံနှင့် ဗုဒ္ဓတရား၏ လေးနက်မှန်ကန်ပုံကို ရေးသားကြ၏။ ရေးသားချက်အချို့ကို ဖော်ပြပါအံ့။

၁။ "ကျွန်ုပ်သည် ကမ္ဘာ့ဘာသာဝါဒကြီး အားလုံးကို လေ့လာခဲ့ရာ ယင်းတို့တွင် ဗုဒ္ဓ၏မဂ္ဂင်ရှစ်ပါးနှင့် သစ္စာလေးပါးထက် ပိုမိုလေးနက်သော တရားများကို မတွေ့ခဲ့ရချေ။ သို့ဖြစ်၍ မြတ်ဗုဒ္ဓ၏လမ်းစဉ်နှင့်အညီ ကျင့်ကြံနေထိုင်သွားရန် ကျွန်ုပ် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။"

(ဤသည်မှာ ဗြိတိသျှတက္ကသိုလ်များ၌ ဗုဒ္ဓဝါဒနှင့် အခြားအိန္ဒိယ ဘာသာဝါဒများဆိုင်ရာ သုတေသနမှူး ပါမောက္ခဒေါက်တာရိုင်းစ်ဒေးဗစ်၏ မှတ်ချက်ဖြစ်၏။ မူလပထမက ခရစ်ယာန် သာသနာ့ဝန်ထမ်းတစ်ဦး၏ သားဖြစ်၍ သီဟိုဠ်ကျွန်း၌ အစိုးရအမှုထမ်းနေစဉ် ဗုဒ္ဓစာပေကို စိတ်ဝင်စားရာမှ ဆက်လက်လေ့လာပြီး ဗုဒ္ဓကျမ်းစာများကို လန်ဒန် ပါဠိစာပေအသင်းအတွက် အတော်များများ ပြန်ဆိုခဲ့သည်။)

၂။ "ဗုဒ္ဓဟောသော အခြေခံတရားများသည် ဟိန္ဒူဘာသာ၏ အဓိက တရားများဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။ မိမိ၏ ကိုယ်ကျိုးစွန့်လွှတ်မှုနှင့် ဘဝ

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းစင်ကြယ်မှုဖြင့် ဟိန္ဒူဘာသာအား ဗုဒ္ဓက များစွာကျေးဇူးပြုခဲ့ခြင်းကို ဟိန္ဒူဘာသာဝင်များက ဘယ်အခါမျှ မမေ့သင့်ချေ။"

**(အိန္ဒိယနိုင်ငံရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ)**

၃။ "အသိဉာဏ်ပညာ၊ သို့မဟုတ် ကိုယ့်ကျင့်တရားနယ်၌ သခင်ခရစ်တော်သည် သမိုင်းဝင် အချို့ပုဂ္ဂိုလ်များထက် သာသည်ဟု ကျွန်ုပ် မထင်ပါ။ ဤနေရာ၌ ဗုဒ္ဓကို ရှေ့တန်းတင်သင့်သည်ဟု ကျွန်ုပ် ထင်ပါသည်။"

**(ဗြိတိသျှဒဿနပညာရှင် ဘာထရန်ရပ်ဆယ်)**

၄။ "ဗုဒ္ဓသည် မိမိဟောသည့်အတိုင်း ကျင့်ကြံနေထိုင်သူဖြစ်၏။ သူ၏ဆုံးမချက်များသည် သူ၏အပြုအမူ၌ ထင်ရှား၏။ သူ၏ စိတ်လှုပ်ရှားမှုကို ဘယ်အခါမျှ မတွေ့ရချေ။ သူ၏ကိုယ်ကျင့်နီတိသည် ကမ္ဘာပေါ်၌ အမြင့်မားဆုံး နီတိဖြစ်၏။"

**(ဂျာမန်စာပေပညာရှင် ပါမောက္ခမက်စ်မူလာ)**

၅။ "ဗုဒ္ဓဘာသာသည် လူသားတို့၏ လိမ္မာယဉ်ကျေးမှု တိုးတက်ရေးအတွက် လူ့သမိုင်း၌ အခြား လှုပ်ရှားဖြစ်ပျက်မှုများထက် ပိုမိုအရေးပါခဲ့ပေသည်။"

**(နာမည်ကျော် ဗြိတိသျှစာရေးဆရာ အိပ်ချ်ဝဲလ်)**

၆။ "လူသတ္တဝါသည် သဘာဝအင်အားစု၏ ဖိနှိပ်မှုကိုခံရသော်လည်း ၎င်းတို့ကို သိမြင်နားလည်သောကြောင့် ပိုမို၍ အင်အားကြီးမား၏။ ဗုဒ္ဓဘာသာတရားမှ ကျွန်ုပ်တို့ သိရှိရသောအချက်မှာ လူသားသည် မိမိ၏အသိပညာဖြင့် မိမိ၏ ဘဝအခြေအနေကို ထိန်းကွပ်နိုင်ခြင်းဖြစ်၏။ သို့ဖြင့် လူသည် သဘာဝမှ အင်အားစု၏ ဖိနှိပ်မှုကိုမခံဘဲ ၎င်းတို့၏အကြောင်းကို သိရှိနားလည်သော အတတ်ပညာဖြင့် မိမိ၏ဘဝကို မြှင့်တင်နိုင်မည်ဖြစ်၏။"

**(Blaise Pascal နာမည်ကျော်ပြင်သစ်သင်္ချာပညာရှင်)**

၇။ "အနာဂတ်ဘာသာတရားသည် စကြဝဠာဘာသာတရား ဖြစ်ပေလိမ့်မည်။ ၎င်းသည် ထာဝရဘုရားနှင့် မျက်စိမှိတ်လက်ခံရမည့် အဆိုအမိန့်များကိုကျော်လွန်၍ သဘာဝနှင့် လောကုတ္တရာတရားများ ပေါင်းစည်းမှုအပေါ်၌ တည်သောတရား ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓဘာသာသည် ထိုအင်္ဂါများနှင့် ကိုက်ညီသောတရား ဖြစ်၏။"

**(Albert Einstein ကမ္ဘာကျော်သိပ္ပံပညာရှင်)**

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်များမှာ ဗုဒ္ဓဘာသာတရားကို လေ့လာ၍ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကို ချီးကျူးရေးသားခဲ့ကြသော အနောက်နိုင်ငံ အသိပညာရှင်အချို့၏ စာအုပ်များမှ ကောက်နုတ်ချက်များ ဖြစ်၏။ သူတို့နည်းတူ အခြား ကမ္ဘာ့ပညာရှင်အားလုံးက ထောက်ခံလိမ့်မည်ဟူ၍ကား ကျွန်ုပ်တို့ မထင်မှတ်သင့်ချေ။ တက္ကသိုလ်တွင် ပညာထူးချွန်ခဲ့သော အချို့ပုဂ္ဂိုလ်များသည်ပင် ဗုဒ္ဓစာပေ၌ စိတ်မဝင်စားဘဲ သာမန်လူများကဲ့သို့ပင် ဘာသာရေး အသိအမြင် ညံ့ဖျင်းနေကြကြောင်း ထင်ရှား၏။ သို့ရာတွင် အမှန်စင်စစ် မြတ်ဗုဒ္ဓ၏ အလိုတော်အားဖြင့်မူ မိမိ၏ တပည့်များအဖို့ ခေတ်ပညာတတ်မြောက်မှု၊ သို့မဟုတ် မိမိ၏ ဟောကြားချက်များကို အလွတ်ကျက်မှတ်မှုသည် ပဓာန လိုအပ်ချက်မဟုတ်ဘဲ မိမိ၏တရားကို သိမြင်နားလည်၍ ကျင့်ကြံအားထုတ်မှုသည်သာ ပဓာနဖြစ်၏။

ဗုဒ္ဓဓမ္မကို သိမြင်နားလည်ရန်အတွက် လိုအပ်သော ဗုဒ္ဓဒေသနာများကို ဤစာအုပ်ပထမပိုင်း၌ မြန်မာပြန်ပိဋကတ်မှ ကူးယူတင်ပြခဲ့ပေပြီ။ ထိုဒေသနာများကို အကျဉ်းရုံး၍ သိမှတ်ဖွယ်ရာများကို စာအုပ်နိဂုံးအဖြစ် ယခုဖော်ပြပါအံ့။

**သစ္စာလေးပါး**။ ။သတ္တလောကသည် သတ္တဝါတို့၏ ဒုက္ခဘုံကြီး ဖြစ်၏။ ကမ္ဘာဦးမှစ၍ သတ္တဝါများသည် နိုင်ရာစားစနစ်ဖြင့် ရှင်သန်ပြောင်းလဲခဲ့ကြ၍ ယနေ့လူသားသည် အို၊ နာ၊ သေဘေးနှင့် အခြားဒုက္ခမျိုးစုံကို ရှေးလူများထက် ပိုမိုခံစားနေကြရ၏။ မိမိကို ဖိစီးနှိပ်စက်သော လောဘ၊ ဒေါသ၊ မောဟ၏ ဒဏ်ရာဒဏ်ချက်များကို ခံစားနေရသည့် အခြားလူများ အတွင်းသဏ္ဍာန်ရှိ အလားတူ ကိလေသာတရားများ၏ သားကောင်များလည်း ဖြစ်နေကြ၏။ ယနေ့ လူတို့ရင်ဆိုင်နေကြရသော ဘေးအန္တရာယ်များမှာ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ကမ္ဘာ့လူဦးရေ ကြောက်ဖွယ်လိလိ တိုးပွားနေမှု၊ ခုခံအားကျဆင်းမှုရောဂါပြန့်ပွားနေမှု၊ ကမ္ဘာ့နိုင်ငံကြီးများအချင်းချင်း မယုံသင်္ကာရှိမှု စသည်ဖြင့် စုံလင်များပြားလှပေ၏။

လူတို့၏ ဆင်းရဲဒုက္ခများကို ဖန်တီးပေးသော လောဘ၊ ဒေါသနှင့် မောဟတရားများသည် ဆင်းရဲသော နိုင်ငံများမှာထက် ချမ်းသာသောနိုင်ငံများ၌ ပိုမို ထကြွသောင်းကျန်းလျက်ရှိ၏။ အမေရိကန်နိုင်ငံရှိ အချို့သော သူနာပြုဂေဟာများသည် နိုင်ငံအစိုးရ ထောက်ပံ့ငွေများကို အလွဲသုံးစားပြု၍ လူနာသက်ကြီးရွယ်အိုများကို ကြင်ကြင်နာနာမပြုစုဘဲ ပစ်ထားကြ၏။ ဂျပန်နိုင်ငံ ဆယ်ကျော်သက်ရွယ် ကျောင်းသားလောက၌ ခေါင်းဖြတ်သတ်မှုကဲ့သို့သော ရာဇဝတ်မှုများ ဖြစ်ပွားခြင်းမှာ မဆန်းလှချေ။ အချို့သော အာရှနိုင်ငံများ၌

www.burmeseclassic.com

www.burmeseclassic.com



ကလေးပြည့်တန်ဆာလုပ်ငန်း ထွန်းကားနေခြင်းမှာ ကာမဂုဏ် အသစ်အဆန်း ခံစားလိုသော ကမ္ဘာလှည့် အနောက်နိုင်ငံသားတို့၏ တောင်းဆိုချက်ကြောင့် ဖြစ်သည်ဆို၏။

ထို့ကြောင့် ဘဝသံသရာနောက်မှ အမြဲကပ်၍ပါလာသော ဒုက္ခတရားကို သိမြင်နားလည်၍ သေခါနီးတွင် ဘဝသစ်တစ်ဖန် ဖြစ်လိုသောဆန္ဒ လုံးဝမရှိပါက ဆင်းရဲဒုက္ခမှ လုံးဝလွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟု မှတ်ယူရပေမည်။ ထိုသို့ လွတ်မြောက်သွားသော လူပုဂ္ဂိုလ်တို့ကို အမည်နှင့်တကွ ဗုဒ္ဓဒေသနာတစ်ခု၌ ဖော်ပြထား၏။ (၂၈)

နိဗ္ဗာန်ကိုမရရှိမီ ဗုဒ္ဓဝါဒီသည် ဆင်းရဲဒုက္ခမှလွတ်မြောက်ရန် အရိယ လမ်းစဉ် (ဝါ) မဂ္ဂင်ရှစ်ပါးကိုကျင့်သုံးရန် လိုအပ်၏။ မဂ္ဂင်ရှစ်ပါးသည် ဆင်းရဲ ဒုက္ခကိုဖန်တီးသော လောဘ၊ ဒေါသနှင့် မောဟတရားများ နည်းပါးမှုကို အထောက်အကူပြုသော တရားများ ဖြစ်၏။ သတိသမာဓိ ကင်းလွတ်နေသော သူသည် မြတ်ဗုဒ္ဓ၏ အလယ်လမ်းစဉ်နှင့် ဝိဘဇ္ဇဝါဒကိုကျင့်သုံးရန် မလွယ်ကူချေ။ သမ္မာဒိဋ္ဌိနှင့် ကင်းကွာနေသောသူသည်လည်း တမလွန်လောကမှ ဘုန်းတန်ခိုးရှင် များကိုသာ အားကိုးနေပါက ဆင်းရဲဒုက္ခ အမြဲကြုံတွေ့နေရမည်သာဖြစ်၏။ သမ္မာဝါစာ၊ သမ္မာအာဇီဝနှင့် သမ္မာကမ္မန္တတို့မှာ အကျင့်သီလ၌ အကျုံးဝင်၍ ယင်းတို့နှင့်ဆိုင်ရာ ကံ၊ ကံ၏အကျိုးပေးမှုကို မှန်ကန်စွာ နားလည်ထားရန် အရေးကြီး၏။ ဗုဒ္ဓဒေသနာများနှင့်အညီ မှတ်သားထားရန်မှာ မျက်မှောက်ဘဝ၌ လူတို့ခံစားရသော သုခဒုက္ခအားလုံးသည် အတိတ်ဘဝကံ၏ အကျိုးပေးမှု မဟုတ်ချေ။ ဘဝသံသရာ၌ အတိတ်ဘဝမှပြုခဲ့သော ကောင်းမှု၊ မကောင်းမှု ကံအကျိုးပေးရန်မှာ ၎င်းတို့နှင့်ဆီလျော်သော အကြောင်းတရားအပေါ်၌ တစ်စိတ် တစ်ဒေသတည်ကြောင်း သတိပြုရပေမည်။ အချုပ်အားဖြင့်ကား အဋ္ဌကထာ ဆရာတို့က ကံအကျိုးပေးမှုကို တမလွန်ဘဝနှင့် အခိုင်အမာ ဆက်စပ်ထားသော် လည်း ဗုဒ္ဓဒေသနာများ၌မူ သီလစောင့်ထိန်းရာ၌ တမလွန်ဘဝကို မစွဲလမ်းဘဲ သီလ၊ သမာဓိနှင့်ပညာဟူသော သိက္ခာသုံးပါးကို အဓိကထားရန် ဖော်ပြထား၏။ ပညာသည် မဂ္ဂင်ရှစ်ပါး၌ အချုပ်အခြာ ပဓာနတရားဖြစ်၍ ၎င်း၏ဦးဆောင်မှု မရှိဘဲ သမ္မာဒိဋ္ဌိ၊ သမ္မာဝါစာစသည်တို့ မဖြစ်နိုင်ချေ။

ဗုဒ္ဓ၏ အရိယလမ်းစဉ်၌ အကျုံးဝင်သော ပညာသည် မျိုးဗီဇနှင့် ပတ် ဝန်းကျင်ကောင်း ပေါင်းဆုံရာမှ ပေါ်ထွန်းလာသော နလုံးရည်ဖြစ်၏။ ပတ်ဝန်း ကျင်ကောင်းဟူသည် ဆရာမိဘတို့၏ ဆုံးမသွန်သင်မှု၊ အသိဉာဏ် ရင့်ကျက်

www.burmeseclassic.com

www.burmeseclassic.com



စေမည့် စာအုပ်စာပေများကို ဖတ်ရှုလေ့လာမှုနှင့် ပညာရှိသူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံမှု စသည်တို့ဖြစ်ကြောင်း အထူးရေးသားရန် မလိုချေ။ ယခုခေတ် လူတို့သည် စိတ်နှလုံးယဉ်ကျေးမှုဖြင့် ထင်ရှားသော အသိအလိမ္မာပညာထက် လောကကြီးပွားချမ်းသာရေး ပန်းတိုင်သို့ ပို့ဆောင်ပေးသော အဆင့်မြင့် သိပ္ပံနည်းပညာများကို ပိုမို၍ တန်ဖိုးထားကြ၏။ သို့ဖြစ်၍ ယခုအခါ ကမ္ဘာ့နိုင်ငံအတော်များများ၌ လူနေမှုအဆင့်အတန်း မြင့်မားလာ၍ ကိုယ်ကျင့်တရားနယ်၌ သိသိသာသာ ဆုတ်ယုတ်ပျက်ပြားနေကြောင်း သတင်းစာနှင့် ရေဒီယိုများမှ ကြားသိရ၏။

ယနေ့မြန်မာတို့၏ အသိဉာဏ်ဦးဆောင်သော လိမ္မာယဉ်ကျေးမှုသည် အချို့သော နိုင်ငံများမှာထက် အဆင့်အတန်း မနိမ့်ကျသော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က မြန်မာတို့ကို မမီကြောင်း ရိုးသားစွာ ဝန်ခံရမည်ဖြစ်၏။ ထို ရှေးမြန်မာတို့ ယဉ်ကျေးသိမ်မွေ့မှုကြောင့် နိုင်ငံခြားသားတို့၏ ချီးမွမ်းခြင်း ခံခဲ့ရပုံကို အထက်က ဖော်ပြခဲ့ပေပြီ။ သို့ဖြစ်၍ မြန်မာ့ဗုဒ္ဓဝါဒီတို့သည် အသိအလိမ္မာ ပညာဖြင့် မိမိနိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကိုမြှင့်တင်ရန် ကြိုးစားသင့်ကြပေပြီ။

အသိပညာဖြင့် ထေရဗုဒ္ဓဝါဒကို စူးစမ်းလေ့လာလိုသော ပုဂ္ဂိုလ်များအဖို့ သိမှတ်ဖွယ်များကို အကျဉ်းချုပ်၍ ထပ်မံဖော်ပြပါအံ့။

၁။ ထေရဗုဒ္ဓဝါဒီအဖို့ အဓိက လိုအပ်ချက်မှာ မိမိ၏ ဘာသာရေးယုံကြည်မှု အားလုံးမှန်ကန်ရန် ဖြစ်၏။ မြန်မာတို့၏ ဘာသာရေးလောကတွင် မိရိုးဖလာ မိစ္ဆာအယူများ (ဥပမာ–နတ်ကိုးကွယ်မှု) နှင့် ဗုဒ္ဓဝါဒ ထွေးရောယှက်တင် ဖြစ်နေခြင်းကို မည်သူမျှ မငြင်းဆိုနိုင်ချေ။ လူအများ၏ ယုံကြည်ချက်ကို အမှားအမှန် ဆင်ခြင်သုံးသပ်ရာ၌ သတိပြုသင့်သော ဗုဒ္ဓဒေသနာ လေးငါးခုမျှရှိ၏။ ထံ၊ ထံ၏အကျိုးနှင့် အခြားလွဲမှားနေသော မိရိုးဖလာအယူများနှင့် ပတ်သက်၍မူ များစွာ ဦးနှောက်ခြောက်ခံနေရန်မလိုဘဲ မြန်မာပြန် ပိဋကတ်စာပေမှ ဆိုင်ရာဗုဒ္ဓဒေသနာများ၌ အဖြေမှန်ကို အလွယ်တကူ တွေ့ရှိနိုင်မည် ဖြစ်၏။

၂။ ဗုဒ္ဓဝါဒကို ပီပီပြင်ပြင် သိမြင်နားလည်လိုသောပုဂ္ဂိုလ်သည် မြတ်ဗုဒ္ဓ၏ "ငါဘုရားကို မြင်သောသူသည် ငါ၏တရားကို မြင်သည်။ ငါ၏တရားကို မြင်သောသူသည် ငါ့ကိုမြင်သည်" ဆိုသော ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



မိန့်ကြားချက်ကို ဘယ်အခါမျှ မမေ့သင့်ချေ။ ဗုဒ္ဓ၏သနားကြင်နာမှု၊ သည်းခံခွင့်လွှတ်မှုစသော ဂုဏ်တော်အမျိုးမျိုးသည် ပိဋကတ်စာပေ၌ ထင်ရှား၏။ ထိုစာပေကို ဖတ်ရှုသော အနောက်နိုင်ငံသားအတော်များများသည် ဗုဒ္ဓကို များစွာ ကြည်ညိုလေးစားကြ၏။ ထိုပုဂ္ဂိုလ်များတွင် အချို့မှာ ဗုဒ္ဓ၏တရားကို မနှစ်သက်ဘဲ ဗုဒ္ဓကို ကမ္ဘာ့သမိုင်းဝင် သူတော်စင်အဖြစ် အသိအမှတ်ပြုထားကြ၏။ ဥပမာ–ခရစ်ယာန်ဘာသာဝင် အသိပညာရှင်တစ်ဦးသည် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ခါနီး၌ မိန့်ကြားချက်နှင့် အပြုအမူများကို လေ့လာမှတ်သားပြီးနောက် သူ၏စာအုပ်၌ မဟာပရိနိဗ္ဗာနသုတ်မှာ ကမ္ဘာ့စာပေ၌ အခံ့ညားဆုံး၊ စိတ်အားတက်ကြွဖွယ် အကောင်းဆုံးစာပေတစ်ခု ဖြစ်ပါပေသည်ဟု ဖော်ပြခဲ့၏။

ဤသို့ အနောက်နိုင်ငံသားအချို့ ဗုဒ္ဓအား ကြည်ညိုမှုမျိုးကို မြန်မာဗုဒ္ဓဘာသာဝင် အတော်များများတွင် တွေ့ရပါမည်လောဟု သံသယဖြစ်ဖွယ်ရှိ၏။ စင်စစ် မြန်မာနိုင်ငံ၌ ဗုဒ္ဓကိုကြည်ညိုမှုသည် ရှေးပဝေသဏီမှစ၍ စေတီပုထိုး၊ ရုပ်ဆင်းတုများနှင့် ဆက်စပ်နေ၍ ပိဋကတ်စာပေ၌ အခြေခံသော ကြည်ညိုမှုမျိုးမဟုတ်ချေ။ ဘုရား၊ တရား ကြည်ညိုသောသူတို့အား ဗုဒ္ဓဂုဏ်တော်များနှင့်စပ်လျဉ်း၍ မေးမြန်းပါက အင်္ဂုလိမာလကဘီလူးအား တန်ခိုးပြာဋိဟာပြ၍ ဗုဒ္ဓဆုံးမတော်မူပုံကို ပြောပြသူများ၍ ဝမ်းရောဂါဖြစ်နေသော သူနာရဟန်းတစ်ပါးအား ဗုဒ္ဓက ကိုယ်တော်တိုင် မရွံမရှာ ဆေးကြောသုတ်သင်ပြီး ပြုစုတော်မူပုံကို ကြားဖူးသောသူများ အလွန်နည်းကြောင်း အံ့သြဖွယ်ရာ ကျွန်ုပ်တို့ တွေ့ရှိကြမည် အမှန်ဖြစ်၏။

ဗုဒ္ဓ၏ ဘဝဖြစ်စဉ်နှင့် ဒေသနာများကို လေ့လာရာ၌ အမှန်တရားကို သိမြင်နားလည်ရန် ထောက်ကူသောအရာမှာ အသိဉာဏ်ဖြစ်၍ စဉ်းစားဆင်ခြင်သော စိန္တာမယဉာဏ်၊ သင်ယူမှတ်သားသော သုတမယဉာဏ်နှင့် စိတ်ဓာတ်တည်ငြိမ်ရင့်ကျက်မှုနှင့် ရရှိအပ်သော ဘာဝနာမယဉာဏ်ဟူ၍ အသိဉာဏ်သုံးမျိုးရှိ၏။ စဉ်းစားဉာဏ် ထုံထိုင်းသောသူသည် ရဟန်းတို့၊ သင်တို့သည် ဤအယူသည်သာ မှန်သည်။ အခြားအယူအားလုံးသည် အချည်းနှီးသာတည်းဟု မထင်မှတ်သင့်ဟူသော ဗုဒ္ဓမိန့်ကြားချက်ကို နားလည်မည် မဟုတ်ချေ။ ဗုဒ္ဓဓမ္မကို ကျယ်ကျယ်ပြန့်ပြန့် နားလည်ရန်အတွက် အထူးအရေးပါသော အသိဉာဏ်မှာ ကြားနာမှတ်သား၍ ဗဟုသုတရှာမှီးရာမှ ရရှိသော သုတမယဉာဏ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အချို့သော အနောက်နိုင်ငံသားများ မိမိတို့၏ မိရိုးဖလာဘာသာကိုစွန့်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြခြင်းသည် ဗုဒ္ဓစာပေနှင့် နီးစပ်သောကြောင့် မဟုတ်ဘဲ မိမိတို့အား ပညာမျက်စိဖွင့်ပေးသော သိပ္ပံစာပေက ဘာသာရေး အမြင်သစ် ဖန်တီးပေးလိုက်သောကြောင့် ဖြစ်၏။

အနောက်နိုင်ငံများ၌ အချို့စာရေးဆရာများက သိပ္ပံပညာ၊ ဒဿနိက ပညာနှင့် အခြားအသိပညာရှင်များ၏ ဘာသာရေးခံယူချက်များကို လေ့လာ စုံစမ်းရာ အချို့က တမလွန်ဘဝကို မယုံကြည်ကြောင်း၊ အခြားလူများကမူ တမလွန်ဘဝရှိသည် မှန်သော်လည်း ထိုဘဝမျိုးကို မလိုချင်ကြောင်း ပြောကြ ၏။ ယခုအခါ လူဝင်စားမှု သုတေသီဆရာတို့၏ သိပ္ပံနည်းကျ စူးစမ်းလေ့လာ တွေ့ရှိရချက်များကြောင့် တမလွန်ဘဝ ရှိသည်ဟု ယူဆရန် ခိုင်မာသော အထောက်အထားများ ရှိပါလျက် စိတ်ဝင်စားသော အနောက်နိုင်ငံသားများ နည်းပါးခြင်းမှာ လူ့ဘဝကို အဆိုးမြင်နေသောကြောင့်ဖြစ်၏။ ယနေ့ ကမ္ဘာ့ အခြေအနေကို စေ့စေ့စပ်စပ် လေ့လာသုံးသပ်သောသူ၏ အမြင်အားဖြင့် လူ သတ္တဝါတို့ လက်ငင်းကြုံတွေ့နေရသော ဆင်းရဲဒုက္ခသည် ဘယ်အခါမျှ လျော့ ပါးသွားမည့် လက္ခဏာ မရှိချေ။ စင်စစ် လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော် လောက်ကပင် နာမည်ကျော် ဂျာမန်ဒဿနပညာရှင်ကြီး ရှိုပင်ဟွာသည် ဗုဒ္ဓစာပေ ကို မကိုးကားဘဲ အခြား များစွာသော အထောက်အထားများဖြင့် ဒုက္ခပင်လယ်ထဲ ၌လူ့ဘုံ နစ်မြောနေပုံကို အကျယ်ရေးသား ဖော်ပြခဲ့ပေသည်။

လူသတ္တဝါအား ဒုက္ခဘုံမှ ထာဝရလွတ်မြောက်ရန် ဗုဒ္ဓညွှန်ပြသော နည်းကို ရှိုပင်ဟွာက အချို့လူများကဲ့သို့ နိတ္ထိက(ဝါ) ဥစ္ဆေဒဝါဒလိုလို ပြစ်တင် ဝေဖန်ခြင်း မပြုချေ။ မည်သို့ဖြစ်စေ မူလပထမ သတ္တလောကထဲသို့ ရောက်ရှိ ချိန်မှစ၍ ဒုက္ခဘုံကြီးကို လူသတ္တဝါတို့ ဖက်တွယ်ထားလိုကြခြင်းသည် ကမ္ဘာ့ သမိုင်း၌ မြတ်ဗုဒ္ဓ ရှေးဦးပထမဟောကြား၍ နောက်ကာလ၌ ရှိုပင်ဟွာ အကျယ် ဖွင့်ဆို ရေးသားခဲ့သော ဘဝတဏှာနှင့် အဝိဇ္ဇာဖုံးလွှမ်းနေမှုကြောင့်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

နိဗ္ဗာန်နှင့်စပ်လျဉ်း၍ ဗုဒ္ဓဝါဒီအများစု ကောင်းစွာ နားမလည်သော အရာမှာ နိဗ္ဗာန်ချမ်းသာဖြစ်၏။ အမတနိဗ္ဗာန်၊ နိဗ္ဗာန်ရွှေပြည်စသော စကား များသည် ပညာဉာဏ် နုနယ်သောသူတို့အဖို့ သင့်လျော်သော စကားများ မဟုတ်ချေ။ နိဗ္ဗာန်ချမ်းသာဟူသည် ရာဂဒေါသနှင့် မောဟကင်းငြိမ်းရာ နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့ မျက်မှောက်ပြုပြီးနောက် ရရှိသောစိတ်ငြိမ်းချမ်းမှု ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ဗုဒ္ဓဝါဒသည် ဘဝသံသရာကို အသိအမှတ်ပြုသော်လည်း အတိတ်နှင့် အနာဂတ်ကို မစွဲလမ်းဘဲ ပစ္စုပ္ပန်အကျိုးကို ဦးစားပေးရန် ထပ်တလဲလဲ ဟောကြားထားသော ဗုဒ္ဓဒေသနာများကို ကျွန်ုပ်တို့ မမေ့သင့်ချေ။

မြတ်ဗုဒ္ဓ၏ စိတ်ငြိမ်းချမ်းမှုနှင့် စိတ်နှလုံး ယဉ်ကျေးသိမ်မွေ့မှုသည် လေးဆယ့်ငါးနှစ်ပတ်လုံး မြတ်ဗုဒ္ဓ မျက်မှောက်ပြုသွားသော နိဗ္ဗာန်ချမ်းသာ၏ အဓိက အမှတ်လက္ခဏာများဖြစ်ကြောင်း ထင်ရှား၏။ တစ်နည်းဆိုသော် ထိုအခါက မြတ်ဗုဒ္ဓသည် ငါဘုရားကို မြင်သောသူသည် ငါ၏တရားကို မြင်သည်ဟူသော မိန့်ကြားချက်နှင့်အညီ မိမိ၏တပည့်များအား နိဗ္ဗာန်ချမ်းသာကို ပြသခဲ့သော စံပြပုဂ္ဂိုလ်ဖြစ်၏။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက်၌မူ နိဗ္ဗာန်ချမ်းသာအတွက် စံပြပုဂ္ဂိုလ်မှာ ရဟန္တာဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိချေ။

သို့ရာတွင် မြန်မာနိုင်ငံ၌ ရဟန်းတစ်ပါးသည် တန်ခိုးပြနိုင်သည်ဆိုပါက လူအများ အုတ်အော်သောင်းတင်းဖြစ်၍ ထိုရဟန်းကို ရဟန္တာအဖြစ် ကိုးကွယ်ကြပေလိမ့်မည်။ တန်ခိုးပြာဋိဟာပြမှုကို မိမိစက်ဆုပ်ကြောင်း ဘုရားရှင်၏ မိန့်ကြားချက်ကို သူတို့မသိကြချေ။ စင်စစ် ယနေ့မြန်မာနိုင်ငံ၌ ရဟန္တာအစစ်အမှန်များ ရှိကောင်းရှိမည်ဖြစ်ရာ ထိုရဟန္တာများကို စိတ်ရှည်လက်ရှည် စေ့စေ့စပ်စပ် လေ့လာပါက နိဗ္ဗာန်ချမ်းသာသို့ ဦးတည်သော အရိယာလမ်းစဉ်အကြောင်း အဖိုးတန်ပညာ ဗဟုသုတများကို ရရှိမည်အမှန် ဖြစ်၏။ ရှေ့ဆက်လက်ရေးသားရာ၌ မှီငြမ်းပြုသော ဗုဒ္ဓဒေသနာမှာ ရဟန္တာများနှင့် ပတ်သက်သော်လည်း မည်သည့် အရိယာပုဂ္ဂိုလ်ကိုမဆို လေ့လာရာ၌ များစွာအရေးပါသော ဝေဒနာဖြစ်၏။ (၂၇)

ရဟန္တာအကြောင်းကို မျက်မြင်ကိုယ်တွေ့ စူးစမ်းလေ့လာလိုသောသူသည် ပညာရှိ၍ ဆင်ခြင်စဉ်းစားဉာဏ် ထက်မြက်သောပုဂ္ဂိုလ်ဖြစ်ရန် အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင် ထင်ရှားရှိစဉ်ကပင် အချို့သောသူတို့သည် ရှုးသွပ်ခြင်း၊ မိမိကိုယ်ကို အထင်ကြီးခြင်း၊ ယုတ်ညံ့သော အလိုဆိုးရှိခြင်း စသည်တို့ကြောင့် အရဟတ္တဖိုလ်မရရှိဘဲ ရရှိသည်ဟု ပြောဆိုတတ်ကြ၏။ သို့ဖြစ်၍ ဉာဏ်ပညာ နည်းပါးသောသူသည် ထို လူလိမ်လူညာတို့၏ လှည့်စားခြင်းကို ခံရမည်အမှန်ဖြစ်၏။

ရဟန္တာဆိုသူကို စူးစမ်းလေ့လာသောပုဂ္ဂိုလ်သည် ဗုဒ္ဓ၏အလိုအားဖြင့် ပညာရှိဖြစ်ရမည့်အပြင် ထိုသူနှင့် မကြာခဏ ကြာရှည်စကားပြောခြင်း၊ အတူတကွ ကြာရှည်နေထိုင်ခြင်းဖြင့်သာလျှင် သူ၏ သီလ၊ သမာဓိ စသည်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်စွာ အကဲဖြတ်နိုင်၍ ထိုသူသည် ဘေးအန္တရာယ် များစွာတွေ့ကြုံဖူးမှသာ သူ၏ အသိပညာ ဉာဏ်အတိမ်အနက်ကို ခန့်မှန်းနိုင်မည် ဖြစ်၏။ ဤဗုဒ္ဓ မိန့်ကြားချက်မှာ အေးမြသော ဆောင်းရာသီ၌ အာဠဝီပြည် တောထဲတွင် တစ်ပါးတည်း ကျိန်းစက်တော်မူခြင်း၊ (၆) ဒေဝဒတ်၏ မကောင်းကြံစည်မှုကို ခံရခြင်း၊ မမာမကျန်းဖြစ်ပြီး သက်တော်ရှစ်ဆယ်အရွယ်၌ ကုသိနာရုံပြည်သို့ ခြေလျင်ကြွသွားတော်မူခြင်းစသော ဘဝမှတ်ကျောက်ဖြစ်စဉ်များ၌ ထင်ရှား၏။

အထက်ပါ ဗုဒ္ဓဒေသနာများနှင့်အညီ ဗုဒ္ဓဝါဒီသည် မိမိနှင့် ခင်မင်ရင်းနှီးသူများကို သတိပညာဖြင့် စူးစမ်းလေ့လာပါက လောဘ၊ ဒေါသ၊ မောဟ တရားများနည်းပါး၍ အရိယာဖြစ်ရန် အလားအလာရှိသော ပုဂ္ဂိုလ်များကို တွေ့ရပေလိမ့်မည်။ အရိယာလမ်းစဉ်၌ ထို ကိလေသာ အညစ်အကြေးများ ကင်းစင်၊ သို့မဟုတ် နည်းပါးမှုသည် ပဓာနပန်းတိုင်ဖြစ်၍ ထိုပန်းတိုင်သို့ ရောက်ရှိရန် နည်းအမျိုးမျိုးရှိ၏။ ပိဋကတ်စာပေ၌ ဗုဒ္ဓဟောကြားထားသော အကောင်းဆုံးနည်းမှာ သတိပဋ္ဌာန်နည်းဖြစ်၏။ ဤနည်းမှာ ကမ္မဋ္ဌာန်းရိပ်သာများ၌ မြန်မာဗုဒ္ဓဘာသာဝင် ယောဂီအတော်များများ သိကျွမ်းလေ့ကျင့်ဖူးသည် ဖြစ်သောကြောင့် ဤစာအုပ်၌ မဖော်ပြတော့ဘဲ ကိလေသာ အညစ်အကြေးများမှ ကာကွယ်ရန် သိမှတ်ဖွယ် အခြားနည်းနှစ်ခုကို ဖော်ပြပါအံ့။

ပထမနည်းမှာ မိမိနှင့် ဝါသနာချင်းတူသော အသိမိတ်ဆွေများနှင့် အတွေးအမြင် ပညာဗဟုသုတဖလှယ်ခြင်း၊ သို့မဟုတ် စိတ္တဗေဒ၊ ဒဿန၊ လူမှုဆက်ဆံရေးစသော စာအုပ်များကို ဖတ်ရှုလေ့လာခြင်းဖြင့် ကိလေသာ အညစ်အကြေးများကို အဝေးမှရှောင်ကွင်းရန် ဖြစ်၏။ ဒုတိယနည်းမှာ ကိုယ်လက်လှုပ်ရှားပြီး ပြုလုပ်ရသော (ဥပမာ–လမ်းလျှောက်ခြင်း၊ သစ်ပင်ပန်းပင်စိုက်ခြင်း) အလုပ်တစ်ခုခုကို နေ့စဉ်မှန်မှန် ပြုလုပ်ခြင်းဖြစ်၏။ ဤသို့ဖြင့် မိမိဝါသနာပါသော အလုပ်တစ်ခုခုကို ကာယအား၊ သို့မဟုတ် ဉာဏအားဖြင့် နေ့စဉ် စွဲစွဲမြဲမြဲ ပြုလုပ်သောသူသည် ကိလေသာ၏သားကောင် ဖြစ်လာရန် အကြောင်း မရှိချေ။

သို့ဖြစ်၍ ကိလေသာတဏှာ အားပေးလှုံ့ဆော်မှုအမျိုးမျိုး ဝိုင်းရံနေသော ယခုခေတ်၌ အတော်အတန် ကြံ့ကြံ့ခံနိုင်သောပုဂ္ဂိုလ်မှာ အများအားဖြင့် လုံ့လဝီရိယနှင့် ပညာရှိသောသူ ဖြစ်၏။ အပြန်အလှန်အားဖြင့် အသိပညာဉာဏ်နှင့် လုံ့လဝီရိယ နည်းပါးသောသူသည် အရိယာပုဂ္ဂိုလ်ဖြစ်ရန် မမျှော်လင့်နိုင်ချေ။ အခြား မှတ်သားဖွယ်ရာအချက်မှာ လာဘ်ပူဇော်သက္ကာ အကျော်အစောနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ ရဟန်းတို့အား ဗုဒ္ဓသဝ်ပေးချက် ဖြစ်၏။ (၃၄)

လယ်တီဆရာတော်၊ မင်းကွန်းဆရာတော်၊ အမရပူရ(အရှင်ဇနကာဘိဝံသ) ဆရာတော်စသော ပုဂ္ဂိုလ်သူမြတ်တို့သည် များစွာ ထင်ပေါ်ကျော်ကြား၍ လူအများ၏ ကြည်ညိုလေးစားမှုကို ခံကြရပါလျက် စိတ်တုန်လှုပ်မှု လုံးဝမရှိခြင်းသည် ပညာဖြင့်ပျော်မွေ့၍ လုံ့လဝီရိယ ကြီးမားသောကြောင့် ဖြစ်၏။ လယ်တီဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဒီပနီကျမ်းစာ အတော်များများ ပြုစုရေးသားခဲ့သည့်အပြင် စေတီရင်ပြင်ပေါ်နှင့် မြို့တွင်းလမ်းမပေါ်၌ တံမြက်စည်းလှည်းခြင်းစသော ဝေယျာဝစ္စများကို ပြုလေ့ရှိ၏။ ရေနည်းနေသော ရေချမ်းစင်၌ နီးရာရေတွင်းမှ ရေခပ်ထည့်ခြင်း၊ သံဃာတော်များ၏ ဝစ္စကုဋီတွင် သန့်သက်ရေများ ခပ်ထားခြင်းစသော သံဃာ့ဝေယျာဝစ္စများကိုလည်း နေ့စဉ်ဆောင်ရွက်လေ့ရှိ၏။

BURMESE CLASSIC

သို့ရာတွင် လုံ့လဝီရိယနှင့် ပညာရှာမှီးမှုသည် သူတော်စင်ပုဂ္ဂိုလ်များ၌သာ ပေါ်လွင်ထင်ရှားသော အရည်အချင်းနှစ်ခု မဟုတ်ချေ။ တစ်ခါတစ်ရံ သာမန်လူများ၌လည်း ၎င်းတို့ကို တွေ့ရတတ်၏။ အောက်ပါမှာ ထိုထူးခြားသော အာဇာနည်ပုဂ္ဂိုလ် တစ်ယောက်အကြောင်း ဖြစ်၏။ (တိုင်းမဂ္ဂဇင်း၊ ၁၉၉၇၊ နိုဝင်ဘာလ)

နစ်ကာတာသည် အင်္ဂလန်နိုင်ငံသားဖြစ်၍ ဒုတိယကမ္ဘာစစ်အတွင်းက အသက်(၁၂)နှစ်သားအရွယ်တွင် စစ်ထဲဝင်ရန် ကြိုးစား၏။ သို့ရာတွင် စစ်ကြီးပြီးဆုံးသွားသဖြင့် သားရဲတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ရန် အာဖရိကတိုက်သို့ ထွက်ခွာသွား၏။ ယခုအခါ သူသည် အာဖရိကတိုက်၌ ဆင်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ဦးစီးခေါင်းဆောင်အဖြစ် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားလျက်ရှိ၏။ ကာတာနှင့် သူ၏ အာဖရိကလူမျိုးစုံတပ်ဖွဲ့သည် လိုင်စင်မဲ့ ဆင်မုဆိုးများနှင့် ဆင်စွယ်၊ ဆင်ချိုနှင့် ဆင်သားရေ မှောင်ခိုရောင်းဝယ်သူများကို လိုက်လံဖမ်းဆီးကာ ဆင်သတ္တဝါမျိုးစုံကို ကာကွယ်စောင့်ရှောက်နေကြ၏။

အသက်ခုနစ်ဆယ်အရွယ်၌ပင် နစ်ကာတာသည် သူစိတ်ဝင်စားသော ဆင်ကယ်တင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေဆဲ ဖြစ်၏။ စာအုပ်အနည်းငယ်မှတစ်ပါး အခြား ကိုယ်ပိုင်ပစ္စည်းဥစ္စာ ဘာမျှမရှိဘဲ အားလပ်ချိန်များတွင် အသိမိတ်ဆွေတစ်ဦး၏အိမ်၌ ပညာရှာမှီးရင်း အချိန်ကုန်လွန်သည်က များ၏။ အမေရိကန် တိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအသင်းက သူ၏

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကို ချဲ့ကျူး၍ ဆုငွေဒေါ်လာ ၇၅,၀၀၀ ချိုးမြှင့်သောအခါ သူသည် ထိုငွေအားလုံးကို သူ၏လုပ်ဖော်ကိုင်ဖက်များအား ခွဲဝေပေးလှူလိုက်၏။

ဤသို့ဖြင့် ရှေးမြန်မာ ဗုဒ္ဓဘာသာ ဆရာတော်ကြီးများကဲ့သို့ မိမိတို့၏ အသိပညာနှင့် သူတစ်ပါး၏ အကျိုးစီးပွား တိုးတက်မှုအတွက် အားလပ်ချိန်ကို အချည်းနှီးမဖြစ်စေဘဲ ကမ္ဘာ့လူသားတို့၏ ကောင်းစားရေးကို ရှေးရှုဆောင်ရွက်နေသူများ အချို့နိုင်ငံများ၌ ရှိကြ၏။ သူတို့၏ အားထုတ်မှုအားလုံး အောင်မြင်လိမ့်မည်ဟူ၍ကား မဆိုနိုင်ချေ။ ဥပမာ–ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုသည် နှစ်စဉ်လူဦးရေ သန်း ၈၀ တိုးပွားနေမှုကို လိုက်မမီသော်လည်း ပဋိသန္ဓေတားမြစ်မှုကို အမေရိကန်ဘာသာရေးသမားများက ကန့်ကွက်နေသောကြောင့် ထိုပြဿနာကို လျစ်လျူရှုထားကြရ၏။ စင်စစ် မူးယစ်ဆေးဝါးနှင့် အရက်သေစာစွဲမှု၊ လူငယ်များ တစ်နေ့တခြား ပိုမိုဆိုးသွမ်းလာမှု၊ ပြည်တွင်းနှင့် လူမျိုးရေးစစ်ပွဲများ အရှိန်အဟုန်မြင့်မားနေမှု စသည်တို့ကို ဆင်ခြင်စဉ်းစားသော အချို့လူတို့သည် အဆိုးမြင်ဝါဒီများ ဖြစ်သွားတတ်၏။ သို့ရာတွင် ယခုခေတ်၌ လူသတ္တဝါသည် ပတ်ဝန်းကျင်နှင့် လုံးဝကင်း၍ မိမိတစ်ကိုယ်တည်း အသက်ရှင်နေရန် မဖြစ်နိုင်ချေ။

လူသည် မိမိ၏ ကြီးပွားတိုးတက်ရေးအတွက် မိတ်ဆွေအပေါင်းအသင်းရှိရန် လိုအပ်ပေရာ ထိုလိုအပ်ချက်နှင့်အညီ မိတ်ဆွေကောင်းတို့၏ ဝတ္တရားနှင့် ဇနီးမောင်နှံ၊ ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီးစသည်တို့၏ အပြန်အလှန်ပြုအပ်သော ဝတ္တရားများကို ဒီဃနိကာယ်၌ ဗုဒ္ဓက အကျယ်ဟောတော်မူခဲ့ခြင်းဖြစ်၏။ မြို့နယ်၊ ရပ်ကွက်ကိစ္စများကို ဆောင်ရွက်ရာ၌ လူအများနှင့် ပဋိပက္ခဖြစ်ပါက မိမိဝါသနာပါသော အခြားအလုပ်တစ်ခုခုသို့ အာရုံပြောင်းလဲလုပ်ကိုင်ရန် လိုအပ်ပေမည်။ သားသမီးများသည် မိမိက အမျိုးမျိုး စိတ်ရှည်လက်ရှည်ဆုံးမပါလျက် မည်သို့မျှ မပြောင်းလဲလျှင်လည်း သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်း၍ မိမိစိတ်ကို ဆုံးမရပေမည်။

စိတ်ဆင်းရဲမှု ဒုက္ခအမျိုးမျိုး ကြုံတွေ့ရသောအခါ မြန်မာဗုဒ္ဓဝါဒီတို့သည် အများအားဖြင့် ဘာသာတရား၌ အားကိုးရာရှာ၍ ကုသိုလ်ကောင်းမှုများကို ရှေးကထက် ပိုမိုပြုလုပ်ကြ၏။ သို့ရာတွင် ထိုသို့ကောင်းမှုပြုရာ၌ ဗေဒင်ကိန်းခန်းအရဖြစ်စေ၊ သို့မဟုတ် တမလွန် အကျိုးစီးပွားအတွက်ဖြစ်စေ ပြုခြင်းသည် ဗုဒ္ဓဒေသနာများနှင့် မကိုက်ညီချေ။ အဘယ့်ကြောင့်ဆိုသော် ထေရဗုဒ္ဓဝါဒသည် ဘဝသံသရာကို အသိအမှတ်ပြုသည်မှန်သော်လည်း ကံ၏ မျက်မှောက်အကျိုး

www.burmeseclassic.com

www.burmeseclassic.com



ပေးမှုကို ရှေ့တန်းတင်၍ ဟော၏။ (၁၀) ဥပမာ–အလှူပေးခြင်းသည် မိမိ၏ မစ္ဆရိယစိတ်ကိုနှိပ်ကွပ်၍ သူတစ်ပါး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊ သီလစောင့်ထိန်းမှုသည် လောကပါလတရားကို မိမိ ပါဝင်စောင့်ထိန်းရန်နှင့် ဘာဝနာတရား ပွားများမှုသည် သတိနှင့်သမာဓိ ပိုမိုရင့်ကျက်စေရန်ဖြစ်၏။

စင်စစ် ဘဝသံသရာရှိသည်၊ သို့မဟုတ် မရှိဟူသော ယုံကြည်မှုနှစ်မျိုးစလုံးသည် ဘဝတဏှာနှင့် ဝိဘဝတဏှာဖြစ်၍ ကိုယ်ကျင့်တရားအရာ၌ လူတို့အား တစ်ခုက ပိုမိုအကျိုးပြုသည်ဟုယူဆရန် အကြောင်းမရှိချေ။ လူသတ္တဝါအား အသိပညာရှိအောင် ဖန်တီးပေးသောအရာမှာ မျိုးဗီဇနှင့် ပတ်ဝန်းကျင်၏ စုပေါင်းရလဒ်ဖြစ်၍ ၎င်းကို စာသင်ကျောင်းများမှရရှိသော သမားရိုးကျ ပညာဗဟုသုတနှင့် ခွဲခြားနားလည်ရန် အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် စာသင်ကျောင်းများ၏ အဓိကဦးတည်ချက်မှာ လူငယ်များအား အသက်မွေးဝမ်းကျောင်းအတွက် လိုအပ်သော စာရေး၊ စာဖတ်အတတ် သင်ပေးရန်ဖြစ်၍ အကျင့်စာရိတ္တပြုပြင်ရေးကို ဝတ်ကျေတန်းကျေမျှသာ ပြုလုပ်ကြ၏။ အလုပ်ခန့်ထားရန် တက္ကသိုလ်ဘွဲ့ရများကို ရွေးချယ်ရာ၌လည်း နှလုံးရည်မြင့်မားမှုသည် ယခုအခါ အဆင့်မြင့် သိပ္ပံနည်းဗျူဟာ တတ်ကျွမ်းမှုလောက် အရေးမပါတော့ချေ။

ယနေ့ ပညာသင်ကြားရေးစနစ်မြင့်မားသော အနောက်နိုင်ငံများ၌ လူတို့သည် အများအားဖြင့် ကိုယ်ကျင့်တရား တိုးတက်မလာဘဲ ထိပ်တန်း အချို့ ပညာရှင်များသည်ပင် အံ့ဖွယ်လိလိ ကိုယ်ကျင့်တရား ပျက်ပြားနေပုံကို သတင်းစာများက မိုးမောင်းထိုးပြကြ၏။ ဤအချက်မှာ အံ့သြဖွယ်ရာမရှိချေ။ ယခုခေတ်၌ ပညာတတ်မြောက်မှုသည် စာမေးပွဲ၌ ကျက်မှတ်ထားသောစာများ ဖြေဆိုနိုင်မှုဖြင့်သာ ထင်ရှား၍ ဆိုင်ရာပုဂ္ဂိုလ်၏ နှလုံးရည်အကြောင်း ကျွန်ုပ်တို့ ဘာမျှ မသိနိုင်ချေ။ သို့ဖြစ်၍ အမရပူရဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသသည် အစိုးရ ပထမပြန်စာမေးပွဲများကို ပြစ်တင်ဝေဖန်၍ မိမိကျောင်းတိုက်ရှိ တပည့်သံဃာများအား စာတတ်မှုထက် စိတ်ကောင်းရှိမှုက ပိုမိုအရေးကြီးကြောင်း၊ မကြာခဏ သတိပေးတော်မူလေ့ရှိကြောင်း သိရ၏။ ဤနေရာ၌ အထက်က ဖော်ပြခဲ့သော ရဟန္တာစစ်တမ်းဒေသနာတွင် စူးစမ်းလေ့လာသောသူသည် ရဟန္တာဆိုသူနှင့် မကြာခဏ တရားဆွေးနွေးရန် လိုအပ်သော်လည်း ရဟန္တာ၏ နှလုံးရည်ကို ဘေးအန္တရာယ် ကြုံတွေ့သောအခါမှသာလျှင် သိရမည်ဖြစ်ကြောင်း ဗုဒ္ဓ၏ မိန့်ကြားချက်ကိုလည်း ကျွန်ုပ်တို့ မမေ့သင့်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ကမ္ဘာ့နိုင်ငံကြီးများသည်ပင် ကာလကြာမြင့်စွာ ဖြေရှင်းမရသော ပြဿနာများ ကြုံတွေ့နေကြရ၍ ဤလူ့ဘုံသည် တစ်နေ့တခြား အခြေအနေ ဆိုးရွားလာကြောင်း ထင်ရှား၏။ ဤအချက်ကို အသိပညာဉာဏ်ဖြင့် လေးလေး နက်နက် ဆင်ခြင်သုံးသပ်သောသူသည် ပညာမဲ့သော အခြားများစွာသော လူတို့ လောက် စိတ်ဆင်းရဲဒုက္ခခံစားရမည် မဟုတ်ချေ။ အသိပညာရှိသော ဗုဒ္ဓဝါဒီ သည် မိမိဆင်းရဲဒုက္ခ ခံစားရမှုအတွက် အခြားလူများအပေါ်ချည်း အပြစ်ပုံမချဘဲ မိမိ၏ ချွတ်ယွင်းချက်ကိုလည်း ရှာရပေမည်။ ဆင်းရဲဒုက္ခဖြစ်စေသော တဏှာ လောဘကို အခြား အကြောင်းတစ်ခုခုဖြင့် ဖုံးဖိတတ်သော လူ့စရိုက်ကို မမေ့ သင့်ချေ။

ဒုက္ခခံစားရခြင်း၏ အခြား အကြောင်းတစ်ပါးဖြစ်သော ဒေါသသည် အများအားဖြင့် အတ္တမာနနှင့် ဆက်စပ်နေတတ်၏။ မိမိကိုယ်ကို သူတစ်ပါးနှင့် နှိုင်းယှဉ်၍ အဆင့်အတန်းမြင့်သည်နိမ့်သည်၊ သို့မဟုတ် တန်းတူဖြစ်သည်ဟု စွဲမှတ်ထားသောသူသည် ပေါင်းသင်းဆက်ဆံရေး၌ နောက်မှ မသိမသာဒေါသ ကပ်ပါလာတတ်၏။ ဒေါသကို သတိပဋ္ဌာန်တရားဖြင့် ထိန်းမရပါက တတ်နိုင် သမျှ စကားနည်းခြင်းသည် အကောင်းဆုံးဖြစ်၏။

အရိယာလမ်းစဉ်၌ သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးရှိရာ ဗုဒ္ဓဝါဒီသည် သီလ၏အရေးပါမှုကို လျှော့မတွက်သင့်ချေ။ သီလကို ခါးဝတ် ပုဆိုးကဲ့သို့ အမြဲစောင့်ထိန်းသောသူသည် လူသတ္တဝါတို့၏ အကျိုးစီးပွားနှင့် အမြဲဆက်စပ်နေသော လောကပါလတရားကို ရိုသေလေးစားသောသူဖြစ်၍ မြတ်ဗုဒ္ဓ၏ ချီးမွမ်းခြင်းကို ခံရ၏။ စင်စစ် ဆင်းရဲဒုက္ခ အမြဲရင်ဆိုင်နေရသော လူလောကသည် မိဘ၊ သားသမီး၊ ဇနီးမောင်နှံစသည်တို့က မည်မျှဝတ္တရား ကျေပွန်ကြစေကာမူ အမြဲ ငြိမ်းချမ်းသာယာလာလိမ့်မည်ဟု မျှော်လင့်ဖွယ်မရှိချေ။ သို့ဖြစ်၍ ဗုဒ္ဓဝါဒီတို့သည် ဝါသနာစရိုက်တူသော လူများအချင်းချင်း စုပေါင်း၍ လုပ်ကိုင်နေကြသော လောကတ္ထစရိယ လုပ်ငန်းများကို ငွေအားလုပ်အား တတ် နိုင်သမျှ ပေးလှူသင့်ပေသည်။

ဤအကြောင်းကို အထက်တစ်နေရာတွင် အနည်းငယ် ရေးသားခဲ့ပြီး ဖြစ်၏။ ရှေးအခါက အာဖရိကလူမျိုးများ လူနေမှု အဆင့်နိမ့်ကျရာမှ မြင့်တက် လာကြခြင်းသည် သူတို့နိုင်ငံများ၌ ပရဟိတလုပ်ငန်း ဆောင်ရွက်ခဲ့ကြသော အနောက်တိုင်း ခရစ်ယာန်သာသနာပြုများ၏ ကျေးဇူးနှင့်မကင်းချေ။ မြန်မာ နိုင်ငံ လွတ်လပ်ရေးမရမီက အိမ်နီးချင်း အခြားနိုင်ငံများမှာထက် စာရေးစာဖတ်

www.burmeseclassic.com

www.burmeseclassic.com



တတ်သောလူဦးရေ ပိုများခြင်းသည်လည်း ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးစာသင်ကျောင်းများကြောင့်ဖြစ်ကြောင်း ထင်ရှား၏။

ယနေ့ ကမ္ဘာအရပ်ရပ်၌ လူတို့ရင်ဆိုင်နေကြရသော လူငယ်များ အကျင့်စာရိတ္တပျက်စီးနေမှု ပြဿနာကို ဗုဒ္ဓဘာသာဝင်တို့ မည်သို့ ဖြေရှင်းပါမည်နည်း ဟူ၍ စဉ်းစားဖွယ်ရာရှိ၏။ ဤသို့ လူငယ်များ ကိုယ်ကျင့်တရား ပျက်ပြားနေကြခြင်း၊ အထူးသဖြင့် ဗုဒ္ဓဘာသာနိုင်ငံများ၌ လူကြီးများက ဘာသာတရားကို အခြေခံထားပြီး လူငယ်များအား သွန်သင်ဆုံးမလေ့ရှိပါလျက် ထိရောက်မှုမရှိခြင်းသည် ဆုံးမသော လူကြီးမိဘများ၏ ယေဘုယျ အကျင့်သီလ အားနည်းယိုယွင်းမှုကြောင့် ဖြစ်၏။ လူငယ်များအား ကိုယ်ကျင့်တရားဆိုင်ရာ ဆုံးမဩဝါဒပေးရာ၌ အတုယူဖွယ် အခြားကမ္ဘာ့သမိုင်းဝင် စံပြပုဂ္ဂိုလ်များကို ထောက်ပြရန်လည်း ကျွန်ုပ်တို့ မမေ့သင့်ချေ။

လူအများ အကျိုးစီးပွားအတွက် သက်ကြီးဗုဒ္ဓဝါဒီတို့ ဆောင်ရွက်သင့်သော အခြားလုပ်ငန်းတစ်ခုမှာ ပညာရှာမှီး၍ အဖိုးတန်ဗဟုသုတများကို ဖြန့်ဖြူးခြင်းဖြစ်၏။ သို့ရာတွင် ပညာဗဟုသုတရရှိရန် စာဖတ်သင့်ကြောင်း လူအများသိသော်လည်း မှန်မှန် စာဖတ်လေ့ဖတ်ထ မရှိကြချေ။ စင်စစ် စာဖတ်ဝါသနာသည် ပြုလုပ်ဖန်တီး၍ မရအပ်ဘဲ မျိုးဗီဇနှင့်ဆက်နွယ်၍ အလိုလိုပေါ်ပေါက်လာသော အကျင့်ဖြစ်၏။ စာရေးသားလိုသောဆန္ဒ ပြင်းထန်မှုသည်လည်း ထိုနည်းအတူဖြစ်၍ ဥပမာ–ဗုဒ္ဓစာပေ ရေးသားပြုစုလိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ မိမိ၏ဆိုင်ရာ အခြေခံပညာနှင့် စရိုက်ဝါသနာကို ခွဲခြားဆန်းစစ်၍ ဆင်ခြင်သုံးသပ်ရန် လိုအပ်ပေမည်။

ဗုဒ္ဓဝါဒီ မြန်မာစာဖတ် ပရိသတ်အတွက် ရေးသားရန် အကြောင်းအရာများမှာ မနည်းလှချေ။ စိတ္တဗေဒ၊ ဒဿန၊ သိပ္ပံပညာစသော ရှုထောင့်များမှ လေ့လာချက်များ၊ ဗုဒ္ဓမပေါ်မီက အယူဝါဒကြီးများဆိုင်ရာ လေ့လာတွေ့ရှိချက်များ ယနေ့ အခြားကမ္ဘာ့ဝါဒများနှင့် နှိုင်းယှဉ်သုံးသပ်ချက်များ စသည်ဖြင့် စာရေးသူမိုငြမ်းပြုရန် အနောက်နိုင်ငံပညာရှင်များ ရေးသားထားသော စာအုပ်အမြောက်အမြားရှိ၏။ အင်္ဂလိပ်စာ ကောင်းစွာတတ်ကျွမ်းသော စာရေးဆရာအဖို့ စာအုပ်အချို့ကို မြန်မာစာပေနယ်သို့ ပို့ဆောင်ရန် အခက်အခဲများစွာ ရှိမည် မဟုတ်ချေ။

အချို့စာအုပ်များ၌မူ ထေရဝါဒဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သော ရေးသားချက်အချို့ကို မြန်မာဗုဒ္ဓဝါဒီတို့က နှစ်သက်မည်မဟုတ်ချေ။ သို့ရာတွင် ဤနေရာ၌

www.burmeseclassic.com

www.burmeseclassic.com



ဤအယူသည်သာ မှန်သည်၊ အခြားအယူများသည် အချည်းနှီးသာ ဖြစ်သည်ဟု မထင်သင့်ကြောင်း ဗုဒ္ဓဆုံးမချက်ကို ကျွန်ုပ်တို့ သတိပြုရပေမည်။

မည်သို့ဖြစ်စေ စာအုပ်ရေးသားသော ပုဂ္ဂိုလ်အဖို့ အကျိုးကျေးဇူးခံစားရမှုသည် မျက်မှောက်ဘဝ၌ ထင်ရှားမည် အမှန်ဖြစ်၏။ မှိုငြမ်းပြုစာအုပ်များကို ဖတ်ရှုရသောကြောင့် အသိပညာ များစွာတိုးပွားလာ၍ ဗုဒ္ဓတရားနှင့်ပတ်သက်သော အချို့အသိအမြင်များ ပိုမိုကြည်လင်လာ၏။ အလုပ်ထဲ၌ စိတ်ဝင်စားနေစဉ် မကောင်းသောစိတ်များ ကင်းဝေးသွား၏။ လောဘ၊ ဒေါသစသော ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်၍ စိတ်ရောကိုယ်ပါ ပေါ့ပါးလန်းဆန်းလာ၏။

အချုပ်အားဖြင့်ကား စာအုပ်ရေးသားမှု၊ သို့မဟုတ် အခြား ပရဟိတ လုပ်ငန်းတစ်ခုခု၌ မိမိ၏ ကာယဉာဏလုပ်အားကို ပေးလှူထားသောသူသည် ကာမတဏှာနှင့် ဘဝတဏှာ အနှောင်အဖွဲ့မှ လွတ်မြောက်နေပြီဖြစ်၍ မိမိ အသက်အရွယ်၌ အခြားလူများ ကြုံတွေ့ရတတ်သော ဆင်းရဲဒုက္ခများကို ကြံ့ကြံ့ ခံနိုင်ပြီး သေခြင်းတရားကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်သော ကိုယ်ခံစွမ်းအား ရှိမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်စိတ်ချသင့်ပေသည်။

## နိဗ္ဗာန်ကို မျက်မှောက်ပြုမှု

အရိယာပုဂ္ဂိုလ်များ ဘဝတဏှာ ထာဝရချုပ်ငြိမ်း၍ နိဗ္ဗာန်မျက်မှောက် ပြုမှုအကြောင်း နောက်ဆုံး ဆင်ခြင်စဉ်းစားရန်ရှိ၏။ မြန်မာဗုဒ္ဓဝါဒီတို့ ယုံကြည် ကိုးကွယ်သော ထေရဝါဒဗုဒ္ဓဝါဒသည် အခြား ကမ္ဘာ့ဘာသာကြီးများနှင့်မတူဘဲ အထူးထင်ရှားသော ခြားနားချက်တစ်ခုရှိ၏။ ထိုအချက်မှာ အခြားဘာသာဝင် များအဖို့ သူတို့လိုရာ အမြတ်ဆုံးပန်းတိုင်သို့ ပို့ဆောင်ပေးမည့် ထာဝရဘုရား၊ သို့မဟုတ် အခြား ဘုန်းတန်ခိုးရှင်များရှိသကဲ့သို့ ဗုဒ္ဓဝါဒီတို့အဖို့ နိဗ္ဗာန်ချမ်းသာ ခံစားနိုင်ရန် ကူညီအားပေး စောင်မမည့် ဘုန်းတန်ခိုးရှင် လုံးဝမရှိချေ။

နိဗ္ဗာန်သည် ဘဝတဏှာနှင့် လောဘ ဒေါသစသော ကိလေသာတရား များ လုံးဝချုပ်ငြိမ်းရာမှ ရရှိအပ်သော စိတ်ငြိမ်းချမ်းမှုဖြစ်ကြောင်း မြန်မာ ဗုဒ္ဓဝါဒီအများစု သိရှိကြပြီးဖြစ်၏။ သို့ရာတွင် ဤသိရှိမှုသည် ဒုက္ခသစ္စာကို သိမြင်၍ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရန် ကျင့်ကြံအားထုတ်လိုသော ပုဂ္ဂိုလ် အဖို့ များစွာအရေးမကြီးချေ။ အထူးအရေးကြီးသော အချက်များမှာ ဤစာအုပ် ပထမပိုင်း၌ ဖော်ပြထားသော ဗုဒ္ဓဒေသနာသုံးခု ဖြစ်၏။ ထိုဒေသနာတော်

www.burmeseclassic.com

www.burmeseclassic.com



သုံးခုမှာ လူသိနည်းသော်လည်း အလွန် မှတ်သားဖွယ်ကောင်းသောကြောင့် အနည်းငယ်ရှင်းပြရန် လိုပေလိမ့်မည်။

သေခါနီးလူနာသည် အသိပညာဖြင့် ရတနာသုံးပါးကို ကြည်ညို၍ သီလစင်ကြယ်ပြီး နတ်ပြည်၊ ဗြဟ္မာပြည်ကို စွဲလမ်းမှုမရှိပါက ထိုသို့လွတ်မြောက်သော စိတ်ရှိသောပုဂ္ဂိုလ်သည် အာသဝေါတရားမှ လွတ်မြောက်သော ရဟန်းနှင့် အရဟတ္တဖိုလ်စိတ်အားဖြင့် တစ်စုံတစ်ရာ ထူးခြားမှုမရှိချေ။

ဤဒေသနာမှာ ပုဂ္ဂိုလ်တစ်ဦး မမျှော်လင့်ဘဲ နိဗ္ဗာန်ဟူသည် အကာလိကော၊ ဧဟိပဿိကောစသော ဓမ္မဂုဏ်တော်များနှင့်အညီ ဘဝတဏှာချုပ်ငြိမ်းပြီးနောက် ဘဝမခြားဘဲ မျက်မှောက်ခံစားရသော စိတ်ငြိမ်းချမ်းမှုဖြစ်ကြောင်း မှတ်သားထားသင့်ပေသည်။ (၃၆-၂၆၀) "ရဟန်းတို့၊ ရတနာသုံးပါး၌ သက်ဝင်မှုယုံကြည် သီလစင်ကြယ်၍ ဉာဏ်အမြင်ရှိပြီး ကိလေသာမှ လွတ်မြောက်သော ဘလ္လိက သူကြွယ်နှင့်၊ မဟာနာမ်သာကီဝင်မင်းနှင့် အခြားပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုနေကြ၏" ဟူသော ဗုဒ္ဓမိန့်ကြားချက်ကို အင်္ဂုတ္တရနိကာယ်၌ ဖော်ပြထား၏။ မိလိန္ဒပဥှာ၌လာသော ရှင်နာဂသိန်၏ အဆိုအားဖြင့်မူ လူပုဂ္ဂိုလ်သည် နိဗ္ဗာန်ပြုသောနေ့၌ပင် ရဟန်းပြုရမည်။ သို့မဟုတ် ကွယ်လွန်ရမည်ဖြစ်၏။ ဤအဆိုမှာ သေခါနီးလူနာအား အကျွတ်တရားရရန် ဟောကြားထားသော ဗုဒ္ဓဒေသနာနှင့် တူညီသောကြောင့် သံသယဖြစ်ဖွယ်ရှိ၏။

အရိယာလမ်းစဉ်ကို ကျင့်သုံး၍ နိဗ္ဗာန်မျက်မှောက်ပြုလိုသော ဗုဒ္ဓဝါဒီအဖို့ အထူးလေ့လာ မှတ်သားသင့်သော ဒေသနာမှာ အထက်က ဖော်ပြခဲ့သော ရဟန္တာစစ်တမ်းဖြစ်၏။ မြန်မာနိုင်ငံ၌ ရဟန်းတစ်ပါးပါးသည် အံ့ဖွယ်သရဲ အမှုတစ်ခု ပြုလုပ်ပြသနိုင်သည်ဆိုပါက ရဟန္တာဖြစ်သည်ဟု လူအများယုံကြည်ကြ၏။ စင်စစ် တန်ခိုးပြာဋိဟာပြမှုကို ဘုရားရှင်ကိုယ်တော်တိုင် ရှုတ်ချမှုနှင့် ရဟန္တာဆိုသူများအား ပညာရှိသူများက စူးစမ်းလေ့လာရန် လိုအပ်မှုအကြောင်းကို သုတ္တန်ပိဋကတ်မှတစ်ပါး အခြားဗုဒ္ဓစာပေများ၌ လုံးဝမတွေ့ရချေ။ ဘုရားရှင်၏ အလိုတော်အားဖြင့် အရိယာလမ်းစဉ် ကျင့်သုံးရာ၌ သီလ၊ သမာဓိ၊ ပညာ ခိုင်မာတည်မြဲမှုသည် ပဓာနဖြစ်၍ ထိုဂုဏ်သိက္ခာများနှင့် အမြဲပြည့်စုံသော ရဟန်းသည် ဘေးအန္တရာယ်နှင့် မကြာခဏ တွေ့ကြုံဆုံဖူးမှသာ ရဟန္တာအစစ် ဟုတ်၊မဟုတ် ပညာဗဟုသုတရှိသော ပုဂ္ဂိုလ်တစ်ဦးက စူးစမ်းလေ့လာ သိရှိနိုင်မည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းခံစားနေကြရသော ဆင်းရဲဒုက္ခအမျိုးမျိုးသည် ဘဝတဏှာ၌ မူလအကြောင်းရင်းရှိ၍ ဘဝတဏှာသည် ပါရမီဗီဇခေတ်ခံ မတူသောကြောင့် လူသတ္တဝါတို့တွင် ၎င်း၏ဖိအား သိသိသာသာ ကွဲပြားခြားနားကြ၏။ သို့ဖြစ်၍ ဘဝသံသရာမှ လွတ်မြောက်လိုသောသူသည် ကာမဂုဏ် စည်းစိမ်ချမ်းသာကို တပ်မက်နေပါက အရိယာလမ်းစဉ်ကို ကျင့်သုံးရာ၌ မျှော်လင့်ချက်များစွာ ရှိမည် မဟုတ်ချေ။ သတိဝီရိယဖြင့် နေ့စဉ်မှန်မှန် တရားအားထုတ်နေသော ပုဂ္ဂိုလ်ပင် ဖြစ်စေ အကယ်၍ ကာမတဏှာ၏ သားကောင်ဖြစ်ရန် ဘေးအန္တရာယ်ရှိလာ ပါက ပရိနိဗ္ဗာန်စံတော်မူခါနီး၌ အရှင်အာနန္ဒာအား မိန်းမများနှင့် မလွဲမရှောင် သာ၍ ဆက်ဆံရေးနှင့် ပတ်သက်သော မိန့်ကြားချက်ကို မိမိ၏ သေရေး ရှင်ရေးတမျှ သတိပြုရန် လိုအပ်ပေလိမ့်မည်။

စင်စစ် လူတို့၏ ကျားမဆက်ဆံရေးသည် ဘဝတဏှာကို လှုံ့ဆော်ပေး သော တစ်ခုတည်းသော အကြောင်းမဟုတ်။ ကမ္ဘာကြီး၏ ဆိုးရွားသော၊ လက်ရှိ အခြေအနေကိုသိမြင်သော ဗုဒ္ဓဝါဒီတို့သည် ဘဝတဏှာ၏ အန္တရာယ်ကို အမြဲ သတိပြုရန် လိုပေလိမ့်မည်။ ထို့ကြောင့် ဘုရားရှင်သည်ပင် မင်းသားတစ်ပါး၏ နန်းတော်သို့ ဆွမ်းစားရန် ကြွတော်မူစဉ်က လမ်း၌ခင်းထားသော ကမ္ဗလာပုဆိုး ကိုမနင်းဘဲ အားလုံးကိုရုပ်သိမ်းပြီးမှ နန်းတော်ထဲသို့ ဝင်တော်မူ၏။ ထို့အပြင် လူတို့ထံမှရရှိသော လာဘ်ပူဇော်သက္ကာနှင့် ကျော်စောမှုကို ချောမောလှပသော မိန်းမပျို၏ရုပါရုံထက် ပိုမိုကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်အဖြစ် သိမှတ်ထားကြရန် သံယုတ္တနိကာယ်၌ ရဟန်းတို့အား သတိပေးတော်မူခဲ့၏။

သို့ရာတွင် မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးများ၏ အန္တိမဈာပနသဘင်ကို များစွာငွေကုန်ကြေးကျခံ၍ ကျင်းပကြခြင်းမှာ ဗုဒ္ဓဝါဒီတို့၏ ရှေးထုံးစဉ်လာ ဖြစ်၏။ ရွှေဟင်္သာဆရာတော်ဘုရားကြီးကမူ မိမိ၏ ဈာပနကျင်းပရာ၌ ဘဝ တဏှာ အမှတ်လက္ခဏာ လုံးဝကင်းရှင်းစေရန် ၁။ မိမိ၏ရုပ်အလောင်းကို ခုနစ်ရက်အတွင်း သဂြိုဟ်ရမည်။ ၂။ ထိုနေ့၌ မိမိတွင်မရှိသော ဂုဏ်ပုဒ်များဖြင့် ရွတ်ဆိုဖတ်ကြားခြင်း ခွင့်မပြုရ။ ၃။ သီလရှင်နှင့် မာတုဂါမများကို လုံးဝ ရွတ်ဆိုခွင့်မပြုရ။ ၄။ ရွှေကျင်ဂိုဏ်းအစဉ်အလာ ရိုးရိုးနည်းမှတစ်ပါး အခြား ခမ်းနားကြီးကျယ်စွာ ငွေကုန်လူပန်းခံပြီး မပြုလုပ်ရစသည်ဖြင့် မိမိပျံလွန်တော် မမူမီက ကိုယ်တိုင်ရေးသား၍ သတင်းစာတိုက်များသို့ ထိုညွှန်ကြားချက်များ ပေးပို့တော်မူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သံဃာအား ဘုရားမဆန်သာဟူသော မြန်မာစကားရှိ၏။ အထက်က ဖော်ပြခဲ့သော ဝိဘဇ္ဇဝါဒနှင့်အညီ ဗုဒ္ဓသည် လူတို့၏အသိဉာဏ်နှင့် စိတ်ဓာတ် စရိုက် အနုအရင့်ကိုကြည့်၍ ဟောကြားတော်မူလေ့ရှိသော်လည်း ရဟန်းတို့ကို ဆုံးမရာ၌ ထိုသို့ ခွဲခြားလေ့မရှိချေ။ "ရဟန်းတို့၊ ဤဒုဿီလပုဂ္ဂိုလ်ကို သာသနာမှ နှင်ထုတ်ကြကုန်လော့။ သူသည် ငါဘုရားသာသနာတော်ကို အဘယ်သို့ သုတ်သင်နိုင်ပါမည်နည်း" (အင်္ဂုတ္တရနိကာယ်)။ "ရဟန်းတို့၊ သင်တို့သည် ကောလာဟာလ အုတ်အုတ်ကျက်ကျက် မင်္ဂလာ၊ အမင်္ဂလာ အတိတ်နိမိတ် တို့ကို အနှစ်သာရအားဖြင့် စွဲယူကုန်ဦးမည်လော" (မဇ္ဈိမနိကာယ်၊ မဟာတဏှာ သင်္ခယသုတ်)။ စင်စစ် ရှေးဟောင်းဆရာတော်ဘုရားကြီးသည် ဘဝတဏှာကို တိကျပြတ်သားစွာ အကြွင်းမဲ့ပယ်သတ်ရာ၌ ဗုဒ္ဓဝါဒီတို့အဖို့ စံပြပုဂ္ဂိုလ်သူမြတ် ဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။ ။

ဦးအေးမောင်

www.burmeseclassic.com